# ဝလရှုမင်းဝေ

ဖျော့တော့တောင်ပေါ်မှာ အာရုဏ်တွေ
ကြိုကောင်းလာသည့်ဝတ်စုံမှ

**စာမူခွင့်ပြုချက်အမှတ်**
၅၀၀၈၂၂၀၇၀၇

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**
၅၀၀၇၉၈၀၇၀၇

**ထုတ်ဝေသူ**
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

**ပုံနှိပ်သူ**
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

**ထုတ်ဝေခြင်း**
ပထမအကြိမ် - ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ
အုပ်ရေ - ၁၀၀၀၊ တန်ဖိုး - ၁၀၀ ကျပ်

*တာရာမင်းဝေ* ... ရွှေအတောင်ပံမှာ

ဒဏ်ရာတွေပြန်ကောင်းလာတဲ့တစ်နေ့

မာတိကာ


၁။ ကျွန်တော်နှင့် နိမိတ်ဖတ်ပညာရှင်များ

၂။ လူနှင့် ကကြီး ခခွေး

၃။ စုတ်ပြဲနေတဲ့ ဒိုင်ယာရီ

၄။ လှိုင်းဂယက် ကျကွဲသံများ

၅။ လူနှင့် မိုးတိမ်ဝတ်မှုန်များ

၆။ သတ္တုမပြောက် မျက်မမြင်ပုဏ္ဏား

၇။ ဆိုကရေးတီးအရိပ်

၈။ လူနှင့် အချက်ပေးခေါင်းလောင်းသံ

၉။ စံပယ်အတွေး

၁၀။ လူနှင့် ပုစ္ဆာအတွေး

၁၁။ တစ်ဝက်တစ်ပျက် အတ္တုပ္ပတ္တိ

၁၂။ လူနှင့် အဆိပ်ခိုးမှျင်


# ကျွန်တော်နှင့် နိမိတ်ဖတ်ပညာရှင်များ

နိမိတ်ဆိုတဲ့ စကားလုံးကို အဘိဓာန်ထဲမှာ ကျွန်တော် သေသေချာချာ မဖတ်ခဲ့ဖူးပါဘူး။ ဗေဒင်ကျမ်းတွေထဲမှာ မကြာခဏ တွေ့ဖူးပေမယ့် အဲ့ဒါကိုလည်း အမှတ်တမဲ့ပါပဲ။ ရှေ့ဖြစ်လာမယ့် အခြေအနေတရပ်အတွက် မှုတည် ကောက်ယူရတဲ့ ဖြစ်ရပ်တခုလို့ပဲ အကြမ်းဖျင်း မြင်မိပါတယ်။

ငယ်ငယ်က ကျီးသာရင် ဧည့်သည် လာမယ်ဆိုတာကို စကြားဖူးပါတယ်။ ကျီးသာနိမိတ်ပေါ့လေ။ နောက်တော့ ကြယ်ကြွေနိမိတ်၊ မြွေမြင်နမိတ် စတာတွေကို တဖြည်းဖြည်းချင်း ထပ်သိလာပါတယ်။ အဆက်အစပ်မရှိ ခုန်ကူးဖြစ်တဲ့ သဘောပေါ့လေ။ ဒါပေမယ့် ဟိုတလောက မကောင်းတဲ့ နိမိတ် အချို့အကြောင်း ဖတ်ရပါတယ်။ "ဒွဲကြီးတွေပါလားဟ" လို့ ဖတ်ရင်း ရယ်မိပါတယ်။

ဆိုကြပါစို့။ "အမိပ္ပာယ်မဲ့ အရူးတစ်ယောက်က ရှေ့လာရယ်ပြနေရင်..." တဲ့။ ဘယ်လိုကြီးတုန်း...။ အရူးပါဆိုနေမှ အဓိပ္ပာယ်ရှိရှိ လာရယ်ပြနေမှာလား။ ကျန်တာတွေ မှာလည်း ကန့်လန့်တိုက်တွေးစရာလေးတွေ ရှိလာပါတယ်။ အဲဒီတချို့ကို ကျွန်တော်ရေးပြပါမယ်။

၁။ သွားရင်းက ခလုတ်တိုက်ပြီး ခြေမကွဲသွားရင်...

(ဘယ်လိုလုပ် ကောင်းတော့မလဲ...။ ဘတ်စ်ကား လူကြပ်ကြပ်ပေါ်မှာ သူဘယ်လို တက်ရပ်မလဲ)

၂။ လမ်းသွားရင်း ဖိနပ်သဲကြိုးပြတ်သွားရင်...

*တာရာမင်းဝေ* ... ရွှေအတောင်ပံမှာ

ဒဏ်ရာတွေပြန်ကောင်းလာတဲ့တစ်နေ့

(ဖိနပ်ပြတ်တစ်ဖက်ကို ကိုင်လို့ ဘေးလူတွေ သွားဖြဲရယ်ပြရင်း ဆက်လျှောက်ရမှာပေါ့)

၃။ ရထားစီးရင်း ဘုတ်ခနဲ ပြုတ်ကျရင်...

(တွေးတောင် မတွေးရဲဘူး)

၄။ ကားပေါ်စီးသွားရင်း မျက်မှန်ပြုတ်ကျသွားရင်...

(ကိုယ့်အိမ် ကိုယ်ပြန်ရောက်ရင်တောင် ဟုတ်ရဲ့လားလို့ လက်နဲ့စမ်းကြည့်ရအုံးမယ်။ အိမ်မှားပြီး"မိန်းမရေ... လာပါဦးကွ"လို့ ခေါ်မိရင် ပိုတောင်ဆိုးဦးမယ်)

၅။ မတော်တဆ ခန္ဓာကိုယ်မှာ ထိခိုက်မိရင်...

(အကြင်နာတို့၊ စေတနာတို့ အမည်တပ်ထားတဲ့ ဆေးခန်းကို သွားပြီး ပါသမျှကုန်မယ်)

၆။ တစ်နေ့လုံး လက်ခါပြတဲ့ လူနဲ့ပဲ တွေ့နေရရင်...

(ဘယ်သူ့ဆီကမှ ပိုက်ဆံချေးမရတာဘဲ ဖြစ်မယ်၊ ဘူးပဲ)

၇။ ကိုယ်ဝတ်ထားတဲ့ လုံချည်က ဖြန်းခနဲ ကွဲသွားရင်...

(အဟမ်း... လို့ ချောင်းဟန့်ရင်း ခပ်တည်တည်ကြီး ရှက်နေရမှာပေါ့)

၈။ သွားရင်းလာရင်း ခါးပိုက်နှိုက်ခံရရင်...

(တချို့လူတွေကို ရှာပြန်မယ်ဆိုပြီး ပိုက်ဆံလိုက်တောင်းရမယ့် ကိန်းပဲ)

၉။ မိန်းမနှစ်ယောက် လုံးထွေးသတ်ပုတ်ရင်း အဝတ်အစားမဲ့ကုန်တာမြင်ရင်...

(ဒီလူကြီးကလဲ အသာငမ်း ရပ်ကြည့်နေတာပဲလို့ သတ်မှတ်ခံရမှာပေါ့။ ရန်ပွဲအပြီးမှာ အဲ့ဒီမိန်းမနှစ်ယောက်ကတောင် ကိုယ့်ဆီ ဦးလှည့်ပြီး ကတ်ကတ်လန် ရန်ပြန်တွေ့နိုင်တယ်။)

၁၀။ တံခါးဘောင်နဲ့ ခေါင်းနဲ့ ဆောင့်မိရင်...

(တော်တော်"ဘု"ကျတဲ့လူလို့ အပြောခံရမှာပေါ့)

၁၁။ မိန်းမက ယောကျာ်းကို ကိုယ်ထိလက်ရောက် ရန်ပြုတာကို မြင်ရင်...

(ကိုယ့်အတွက်လည်း ရင်လေးစရာ ဖြစ်နေပြီ)

၁၂။ လမ်းမှာ ကားပျက်ပြီး စက်နှိုးလို့မရတော့ရင်...

(ဘေးလူကို မျက်နှာချိုသွေးပြီး ကားတွန်းခိုင်းရမယ်...ဒါပေမယ့် အတော်ကြိုးစားရမယ်)

၁၃။ ဘတ်စ်ကား သုံးလေးစီးကြုံလျက်နဲ့ ကိုယ်က မတက်နိုင်ခဲ့ရင်...၊ ကားတွေက ရပ်မပေးရင်...

(ကိုယ်အလေးချိန်ကို လျှော့ချရတော့မယ်)

၁၄။ အပြင်ထွက်ခါနီး မိန်းမက စောစောပြန်ခဲ့ဖို့ မှာရင်...

(ငါက ဘယ်သွားအလေလိုက်ရမှာလဲလို့... ဆိုပြီး မလုံမလဲနဲ့ ရန်ဖြစ်ရပြီ...)

*တာရာမင်းဝေ* ... ရွှေအတောင်ပံမှာ

ဒဏ်ရာတွေပြန်ကောင်းလာတဲ့တစ်နေ့

ကဲ... ဒါတွေက အကင်းပဲ ရှိပါသေးတယ်။ ပြောမယ်ဆိုရင် အများကြီး ကျန်သေးတယ်။ ထားလိုက်ပါတော့... အခုလို ကျွန်တော်ရေးတာကို နိမိတ်ဖတ် ဆရာတွေကတော့ နှစ်မြို့မှာ မဟုတ်ဘူး။ ခုလိုရေးမိတဲ့အတွက် ကျွန်တော် ရှေ့အလားအလာ ဘယ်လိုဖြစ်နိုင်မလဲ။ စာဖတ်သူကပဲ ကျွန်တော့်အတွက် နိမိတ်ဖတ်ပေးပါဦး။

## လူနှင့် ကကြိုး ခခွေး

(၁)

"တရားခံ မောင်ကကြိုး"

"ဟုတ်ကဲ့ ကျွန်တော်မျိုး ရှိပါတယ်"

"မင်းက မောင်ခခွေးကို သတ်တယ်ဆို..."

"ဟုတ်ပါတယ်"

"မင်း... ဝန်ခံတယ်ပေါ့"

"ဟုတ်ကဲ့ ဝန်ခံပါတယ်"

"ဘယ်လို သတ်သလဲ"

"သူ့နောက်ကျောကို ကျွန်တော် ဓားနဲ့ ထိုးသတ်လိုက်ပါတယ်"

"တစ်ချက်တည်းနဲ့ သေသလား"

"ကျွန်တော် အကြိမ်ကြိမ်ထိုးလို့ သူသေသွားပါတယ်"

(၂)

"တရားခံ မောင်ကကြိုး"

"ဟုတ်ကဲ့ ကျွန်တော်မျိုး ရှိပါတယ်"

"မင်း... မောင်ခခွေးကို ထပ်သတ်ပြန်ပြီဆို"

"ဟုတ်ပါတယ်"

"ဘယ်လို သတ်သလဲ"

"သူ့လည်ပင်းကို ကြိုးနဲ့ ညှစ်ပြီး သတ်လိုက်ပါတယ်"

"သူက မရုန်းဘူးလား"

"ရုန်းပါတယ်၊ တွန့်လိမ်ကောက်ကွေးပြီးတော့ကို ရုန်းပါတယ်။ ဒါပေမယ့် ကျွန်တော်က အပိုင်အနိုင် စီးထားပြီးပြီမို့ သူဘာမှ လုပ်လို့ မရတော့ပါဘူး။ သူသေသွားပါတယ်"

(၃)

"မောင်ကကြီး"

"ခင်ဗျာ"

"မောင်မင်း မောင်ခရွေးကို သတ်လိုက်ပြန်ပြီ"

"ဟုတ်ကဲ့"

"ဘယ်လို သတ်သလဲ"

"တုတ်နဲ့ ရိုက်သတ်ပါတယ်။ သူ ကျွန်တော့်ကို ကျောပေးပြီး ရေသောက်နေတုန်း နောက်ကနေ တုတ်နဲ့ ရိုက်သတ်လိုက်ပါတယ်"

"တစ်ချက်တည်းနဲ့ သေသလား"

"မသေပါဘူး။ ဒါပေမယ့် ကျွန်တော် မသေမချင်း ရိုက်သတ်လိုက်ပါတယ်"

(၄)

မောင်ကကြီးနှင့် မောင်ခရွေးတို့ လက်ဖက်ရည် အတူသောက်နေကြ၏ ။ သက်ပြင်း တစ်ချက်ချပြီး မောင်ခရွေးက မေးသည်။

"မင်း ငါ့ကို သတ်… သတ်နေတာ မပင်ပန်းဘူးလားကွာ"

မောင်ကကြီးက ဒေါသတကြီး ပြန်ဖြေသည်။

"မပင်ပန်းဘူး။ မင်းကို သတ်ရတာ ငါ … အရသာရှိတယ်"

မောင်ခရွေးက သက်ပြင်းချ၏ ။ မောင်ကကြီးက စူးစူးစမ်းစမ်း မေးသည်။

"နေပါဦး မင်းကကော ငါ့ကို ပြန်မသတ်ဘူးလား"

"ဟင့်အင်း"

"ဘာဖြစ်လို့လဲ"

"မသတ်ချင်လို့"

"ဘာဖြစ်လို့ မသတ်ချင်ရတာလဲ"

"မင်းက ဒီအဖြေကို အရမ်းသိချင်နေတာလား"

"ဟုတ်တယ်"

"ဒါဖြင့်လည်း ဖြေပေးပါ့မယ်"

"အေး… ဖြေ … မင်းက ငါ့ကို ဘာဖြစ်လို့ ပြန်မသတ်တာလဲ"

မောင်ခခွေးက ခါးကျော့ဆန့်ရင်း "ဟား" ခနဲ သမ်းဝေ၏ ။ ပြီးမှ ဖြေသည်။

"ပျင်းလို့"

ထိုစကားအဆုံးမှာ မောင်ကကြီး သေဆုံးသွားလေသည်။

ရှာပနပို့ဆောင်ရန်အတွက် ကားများက မွန်းတည့် (၁၂း၀၀) တိတိတွင်း နေအိမ်မှ ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

# စုတ်ပြဲနေတဲ့ ဒိုင်ယာရီ

၁။ တစ်ရံရောအခါက ကျွန်တော်သည် ကောက်ရိုးတစ်မျှင် ဖြစ်ခဲ့ဖူးပါသည်။ ရိုးပြတ်မြေထဲတွင် ဘဝကို အဝါစင်စင် ဖြတ်သန်းခဲ့၏။ သို့သော် ကျွန်တော့်ဘဝသည် အတက်အဆင်း ရစ်သမ် တစ်ခုကိုသာ တီးခတ်ခဲ့ရ၏။ လေအဝှေ့တွင် မည်သည့် စိတ်အလျဉ်မှ မပါဘဲ ကျွန်တော်ရွေ့ခဲ့ရသည်။ လေနှင်ရာကို ခုံလက်မှတ်မပါဘဲ ကျွန်တော် စီးနင်းလိုက်ပါရသည်။ သို့သော် အမြင့်ကြီးသို့လည်း မရောက်ပါ။ လေက ကျွန်တော့်ကို ထိုမျှဆွဲမမြှောက်။ အောက်သို့လည်း မကျပါ။ လေက ကျွန်တော့်ကို တော်တော်နှင့် ဆွဲမချ။ ထိုသို့ဖြင့် ကျွန်တော်သည် တစ်ပိုင်းတစ်စ လွင့်မျောခဲ့ရဖူးသည်။ နောက်တော့လည်း တော်ရာနေရာတခု၌ ဝပ်စင်းလဲလျောင်းကာ ကျန်ရစ်ခဲ့ရပါသည်။ ကိုယ့်ကိုယ်ကိုယ် ဖြေသိမ့်ရပါသည်။

**"ကြော် … ငါ့လို ကောက်ရိုးတစ်မျှင်ရဲ့ လွင့်ပါးမှုဟာ တစ်ပါးသူတွေ အတွက် လေညွှန်ရာ အမှတ်အသားဖြစ်ခဲ့ပြီ"**

၂။ နောက်တော့ ကျွန်တော်သည် သစ်ပင်တစ်ပင် ဖြစ်သွား၏။ လေကစားသော အခါ ကျွန်တော့ အရွက်တို့က စိမ်းညို့ဖားလျား၊ တချို့တွေ ကျွန်တော့် အရိပ် ခိုသွားကြ၏။ တချို့တွေ ကျွန်တော့်ကို ခိုလျားတွယ်တက် ပြီးတပါးသော နတ်ကို ပူဇော်ဆက်ကပ်၏။ သစ်ပင်ဆိုသည်က သစ်နေသောအပင် မဟုတ်ပါ။ ဟောင်းမြည့် ယိုယွင်းပြီး တဖြည်းဖြည်းဇရာဆီသို့ ကျွန်တော် ချီးကပ်လာပါ၏။ ကိုယ့်ကိုယ်ကိုယ် ပြန်လည်ဆင်ခြင်မိသည်။ ကျွန်တော်၏ ပင်စည်ခန္ဓာသည် ဝေ့လိမ်ကွေ့ကောက်လျက် မြေဆီကို ငတ်ငတ်ပြတ်ပြတ် စုပ်ယူခဲ့ရသော နေ့ရက်များ၊ လေဒဏ်ကို ဒလိမ့် ကောက်ကွေး ခံခဲ့ရသော ရင်အုပ်ပြိုင်းပြိုင်းရာသီများ၊ သွားမရှိသော ရေ၏ တိုက်စားမှုတွင်

*တာရာမင်းဝေ* ... ရွှေအတောင်ပံမှာ

ဒဏ်ရာတွေပြန်ကောင်းလာတဲ့တစ်နေ့

ဘဝကို အပြားလိုက် ဝပ်ချပေးခဲ့ရသော ကာလတစ်နံတစ်လျား၊ ကျွန်တော် ထပ်မံစဉ်းစားမိပါသည်။

**"ဩော် ... ငါ့ရဲ့ ကွေ့ကောက်မှုဟာ ဒီဝန်းကျင်ရဲ့ ရေမြေသဘာဝကို ဖော်ပြနိုင်ခဲ့တာပဲ"**

၃။ ထိုမှတစ်ဆင့် ကျွန်တော်သည် ဖိနပ်တစ်ရံ ဖြစ်ခွင့် ရခဲ့ပါသည်။ ခြေဖဝါးများသည် အတ္တ၏ လက္ခဏာ အရေးအကြောင်းများဖြင့် သေးမျှင်လေးပင်လွန်းလေစွ။ ကျွန်တော့်ကို စီးနင့်သော ပုဂ္ဂိုလ်သည် သာမာန်မျှသာ ဖြစ်ပြီး အဆီတစ်ထပ်၊ အသားတစ်ထပ် ရှိပါသည်။ မထူးခြားပါ။ စိတ်ကောက်လျှင် လေလည်တတ်ပါသည်။ ဒါကလည်း ထူးခြားသလားဆိုလျှင် မထူးခြားပါ။ ဘာမှ မဟုတ်ပါ။ ကျွန်တော်သည် အနံ့မရသည့် ဖိနပ်တစ်ရံ ဖြစ်နေ၍လည်း ဖြစ်နိုင်ပါသည်။ ဖြစ်တန်ချေ သီအိုရီတွေက ဖြစ်ခွင့်ပေးပါဦးမည်။ နောက်တော့လည်း သဗ္ဗေသခၤါရာ အနိစ္စာ ဟူသော သဘောအရ ကျွန်တော်လည်း သဲကြိုးပြတ်သွားပါသည်။ ပိုင်ရှင်ဖြစ်သူက အင်္ဂလိပ်လို ဆဲဆိုပြီး ကျွန်တော့ကို မြန်မာလို လွှင့်ပစ်ကာ (သူကတော့) အမေရိကန်စတိုင်လ်နှင့် ထွက်ခွာသွားပါသည်။ ဘာမှလည်း မဟုတ်လိုက်ပါ။ သို့သော်လည်း ကျွန်တော် သင်ခန်းစာ ရလိုက်ပါသည်။

**"ဩော် ... ပြတ်သွားတဲ့ ဖိနပ်ဟာ လမ်းပေါ်မှာနေခွင့် မရှိပါလား"**

၄။ ထိုသို့ဖြင့် ကျွန်တော် လူတစ်ယောက် ဖြစ်လာပါသည်။ ပခုံးနစ်ဖက်ကြား ခေါင်းပေါက်ရုံ မကပဲ တင်ပါး နစ်ခြမ်းစီမှာမှလည်း ခြေထောက် နစ်ချောင်း ပေါက်ခဲ့ရပါသည်။ ပခုံးဆီမှ ဘယ်ညာ ဆန့်ထွက်သော လက်ဆို သောအရာ ဖြစ်လာ၏ ။ ကျွန်တော်လည်း အများသူငါတွေလို သမုဒ္ဒရာ ဝမ်းတစ်ထွာကို ဆားမခပ်ဘဲ ချိုရလေသည်။ ချစ်သူကို ကျွန်တော် ချစ်၏။ သို့သော် ချစ်သူက ထွေးလိုက်သော တံတွေးတစ်စက်ကိုတော့ အမှတ်တရ သိမ်းမထားဖြစ်ပါ။ ခွာ မရှုပ်နိုင်၊ နားရွက် မထောင်နိုင်၊ အမြီးမခတ်နိုင်ဖြစ်ရသော လူ့ဘဝသည် သနားဖွယ်ရာအတိဖြစ်၏။ နေတဝင်းဝင်း ပူသည်။ မိုးတစ်ပွက်ပွက် ရွာသည်။ နှင်းတသုန်သုန် ဝေသည်။ ဘာဖြစ်သလဲ၊ ဘာမှမဖြစ်။ ဘာဟုတ်သလဲ၊ ဘာမှမဟုတ်။ ဒါကိုပဲ ရုပ်တမျိုး စိတ်တစ်ဖုံ အတိပြီးကာ ကမ္ဘာလုပ်နေကြရသည်။ တစ်နေ့မှာ ကျွန်တော် ခလုတ်တိုက်မိပါသည်။ လမ်းလျှောက်ရင်း ခလုတ်တိုက်မိခြင်းသည် ရိုးရာဆန်လှသော ကိစ္စတစ်ခု ဖြစ်ပါသည်။ အံ့ဩဖွယ်ရာ ကောင်းသည်က ကျွန်တော် သေသွားပါသည်။ သေအံ့မူးမူးအချိန်မှာ ကျွန်တော်သည် ညည်းတွားမိသေး၏။

**"ဩော် ... ငါ ခလုတ်တိုက်လဲတာဟာ နောက်လူတွေကို သတိထားလျှောက်ဖို့ အချက်ပြနိုင်တာပဲ"**

၅။ သေလွန်ချိန်မှာ ကျွန်တော့်ဝိညာဉ်က နစ်ခြမ်းကွဲသွားပါသည်။ တခြမ်းက ငရဲပြည်သို့ ဆင်းပြီး တခြမ်းက နတ်ပြည်သို့ တက်၏။ ငရဲမင်းကြီးက ကျွန်တော့တစ်ခြမ်းကို စကားပြောသည်။

**"မင်းဟာ ငါ့အလုပ်ကို နှောင့်ယှက်တယ်။ သေပြီးမှသာ ငရဲကျမှာလို့ အားလုံးက ထင်ကြတယ်။ ဒါပေမယ့် လက်ရှိဘဝမှာတင် လူတွေရဲ့ မိမိကိုယ်ကိုယ် လိပ်ပြာမလုံမှုက တစ်ဆင့် ထိုက်သင့်သလို ပေးအပ်ရတဲ့အခါ အသေးစားဒဏ်ခတ်မှုတွေလည်း ရှိတယ်။ မင်းက လိုက်ဖျက်ဆီးတယ်။ မင်းကို အပြစ်ပေးရမယ်"**

*တာရာမင်းဝေ* ... ရွှေအတောင်ပံမှာ

ဒဏ်ရာတွေပြန်ကောင်းလာတဲ့တစ်နေ့

နောက်ထပ် ကျွန်တော့် တစ်ခြမ်းကိုလည်း နတ်မင်းကြီးက ပြောသည်။

**"မင်းကို ငါ ချီးကျူးပါတယ်။ မင်းဟာ တတ်စွမ်းသ၍တော့ လောကအကျိုးကို ဆောင်ခဲ့တာပဲ။ မင်းကို ငါ ကောင်းချီးပေးရမယ်´**

သူတို့၏ စီရင်ချက်များက ပြိုင်တူဆိုသလို ထွက်ပေါ်လာ၏။ အချင်းချင်း ကြေပျက်သလို ဖြစ်သွားကာ မူလနေရာမှာ ပြန်းကနဲ ကျွန်တော် လူပြန်ဖြစ်သွားပါသည်။ ကျွန်တော့ရှေ့မှာ ခလုတ်ဆန်သော ခဲလုံးကြီး တစ် လုံးကလည်း ရှိနေ၏။ ပြန်လှည့်ရမလား၊ ကျော်လွှားရမလား၊ ဆွဲယူလွှင့်ပစ်ရင် ကောင်းမလား စဉ်းစားရင်း ကျွန်တော် ဝေဝါးဆဲ၊ ယနေ့ထက်တိုင် ဘာမှလည်း မလုပ်ဖြစ်သေးချေ။

## လှိုင်းဂယက် ကျက်စွဲသံများ

(၁)

"ဝေါ ... ဝေါ"

"ရေတွေ တက်လာပြီ ပြေးကြဟေ့ ... ပြေးကြ"

တခါက မြစ်ကမ်းနံဘေးက ရွာတစ်ရွာဟာ ရေလွှမ်းမိုးမှု ခံရတယ်။ ရွာသူ ရွာသားတွေက နီးစပ်ရာ ပစ္စည်းတွေကို ဆွဲယူပြီး ကသောကမျော ထွက်ပြေးကြရတယ်။ ရေလွှမ်းမိုး အားကလည်း ကောင်းလွန်းလှချည်ရဲ့။ရက်အတော်ကြာတဲ့အထိ ရေပြန် မကျသွားဘူး။

အဲ့ဒီလိုနဲ့ပဲ ပြည့်မောက်နေတဲ့ မြစ်ရေထဲမှာ ရွှေအိုးတစ်အိုးဟာ ရေစီးအတိုင်း မျောပါနေရတော့တယ်။

"အင်း ... ငါတော့ ဘယ်သောင်ဘယ်ကမ်း ဆိုက်မလဲ မသိဘူး"

တွေးရင်း၊ ငေးရင်း၊ ပင့်သက်ရှိုက်ရင်း သူ့တစ်ကိုယ်တော် စီးမျောနေတုန်း ...

(၂)

"ဦးရွှေအိုး ... ဦးရွှေအိုး ... ကျွန်တော့်ကို စောင့်ပါဦး"

အသံကြားရလို့ လှည့်ကြည့်တော့မှာ သူ့နောက် မလှမ်းမကမ်းကနေ မျောပါလာတဲ့ ငွေအိုးတစ်အိုးကို တွေ့ရတယ်။ ကိုယ်ကို ဖော့ထိန်းလို့ ငွေအိုးကိုစောင့်ရင်း စကားပြော ဖော်ရပြီဆိုတဲ့ အတွေးနဲ့ ရွှေအိုး ပျော်သွားတယ်။

သူတို့ချင်း ရှေ့ဆင့်နောက်ဆင့် နီးကပ်သွားတော့ ငွေအိုးက စ မေးတယ်။

"ဦးရွှေအိုး ဘယ်သွားမှာလဲဗျ"

"ဘယ်သွားရမလဲ မသိပါဘူး ဦးငွေအိုးရယ်၊ ဒီတိုင်း မျောနေတာပါပဲ"

"အေးဗျာ ... ကျွန်တော်လည်း ဒီလိုပါပဲ၊ မထူးပါဘူးဗျာ။ ကျွန်တော် ဦးရွှေအိုးနောက်က လိုက်ခဲ့မယ်"

"ကောင်းပါတယ်ဗျာ၊ ကျွန်တော်တို့က တစ်ရေထဲစီး တစ်ခရီးထဲ သွားတွေပဲဟာ"

ငွေအိုးဟာ ရွှေအိုးနောက်က ပါသွားတော့တယ်။ တစ်နေရာရောက်တော့...

(၃)

"ဦးရွှေအိုး ... ဟိုနောက်မှာလည်း အိုးနှစ်လုံး မျောလာတယ်ဗျ၊ ခဏစောင့်လိုက်ရင် ကောင်းမလား"

"ဟုတ်လား ဦးငွေအိုး၊ ကောင်းတာပေါ့၊ စောင့်လိုက်မယ်လေ"

အိုးနှစ်လုံးက သူတို့အနားကို ရောက်လာတယ်။ မြေအိုးတွေပါ။ တစ်အိုးကကြီးပြီး တစ်အိုးက ငယ်တယ်။ ငယ်တဲ့အိုးက နှုတ်ခမ်းပဲ့နေတယ်။ အိုးအကြီးကောင်က သူတို့ကိုယ်သူတို့ မိတ်ဆက်တယ်။

"ကျွန်တော်က ထမင်းအိုးပါ။ သူက ငါးပိအိုးပါ။ ဦးရွှေအိုး၊ ဦးငွေအိုးတို့နဲ့အတူ လိုက်ခဲ့ပါရစေ"

(၄)

ဦးရွှေအိုးက ခဏ စဉ်းစားပြီး ...

"အင်းလေ လိုက်ခဲ့ပေါ့။ ဘာပဲပြောပြော ငါတို့အင်အား တောင့်သွားတာပေါ့"

သူတို့ အိုးလေးလုံးဟာ တန်းစီပြီး စီးမျောသွားကြတယ်။ တစ်ချို့ရေစီးကြမ်းတဲ့ နေရာတွေမှာ ခေါင်းဆောင်ဖြစ်သူ ရွှေအိုးက အကြောက်အလန့် နည်းပါးစေမယ့် အားမာန်သံချပ်ကို တိုင်တယ်။ ကျန်တဲ့ အိုးတွေက ပြန် အော်တယ်။

"ဒီ ... လှိုင်းကို ဘယ်လို ဖြတ်မယ်"

"ဒီလို ဖြတ်မယ်"

"ဒီမြစ်ကို ဘယ်လိုကူးမယ်"

"ဒီလို ကူးမယ်"

ဒီလိုနဲ့ပဲ သူတို့တွေ ခရီးဆက်လာကြရင်း မြစ်ကွေ့တစ်ခု အရောက်မှာတော့...

(၅)

"ဟိုနားမှာ ကြေးအိုးတစ်အိုး ဒီဘက်ကို လာနေတယ်"

နှုတ်ခမ်းပဲ့ ငါးပိအိုးလေးက လှမ်းပြောတာပါ။ ရွှေအိုးနဲ့ ငွေအိုးက ရှေ့ကို အာရုံစိုက်နေရလို့ လှည့်မကြည့်အားဘူး။ ဒါပေမယ့် ဝမ်းသာသွားတယ်။

*တာရာမင်းဝေ* ... ရွှေအတောင်ပံမှာ

ဒဏ်ရာတွေပြန်ကောင်းလာတဲ့တစ်နေ့

"အေး ... ရွှေအိုး ငွေအိုး ရှိပြီဆိုမှတော့ ကြေးအိုး ရှိရတော့မှာပေါ့။ သူလိုက်ချင် လိုက်လာပလေ့စေ။ ငါတို့ နှစ်ယောက်ရဲ့ နောက်မှာ နေရာပေးလိုက်မယ်။ မောင်ထမင်းအိုးနဲ့ မောင်ငါးပိအိုးက နည်းနည်း နောက်ဆုတ်ပေးလိုက်။ သူကို ငါတို့ကြားထဲ ဝင်ပစေ ဟုတ်လား"

"ဟုတ်ကဲ့"

မျှော်ပါလာတဲ့ ကြေးအိုးဟာ သူတို့ကြားထဲမှာ နေရာပေးခြင်းခံရတယ်။ (ရွှေ+ ငွေ+ ကြေး + ထမင်း + ငါးပိ ) ပေါ့လေ။

"ခုလို မျိုးတူနွယ်တူ မိတ်ဆွေကောင်းတွေနဲ့ ကြုံရတာ မင်္ဂလာပါပဲဗျာ"

ကြေးအိုးက အာလုတ်သံကြီးနဲ့ ကျေးဇူးတင်စကား ဆိုတယ်။ ရွှေအိုးကလည်း သူ့ကို အားပေးစကား ပြန်ပြောမလို့ပါပဲ။ ဒါပေမဲ့ မျက်နှာချင်းဆိုင်အရပ်က ပျံသန်းလာတဲ့ ငှက်ကလေး တစ်ကောင်ကြောင့် အာရုံပြောင်း သွားတယ်။ ငှက်ကလေးက...

(၆)

"ဟာ ... ခင်ဗျားတို့တွေ လိုက်လာကြတာကိုး။ ဟိုရှေ့နားက မြစ်ကျဉ်းကုန်းမြင့်မှာ ခင်းဗျားတို့ ရွာကလူတွေ စခန်းချနေတယ်။ ခင်ဗျားတို့ ရောက်လာမှန်းသိရင် သူတို့ သိပ်ပျော်သွားကြမှာပဲ"

"ဒါဆို ငှက်ကလေးရယ်၊ တို့လာနေတဲ့အကြောင်း အပန်းမကြီးရင် သူတို့ကို သွားပြန်ပြောပေးပါလား"

"အင်း ... ဒါမျိုးက ကူညီကောင်းပါတယ်။ သွားပြန်ပြောပေးမယ်လေ"

ငှက်ကလေး ပြန်လှည့်သွားချိန်မှာ ရွှေအိုးက အားတက်ပြီး သံချပ်တိုင်တယ်။

"ဒီလှိုင်း ကို ဘယ်လို ဖြတ်မယ်"

"ဒီလို ဖြတ်မယ်"

"ဒီမြစ်ကို ဘယ်လို ကူးမယ်"

"ဒီလို ကူးမယ်"

ကြေးအိုးရဲ့ အသံက သြသြကြီးမို့ နားထောင်မကောင်းဘူး။ အဲ့ဒီ အချိန်မှာပဲ နောက်ထပ် ပြဿနာက ဝင်လာတယ်။

(၇)

"နှာခေါင်းထဲမှာ အနံ့အသက်က မကောင်းသလိုပဲ"

ရွှေအိုးက အဲ့ဒီလိုပြောတော့ ငွေအိုးကလည်း ...

"ဟုတ်တယ်၊ ကျွန်တော့် နှာခေါင်းထဲမှာလဲ အနံ့ဆိုးကြီး ရနေတယ်"

ထမင်းအိုးက နောက်ကနေ လှမ်းပြောတယ်။

"ငါးပိအိုးက နှုတ်ခမ်းပဲ့နေလို့ စကားမပီတာ။ ကြေးအိုး မဟုတ်ဘူး၊ သူက ချေးအိုးလို့ ပြောတာ။ ခု... ကျွန်တော်တို့ ကြားထဲ ရောက်တော မိလ္လာအိုးကြီး"

"ဟော"

မယုံနိုင်အောင်ဖြစ်ပြီး ရွှေအိုး ဒေါသူပုန်ထပါတော့တယ်။

(၈)

ကြေးအိုးမဟုတ်တဲ့ ချေးအိုး (ခေါ်) မိလ္လာအိုးကို လှည့်ပြောပါတော့တယ်။

"မင်းက ဘာသဘောနဲ့ ဒီလိုလုပ်ရတာလဲ။ ဘာဖြစ်လို့ ငါတို့ကြားဝင်ရောရတာလဲ"

မိလ္လာအိုးက အသံသြသြကြီးနဲ့ ပြန်ဖြေတယ်။

"ကျုပ်လည်း အိုးပဲလေဗျာ"

"ဟာ... ငါတို့က ရွှေအိုး ငွေအိုး ကွ"

"ဒီက ထမင်းအိုး၊ ငါးပိအိုးကျတော့ကော"

"ငါတို့လို ရွှေအိုး ငွေအိုးရှိရင် ထမင်းအိုး၊ ငါးပိအိုးလည်း ရှိလာမှာပေါ့ကွ။ဘာထူးလဲ"

"အဲ့ဒါဆို ကျုပ်လည်း ရှိလာမှာပေါ့ဗျ"

"မင်း ... မင်း ... "

(၉)

အဲ့ဒါအချိန်မှာပဲ ငှက်ကလေး ပြန်ရောက်လာပြီး...

"ကျွန်တော် ပြောပြလိုက်ပြီ၊ သူတို့ အကုန်လုံး ဝမ်းသာအားရထခုန်ကြတယ်။ ခင်ဗျား တို့ကို မြစ်ကမ်းစပ်မှာ အားလုံးက စောင့်ကြိုနေကြပြီ။ မြန်မြန်သွား ..."

ငှက်ကလေး သူ့ခရီး သူဆက်သွားချိန်မှာ (ဖြစ်နေတဲ့ ပြဿနာကို ခဏမေ့သွားပြီး) ရွှေအိုးက လက်ခမောင်းခတ် ကြုံးဝါးတယ်။

"ဒီ ... လိုင်းကို ဘယ်လို ဖြတ်မယ်"

"ဒီလို ဖြတ်မယ်"

မိလ္လာအိုးရဲ့ အောက်ကလီအသံကြီးက ပါ... ပါလာလို့ ရွှေအိုးက စိတ်ဆိုးမာန်ဆိုး လှည့်ပြောတယ်။

"ဟေ့ကောင် မိလ္လာအိုး၊ ကျန်တဲ့သူတွေပဲ အော်ပစေ၊ မင်း ဝင် မအော်နဲ့ကွ"

*တာရာမင်းဝေ* ... ရွှေအတောင်ပံမှာ

ဒဏ်ရာတွေပြန်ကောင်းလာတဲ့တစ်နေ့

"ဘာဖြစ်လို့လဲဗျ"

"အို ... မင်းက ရောသောဘောသော လုပ်မနေနဲ့။ ငါတိုင်တာကို မင်းဝင်ဖောက်စရာ မလိုဘူး။ ရှုပ်ပါတယ်ကွာ။ သွား ... သွား ... မင်းငါတို့ကြားကနေ ခုချက်ချင်းထွက်သွား"

"ဘယ်လိုလုပ် သွားမလဲဗျ။ ရေစီးကြောင်းက ဒီအတိုင်းကြီး သင့်နေတဲ့ဟာကို"

ဟုတ်ပါတယ်။ ရေစီးကြောင်းက သူတို့ အိုးငါးလုံးကို လက်ရှိ အစီအစဉ်အတိုင်းပဲ ဒရွတ်တိုက် ဆွဲခေါ်သွားပါပြီ။

(၁၀)

ရွာသူရွာသားတွေက မြစ်ကမ်းစပ်မှာ သူတို့ကို စောင့်ကြိုနေကြပြီ။ သူတို့ကို မြင်တော့ လက်သီး လက်မောင်း တန်းပြီး ဝမ်းပမ်းတသာ ဟစ်ကြွေးကြတယ်။

" ဟေး ..."

မိလ္လာအိုးကလည်း အသံသြသြကြီးနဲ့ ဝမ်းသာအားရ ပြန်အော်တယ်။

" ဟေး ... "

ကျန်တဲ့အိုးတွေကတော့ စိတ်ပျက်လက်ပျက် ဖြစ်နေကြလေရဲ့။ (ဘာသံမှကို မထွက်နိုင်ဘူး) ရွှေအိုး ငွေအိုးနောက်က မိလ္လာအိုးကြီးပါလာတာလည်း မကောင်းဘူး။ ထမင်းအိုး၊ ငါးပိအိုးရှေ့မှာ မိလ္လာအိုးကြီး ရှိနေတာ လည်းမကောင်းဘူး။ ပြည်တော်ဝင် မျက်နှာပန်း လှရမလား အောက်မေ့ပါရဲ့။ အခုတော့ အမြင်မတင့်လိုက်တာ။ "အောက်"လိုက်တာ။

သူတို့ဆီ အပြေးအလွှားလာကြတဲ့ ရွာသူရွာသားတွေရဲ့ မျက်နှာကို မြင်ရတော့။

အင်း ... ခက်ပါပေ့။ အံမယ်မင်း ... ခက်လှပါပေ့။

## လူနှင့် မိုးတိမ်ဝတ်မှုန်များ

**နီဒါန်း**

*ထိုနေ့ရက် မိုက်ပါစေ။ ဘုရားသခင်သည် မျက်နှာပြုတော် မမူပါစေနှင့်။ အလင်း မပေါ်ထွန်းပါစေနှင့်။ မှောင်မိုက်၊ သေမင်းအရိပ်သည် ထိုနေ့ရက် အသရေကို ရှုတ်ချပါစေ။ မိုးတိမ်ထပ် လွှမ်းမိုးပါစေ။ မွန်းတည့်အရှိန်ဖြင့် ကြောက်မက်ဖွယ် ဖြစ်ပါစေ။ ထိုညဉ့်သည် မှောင်မိုက်၌ ပျောက်ပါစေ။ နေ့စဉ်နေ့ရက်တို့နှင့် မပေါင်းပါစေနှင့်။ လအရေအတွက်၌ မဝင်ပါစေနှင့်။ ဩော် ... ထိုညဉ့်သည် ဆိတ်ညံပါစေ။ ရွှင်လန်းသော အသံ မရှိပါစေနှင့်။ နေ့ရက် ကိုရွေး၍ ကျိန်ဆဲတတ်သောသူ၊ မိကျောင်းကို ထစေတတ်သော သူတို့သည် ထိုညဉ့်ကို ကျိန်ဆဲပါစေ။ ညဉ့်ဦးယံကြယ်တို့သည် မိုက်ပါစေ။ ထိုညဉ့်သည် အလင်းကို တောင့်တ၍ မရပါစေနှင့်။ နံနက်မိုးလင်းကို မမြင်ပါစေနှင့်။ အကြောင်းမူကား ငါ့အမိ၏ ဝမ်းကိုပိတ်မထား။ ဒုက္ခဆင်းရဲကို ငါမမြင်စေခြင်းငှာ မကွယ်မကာ။*

ယောဘဝတ္ထု၊ ၃ း ၄ - ၉။

စိမ့်နေအောင် အေးသည်။ မျှော်ကြည့်လျှင် ဘယ်ကိုမှ ကြည်လင်စွာမမြင်ရ။ လေကလည်း အရိုးကွဲအောင်ပင် အော်သံပေး၍ တိုက်ခတ်နေသည်။ မုဆိုးသည် မီးဖိုနားမှ မခွာနိုင် ဖြစ်နေရပြီး ဆိုးဝါး ကြမ်းကြုတ်နေသော ရာသီဥတုကို အော်ဟစ်ဆဲဆိုနေလေသည်။

အမဲလိုက်ခွေး သုံးကောင်ကတော့ သူတို့၏ အံစားကစားပွဲကိုပင် ဆက်ကစားနေသည်။ အံစာတုံးခေါက်သံ တဂျောက်ဂျောက်နှင့် သူတို့ သုံးကောင်စလုံး လက်ရှိ အခြေအနေကို ရှောင်ပုန်းနိုင်ရန် ကြိုးစားနေကြ၏။

ရာသီဥတု၏ အန္တရာယ်ကြောင့် ဘယ်ကိုမှ မထွက်နိုင်တော့ပဲ ဤသစ်လုံး အိမ်ကလေး အတွင်းမှာ သူတို့အားလုံး ပိတ်လှောင်မိလျက်သား ဖြစ်နေလေသည်။

၁။ မိုးသက်လေပြင်းကျသံ

"ဝေါ"

၂။ အံစာတုံးခေါက်သံများ

"ဂျောက်"

"ဂျောက် ... ဂျောက်"

"ဂျောက်...ဂျောက်...ဂျောက်"

ဤအိမ်၏ အရှင်သခင် ဖြစ်သော မုဆိုး၊ ကြက်နစ်ကောင်၊ ဆိတ် တစ်ကောင်၊ ခိုင်းနွား တစ်ကောင်၊ (မုဆိုးက ဤအိမ်ကလေး အနီးမှာပင် တစ်နိုင်စာ လယ်ကွက် ကလေးဖြင့် သူ့အတွက် စပါးစိုက်၏။) တောလည်ရာတွင် မုဆိုးနှင့်အတူ လိုက်ရလေ့ရှိသော သူတို့ ခွေးသုံးကောင်။

အားလုံးသည် အိမ်ကလေးထဲတွင် ကော့လန်ကွေးဝပ်ရင်း ပြင်ပ ရာသီဥတုကို ငေးကြည့်နေကြရ၏ ။

"ငါတို့ အံစာကစားရအောင်"

အစာရေစာ ပြတ်လပ်စပြုလာသော အချိန်တွင် သူတို့သုံးကောင်က ဒုက္ခကို မေ့နိုင်ရန် ကြိုးစားကာ အံစာကစားပွဲကလေးတို့ ပြုလုပ်ခဲ့ကြသည်။

သူတို့၏ ကစားပွဲ စချိန်မှာပဲ မုဆိုးက ကြက်နစ်ကောင်ကို သတ်စားလိုက်သည်။ ကြက်၏ နောက်ဆုံး အောင်မြည်သံနှင့် သူတို့၏ အံစာတုံး စတင်ခေါက်သံ ယှက်လိမ် ထွက်ပေါ်လာခဲ့၏။

၁။ ကြက်အော်သံ

"အွတ်"

၂။ အံစာတုံးခေါက်သံများ

"ဂျောက်"

"ဂျောက် ... ဂျောက်"

*တာရာမင်းဝေ* ... ရွှေအတောင်ပံမှာ

ဒဏ်ရာတွေပြန်ကောင်းလာတဲ့တစ်နေ့

"ဂျောက်...ဂျောက်...ဂျောက်"

ရာသီဥတုက ပြန်လည်တည်ငြိမ်ခြင်း မရှိဘဲ ဆိုးရွားသည်ထက် ဆိုးရွားနေသည်ကို အံစာတုံး ငုံ့ခေါက်နေရင်းက သူတို့တွေ သိရှိခံစားနေကြရ၏။ သူတို့၏ သက်ပြင်းချသံကို အံစာတုံးခေါက်သံနှင့်ပင် ပြန်ဖုံးလွှတ်လိုက် ကြပြန်သည်။

"ဂျောက် ... ဂျောက် ... ဂျောက်"

မဆုံးနိုင်သော အံစာ ကစားပွဲဖြစ်၍ တစ်ကောင်ပြီး တစ်ကောင် နိုင်လျက်၊ တစ်ကောင်ပြီး တစ်ကောင် ရှုံးနေကြသည်။ ကစားပွဲအရှိန် မြင့်စပြုချိန်မှာပင် မုဆိုးက ဆိတ်ကို သတ်စားလိုက်ပြန်၏။

"ငါတို့ ကစားပွဲ ဘယ်တော့ ပြီးမှာလဲ"

"ရာသီဥတု ပြန်ကြည်လင်တဲ့ တစ်နေ့ပေါ့"

၁။ ဆိတ်အော်သံ

"ပါး"

၂။ အံစာတုံးခေါက်သံများ

"ဂျောက်"

"ဂျောက် ... ဂျောက်"

"ဂျောက်...ဂျောက်...ဂျောက်"

"ရာသီဥတုက ပြန်ကြည်လင်ပါဦးမလားကွာ"

စိတ်ပျက်လက်ပျက်နှင့် တစ်ကောင်က ညည်းမိတော့ နောက်တစ်ကောင်က ပြန်ဖြေသည်။

"အခု အံစာတုံးခေါက်သလိုပေါ့။ မျက်နှာပြင်က ခြောက်ဘက်ရှိတယ်။ ငါတို့ ကျချင်တဲ့အပွင့် ကျဖို့အတွက် မျှော်လင့်ချက်ဟာ ခြောက်ပုံ တစ်ပုံ ရှိတယ်"

ထိုသို့ဖြင့် သူတို့ အံစာခေါက်မြဲ ဆက်ခေါက်နေလိုက်ကြသည်။

"ဂျောက် ... ဂျောက် ... ဂျောက် "

ထိုစဉ်အချိန်မှာပင် ...

အံစာတုံးခေါက်သံကို ဖုံးလွှမ်းသွားသော အော်သံကြီးတစ်ခုက ပေါ်လာပြန်သည်။

သူတို့၏ အံစာကစားပွဲကလေးပင် ရောင်ရမ်းပြီး ခေတ္တရပ်သွားမိ၏။

သို့သော် အခြေအနေကို နားလည်သွားပြီးသည့်နောက် ဘာမှမဖြစ်သလိုပင် သူတို့ ဆက်ခေါက်နေလိုက်ကြ၏။

မုဆိုးက နိုင်းနွားကို သတ်စားလိုက်ခြင်း ဖြစ်သည်။

၁။ နွားအော်သံ

"အူး"

၂။ အံစာတုံးခေါက်သံများ

"ဂျောက်"

"ဂျောက် ... ဂျောက်"

"ဂျောက်...ဂျောက်...ဂျောက်"

လိမ့်နေသော အံစာတုံးက တဖြည်းဖြည်းချင်း အရှိန်အဟုန် အားပျော့ကျလာသည်။ အံစာတုံး လိမ့်သံတစ်ချက်၏ အဆုံးမှာ ...

"နောက်ဆုံးအနေနဲ့ ဒီတစ်ချက်ခေါက်ကွာ"

အံစာတုံးတစ်ချက် ခေါက်၏။ နောက်ဆုံးအနေနဲ့ ဖြစ်၏။ မည်သည့်အပွင့်ကျမှန်းပင် သူတို့မသိ။ လှည့်မကြည့်တော့ပဲ ဆိုးရွားလှသော ရာသီဥတုထဲကိုပင် သူတို့သုံးကောင် ပြေးထွက်သွားလိုက်ကြသည်။

၁။ မိုးသက်လေပြင်းကျသံ

"ဝေါ"

၂။ အံစာတုံးခေါက်သံများ

"ဂျောက်"

"ဂျောက် ... ဂျောက်"

"ဂျောက်...ဂျောက်...ဂျောက်"

တစ်ကိုယ်လုံး တောင့်ခဲသွား နိုင်လောက်အောင် အေးသော ရာသီဥတုထဲမှာပင် သူတို့၏သွေးတွေ ပူနွေးနေကြ၏။

"ကိုယ့်နိုင်းနွားကိုတောင်မှ သတ်စားတဲ့လူဆီမှာ ငါတို့ မနေသင့်တော့ဘူး"

"အေး ... ဟုတ်တယ်၊ ငါတို့ ခု ဘယ်သွားကြမလဲ"

"တစ်နေရာကိုသွားရင် ရပါတယ်၊ ဒါပေမယ့် မသွားသေးပဲ လောကကြီးရဲ့ အထူးခြားဆုံး ပြပွဲကလေးကို စောင့်ကြည့်ရင် ကောင်းမယ်ထင်တယ်"

"ပြပွဲ...ဟုတ်လား၊ဘာပြပွဲလဲ"

"အခုဆိုရင် ငါတို့မှဆိုးမှာသတ်စားစရာ ဘာကောင်မှမရှိတော့ဘူး။ ဘာကောင်မှ သတ်စားလို့ မရတော့တဲ့အတွက် သူဟာ သူ့ကိုယ်သူ သတ်စားလိမ့်မယ်။ အဲဒါဟာ လောကရဲ့ အထူးခြားဆုံး ပြပွဲလေး တစ်ခုလို့ငါယူဆတယ်။ ငါတို့ အဲ့ဒါကို စောင့်ကြည့်သွားကြရင် ကောင်းမယ်"

သစ်လုံးအိမ်ကလေး၏ အနီးအပါး တစ်နေရာမှာပင် ထိုပြပွဲကို ကြည့်ရှုရန် သူတို့ စောင့်ဆိုင်းနေလိုက်ကြသည်။

"ငါတို့ နောက်ဆုံး ခေါက်ခဲ့တဲ့ အံစာတုံးလေးက သူ့အတွက်ပဲ။ အပွင့် ဘယ်လောက်ကျမယ် ထင်သလဲ"

လှည့်မကြည့်ခဲ့သဖြင့် မည်သူမှ မသိကြ။ နှင်းပွင့်တွေကသာ မီးပွားတွေလို တဖွားဖွား ကျလာနေကြသည်။

*တာရာမင်းဝေ* ... ရွှေအတောင်ပံမှာ

ဒဏ်ရာတွေပြန်ကောင်းလာတဲ့တစ်နေ့

*လူသည် သူငှားကဲ့သို့ မိမိနေ့ရက်ကို လွန်စေသည့် တိုင်အောင် ငြိမ်ဝပ်ရသော အခွင့်ကို ပေးတော်မူ၏ သစ်ပင်ကို ခုတ်သော်လည်း အငုတ်အချည်းစည်း မရှိပဲ အတက် ပေါက်လေဦးမည်ဟု မျှော်လင့်စရာ ရှိ၏။ မြေထဲမှာ အမြစ်ဟောင်း၍ မြေပေါ်မှာ အငုတ်သေသော်လည်း ရေငွေ့ကြောင့် အတက်ပေါက်၍ ပျိုးပင်ကဲ့သို့ အညွန့်တို့နှင့် ပြည့်စုံလိမ့်မည်။ လူမူကား သေ၍ ဆွေးမြေ့တတ်၏။*

*ယောဘဝတ္ထု၊ ၁၄ း ၁၆ - ၁၀*

## သတ္တဝါမပြောက် မျက်မမြင်ပုဏ္ဏား

ရွာအပြင် ဇရပ်အိုကြီး တစ်ခုထဲမှာပါ။ မျက်မမြင်ပုဏ္ဏား ခြောက်ယောက်တို့ ကြေကြေကွဲကွဲ စကားဆိုနေကြတယ်။

တစ်ယောက်က ပြောတယ်။

"အီတလီနိုင်ငံသားလေး တစ်ယောက်ရဲ့ ရောဂါက ထူးထူးဆန်းဆန်းတဲ့ဗျ။ သူက နေ့ဖက်မှာ လုံးဝကန်းပြီး ညဖက်ကျမှ မြင်ရသတဲ့။ အဲဒါကိုလည်း လူတော်တော် များများက မသိကြဘူးတဲ့။ တော်တော်နဲ့ကို မသိတာ။ နောက်မှ ကောင်လေးက နိုင်ငံခြားထွက်ဖို့ စီစဉ်တော့ ဆေးစစ်ခံရင်း ပေါ်သွားတာတဲ့။ နိုင်ငံခြား မသွားရရင် နေပါဗျာ။ သူ့လို ညဖက်မှာ မြင်ရရင်ပဲ ကျွန်တော် ကျေနပ်ပါပြီ။

နောက်တစ်ယောက်ကလည်း ပြောတယ်။

"တရုတ်နိုင်ငံ ရှန်စီပြည်နယ်ရဲ့ ဘုရင်ခံတစ်ယောက်ဟာဆိုရင် မျက်လုံးတစ်လုံးမှာ သူငယ်အိမ် နှစ်ခုစီတောင် ပါသတဲ့။ သူတို့များတော့ အားကျဖို့ ကောင်းလိုက်တာဗျာ"

နောက်တစ်ယောက်က ထပ်ပြောတယ်။

"အီဂျစ်သမိုင်းမှာ ဆိုရင် မျက်စေ့ကန်းနေတဲ့ သူတွေကို တပ်ရင်းကြီး နှစ်ခုတောင် ဖွဲ့ခဲ့သတဲ့။ ဒါပေမယ့် အဲဒီစစ်သားတွေက ကျုပ်တို့လို စုံလုံးကန်းတော့ မဟုတ်ဘူး။ တစ်ဖက်ကန်းတွေတဲ့။ ကျုပ်တို့မှာတော့ဗျာ"

သူတို့ အဲဒီလို မချိတင်ကဲ ပြောနေကြရတာ အကြောင်း ရှိပါတယ်။ ဆင်တစ်ကောင်ကို သွားရောက် စမ်းသပ်ကြည့်မိရာက အစပြုပါတယ်။

သူတို့ဟာ ဒီရွာရဲ့ အနီးအပါးမှာပဲ တောင်းရမ်းစားသောက်ရတဲ့ မျက်မမြင်တွေပါ။ မွေးကတည်းက အမြင်အာရုံ ပါမလာသူတွေမို့ ဘာကိုမှ မမြင်ခဲ့ရပါဘူး။ တစ်နေ့တော့ ရွာသူကြီးရဲ့ အိမ်မှာ ဆင်တစ်ကောင် ရောက်လာ တယ်လို့ ကြားတယ်။ ရွာသူရွာသားတွေက အထူးအဆန်း အဖြစ်ပြောနေကြတာကို ကြားတော့ သူတို့လည်း စိတ်ဝင်စားတာပေါ့။

"တို့လည်း အဲ့ဒီဆင်ကို သွားကြည့်ကြရအောင်"

"ဘယ်လို ကြည့်မှာလဲ"

"လက်နဲ့ ကိုင်ကြည့်မှာပေါ့"

ညဦးပိုင်း လူသူရှင်းလင်းချိန်မှာ သူတို့ဟာ ဖြောင့်ဖြူးတဲ့ ရွာအဝင်လမ်းအတိုင်း တစ်ယောက်လက် တစ်ယောက်ချိတ်ပြီး သူကြီးအိမ်ဆီ သွားကြတယ်။ သူတို့ ဆင်ကို

စမ်းသပ်ကိုင်တွယ်ကြည့်ချင်ကြောင်း ပြောဆို ခွင့် တောင်းတယ်။ သူကြီးကလည်း သဘောကောင်းသူဆိုတော့ ...။

"အေး ... အေး ကိုင်ကြည့်ကြပေါ့ကွာ၊ ဒီဆင်ကြီးက ယဉ်ပါတယ်"

သူတို့တွေ ဝမ်းသာအားရနဲ့ ဆင်ကြီးကို ကိုင်တွယ် စမ်းသပ်ကြပါတယ်။ နောက်တော့ သူတို့တွေ စုပေါင်းနေထိုင်တဲ့ ဇရပ်အိုကြီးဆီ ပီတိကိုယ်စီဖြင့် ပြန်လာကြပါတယ်။ နောက်ပိုင်းမှာမှ ပြဿနာက စတော့တာပဲ။

ဆင်ရဲ့ ခန္ဓာကိုယ်ကို စမ်းမိတဲ့သူက ဆင်ဆိုတာ "အုတ်တံတိုင်း" နဲ့တူတယ်လို့ ပြောတယ်။ နှာမောင်းကို စမ်းမိတဲ့သူက ဆင်ဆိုတာ "မြွေ"နဲ့ တူတယ်လို့ ပြောပြီး အမြီးကို စမ်းမိသူက ဆင်ဆိုတာ "ကြိုး" အတိုင်း ပဲလို့ ဆိုတယ်။

နားရွက်ကို စမ်းမိသူက ဆင်ဆိုတာ "ယပ်တောင်"နဲ့ တူတယ်တဲ့။ အစွယ်ကို စမ်းမိသူကကျတော့ "လှံ"ဆိုပြန်ရော။ ခြေထောက်ကို စမ်းမိသူက ဆင်ဆိုတာ တုတ်တုတ်ခိုင်ခိုင်ပါပဲ။ သစ်ပင် ပင်စည်နဲ့ တကယ်တူသတဲ့။ သူတို့တွေ အယူအဆ ကွဲပြားကြတော့တယ်။

ပထမတော့ ငြင်းကြခုံကြနဲ့ပေါ့။

"ဟေ့ကောင် ... မင်း ... သေသေချာချာ မမြင်ပဲ မပြောနဲ့"

"မင်းကကော မြင်လို့လား"

"ငါက လက်နဲ့ အပီအပြင်စမ်းလာတာ"

"ငါလည်း အပီအပြင်စမ်းလာတာပဲ"

နောက်တော့ အမြော်အမြင်ရှိတဲ့ ပုဏ္ဏားတစ်ယောက်က ဆိုတယ်။

"ငြင်းမနေကြပါနဲ့ကွာ၊ ကိုယ်နဲ့နီးတဲ့နေရာ ကိုယ်စမ်းလာပြီး အခုတော့ ဆင်ဆိုတာ ဘာပုံပေါက်နေသလဲတောင် မသိတော့ဘူး။ ဘယ်သူကမှလည်း အပိုင်အနိုင် ပြောနိုင်စွမ်းမရှိဘူး။ တိတ်ကြတော့"

သူ့စကားအဆုံးမှာ အားလုံးငြိမ်သွားတယ်။ သူတို့တွေ စိတ်ကူးနဲ့ ဆင်ကို ပုံဖော်ကြည့်မိတယ်။ (ဆင်= ယပ်တောင် + မြွေ + ကြိုး + အုတ်တံတိုင်း + သစ်ပင် , ပင်စည် + လှံ) ဖြစ်သွားကြတယ်။ နောက်တော့ လည်း သူတို့ဘဝကို သူတို့ ဝမ်းနည်းစကားကို ခနကလို (ရှေ့ပိုင်းမှာ တင်ပြခဲ့သလို) ပြောဆိုနေကြတော့တာပဲ။

အဲ့ဒါအချိန်မှာပဲ ...

"ကျွန်တော့်ကိုလည်း ဒီဇရပ်မှာ တညတာ တည်းခိုခွင့်ပြုပါခင်ဗျာ ကျွန်တော်ဟာ လှည့်လည် တောင်းစားနေရတဲ့ မျက်မမြင် ပုဏ္ဏားတစ်ယောက်ပါ"

"ဟာ ... လာပါ၊ လာပါ၊ ရပါတယ်။ ကျွန်တော်တို့ကလည်း ခင်းဗျားနဲ့ ဘဝတူတွေပါပဲ"

သူတို့ အချင်းချင်း ရင်းပင်းကြပါတယ်။ သတ္တမမြောက် မျက်မမြင်ပုဏ္ဏားဟာ နယ်စုံ လှည့်လာပြီး အကြားအမြင် ပြည့်စုံသူဖြစ်လို့ သူတို့ကို ယဉ်ယဉ်ကျေးကျေး စကားဆိုနိုင်ပါတယ်။

"ကျွန်တော်တို့တွေ ဘာမှ အားငယ်စရာ မရှိပါဘူးဗျာ။"ဆာ" ဘွဲ့ ရခဲ့တဲ့ **ဖရန်စစ်ဂျိုးဇက်ကင်းဘဲလ်** ဆိုတဲ့ တောင်တက်သမားဟာ မျက်မမြင်ဗျ"

*တာရာမင်းဝေ* … ရွှေအတောင်ပံမှာ

ဒဏ်ရာတွေပြန်ကောင်းလာတဲ့တစ်နေ့

"သူက အရမ်းတော်လို့ ဖြစ်မှာပါဗျာ။ ကျွန်တော်တို့ကတော့ သာမန်လူတွေပါ။ ဆင်ကြီး တစ်ကောင်လုံး သွားစမ်းကြည့်တာတောင် ဘာပုံပေါက် သလဲ ဆိုတာ ခုထိ မသဲကွဲဘူး"

"ဘယ်ဆင်လဲ၊ ဒီရွာသူကြီးအိမ်က ဆင်လား"

"ဟုတ်တယ်၊ ခင်ဗျား သိလို့လား"

"သိတယ်လေ … ကျုပ်တောင် စမ်းကြည့်ခဲ့သေးတယ်"

သူ့စကားကြောင့် ကျန်တဲ့ မျက်မမြင် ပုဏ္ဏား ခြောက်ယောက် နားရွက် ထောင်သွားတယ်။ ဗဟုသုတများပုံရတဲ့ အဲ့ဒီ သတ္တမမြောက် ပုဏ္ဏားကို အမောတကော ဝိုင်းမေးမိကြတယ်။

"ပြောစမ်းပါဦး၊ ဆင်က ဘာနဲ့ တူသလဲဗျ"

"ဆင်ဆိုတာ ငှက်ပျောသီးနဲ့ တူတယ်ဗျ"

"ဗျာ"

"ဆင်ဆိုတာငှက်ပျောသီးနဲ့တူတယ်လို့´

မျက်မမြင် ပုဏ္ဏား (၆) ယောက် ခေါင်းတဆတ်ဆတ် ညိတ်ကြပါတယ်။ သက်ပြင်းကြီးတွေ မှုတ်ထုတ်ပြီး မှတ်ချက်တစ်ခုကိုလည်း ပြိုင်တူ ချကြတယ်။

"အော် လက်စသတ်တော့ အဲ့ဒီဆင်က ``အထီး´´ ကြီးကိုး"

## ဆိုကရေးတီး အရိပ်

သူက ဖိနပ်မစီး။ ရာသီဥတုဒဏ် ခံနိုင်သော ဝတ်ရုံတစ်ထည်ရှိလျှင် သူ့အတွက် ပြည့်စုံသည်။ တစ်နေ့မှာ လူသူရှုပ်ထွေးသော ဈေးထဲသို့ သူရောက်သွား၏ ။ လမ်းဘေးမှာ ချရောင်းသော ပစ္စည်းများကို သူ စူးစူးစမ်းစမ်း လိုက် ကြည့်နေမိသည်။ သူက မသိသော်လည်း သူ့ကို သိထားပုံရသည့် လူငယ်လေး တစ်ယောက်က လာမေးသည်။

"ဆရာကြီး ဘာပစ္စည်းကို ရှာနေတာလဲ"

"ဘာပစ္စည်းကိုမှ မရှာပါဘူးကွယ်။ လူတွေ အတွက် အမှန်တကယ်လည်း မလိုအပ်တဲ့ ပစ္စည်းတွေ ဘယ်လောက်များ များနေပြီလဲလို့ လိုက်ကြည့်တာပါ"

တစ်ခါက သူ့ထံသို့ ကျောင်းတော်သားတစ်ယောက် ရောက်လာသည်။

"ဆရာကြီး ကျွန်တော် ပညာလိုချင်လို့ပါ"

"လာ … လိုက်ခဲ့"

မြစ်ကမ်းပါး တစ်ခုသို့ သူတို့ ရောက်သွားကြသည်။ သူက ထိုကျောင်းသားလေးကို ရေထဲ တွန်းချလိုက်၏။ ရေမကူးတတ်သော ကျောင်းတော်သား ကလေးမှာ ယက်ကန်ယက်ကန်။ သူ ပြန်ဆယ်ပေးခဲ့ပါသည်။ စကား တစ်ခွန်းကိုတော့ မေးရ၏။

*တာရာမင်းဝေ* ... ရွှေအတောင်ပံမှာ

ဒဏ်ရာတွေပြန်ကောင်းလာတဲ့တစ်နေ့

"မင်း ... ရေထဲနစ်တုန်းက ဘာကို အတောင့်တဆုံးလဲ"

"လေ"

"အေး ... ရေနစ်တဲ့ အချိန်မှာ လေကို တောင့်တသလိုမျိုး ပညာကို မင်း တောင်းတရင် မင်း ပညာတတ်ကြီး ဖြစ်ရမယ်"

"ဆရာကြီး ... ကျွန်တော် မိန်းကလေးတစ်ယောက်ကို ချစ်နေမိပြီ"

"ဟုတ်လား ဘယ်အချိန်က ချစ်သွားတာလဲ"

"မြင်မြင်ချင်း ချစ်မိတာပါပဲ၊ ဘယ်လို လုပ်ရမလဲ"

"နောက်တစ်ခေါက် သေသေချာချာ ထပ်ကြည့်လိုက်"

"ဗျာ"

"နောက်တစ်ခေါက် သေသေချာချာ ထပ်ကြည့်လိုက်လို့´

လူငယ်လေးက နားမလည်ပဲ ခေါင်းကုတ်၍ လှည့်ထွက်သွားသည်။ သူက နောက်တစ်ခါ ရွေးချယ်ခွင့် ပေးလိုက်သည့် သဘောဖြစ်၏။ သူ့ဆုံးဖြတ်ချက်ကို သေချာစေရန် ဖြစ်သည်။

သူက ပညာရှိကြီး ဆိုကရေးတီးကို အားကျသည်။ ဆိုကရေးတီးလို ဖြစ်ချင်သည်။ သူ့ထံသို့ မေးခွန်းတွေ တက်လာလေသည်။

ပညာရှိကြီးခင်ဗျား ...။ ကျွန်တော့် နံဘေး အလုပ်စားပွဲက လူဟာ အင်မတန် လေချွန်ပါတယ်။ အဲဒီအတွက် ကျွန်တော် အလွန်စိတ်ပင်ပန်းရပါတယ်။ သူ လေချွန်တဲ့ တေးသွားတွေဟာ ကျွန်တော် အလွတ်ရထားတဲ့ သီချင်းတေးသွား ဖြစ်နေလို့ပါ။ သူက လေချွန်ရင် ကျွန်တော်က အဲဒီသီချင်းကို စိတ်ထဲကနေ လိုက်ဆိုနေမိပါတယ်။ တစ်နေ့ တစ်နေ့ စိတ်ထဲက လိုက်ဆိုနေမိတဲ့ သီချင်းတွေ မနည်းပါဘူး။ လူလည်း ကြာရင် ဒုက္ခရောက်ရ ပါတော့မယ်။ ဒီပြဿနာကို ဘယ်လို ဖြေရှင်းရရင် ကောင်းမလဲခင်ဗျာ။

ပညာရှိကြီးခင်ဗျား ... ကျွန်တော် ငှက်ကုလားအုတ်တစ်ကောင်ပါ။ ကျွန်တော်တို့က အစာစားရင် ခြေတစ်ဖက်မြှောက်ထားပြီး စားကြပါတယ်။ နှစ်ဖက်လုံး မြှောက်ရင်တော့ လဲသွားမှာပေါ့လေ။ ကျွန်တော် သိချင်တာ က ရိုးရိုးလေးပါ။ လူတွေကတော့ အစာစားရင် ဘာဖြစ်လို့ ခြေတစ်ဖက် မမြှောက်တာလဲ။

ပညာရှိကြီးခင်ဗျား ... ကျွန်တော့် ဘကြီးဟာ အင်မတန် ဝကျပါတယ်။ လက်ဖက်ရည်ဆိုင် ထိုင်ရင် `ရှယ်´ ကိုမှ မှာသောက်ပါတယ်။ စားပွဲထိုးက လက်ဖက်ရည်ခွက်ကို ဇွန်းလေးတပ်ပြီး လာချပေးလို့ ရှိရင်အကြာကြီး မွှေပါတယ်။ ပြီး အဲဒီဇွန်းနဲ့ပဲ ခပ် ခပ်သောက်ပါတယ်။ ကျွန်တော် စိတ်မရှည်ပါ။ ရက်စရာလည်း ကောင်းပါတယ်။ ဘကြီးရဲ့ အဲဒီအကျင့်ပျောက်သွားအောင် ဘယ်လို လုပ်ရပါ့မလဲ။

ပညာရှိကြီးခင်ဗျား ... ရထားဘူတာတစ်ခုမှာ လူတစ်ယောက်ကို ကျွန်တော် မြင်လိုက်ရပါတယ်။ အဲ့ဒီလူကို ကျွန်တော် တစ်နေရာမှာ မြင့်ခဲ့ဖူးပါတယ်။ သေသေချာချာကို မြင်ခဲ့ဖူးတယ်လို့ မှတ်မိပါတယ်။ ဒါပေမယ့် ဘယ်နေရာမှာ မြင်ဘူးတာလဲ ဆိုတာကို မမှတ်မိပါဘူး။ ဘယ်လို စဉ်းစားစဉ်းစား မမှတ်မိပါဘူး။ ကျွန်တော် အသည်းအသန် စဉ်းစားတယ်။ မမှတ်မိပါဘူး။ အဲ့ဒါအကြောင်းကို ကျွန်တော် ပြောလွန်းတဲ့အခါ ကျွန်တော့်ကို ဆွေမျိုးတွေက စိတ်ကျန်းမာရေး ဆေးရုံကို

ပို့လိုက်ကြပါတယ်။ ကျွန်တော် ရှုံးနေတာ ဟုတ် မဟုတ် ဖြေကြားပေးပါခင်ဗျာ။

ပညာရှိကြီးခင်ဗျား ... ကျွန်တော်တို့ မြို့မှာ သူတော်စင်တစ်ယောက်လို ဖြူစင်တဲ့ လူတစ်ယောက်ရှိပါတယ်။ အားလုံးကလည်း သူ့ကို လေးစားကြပါတယ်။ သူ့မှာ အပူအပင်လည်း မရှိပါဘူး။ ဒါပေမယ့် နောက်ပိုင်းမှာ သောက်စား မူးယစ်လာပါတယ်။ ကောင်းတာတွေ သူလုပ်ခဲ့တယ်။ ဖြစ်တယ်။ အဲဒါ မကောင်းတာ လုပ်ကြည့်ရင်ကော ဖြစ်မလားလို့ သူ သိချင်တယ်။ အဲဒါကြောင့် အရက်သောက်တာတဲ့။ သူ့စိတ်ကူးကို ဘယ်လို သုံးသပ် ရမှာလဲခင်ဗျာ။

ပညာရှိကြီးခင်ဗျား...ကျွန်တော်တို့ ကျောင်းက ကောင်မလေး တစ်ယောက် အကြောင်း ပြောချင်တာပါ။ ဒီလိုပါ။ တစ်နေ့ ကင်တင်းမှာ သူက လက်ဖက်ရည် သောက်ပါတယ်။ ကျွန်တော် နပ်ချေး ကလော်တာကို ကြည့်ပြီး သူ အန်ပါတယ်။ နောက်တစ်ခါ သူ အအေးသောက်နေတုန်း အဲဒီဆိုင်ကို ကျွန်တော် ရောက်သွားပါတယ်။ ကျွန်တော် နဖာချေး ကလော်တာကို ကြည့်ပြီး သူ အန်ပါတယ်။ နောက်တစ်ခါ သူက ပြောင်းဖူးစားရင်း အိမ်သာထဲက ထွက်လာတဲ့ ကျွန်တော့်ကို ကြည့်ပြီး သူ အန်ပါတယ်။ နောက်ကျတော့ ကျွန်တော့်ကို ဒီအတိုင်းတွေ့နေရင်လည်း အန်ပါတယ်။ ကျွန်တော် ဘာလုပ်ရမလဲခင်ဗျာ။

ပညာရှိကြီးရှင့် ... ဘတ်(စ)ကားစီးရင်း လူတစ်ယောက်က ကျွန်မကို မှတ်တိုင်တစ်ခု မေးပါတယ်။ ကျွန်မက `သိတယ် .. သိတယ်´ ကျွန်မဆင်းမယ့် မှတ်တိုင် မရောက်ခင် နှစ်မှတ်တိုင်အလိုမှာ ဆင်းလိုက်လို့ ပြောပါ တယ်။ အားလုံးက ကျွန်မကို ဝိုင်းဟားကြပါတယ်။ ဟာသ လုပ်ကြပါတယ်။ ဘာဖြစ်လို့လဲရှင့်။ အဲဒီမှတ်တိုင်ရောက်ရင် ကျွန်မ သူ့ကို ပြောလိုက်မှာပေါ့။ ကျွန်မက ကားပေါ်ရှိနေဦးမယ့် ကိစ္စပဲ။ ဒါ ... ရယ်စရာ ဟုတ်လို့လားရှင်။

ထိုမေးခွန်းများကို ကြားရပြီးတဲ့နောက် ... "ငါ ဆိုကရေးတီး ဖြစ်ပြီ" ဟု ကြွေးကြော်ကာ ဆိုကရေးတီး၏ လက်သုံးစကားကို ဝင့်ဝင့်ကြွားကြွား ပြောလိုက်၏။

"တကယ်တမ်း ငါသိတာက ငါဘာကိုမှ မသိဘူးဆိုတာပဲ" ..... ။ ။

## လူနှင့် အချက်ပေးခေါင်းလောင်းသံ

**၁။အားကစားဈေးပွဲတော်**

ကျယ်ပြန့် ညီညာသည်နှင့်အမျှ လေတွေ တဟူးဟူး တိုက်ခတ်နေသော လွင်ပြင်ကြီး တစ်ခုထဲမှာ ဖြစ်၏။ ရွက်ဖျင်တဲများထိုးကာ တစီတရီဖွင့်လှစ်ထားသော ဈေးဆိုင်ခန်းများ ရှိနေ၏။ လာရောက်ဝယ်ယူ အားပေးသူ ပရိသတ်ကလည်း တိုးတိုးဝှေ့ဝှေ့ဖြင့် စည်ကားနေသည်။ လှပစိုပြည်သော ပွဲတော် ဝတ်ရုံများနှင့် လူအားလုံးကလည်း ပျော်ရွှင် နေကြပုံရသည်။ ဈေးဆိုင်ခန်းများတွင် ရောင်းချသည်က အားကစားပစ္စည်းများသာ ဖြစ်၏။ ရှေးခေတ် အားကစားပစ္စည်းများမှအစ ခေတ်လွန် အားကစားပစ္စည်းများအထိ တခမ်းတနား ရောင်းချကြသည်။

ထိုပွဲတော်သို့ လာရောက် ဝယ်ယူကြသူများ ထဲတွင် `လူ´တစ်ယောက်လည်း ပါဝင်လေသည်။ လူတွေ ကြားထဲမှာ လူတစ်ယောက်ဖြစ်၍ မထူးခြားလှပါ။ သို့သော် ...

*တာရာမင်းဝေ* ... ရွှေအတောင်ပံမှာ

ဒဏ်ရာတွေပြန်ကောင်းလာတဲ့တစ်နေ့

**၂။အစိမ်းရောင်ခါးပတ်**

ထိုသူက ကရာတေးပစ္စည်း အရောင်း ဆိုင်တစ်ခုရှေ့တွင် ရပ်လိုက်၏။ ဆိုင်အတွင်း ပတ်ပတ်လည်တွင် ကမ္ဘာကျော် ကရာတေး သမားကြီးများ၏ ဓာတ်ပုံများ၊ ပန်းချီကားများကို ချိတ်ဆွဲထားသည်။ နှစ်ဆယ်ရာစုဆန်းစ နှစ်များတွင် ဂျပန်နိုင်ငံ `ရှုကျူကျွန်း´မှ တစ်ဆင့် ဂျပန်နိုင်ငံ အနံ့အပြား၊ ထို့နောက် ကမ္ဘာ့နိုင်ငံ အနံ့အပြားသို့ ကရာတေးပညာ ပျံ့နှံ့သွားပုံကိုလည်း မြေပုံဆွဲ၍ သမိုင်းနှင့်တကွ ရှင်းလင်းဖော်ပြထားသည်။

ကရာတေးပညာနှင့် ပတ်သက်သော ပစ္စည်း မျိုးစုံကိုလည်း စီရီခင်းကျင်း ထားသည်။ ထိုလူက အမျိုးမျိုးလှည့်ပတ် ကြည့်နေစဉ်မှာပဲ ဆိုင်ရှင်ဖြစ်သူက ချိုသာစွာ မေးခွန်းစကား ဆိုသည်။

"ကြည့်ပါ၊ ကြည့်ပါ၊ ဘာပစ္စည်းများ အလိုရှိပါသလဲ"

"ကျွန်တော် ခါးပတ်လိုချင်တယ်"

"ဘာအရောင်လဲ"

"အစိမ်းရောင်ပါ"

"အော် ရှိပါတယ်၊ ဒါထက် မိတ်ဆွေက ခုမှ ကရာတေး စ, ကစားတာလား"

"ဘယ်ကလာ၊ ကျုပ်က ကရာတေးမှာ ဆရာအဖြစ်အောင်ပြီးသားပါ"

"ဟင် ... ဒါဖြင့် ဘာဖြစ်လို့ အစိမ်းရောင်ကြီး ဝယ်မှာလဲ"

"ဟဲဟဲ ... ကျွန်တော့်ကို လူတွေက သင်တန်းသားအဆင့်လို့ထင်အောင် လှည့်ဖျားနိုင်ရင် ကျွန်တော့်ဘက်က အသာစီးရတာပေါ့ဗျာ"

ထိုလူ့အပြုံးနှင့် ထိုလူ့စကားကို ဆိုင်ရှင်က တစ်မျိုးကြီး ခံစားလိုက်ရလေသည်။

**၃။ပန်းကန်ပြားပျံ**

နောက်ဆိုင် တစ်ဆိုင်ရှေ့မှာ ထိုသူ ရပ်လိုက်၏။ ဆိုင်ကို အကဲခတ်ရင်း ဝမ်းသာ ပျော်မြူးသွားသလို လေတစ်ချက်ကိုလည်း ချွန်လိုက်သေး၏။

"အိုး ... သံပြားဝိုင်း အရောင်းဆိုင်ပါလား"

ဆိုင်ထဲသလို့ လှည့်ပတ် ဝင်ရောက် ကြည့်ရှု၏။ ထူးထူးခြားခြား ဆိုင်အလယ်ခေါင်တွင် ရေးဟောင်းပန်းအိုးများ ရှိနေသည်။ ပန်းအိုးများတွင် သံပြားဝိုင်း ပစ်ကစားနေပုံများကို သရုပ်ဖော်ထားသည်။ ထိုလူက ကျေကျေ နပ်နပ် ကြည့်ရှုရင်း `ဟိုးမား´၏ ကဗျာတစ်ပိုဒ်ကို နှုတ်မှ ရင့်ကျူးလိုက်သေး၏။ ထိုလင်္ကာပိုဒ်ကလည်း သံပြားဝိုင်းပစ် ကစားပွဲများ အကြောင်းကို ဖွဲ့နွဲ့ထားခြင်းဖြစ်၏။

ဆိုင်ရှင်က နံဘေးမှ လက်ပိုက်ကြည့်ရှုနေရာမှ မျက်နှာပြုံးယောင်သန်းလာပြီး ...

"လူကြီးမင်းက အလာကြီးပဲ ကဲ ... ပြောဗျာ ဘာအလိုရှိသလဲ"

*တာရာမင်းဝေ* ... ရွှေအတောင်ပံမှာ

ဒဂၢရာတွေပြန်ကောင်းလာတဲ့တစ်နေ့

"သံပြားဝိုင်းပဲ လိုချင်တာပါ။ ဒါပေမယ့် ..."

"ဒါပေမယ့် ... ဘာဖြစ်သလဲ"

"ထမင်းပန်းကန်နဲ့ တော်တော်တူတဲ့ သံပြားဝိုင်း ဖြစ်ရမယ်"

"အို ... ဘာဖြစ်လို့ပါလိမ့်"

"အော် ... သံပြားဝိုင်းတစ်ခုက နစ်ကီလိုဂရမ် အလေးချိန်ရှိတယ် မဟုတ်လား။ တကယ်လို့ စားသောက်ပွဲတွေမှာ ထမင်းစားရင်း အချင်းများကြတဲ့အခါ ကျွန်တော်က ပန်းကန်ပြားနဲ့ ပစ်လွှတ်ကာကွယ်ပြီး ရင်ဆိုင်လို့ ရတာပေါ့"

"အလို ... ခင်ဗျားက လူထူးလူဆန်းပါလား၊ ရပါတယ်။ ကျွန်တော် ရောင်းလိုက်ပါ့မယ်"

**၄။ဂိုးဖမ်းမျက်နှာဖုံး**

ထိုလူ ဝင်ရောက်ကြည့်ရှုသည့် နောက်ဆိုင်တစ်ဆိုင်က လွင်ပြင်ထဲမှာ ရွက်ဖျင်တဲနှင့် ရှိလင့်ကစား ရေခဲမုန့်များ ဝေ့သီအုံ့ဆိုင်းနေသလို ခံစားရ၏။ ထိုလူက ခေါင်းတဆတ်ဆတ်ညိတ်ရင်း ရေရွတ်သည်။

"အော် ... ဟော်ကီကစားပစ္စည်း ရောင်းတဲ့ဆိုင်ပါလား"

ရေခဲပြင်တွင် ကစားရသော ဟော်ကီပစ္စည်းများ ရောင်းချရာဆိုင်ဖြစ်၏။ ဆိုင်ထဲသို့ပင် မဝင်တော့ဘဲ ဆိုင်အပြင်မှ လက်နှစ်ဖက် နောက်ပစ်ကာ လှမ်းမေးလိုက်သည်။

"မျက်နှာဖုံး ရှိလား"

"ဂိုးသမားစွပ်တဲ့ မျက်နှာဖုံးလား"

"ဟုတ်တယ်လေ၊ ဒါပဲရှိတာပဲ"

"ရှိပါတယ်"

"ဒါဖြင့် ကျုပ်ကို တစ်ခုရောင်းဗျာ"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့ နောင်ကြီးက ဟော်ကီဂိုးသမား ထင်တယ်"

"မဟုတ်ပါဘူး။ ကျုပ်အတွက် သက်သက် အသုံးလိုလို့ပါ"

"ဗျာ ... ဒီမျက်နှာဖုံးကြီးက"

"ဟုတ်တယ် ... ဟော်ကီဘောဟာ တစ်နာရီကို ကီလိုမီတာ ၁၆၀ နှုန်းနဲ့ ဂိုးပေါက်ထဲ ဝင်လေ့ရှိတယ် မဟုတ်လား။ ဟော်ကီရိုက်ချက်တွေကလည်း ပြင်းတယ်။ အဲဒီ ဟောကီဘောကို ကာကွယ်နိုင်ဖို့၊ ဟော်ကီ တုတ်တံ တွေနဲ့ ရိုက်မိရင် မနာကျင်ဖို့ ဒီမျက်နှာဖုံးကို စွပ်ရတာ ခင်ဗျားအသိပဲလေ။ ကျုပ်လည်း တချို့လူတွေကို ရင်ဆိုင်ဖို့၊ သူတို့ ကိုင်ပေါက်လာမယ့် စကားလုံးကြီးတွေနဲ့ သူတို့ဆီက လွင့်စင်ကျွတ်ထွက်လာမယ့် တံတွေးစက်ကြီး တွေကို ကာကွယ်ဖို့ ဒီမျက်နှာဖုံးကို ဝယ်တာပါ"

ထိုလူ လှည့်ထွက်သွားပြီးချိန် အထိ ဆိုင်ရှင်က ဘာမှ နားမလည်လိုက်ချေ။

**၅။လူစီးပိုလို**

ပိုလိုဆိုင် တစ်ဆိုင် အတွင်းသို့ ဝင်ကာ ဘောလုံးရိုက်တံများကို ထိုလူက စေ့စေ့စပ်စပ် ကြည့်ရှုလေ၏။ ထူးထူးခြားခြား ထိုဆိုင်ထဲတွင် ထွားကျိုင်းလှပသော မြင်းကြီးများကလည်း ရှိနေသည်။ ထိုလူ့ကို မြင်မြင်ချင်းမှာပင်လျှင် မြင်းကြီးများက ကြောက်ရွံ့ထိတ်လန့်စွာ ပတတ်ရပ်ကြ၊ ဟီသံပေးကြ၏။

ထိုလူကတော့ ဘာကိုမှ ဂရုမထား။ အချိန်အတော်ကြာ ရွေးချယ်ပြီးမှ သူ့စိတ်ကြိုက်တွေ့သော ဘောလုံးရိုက်တံကို ဝယ်ယူသွား၏ ။ ငွေရှင်းသောအခါ ငွေကိုပင် ချက်ချင်း မယူအားပဲ ဆိုင်ရှင်က ထိုသူ့မျက်နှာကို တွေ ဝေစွာ ကြည့်နေသည်။

"ခင်ဗျားက ကျွန်တော့် မျက်နှာကို ဘာငေးကြည့်နေတာလဲ"

"အော် ... ခင်ဗျားရွေးတဲ့ ဘောလုံးရိုက်တံကို ကြည့်ပြီး ခင်ဗျားဘယ်လိုမြင်းမျိုး စီးမှာလဲဆိုတာကို ကျွန်တော် စဉ်းစားနေတာ"

"မြင်းစီးပြီး ပိုလိုကစားမှာလို့ ခင်ဗျားကို ဘယ်သူက ပြောလို့လဲ"

"ဟင် ... ဒါဖြင့် ခင်ဗျားက ဘာကိုစီးမှာလဲ"

"လူကိုပေါ့ဗျ၊ လူကို"

"ဗျာ ... လူကို ဟုတ်လား"

ဟုတ်တယ်၊ မြင်းစီးပြီး ပိုလိုကစားတဲ့နည်းတွေ အေဒီတစ်ရာစုမှာ ပါရှားတွေက စတင်ခဲ့တယ်လို့ သမိုင်းရှိတယ် မဟုတ်လား။ ကျုပ်ကလူကိုစီးပြီး ပိုလိုကစားမှာ။ တစ်နေ့မှာ ကျုပ်လည်း သမိုင်းဝင်လာမှာပဲ"

ထို့နောက် တစ္ဆေသရဲ တစ်ကောင်လို ရယ်မောကာ ထွက်ခွာသွားလေသည်။

**၆။အနီရောင်ပဝါ**

ရွက်ဖျင်တဲ တစ်ခုအတွင်းမှာတော့ နာတရှူးရှူးမှုတ်နေသော နွားရိုင်းကြီးများကို တွေ့ရလေသည်။ ရက်စက်ကြမ်းကြုတ်သော ရှေးခေတ် စပိန်နွားရိုင်းမျိုးဆက်စစ်စစ်များ ဖြစ်ကြ၏။ ဆိုင်ရှေ့မှာ ထိုသူရပ်လိုက်တော့ နွား များက ခွာရုပ်ကြ၏။

"လူကြီးမင်းက နွားရိုင်းဝယ်ချင်လို့လား"

ဆိုင်ရှင်၏ အမေးကို ထိုလူက အေးတိအေးစက် ပြန်ဖြေ၏။

"မဟုတ်ဘူး"

"ဒါဖြင့်..."

"ဒီနွားတွေကို ရန်စတဲ့ ပုဝါနီစကို ဝယ်ချင်လို့"

"ဗျာ ... ဟုတ်ကဲ့၊ ရပါတယ်။ ဒါထက် လူကြီးမင်းက ဘယ်နေရာမှာ အသုံးချမလို့လဲ"

"လူတချို့ကို ရန်စမလို့ပေါ့ဗျာ"

*တာရာမင်းဝေ* ... ရွှေအတောင်ပံမှာ

ဒဏ်ရာတွေပြန်ကောင်းလာတဲ့တစ်နေ့

"အို ... မဟုတ်တာ"

ထိုသူက ဘာမှ ပြန်မပြော။ ပုဝါနီစအတွက် ငွေချေပေးပြီး ကောက်ကျစ်သော အပြုံးနှင့်လှည့် ထွက်သွားလေသည်။

**၇။ရောမလက်အိတ်**

ဆိုင်တစ်ဆိုင်ကလည်း ရွှက်ဖျင်တဲ အတွင်းမှာ ကြိုးဝိုင်းစင်ကြီးဖွဲ့ကာ လက်ဖွေ့ ပစ္စည်းများကို ရောင်းချနေသည်။ ဆိုင်ရှင် အဘိုးအိုက ထိုသူကို မြင်မြင်ချင်း အန္တရာယ် အငွေ့အသက်ကို ခံစားလိုက်ရ၏။ သို့သော် ပြုံးချို သောမျက်နှာနှင့် ထိုလူကို စကားလမ်းဖွင့်ပေးလိုက်၏။

"ဘာလိုချင်လို့လဲ ကွဲ့"

"လက်အိတ်"

"ဒီဆိုင်က လက်ဖွေ့ထိုးတဲ့ လက်အိတ်ကိုပဲ ရောင်းတယ်နော်"

"ဟုတ်တယ်၊ ကျုပ်ကလည်း လက်ဖွေ့ထိုးဖို့ လက်အိတ်ကိုပဲ ဝယ်တာ"

"ကောင်းပြီလေ၊ စိတ်တိုင်းကျတာကို ရွေး"

"အဘိုးကြီး၊ ခင်ဗျားပဲ ရှာပေးပေတော့။ ကျုပ် ရောမလက်အိတ်ကိုပဲ လိုချင်တယ်"

"ဟင် ... ရောမလက်အိတ်ဆိုတာက အိတ်ထဲမှာ အလေးတွေထည့်ထားတာ။ တစ်ဖက်သားကို အရမ်းထိခိုက်နာကျင်စေတယ်"

"ဟုတ်တယ်၊ ဟဲဟဲ ... ကျုပ်ကလည်း အဲဒါမျိုးပဲ လိုချင်တာ"

"အေးလေ ဝယ်ချင်ရင်လည်း ရောင်းရတာပေါ့ကွာ"

ထိုသူက တက်ကြွစွာ လူရိုင်းတစ်ယောက်လို အောင်ဟစ်လိုက်လေ၏။

**၈။တစ်မိနစ်အနိုင်အရှုံး**

ဆူဖြိုးလှသော ဆူမိုနပမ်းသမားကြီး၏ အရှေ့မှာပင်လျှင် ထိုလူက ထီမထင်သောဟန်နှင့် ရပ်နေသည်။

"မင်းက ဘာဝယ်ချင်တာလဲ။ ငါတို့ဆီမှာ ခါးစည်းခါးပတ်ပြားပဲ ရောင်းတယ်"

"ကျုပ်က ဘာလို့ အဲ့ဒါကို ဝယ်ရမှာလဲ။ ကျုပ်ဝယ်ချင်တာက တခြား။ ဒါပေမယ့် ခင်ဗျားတို့ဆီမှာပဲ..."

"ဘာလဲ"

"ခင်ဗျားတို့ ဆူမိုနပမ်းသတ်ပွဲတွေဟာ တစ်မိနစ်လောက် အချိန်အတွင်းမှာပဲ အနိုင်အရှုံးပေါ်ပြီး ပွဲသိမ်းသွားတယ် မဟုတ်လား"

"အေး ... ဟုတ်တယ်။ တို့ပြိုင်ပွဲတွေရဲ့ သဘာဝက အဲ့ဒီ အတိုင်းပဲ"

*တာရာမင်းဝေ* ... ရွှေအတောင်ပံမှာ

ဒဏ်ရာတွေပြန်ကောင်းလာတဲ့တစ်နေ့

"ဟုတ်တယ်။ ကျုပ်က `တစ်မိနစ်အတွင်းမှာ အနိုင်အရှုံးပေါ်တတ်တဲ့ သဘာဝ´ ကိုပဲ ဝယ်ချင်တာ၊ ရောင်းပါ၊ ကျုပ်က အနိုင်အရှုံးကို တစ်မိနစ်အတွင်း သိချင်တဲ့သူ"

"မင်းက လူထူးလူဆန်းပဲ၊ ကဲ … ရော့ … ရောင်းတယ်ကွာ"

ထိုလူနှင့် ဆူမိုနပမ်း သမားကြီးများ အပေးအယူ တည့်သွားလေသည်။

**၉။အသက်ကယ်ကွင်း**

နောက်ဆုံး ထိုလူရပ်သည့် ရွက်ဖျင်တဲအတွင်းမှာ ဝါးလုံးပေါင်းများစွာ ဝါးရုံကြီးသဖွယ် ယှက်ဖြာနေသည်။ ထိုလူက ဝါးရုံတောထဲဝင်ကာ …။

"ကျုပ် ဝါးလုံးထောက်ခုံသမား မဟုတ်ဘူး။ ဝါးလုံး မဝယ်ဘူး။ ဒါပေမယ့် `တွင်း´ ဝယ်ချင်တယ်"

ဆိုင်ရှင်လူငယ်က သူ့ကို မျက်မှောင်ကုတ်၍ကြည့်၏ ။ `ရပါတယ်´ ဟု ဆိုရင်း …။

"ဘာဖြစ်လို့ တွင်းကို ဝယ်ချင်တာတုံး"

"အော် … ဝါးလုံး ထောက်ခုံသမားတွေက အကျမနာဘူးလေ။ သူတို့က ရာဘာပျော့တွေ၊ လေမှုတ်အိတ်တွေ ခင်းထားတဲ့ တွင်းထဲကို ကျတာကိုး။ တကယ်လို့ ခုန်ပျံထွက်ရမယ့် ကိစ္စမျိုးနဲ့ ကြုံရင်လည်း အဲဒီတွင်းထဲ ကိုကျတော့ ကျုပ် အကျမနာဘူးပေါ့ဗျာ။ ဟဲ ဟဲ ဟဲ "

ဆိုင်ရှင်လူငယ်၏ မျက်နှာက လှို့ဝှက်တည်ကြည်သွား၏။ ငြိမ်သက်သော လေသံဖြင့် …။

"တကယ်လို့ ခင်ဗျား အဲဒီတွင်းထဲကို မကျဘဲ လွဲသွားရင်ကော …"

"အင်း … အဲ … ဒါကတော့ ဟို …"

ထိုလူ ဘာပြန်ပြောရမည်မှန်း မသိ ဖြစ်သွားသည်။

ထိုအချိန်မှာပဲ ပွဲပြီးဆုံးသွားပြီ ဖြစ်ကြောင်း အချက်ပေး ခေါင်းလောင်းသံများ ထွက်ပေါ်လာလေသည်။

## စံပယ်အတွေး

တစ်နေ့ ကျောင်းကိုအသွား လမ်းမှာ အပင်ပေါ်တက်ပြီး မာလကာသီးတွေခူးတုန်း ဆရာကြီးကို ပိုသတိထားမိလိုက်တာပဲ မေမေ ...

"အာ ... ဒီကောင် ဘယ်ပေါ်တက်နေတာလဲ ဆင်းစမ်း ..."

ကြိမ်လုံးကြီးနဲ့ သူက အောက်က အော်လို့ သားပြန်ဆင်းလာရတယ်။ သားကို သူက ငေါက်တယ်။

"သွား ... ကိုယ့်ကျောင်းကိုယ် ဖြောင့်ဖြောင့်သွား၊ ဘာကိစ္စ သူများအပင်ကို သွားခူးနေတာလဲ"

"သား မာလကာသီး စားမလို့"

"ပြုတ်ကျရင် ဘယ်လိုလုပ်မလဲ"

"ဒါဆို အောက်ကနေပဲ ခူးတော့မယ်"

အဲ့ဒီလိုပြောပြီး တုတ်နဲ့ ရိုက်ပြီးတော့ဖြစ်ဖြစ်၊ ခဲနဲ့ ပေါက်ပြီးတော့ ဖြစ်ဖြစ် ခူးမယ်လုပ်တော့လည်း သူက လက်မခံဘူး။

"မင်းမှာ အိမ်ကထည့်ပေးလိုက်တဲ့ မုန့်ဘူး ပါတယ်မဟုတ်လား။ သွား ... သွား ကိုယ့်ကျောင်းကိုယ် ဖြောင့်ဖြောင့်သွား"

ခက်တော့တာပါပဲ။ သားလည်း ဘာမှ မပြောချင်တာနဲ့ လှည့်ထွက်ခဲ့တယ်။ အမှန်ဆို မာလကာပင်ကြီးကို သားတက်ခူးစားလို့ ရသလို သူလည်း တက်ခူးစားလို့ ရတာပဲ။ ဒါမှ မဟုတ်ရင်လည်း သားခူးလာတဲ့ မာလကာ သီးတွေထဲက သူ့ကို နည်းနည်းခွဲပေးလို့ရတာပဲ။ ခုတော့ နှစ်ယောက်လုံး ငတ်ကြရတယ်။

တကယ်ဆို သားက သူများအပင်ကို ခိုးခူးတာ မဟုတ်ပါဘူး။ အပင်ပိုင်ရှင် အဒေါ်ကြီးကကို `ခူးစားလေ´လို့ ခွင့်ပြုထားပြီးသားပါ။ ဒါပေမယ့် သားကလည်း မတီးဘဲ မပြည့်ချင်ဘူးလေ။ ဆရာကြီးက မမေးတော့ သား လည်း ပြောမပြဖြစ်တော့ဘူးပေ့ါ။

အဲ့ဒီနေ့က စပြီး သားလည်း ဆရာကြီးကို သတိထားပြီး စောင့်ကြည့်နေမိတော့တယ်။

သူက သားတို့ရဲ့ ကျောင်းအုပ်ဆရာကြီး ဆိုပေမယ့် သားတို့တွေကို ပြန်ကြောက်နေပုံ ရတယ် မေမေ။ ဘာဖြစ်လို့လဲ ဆိုတော့ သူ့ကိုယ်သူ ကာကွယ်ဖို့ အတွက် ကြိမ်လုံးကြီးတစ်လုံးကို အမြဲ ကိုင်ထားတတ်တယ်။ လို အပ်ရင် အချက်ပေးဖို့အတွက် အသံထွက် ခေါင်းလောင်းကြီး တစ်လုံးကလည်း အနားမှာ အမြဲရှိပြန်ရော။

သူ့ဘဝက သနားဖို့ ကောင်းပါတယ် မေမေရယ်။

ကျောင်းကို လာရင် ဖေဖေက သားကို စက်ဘီးကလေးနင်းပြီး လိုက်ပို့ပေးတာမျိုး မဟုတ်ဘူး။ သူ့ဖာသာ နင်းလာရတယ်။ သားကို မေမေခေါင်းဖြီးပေးသလိုမျိုးလည်း သူ့ကို ဘယ်သူကမှ လုပ်မပေးဘူး။ သူ့ခေါင်းကို သူ့ ဖာသာဖြီးရတယ်။ သားတို့လို ပေ့ါပေ့ါပါးပါး ဘောင်းဘီတိုလေး ဝတ်ပြီးကျောင်းလာလို့လည်း မရဘူး။ အမြဲတမ်း ပုဆိုးကြီး စည်းထားရတယ်။ သားတို့လို သနပ်ခါး ပါးကွက်ကျားလေးလူးပြီး ကျောင်းကို လာဖို့ဆိုတာကတော့ ဝေလာဝေးပေ့ါ။

### *တာရာမင်းဝေ* ... ရွှေအတောင်ပံမှာ

### ဒဏ်ရာတွေပြန်ကောင်းလာတဲ့တစ်နေ့

သူက သားတို့လို မုန့်ဖိုးလေး ဘာလေး မရရှာဘူး။ ကျောင်းကနေ သူ့ကို တစ်လတစ်ခါ ထောက်ပံ့ကြေး ပေးထားရတယ်။ အဲဒီ ပိုက်ဆံကိုပဲ သူ့ခမျာ တစ်လစာ ချွေတာ သုံးနေရတယ်။ ဆိုင်မှာပဲ ထမင်းကို လပေး စား တယ်တဲ့။ ခွံကျွေးမယ့်သူလည်း မရှိဘူး။ သူ့ဖာသာ ဇွန်းနဲ့ ခပ်စားရတယ်။

သူက ကဗျာတွေ ဘာတွေလည်း ရေးသတဲ့ မေမေရယ်။ သားတို့ဆို ဖတ်စာအုပ်ထဲက ကဗျာကို ရွတ်လိုက်တာပါပဲ။ သူ့လို အပင်ပန်းခံပြီး ရေးစပ်မနေပါဘူး။ ဘယ့်နယ် ... မဟုတ်တာကြီး။ တစ်ခါတစ်ခါ သူ့ဆီကို သူ့ မိတ်ဆွေ ကဗျာဆရာဆိုတဲ့ လူကြီးတွေ လာလည်ကြတယ်။ လက်ဖက်ရည်ဆိုင်မှာ ထိုင်ပြီး ငြင်းကြ ခုန်ကြနဲ့။ သားတို့လို `ဖိုက်´စရာရှိရင် ကျောင်းဘေးလယ်ကွင်းပြင်ကို သွားပြီး အပြတ် `ဖိုက်´လိုက်တာမျိုးလည်း မ ဟုတ်ဘူး။ ဘယ်လိုမှန်း မပြောတတ်တော့ပါဘူး။

သားတို့ကို စာပြန်သင်ဖို့အတွက် သူ့အိမ်မှာ စာတွေ အများကြီးကျက်ရမှာပဲနော် မေမေ။ သားတို့တောင် ဒီလောက် ကျက်ရတာ သူဆိုရင် နည်းမှာ မဟုတ်ဘူး။ သူကျက်တဲ့စာကို ရသွားခဲ့ပြီးရင်လည်း သားတို့လို ပါးကို နမ်းပြီးဂုဏ်ပြုမယ့်သူ ရှိတာမဟုတ်ဘူး။ နောက်ပြီး သူသင်ပေးလိုက်တဲ့ ကျောင်းသားလေးတွေက မူလတန်းအောင်ပြီး အလယ်တန်း၊ အထက်တန်းတွေကို ရောက်ကုန်ပေမယ့် သူကတော့ အတန်းမတက်ရဘူး။ မူလတန်းမှာ ပဲ ကျန်ခဲ့တယ်။ သူ့ ဒုက္ခကြီးပါတယ် မေမေရယ်။ ဘယ်လိုကြီးလည်း မသိဘူးနော်။

သူက အသည်းလည်း ကွဲခဲ့ဘူးတယ်လို့ ကြားရတယ်။ ကွဲနေတဲ့ အသည်းကြီးနဲ့ အသက်ရှင် လူလုပ်နေရတယ်တဲ့။ ဆင်းရဲတဲ့ ကျောင်းဆရာမို့လို့ သူချစ်သူနဲ့ ကွဲခဲ့ရတယ်ဆိုပဲ။ သူကြိမ်လုံးကြီးနဲ့ လိုက်ရိုက်လိုက်တာ မဟုတ်ဘူး။ သူက ခွင့်ပြုခဲ့ပါတယ်တဲ့။ တစ်ခါတစ်ခါကျ ရုံးခန်းထဲမှာ ထိုင်ပြီး နံရံကို ရီရီဝေဝေ ငေးနေတတ်တယ်။

ဒါနဲ့များတောင် မေမေက ပြောသေးတယ်။

"သား ... ကျောင်းစာကို ကြိုးစားသင်နော်"

"ဘာဖြစ်လို့လဲ"

"အဲ့ဒါမှ ပညာတွေ အများကြီးတတ်မှာပေ့ါ"

"ပညာတွေ အများကြီးတတ်တော့ ဘာလုပ်မှာလဲ"

"သားတို့ ကျောင်းမှာ ကျောင်းအုပ်ဆရာကြီး ပြန်လုပ်လို့ ရတာပေ့ါ"

သားက ကပျာကရာ ခေါင်းခါငြင်းမိတယ်။

"ဟာ ... မလုပ်ချင်ပါဘူး"

"ဘာဖြစ်လို့လဲ သားရဲ့"

"ဟာ ... ဟင့်အင်း ... မလုပ်ချင်ပါဘူး"

ဘာဖြစ်လို့လည်းဆိုတော့ မေမေ့ကို သားမပြောပြဘူး။ ဘယ်တော့မှ မပြောပြဘူး။

*တာရာမင်းဝေ* ... ရွှေအတောင်ပံမှာ

ဒဏ်ရာတွေပြန်ကောင်းလာတဲ့တစ်နေ့

## လူနှင့် ပုရွာအတွေး

သူတို့၏ ပန်းပဲဖိုကလေးက မအောင်မြင်ချေ။

"သံ ... သံကို ... ထု ... ထုပါကွာ၊ အား ... အားလေးထည့်ပြီး နာ ... နာ ... နာလေး"

"ဘယ် ... ဘယ်နားက စ ... စ ... ထု ... ထုရမှာလဲ ဆ... ဆရာ"

"အ ... အရင်းက စ ... စထု၊ အာ ... ကြာ ... ကြာနေပြီ၊ မီးကလည်း အေး ... အေးသွားပြီ။ အစကနေ ပြန် ... ပြန်လုပ်ရတော့မယ်"

ဆရာတပည့် နှစ်ယောက်လုံးက စကား အလွန်ထစ်ကြလေသည်။ သူတို့နှစ်ယောက်၏ အပေးအယူ နှောင့်နှေးမှုကြောင့်ပင် အလုပ်က မဖြစ်။ ပြီးဆုံးသည်အထိ မရောက်ပဲ အစမှ ပြန်ပြန်စနေရသည်။ ရွာသူရွာသားများကလည်း သူတို့၏ ပန်းပဲဖိုလေးဆီ ပစ္စည်းလာမအပ်ကြတော့။

သူတို့၏ စားဝတ်နေရေးက အလွန် ခက်ခဲလာလေသည်။ ထို့ကြောင့်ပင် သူတို့နှစ်ယောက် ရွာပြင်ထွက်ပြီး တောစပ်မှာ တဲထိုး နေထိုင်ကြရ၏။ သစ်သီး သစ်ဥများကို ခူးယူ၍သော်လည်းကောင်း၊ တောကောင်ငယ်များကို ပစ်ခတ်ဖမ်းဆီး၍ သော်လည်းကောင်း စားသောက် နေထိုင်ကြရသည်။ သူတို့၏ တဲနံဘေးမှာတော့ ပန်းပဲဖိုကလေးကို ဝါသနာအရ ဆောက်လုပ်ထားမြဲ ဖြစ်လေသည်။

"ငါ ... ငါတို့ ဓား ... ဓားတစ်လက်ကိုတော့ ဖြစ် ... ဖြစ်အောင် လုပ် ... လုပ်မယ်ကွာ"

"ကောင်း ... ကောင်းတာပေ့ါ ဆ... ဆရာ"

ညအားလပ်ချိန်များမှာ သူတို့ဆရာတပည့် ဓားတစ်လက်ကို သွန်းလုပ်ကြ၏။ ထုံးစံအတိုင်း မပြီး။ အစမှ ပြန် ပြန်စနေရသည်နှင့်ပင် ကာလ အတော်ကြာသွားသည်။ တစ်နေ့မှာတော့...။

"တ ... တပည့်ရေ တို့ ... တို့ရဲ့ဓားကြီး ပြီး ... ပြီးတော့မယ်ကွ"

"ဝမ်း ... ဝမ်းသာလိုက်တာ ဆ... ဆရာရယ်"

သို့သော် ထိုဓားကို သူတို့ မမြင်လိုက်ရပါ။ တောတွင်း အဖျားရောဂါတစ်ခုကို ခံစားရပြီး ဆရာတပည့်နှစ်ယောက်လုံး ရှေ့ဆင့်နောက်ဆင့် သေဆုံးသွားကြသည်။ ပန်းပဲဖိုလေးထဲမှ အလျှံညီးညီး လောင်မြိုက်သော မီးတောက်ထဲတွင်တော့ ဓားတစ်လက် ကျန်ရစ်ခဲ့လေသည်။

ထိုရက်ပိုင်းအတွင်းမှာပဲ ထိုတဲကလေးသို့ နဝမမြောက် သူရဲကောင်း ရောက်ရှိလာလေသည်။

သူတို့ တိုင်းပြည်မှာ သူရဲကောင်း ကိုးယောက်ရှိသည့်အနက် သူသည် နဝမမြောက် သူရဲကောင်းဖြစ်သလို အတော်ဆုံး သူရဲကောင်းလည်း ဖြစ်သည်။ သို့သော် ...

ထိုအရာတွေက ပြီးဆုံးခဲ့ပါပြီ။ သူ့ရှေ့မှ သူရဲကောင်းရှစ်ယောက်လည်း ကျရှုံးခဲ့ပြီ။

*တာရာမင်းဝေ* ... ရွှေအတောင်ပံမှာ

ဒဏ်ရာတွေပြန်ကောင်းလာတဲ့တစ်နေ့

ရန်သူ့တိုင်းပြည်မှ သူရဲကောင်းနှင့် စီးချင်းထိုးရာတွင် သူ့ရှေ့မှ ရှစ်ယောက်က တစ်ယောက်ပြီးတစ်ယောက်၊ တစ်ပွဲပြီး တစ်ပွဲ အရေးနိမ့် ကျဆုံးခဲ့ကြပြီ။ မနက်ဖြန်ခါဆိုလျှင် သူနှင့် ယှဉ်ပြိုင်ရတော့မည်။ သူသည်လည်း ကျဆုံးဦးမည်လော။ သူ ကျဆုံး သွားသည်က အရေးမဟုတ်ပါ။ သူကျဆုံးလျှင် အားလုံးကျဆုံးပြီး ရန်သူ့လက်သို့ တိုင်းပြည် ထိုးအပ်ရတော့မည်။

ရန်သူဘက်မှ သူရဲကောင်းသည် အားကောင်း သန်မာလွန်းသည်နှင့်အမျှ တိုက်ရည်ခိုက်ရည်လည်း ရက်စက် ပြောင်မြောက်လွန်းအားကြီးသည်။ သူသည်လည်း ရင်ဆိုင်နိုင်မည် မဟုတ်။ ရှုံးလိမ့်မည်။ သို့သော် မည်သို့ ပင်ဖြစ်စေ၊ ရင်ဆိုင်ရမည် ...။

အခမ်းအနားဖြင့် သွားရမည့်ပွဲ ဖြစ်သော်လည်း သူ့အစီအစဉ်နှင့်သူ လာခဲ့မည်ဟု အကြောင်းကြားကာ ယှဉ်ပြိုင်ပွဲ ကျင်းပရာသို့ တောလမ်းမှ သူလာခဲ့သည်။ တစ်ယောက်တည်း အေးအေးဆေးဆေး စဉ်းစားချင်၍လည်း ဖြစ်သည်။ ထိုသို့ဖြင့် တောတွင်းမှ တဲအိမ်ကလေးတစ်လုံးဆီသို့ အရောက် ...

"ဟင် ... ပန်းပဲဖိုကလေးပါလား"

ပန်းပဲဖိုလေးထဲ ဝင်ကြည့်တော့ ...

"ဟင် ... ဓား တစ်လက်ပါလား"

ဓားကို ဆွဲယူကြည့်လိုက်၏။ အလွန်ကောင်းသည့် ဓားတစ်လက်ဖြစ်ကြောင်းကို ကိုင်ကြည့်ရရုံနှင့် သိသာသည်။ ထူးခြားသည်မှာ ဓားသွားက လွှသွားပမာ အထစ်, အထစ်တွေ ဖြစ်နေခြင်းပင်။ တစ်စုံတစ်ရာဆွဲငင်မှုကို ကြုံကြိုက်ရသဖြင့် ထိုဓားကို သိုင်းလွယ်ကာ ရှေ့ခရီးသို့ ဆက်ခဲ့လေသည်။

တောအုပ်ကို လွန်တော့ သူအတော်မောနေပြီ။ ယာတဲတစ်တဲဆီ လျှောက်သွားပြီး ...။

"ရေ ... ရေ တစ်ခွက်လောက် တိုက် ... တိုက်ပါဗျာ။ ရေ ... ရေ ရေ ရေ သောက် .... ချင်လို့"

သူ့ကိုယ်သူ အံ့အားသင့် သွားရသည်။ အဘယ်ကြောင့် သူက စကားထစ် နေရပါသနည်း။ (ရဲရင့်တည်ကြည်သော ဥပဓိရုပ်နှင့် နပျိုခန့်ညားသော) သူလို လုလင်တစ်ဦးက စကားထစ်သူ ဖြစ်နေသဖြင့် ယာတဲရှင်က အံ့ဩ သည်နှင့်အမျှ ကရုဏာသက်သွားပုံရ၏။ ခေါင်းညိတ်ပြပြီး...။

"ရ ... ရ ...ရပါတယ်။ တိုက် ... တိုက် တိုက်မှာပေါ့"

ဘဝမှာ တခါမှ စကား မထစ်ဖူးသော ယာတဲရှင်ကလည်း ကိုယ့်ဖာသာ ပြန်အံ့ဩသွားလေသည်။ နဝေတိမ်တောင်နှင့် နှစ်ယောက်သား တစ်ယောက်ကို တစ်ယောက် ပြုံးပြမိကြ၏ ။ အပြုံးများကပင် အ, ထစ်၊ အ, ထစ် ဖြစ်နေသလို ခံစားကြရလေသည်။ `အဟီး´ ဟု အပြန်အလှန် ရယ်မြဲရယ်ပြလိုက်ကြသော်လည်း ရယ်သံက `ထစ်´နေသဖြင့် ...။

"အဟိ"

စီးချင်းပြိုင်ပွဲက စတင်ပေတော့မည်။ ကွင်း၏ လက်ဝဲ လက်ယာမှာလည်း သူ့ဘက် ကိုယ့်ဘက် ပရိသတ်တွေအပြည့်။ ကွင်းလည်ခေါင်မှာကတော့ သူနှင့် ရန်သူ သူရဲကောင်းတို့ မျက်နှာချင်းဆိုင် ရပ်လျက်။ စီးချင်းပြိုင်ပွဲ ဟု ဆိုရသော်လည်း မြင်းမပါ။ လှံမပါ။ တစ်ယောက်ချင်း ဓားချင်းယှဉ်ရမည်သာ ဖြစ်၏။

*တာရာမင်းဝေ* ... ရွှေအတောင်ပံမှာ

ဒဏ်ရာတွေပြန်ကောင်းလာတဲ့တစ်နေ့

သူက ရန်သူ သူရဲကောင်းကို ...။

"ကျုပ် ... ကျုပ် ဘက်က အ ... အဆင်သင့် ဖြစ်နေ ... နေပြီ ပြီ"

သူက ထိတ်လန့် တုန်လှုပ်နေသောကြောင့် စကားကိုပင် ဖြောင့်အောင် မပြောနိုင်ဟု ရန်သူ သူရဲကောင်းကြီးက ထင်မှတ်သွားပုံရသည်။ အောင်နိုင်သူ တစ်ယောက်လို ပြုံးရင်း လေကြီးမိုးကြီးစကားကို အထက်စီးမှ ဆိုလာသည်။

"သိပ် ... သိပ် ကြောက် ... ကြောက် မနေပါနဲ့ ... ပါနဲ့ ...ကွ ... ဟ ဟ ဟ"

ရန်သူ သူရဲကောင်းကြီး၏ အူကြောင်ကြောင် ဖြစ်နေပုံကို သူတွေ့ရလေသည်။ ခမျာ စကားထစ်ရှာလေသည်ကိုး။ အောင်မြင်ခံ့ညားစွာ ရင့်ကျူးလိုက်တော့ ရယ်သံ `ဟား ဟား ဟား´ ကပင်လျှင် ထစ်နေသဖြင့် `ဟ ဟ ဟ´ ဖြစ်သွားသည်။ ဘာကြီးမှန်းလည်း မသိ။

ထွေထွေထူးထူး စဉ်းစားချိန်တော့ မရလိုက်ပါ။ ယှဉ်ပြိုင်ပွဲ စပြီဖြစ်ကြောင်း တံပိုးခရာ မှုတ်သံကို ကြားလိုက်ရ၏။ နဝမမြောက် သူရဲကောင်းနှင့် ရန်သူ သူရဲကောင်းတို့ ဓားလွတ်ကိုယ်စီဖြင့် ယှဉ်ပြိုင်ကြလေပြီ။

နဝမမြောက်သူရဲကောင်း၏ ဓားကွက်က ထစ်အ ထစ်အကြီး ဖြစ်နေသဖြင့် ရန်သူ သူရဲကောင်းက မခိုးမခန့်ပြုံးပြီး သူ့ဓားကွက်ကို ထုတ်လိုက်သည်။ သို့သော် မမျှော်လင့်ပဲ သူ့ဓားကွက်ကလည်း ထစ်အ, ထစ်အကြီး ဖြစ် နေသည်။ ထစ်အ ထစ်အချင်းအတူတူမှာ ရန်သူ သူရဲကောင်း၏ ဓားချက်က နဝမမြောက်သူရဲကောင်း၏ ဓားချက်ကို မယှဉ်နိုင်ပဲ...။

"အား"

"ဟေး ... နဝမမြောက် သူရဲကောင်းကွ"

အနိုင်အရှုံးက ပြတ်သားခဲ့လေပြီ။ သို့သော် ရန်သူ သူရဲကောင်းကြီးက သေဆုံးမှုမှုး အချိန်မှာပင်လျှင် သူ့ကို မကျေမနပ် ဆိုလာသည်။

"မင်း ... မင်း ငါ့ကို နိုင် နိုင်သွားတာ တစ် .. တစ်မျိုးကြီးပဲ"

"မ .. မသိဘူးလေဗျာ။ ခင် ... ခင်ဗျားကလည်း သေ သေမှာ သေ .. သေတာ မဟုတ်ဘူး"

တိုင်းသူပြည်သား အားလုံး ပျော်ရွှင် ချမ်းမြေ့ ကြရလေပြီ။ သူကတော့ ဘုရင်မင်းမြတ်၏ ရှေ့တော်မှောက်သို့ အခစား ရောက်ရ၏။ ဘုရင်မင်းမြတ်က သံလျက်တော်ကို ဇော့ရမ်းကာ ...။

"မောင်... မောင်းမင်းကို သ ... သမီးတော်နဲ့ လက် ... လက်ဆက်ပေး ... ပေးမယ်"

စကားအဆုံးမှာ ဘုရင်မင်းမြတ်၏ မျက်လုံးတို့ ပေကလပ် ပေကလပ် ဖြစ်သွား၏ မှူးကြီးမတ်ရာတွေလည်း နားလည်ရခက်သွားသည်။ ဒါမျိုးကို တစ်ခါမှ မကြုံဖူးပါ။ မင်းကြီး၏ သိက္ခာကို ဆယ်တင်နိုင်ရန်အတွက် အချင်းချင်း တံတောင်နှင့် တွက်ပြီး အလျင်အမြန် ပြန်လည် ၍ သံတော်ဦး တင်ဆက်လိုက်သည်။

"သင့် ... သင့်မြတ်တော်မူ ... မူကြောင်းပါ အ ... ရှင် ... ဘု ... ဘုရား"

ဟ ...။ ဘယ်လို ဖြစ်ရတာလဲ။ မှူးကြီးမတ်ရာတွေ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိ၏။ ဘယ်လို ဆန်းစစ် ရမည်လည်း မသိ။ မည်သို့ပင်ဖြစ်စေ။ သူကတော့ မင်းသမီးထံ ရောက်ရချေပြီ။

*တာရာမင်းဝေ* ... ရွှေအတောင်ပံမှာ

ဒဏ်ရာတွေပြန်ကောင်းလာတဲ့တစ်နေ့

"မောင် ... မောင်တော်ကို ချစ် ... ချစ်မြတ်နိုးတော် မူ ... မူရဲ့လား န .. နမတော်"

ရွှေမင်းသမီးက ရှက်စနိုး အမူအရာကို နန်းမူနန်းရာဣန္ဒြေဖြင့် သိမ်းအုပ်ကာ ဖြေသည်။

"ချစ် ... ချစ်မြတ်နိုး ... နိုးတော် မူ ... မူပါတယ် မောင် ... မောင်တော်"

ဇဝေဇဝါဖြင့် မင်းသမီး၏ မျက်တောင်တို့ ပုတ်ခတ် ပုတ်ခတ် ဖြစ်သွားတာကို သူတွေ့ရ၏။ သူကမင်းသမီးကို တွေဝေချိန် မပေးတော့ပါ။

"နား ... နားနေဆောင်မှာ သွား ... သွားပြီး နား ... နားနေကြရအောင် န ... နမတော်"

"ရှေ့ ... ရှေ့ကကြွ ... ကြွချီတော်မူ ... မူပါ ... မောင် ... မောင်တော် ..."

ဘုရင်မင်းမြတ်နှင့် တကွ တိုင်းသူပြည်သား အားလုံးက သူတို့၏ မင်္ဂလာပွဲကို ကြည်ဖြူပျော်ရွှင် ဝမ်းမြောက်ဝမ်းသာရှိကြပါ၏။ တချို့ကတော့ မချိုမချဉ် ပြုံးကြသည်။

သူတို့ ထိုသို့ပြုံးသည်က မလိုလား၍မဟုတ်ပါ။ ချစ်သူ လူငယ်စုံတွဲ အထစ် အထစ်ဖြစ်နေသဖြင့် သူတို့၏ မင်္ဂလာဦးညက `အ ... အဆင်ပြေ ... ပြေမှ ပြေ ... ပြေပါ့မလား ... တစ် ... တစ်မျိုးကြီးပဲ´ ဟူသော အတွေး ကြောင့် ဖြစ်ကြောင်း သိ ... သိရလေသည်။

## တစ်ဝက်တစ်ပျက် အတ္တုပ္ပတ္တိ

မြို့ကြီးတစ်မြို့မှာ အင်မတန်မှ အနအလှ ကြိုက်တဲ့ သူဌေးလေး တစ်ယောက် ရှိတယ်။ အစကတော့ သဌေးသားပေါ့လေ ...။ မိဘနှစ်ပါး ဆုံးသွားတော့ ဆွေစဉ်ခုနစ်ဆက်၊ မျိုးစဉ်ခုနစ်ဆက် စားလို့မကုန်တဲ့ အမွေတွေကို ခံစားရင်း သူက သူဌေးဖြစ်သွားတာပေါ့ ...။

တစ်နေ့မှာ သူဟာ ပန်းကလေး တစ်ပွင့်ရဲ့ အလှကို ခံစားနေတယ်။ ကြည်ကြည်နူးနူးပေါ့။

နောက်တစ်နေ့မှာ အဲဒီပန်းကလေးကို သူမတွေ့တော့ဘူး။ အစေအပါးတွေကို မေးကြည့်တော့ ...

"ပန်းကလေးက ကြွေသွားပါပြီ အရှင် ..."

သူ အတော်စိတ်တိုသွားတယ်။ ဒါပေမယ့် လှောင်ချိုင့်ထဲက ငှက်ကလေးရဲ့ တေးဆိုသံကို ကြားပြီး သူ စိတ်ပြောင်းသွားတယ်။ ငှက်ကလေးရဲ့ တေးသံကို အနီးကပ်သွား နားထောင်ပြီး သူကြည်နူးနေတယ်။ ရက် ဘယ်လောက်မှ မကြာလိုက်ပါဘူး။

"ဟာ ... ဟိုငှက်ကလေး ဘယ်ရောက်သွားပြီလဲ မရှိတော့ဘူး"

"သေသွားပါပြီ အရှင် ... "

*တာရာမင်းဝေ* ... ရွှေအတောင်ပံမှာ

ဒဏ်ရာတွေပြန်ကောင်းလာတဲ့တစ်နေ့

"ပန်းက ကြွေလိုက် ငှက်က သေလိုက်နဲ့ ဘယ်လို ဖြစ်နေတာလဲ"

"ဒါ သဘာဝပါပဲ အရှင် ..."

သူဌေးလေး စိတ်တိုသွားတယ်။ အလှတရားကို ဘယ်လို ထိန်းထားရမလဲလို့ ဒေါပွပွနဲ့ သူ စဉ်းစားခန်း ဝင်နေမိတယ်။ အဲဒီလိုနဲ့ တစ်နေ့မှာ.....။

"အရှင် ... မှော်ဆရာကြီးတစ်ယောက် ရောက်လာပါတယ် အရှင်နဲ့ တွေ့ချင်လို့တဲ့"

"ဘာကိစ္စလဲ"

"သူက အလှတရားတွေကို ထိန်းထားပေးနိုင်တယ်လို့ ပြောပါတယ်"

"ဒါဖြင့် ခေါ်လိုက် ... "

မှော်ဆရာကြီး ရောက်လာပါတယ်။ ပုကွကွ ဝဖိုင့်ဖိုင့် မျက်နှာမှာ ကျောက်ပေါက်မာတွေနဲ့။

"သူဌေးမင်းကို ကျွန်တော် လက်တွေ့ပြပါ့မယ်"

မှော်ဆရာကြီးက တုတ်ကလေးဝှေ့ရမ်းပြီး ဖန်တီးလိုက်တော့ ကြွေသွားတဲ့ ပန်းကလေးနေရာမှာ နောက်ထပ် ပန်းကလေး ပွင့်လာပါတယ်။ သေသွားတဲ့ ငှက်ကလေးနေရာမှာ နောက်ထပ် ငှက်ကလေး ရောက်လာပါတယ်။

"အဲဒီ ပန်းကလေးဟာ ဘယ်တော့မှ မကြွေပါဘူး၊ အဲဒီ ငှက်ကလေးဟာလည်း ဘယ်တော့မှ မသေပါဘူး အရှင် ..."

"ဘာဖြစ်လို့လဲ"

"သူတို့ဟာ အစစ်တွေ မဟုတ်ဘဲ အတုတွေဖြစ်နေလို့ပါ ..."

မှော်ဆရာကြီး ပြောတဲ့အတိုင်းပါပဲ။ ပန်းကလေးကလည်း မကြွေတော့ပါဘူး။ လေသွးတိုင်း ရနံ့ပေးတယ်။ ငှက်ကလေးကလည်း မသေတော့ပါဘူး။ လေတိုးတိုင်း တေးသံပေးတယ်။ ရက် လ အတော်ကြာ စောင့်ကြည့် ပြီးတဲ့နောက်မှာ သူဌေးလေးဟာ ဘဝင်ကျပြီး မှော်ဆရာကြီးကို ခေါ်ယူလိုက်တယ်။

"ကျုပ်ကိုလည်း အဲဒီလို တာရှည်ခံအောင် အတုဓာတ်တွေ သွင်းပေးပါ"

"ကောင်းပါပြီ အရှင် ..."

အဲဒီလိုနဲ့ သူဌေးလေးဟာလည်း ရေရှည်ခံရတဲ့ လူသားတစ်ယောက်ဖြစ်သွားတယ်။ နှစ်ပေါင်းများစွာကြာတဲ့အထိ မသေဘူးပေါ့လေ။ သူ့အခြေအရံတွေသာ သေသွားတယ်။ သူကတော့ လူငယ်လေး အတိုင်းပဲ။ ဒီအဖြစ် ကို တစ်ပါးသူတွေ မသိစေဖို့ အတွက် တစ်မြို့ရွာက တစ်မြို့ရွာကို ပြောင်းရွှေ့နေထိုင်တယ်။ သူ့အသက် နှစ်(၂၀၀) လောက်ရှိနေတဲ့တိုင် သူကတော့ နှစ်ဆယ်ကျော် လူငယ်လေးအတိုင်းပဲ။ တခြား အခြွေအရံအသစ် အသစ် တွေနဲ့ပေါ့ ...။

အပျော် အပါးကိုလည်း အရမ်းလိုက်စားတယ်။ တစ်နေ့တော့ သူဟာသူ ရောက်နေတဲ့မြို့မှာပဲ ပျော်ပွဲရွှင်ပွဲ တစ်ခုကို လုပ်တယ်။ (အဲဒီအချိန်မှာ သူနေတဲ့

အိမ်ဂေဟာကြီးဟာ `အတု´တွေနဲ့ချည်း ဖန်တီးထားတာပေါ့။ ဥယျာဉ်အတု တိရစ္ဆာန်တွေနဲ့ရယ်။ ပျော်ပွဲရွှင်ပွဲကို လာတဲ့သူတွေကတော့ အစစ်တွေပါ။)

သူတို့တွေက ကခုန်ကြတယ်။ ပျော်ကြပါးကြတယ်။ ကပွဲကို သူဌေးလေးက ဦးဆောင်တယ်။ အဲဒီမှာ ပြဿနာတစ်ခု ဖြစ်လာတယ်။ ကကြခုန်ကြရင်းမှာပဲ ...

"ဖျစ်..."

သူဌေးလေးဟာ မစင်ပုံတစ်ပုံကို နင်းမိတယ်။ အနံ့အသက်တွေက မကောင်းဘူး။ အီအီးနင်းထားတဲ့ ခြေထောက်နဲ့ ဆိုတော့ ကရပြုရတာလည်း မကောင်းဘူး။ တခြားလူတွေကလည်း သူနဲ့ တွဲမကတော့ဘူး။ သူ့အပါးက ရှောင်သွားကြတယ်။ တချို့ဆို နှာခေါင်းကို လက်ကလေးနဲ့ အုပ်လို့ ...။

သူဌေးလေး အရမ်းရှက်သွားတယ်။ သူများတွေကို အပြစ်တင်လို့လည်းမရဘူး။ အဲဒီ အနံ့အသက်ကို သူတောင် မခံနိုင်ဘူးလေ။ အဲဒါနဲ့ပဲ အတွင်းခန်းထဲ ပြန်ဝင်ပြီး အီအီးတွေကို ဆေးချတယ်။ ဆေးချလို့ မရဘူး ဖြစ်နေတယ်။ သူတို့ အခေါ် `အုအူအတီး´ကိုး။ ရေရှည်ခံတဲ့ `အီအီးအတု´ဖြစ်နေတယ်လေ။ ဘယ်လိုမှ ခွာချလို့ မရဘူး။

"မော်ဆရာကြီး ဒါတွေကို ဘယ်လို ပြန်လုပ်ရမလဲ"

"သွားပြီး ပြန်ကမှသာ ကပါ ... ကျွန်တော် စီစဉ်လိုက်ပါ့မယ်"

သူဌေးလေးဟာ ကပွဲခန်းမထဲကို ပြန်ပြေးဝင်ပြီးကတယ်။ ဘယ်သူကမှ လာတွဲ မကဘဲနဲ့လည်း အရူးလို တစ်ယောက်တည်း ကတယ်။ နံလည်း နံတယ်။ ကရင်းနဲ့ပဲ သူနင်းထားတဲ့`အုအူအတီး´တွေဟာ`အစ်အီအစီး(အီအီးအစစ်)´ဖြစ်သွားတယ်။ အဲဒီတော့လည်း နံတာပါပဲ။ သဘာဝရနံ့လေးသင်းလို့ ...။

မခံနိုင်တော့တဲ့ ရွှေပွဲလာ ဧည့်ပရိသတ်တွေဟာ သူ့ကို အဝေးကပဲ လက်ပြနှုတ်ဆက်ပြီး လှည့်ထွက် သွားကြပါတော့တယ်။ နောက်ဆုံး သူဌေးလေးဟာ က, လက်စတန်းလန်း ခြေထောက် တစ်ဖက်ကို မြှောက်ရင်း ကျန်ခဲ့တယ်။ ဒေါသတကြီးနဲ့ ခြေထောက်ကို ဆောင့်ချဖို့ ကြိုးစားလိုက်စဉ်မှာပဲ မော်ဆရာကြီးရဲ့ သတိပေးသံ ထွက်လာတယ်။

"သူဌေးမင်း အဲ့ဒီခြေထောက်ကို မချလိုက်ပါနဲ့။ နို့မို့ဆိုရင် သဌေးမင်းဆီက အတုဓာတ်တွေ ပြယ်သွားပြီး မူလဓာတ်တွေ ပြန်ဝင်လာပါလိမ့်မယ်။ အစ်အီအစီး ဖြစ်အောင် ဖန်တီးပြီးတဲ့နောက်မှာ သူဌေးမင်းဆီကိုလည်း `လစ်သားအစု´ဓာတ်တွေ ရောက်လာပါလိမ့်မယ်။ သူဌေးမင်း ဟာ ချက်ချင်းပဲ အိုမင်းသေဆုံးသွားပါလိမ့်မယ် ..."

"ဒါ ... ဒါဖြင့် ... ကျုပ်က ဒီအတိုင်း ခြေတစ်ဖက်ထောက်ပြီး တန်း ... တန်းလန်းကြီး နေ ... နေရမှာလား ...."

"ဒါကတော့ သူဌေးမင်း သဘောအတိုင်းပါပဲ၊ အတုအဖြစ်ကို ကိုးရို့ကားယား အသက်ရှင် နေသွားမလား၊ အစစ်အဖြစ်နဲ့ပဲ ရိုးရိုးအေးအေးသေဆုံးလိုက်မလား သူဌေးမင်း စဉ်းစားပေါ့..."

"တို့လို့ တန်းလန်းပုံစံကြီးနဲ့ စဉ်းစားရင် တို့လို့တန်းလန်း စိတ်ကူးတွေပဲ ထွက်လာမှာပေါ့ဗျာ..."

*တာရာမင်းဝေ* ... ရွှေအတောင်ပံမှာ

ဒဏ်ရာတွေပြန်ကောင်းလာတဲ့တစ်နေ့

"အဲဒါကိုတော့ ကျွန်တော်လည်း မတတ်နိုင်ဘူး၊ အမှန်တော့ ကျွန်တော်ကလည်း တို့လို့တန်းလန်း မော်ဆရာပါပဲ ..."

စကားအဆုံးမှာ မော်ဆရာကြီး ပျောက်သွားပါတယ်။ ဘယ်ဆီ ထွက်သွားမှန်း မသိပေမယ့် လမ်းတစ်ဝက်မှာတော့ တစ်နေရာရာ ဝင်နားရဦးမှာပဲ။ သူကလည်း တို့လို့ တန်းလန်း မော်ဆရာမို့လား။ အီအီးနင်းထားတဲ့ ခြေထောက်တစ်ဖက်ကို မြှောက်ရင်း ကျန်ရစ်ခဲ့တဲ့ သူဌေးမင်း ခမျာမှာလည်း မျက်လုံးပြူးကြီးနဲ့ ကြံရခက်နေဆဲ...။

မိတ်ဆွေ ...

ကိုယ့်ပတ်ဝန်းကျင်က မိတ်ဆွေ အပေါင်းအသင်းတွေထဲမှာ အလုပ်တစ်ခုကို ဆုံးခန်းတိုင်အောင်မလုပ်ဘဲ တို့လို့တန်းလန်းဖြစ်နေသူကို တွေ့ရင် အပြစ်မယူပါနဲ့။ သူ့ခမျာ အပေါင်းအသင်းမှားလို့ အုအုအတီးတွေ နင်းထား မိလို့ ... လို့ သဘောထားပေးလိုက်ပါ။

# လူနှင့် အဆိပ်ခိုးမျှင်

"တက်ရိုဒန်အမ်ဘူ ဆိုတဲ့ ငါးတစ်မျိုးရှိတယ်ဗျ ..."

"အင်း.... ဆိုစမ်းပါဦး ..."

"သူတစ်ပါးကို တိုက်ခိုက်နိုင်စွမ်း မရှိဘူး၊ သူတစ်ပါးက သူ့ကို အလွယ်တကူ မျိုနိုင်တယ် ..."

"ဟ ... ဘယ်သက်သာမလဲဗျ ..."

"မဟုတ်သေးဘူးဗျ တစ်ခုတော့ရှိတယ်၊ သူက အမျိုခံပြီးရင် သူ့ကိုယ်ခန္ဓာကို ကြီးထွားအောင် လုပ်ပစ်နိုင်တယ်၊ ဖောင်းကားပစ်လိုက်တာပေါ့ ... သူ့ကို မျိုတဲ့ သတ္တဝါကို လည်ချောင်းနင်နေစေတယ်၊ နောက်ဆုံး သူ့ကို ပြန်ထွေးပစ်လိုက်ရရော ..."

"ဩော် ... ဩော် .. သူ့နည်းစနစ်ကလည်း တစ်မျိုးပဲကိုး ..."

"ဒါပေါ့ဗျာ ... ဘဝ ရှင်သန်ရေးအတွက် သူ့နည်း သူ့ဟန်နဲ့တော့ ရုန်းကန် ရပ်တည်ကြရတာပဲပေါ့၊ တိရစ္ဆာန်လောကထက် ပိုပြီး ရှုပ်ထွေးတဲ့ လူ့လောကမှာလည်း နည်းစနစ်တွေ အမျိုးမျိုး သုံးရတာပဲပေါ့၊ လူမှန်ရင် အဆိပ် အတောက်နည်းနည်းတော့ ရှိရမှာပေါ့ ..."

"အေးပေါ့ဗျာ ... ဒါမှလည်း ဘဝကို အောင်မြင်အောင် လုပ်နိုင်မှာပေါ့ ..."

သပ်ရပ်တောက်ပြောင်သော အအေးခန်း စားသောက်ဆိုင်ကြီး တစ်ခုအတွင်းမှာ ဖြစ်၏။ လူကြီးလူကောင်း နှစ်ယောက် စကား ထိုင်ပြောနေကြသည်။ ဝတ်ကောင်းစားလှများ ဆင်ယင်ပြီး စကားကောင်း စကားလှများ ပြောနေကြခြင်းလည်း ဖြစ်နိုင်သည်။ ဤစကားများကို သူတို့ခမျာ ဖြောင့်ဖြောင်းတန်းတန်း ပြောရခြင်း မဟုတ်ပါ။ သူ့ဟန်းဖုန်းက အသံမြည်လာလိုက်၊ ကိုယ့်ဟန်းဖုန်းက အသံမြည်လာလိုက်နှင့် စကားက မကြာခဏ အရှိန် ပျက် ပျက်သွားသည်။

နံဘေးစားပွဲမှ လူငယ် တစ်ဦးကတော့ သူတို့၏စကားများကို မသိမသာ နားစွင့်နေပါသည်။ ထိုလူများကိုလည်း အထင်ကြီးပုံ ရပါသည်။ ထိုလူများ၏ စကားတစ်ခွန်းက သူ့ရင်ထဲသို့ ငြိဝင်ရောက်ရှိသွား၏။

"လူမှန်ရင် အဆိပ်အတောက် နည်းနည်းတော့ ရှိရမှာပေါ့"

"ဟုတ်တယ်၊ ငါလည်း အဆိပ်အတောက် ရှိအောင် ကြိုးစားမယ်"

သန္တိဌာန် ချကာ ထိုဆိုင်ထဲမှာ ထွက်လာခဲ့၏။ သို့သော် အဆိပ်အတောက် ရှိအောင် မည်သို့ လုပ်ရမည်မှန်း မသိချေ။ နပိုလီယံလား၊ ဘာလား ထိုပုဂ္ဂိုလ်ကြီးလို အဆိပ်ကို နည်းနည်းချင်း စားကြည့် ရမည်လား။ အဲဒါကလည်း မဟုတ်ချေ။

အဆိပ် `ပြီး´ သွားလိမ့်မည်။ အဆိပ်အတောက် ရှိမည် မဟုတ်။ အဆိပ်အတောက်ရှိသော မှိုတို့၊ တွဲဖက် မစားကောင်းသော အစားအစာတို့ကို စားပြီး အဆိပ် `စု´ရလျှင် ကောင်းမည်လော။ သိပ်မလုပ် ရဲပြန်။

နောက်ဆုံးမှာ စိတ်ကို ဒုန်းဒုန်းချ ဆုံးဖြတ်၏။ ခရီးဆောင်အိတ်တစ်လုံးနှင့် ရိက္ခာအသင့်အတင့် ယူကာ တောနက် အတွင်းသို့ သူခရီးနှင်လာ ခဲ့တော့သည်။ တောနက်တစ်နေရာမှာ ....။

"ရှူး"

သူ့ကို ပါးပျဉ်းထောင်ထားသော မြွေဆိုးကြီးတစ်ကောင်နှင့် သူ ရင်ဆိုင်ရပါတော့သည်။ ပြူတစ်ပြူတစ် မြင်နေရသော မြွေဆိုးကြီး၏ လျှာမှာ အသည်းယားဖွယ်ရာ။ သူ ကပျာကရာ တောင်းပန်စကား ဆိုလိုက်သည်။

"ကျွန်တော့်ကို ရန်မပြုပါနဲ့။ ကျွန်တော်က ခင်ဗျားဆီမှာ တပည့်ခံမလို့ပါ"

"ဘာကွ၊ မင်း ဘာပြောတယ်"

"တကယ်ပါ၊ ကျွန်တော် အဆိပ်အတောက် ရှိချင်လို့ပါ"

"မင်းပြောတာကို ငါ နားမလည်ဘူး"

"ဒီလိုပါ၊ လူမှန်ရင် အဆိပ်အတောက် နည်းနည်းတော့ ရှိသင့်တယ် မဟုတ်လား၊ ဒါကြောင့် ဟိုလေ ..."

လိပ်ပတ်လည်အောင် သူရှင်းပြရ၏။ သူ့စကား အသွားအလာကို ခေတ်မီသော မော်ဒန်မြွေကြီးက နားလည်ပါသည်။

"ကောင်းပြီလေ၊ မင်းကို ငါ့တပည့်အဖြစ် လက်ခံပါ့မယ်"

ထိုသို့ဖြင့် ထိုမြွေကြီးထံမှ သူ သုံးနှစ်သုံးမိုး တပည့်ခံခဲ့ရပါသည်။ အဓိက က မော်ဒန်မြွေကြီးလိုပဲ သူ့မှာ အဆိပ်အတောက်ရှိရေး။ ဖြစ်ချင်တော့ သူ ဆရာတင်သည့် မြွေကြီးကလည်း အင်မတန် အစွမ်းထက်သည့် မြွေ ကြီးဖြစ်နေသည်။ သားကောင်ကို ဖမ်းဆီးဝါးမျိုသည့်နေရာတွင် စံထားအပ်သူ ဖြစ်လေသည်။ သူ အလွန်အင်မတန် အထင်ကြီးမိ၏။

ထိုမြွေကြီးကို ခြေဆုပ်လက်နယ် ပြုစုကာ သုံးနှစ်သုံးမိုး တပည့်ခံခဲ့ပါ၏ ။ မြွေတွေ ဘယ်လို ရှုးရှူးပေါက်မှန်း မသိသော်လည်း ထိုမြွေကြီးကို သူ ရှုးရှူးပါ တည်ပေးရ၏ ။ အတော်တော့ ဒုက္ခရောက်ရလေသည်။ မည်သို့ပင် ဖြစ်စေ ဆရာထံမှ ထွက်ခွာရမည့်အချိန်သို့ ရောက်လာခဲ့၏။ ဆရာဖြစ်သူ မြွေကြီးက သံဝေဂရသံနှင့် ပြောလာသည်။

"ကဲ … ငါ့တပည့် မင်းလည်း ပညာစုံပြီ"

"ဟုတ်ကဲ့၊ တောကောင် ငယ်တွေကို ကျွန်တော် လျှာပြူတစ်ပြူတစ်လုပ်ပြီး ဖမ်းတတ်ပါပြီ"

"လူ့လောကထဲကို ပြန်ဝင်ပါတော့ ဆရာခွင့်ပြုပါတယ်"

"ဟုတ်ကဲ့ဆရာ"

လူ့လောကထဲသို့၊ လူ့အသိုင်း အဝိုင်းထဲသို့ သူ ပြန်ရောက်လာပါတော့သည်။

မြို့ပြ၏ အလင်းရောင်ကပင်လျှင် ဆည်းဆာဆန်နေသည်။ မှိန်ပျပျ။ အစီအစဉ်ကြေငြာသူ မိန်းကလေး၏ အင်္ဂလိပ်စကား အဆုံးမှာ ပရိသတ်အပေါင်းက ခန်းမ အလယ်မှာ စုရုံးပြီး တဝုန်းဝုန်း ကခုန်ကြတော့သည်။ နိုက်ကလပ်တခုသို့ သူရောက်နေခြင်း ဖြစ်သည်။ သူလည်း အများနည်းတူ ဝင်ရောက် ကခုန်ချင်လေသည်။ သို့သော် သူကခုန်သည်က မြွေလိမ်မြွေကောက်ကြီး ဖြစ်နေသည်။

သူ့ အလွန်ပဲ ဖြစ်သည်။ လူငယ်တစ်ယောက်နှင့် ဆိုးဆိုး ရွှားရွှား ဝင်တိုက်မိ၏။

"ဟာ … ခင်ဗျား ဘယ်လိုလူလဲဗျ။ မကတတ်ဘူးလား "

"အေး … မကတတ်တော့ မင်းဘာလုပ်ချင်လို့လဲ။ မင်းရော ကတတ်လို့လား၊ ရမ်းသမ်းခုန်နေပြီးတော့"

ထိုကောင်လေး၏ အပေါင်း အသင်းများ ဝိုင်းအုံလာ၏ ။ သူမကြောက်ရွံ့ပါ။ လျှာကို ပြူတစ်ပြူတစ် လုပ်ပြီး တိုက်ခိုက်ရန် စောင့်နေလိုက်သည်။ အကုန်လုံး ကြောင်အမ်းအမ်း ဖြစ်ကုန်ကြ၏။ သူ လျှာပြူတစ်ပြူတစ် လုပ် သည်ကိုပင် အဆန်းတကြယ်လုပ်ပြီး ဝိုင်းကြည့်နေကြ၏။ သူက အခွင့်အရေးကို လက်လွှတ်မခံပါ။ ထိုလူငယ်ကို ပြေး ကိုက်လိုက်သည်။

"ဟော့လူ ဟော့လူ အား … လုပ် … လုပ်ကြပါဦး"

ကပွဲက ဝရုန်းသုန်းကား ဖြစ်သွားသော်လည်း ရန်ပွဲမှာ သူနိုင်လိုက်ပါသည်။ သူ ကျေနပ်လေသည်။ သူ့မှာ အဆိပ်အတောက် ရှိပြီဟု သူဖာသာ ထင်မိလေသည်။

နောက်ပိုင်းမှာ ရန်ပွဲများစွာ သူ ဖြစ်ပွား လေသည်။ လမ်းမပေါ်မှာ၊ စားသောက်ဆိုင်မှာ၊ မီနီမတ်ထဲမှာ စသည်ဖြင့် သူ၏ လျှာပြူတစ်ပြူတစ် တိုက်ကွက်ကို မည်သူမျှ မခံနိုင်ချေ။ အားလုံးက မျက်လုံးပြူးကြီးနှင့် ဝိုင်းကြည့် ရင်း အငိုက်မိကာ

*တာရာမင်းဝေ* ... ရွှေအတောင်ပံမှာ

ဒဏ်ရာတွေပြန်ကောင်းလာတဲ့တစ်နေ့

အရေးနိမ့်သွားကြ၏။ သူ့ဘဝက အောင်မြင်ပါသည်။ သို့သော် ... သူ မနိုင်သည်က ခွေးကို ဖြစ်၏။ ။

ဘယ်သူ မွေးစားသော ခွေးလည်းမသိ။ ပလက်ဖောင်းပေါ်မှာ သူ့ကို လိုက်ကိုက်လေသည်။

"ဟဲ့ခွေး ... ဟဲ့ခွေး"

ထိုခွေး၏ အန္တရာယ်ကို ကာကွယ်နိုင်ရန် လျှာကို ပြူတစ်ပြူတစ်လုပ်ရင်း တိုက်ကွက်ကို သူပြင်ပါသည်။ ထို့နောက်မှာမှ သတိရ၏။ ခွေးကို သူက ပြေးကိုက်၍ မကောင်းချေ။ ထိုအချိန်မှာပဲ ခွေးက သူ့ကို လိုက်ကိုက် တော့၏။ သဘာဝ ခုခံမှုသီအိုရီအရ သူပြေးရပါတော့သည်။ ဘေးမှ ဝိုင်းကြည့်နေသူ အားလုံးက ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြလေသည်။

"ဟေး..."

ခွေးကိုပင် လက်ခုပ်လက်ဝါးတီးပြီး အားပေးလိုက်ကြသေးသည်။ သူ့အတွက် အရှက်လည်းရသောကိစ္စ ဖြစ်လေသည်။

ကျွန်တော် မေတ္တာရပ်ခံချင်ပါသည်။

အကယ်၍သာ...

ဘာ အဆိပ်အတောက်မှ မရှိဘဲ လူတွေကို လျှာထုတ်ပြနေသူနှင့် တိုးလျှင် သူ့ကို ခွင့်လွှတ်ပေးကြပါ။ သူသည် စိတ်ဝိညာဉ်အင်အား လျော့နည်းနေသူ ဖြစ်ပါသည်။ ဘဝမှာ ဘာမှ အဆင်မပြေပဲ လုပ်မိလုပ်ရာ လျှောက် လုပ်နေသူ ဖြစ်ပါသည်။ ကောင်းနိုးရာရာလေးတွေကို ရွေးချယ်လုပ်ကိုင်ရင်းကပဲ အကြိမ်ကြိမ် မှားယွင်းနေသူ ဖြစ်ပါသည်။ သူ့ကို ခွင့်လွှတ်ပေးကြပါ။

ပြည့်စုံအောင် ဖြည့်ပြောရလျှင် ထိုလူ့အမည်မှာ `တာရာမင်းဝေ´ဖြစ်ပါသည်။

**တာရာမင်းဝေ**

စာဖတ်ပရိတ်သတ်များအား အစဉ်လေးစားလျက် .....

စာမူခွင့်ပြုချက်အမှတ်

၈၈၅/၂၀၀၃ (၆)

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၈၃၄/၂၀၀၃ (၇)

ထုတ်ဝေသူ

ဦးမောင်မျိုး

ကြောင်နှစ်ကောင်စာပေ

ပုံနှိပ်သူ

ဦးမောင်မျိုး

ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း

ပထမအကြိမ် ၂၀၀၄ ခုနှစ် မေလ

အုပ်ရေ ၅၀၀၊ တန်ဖိုး (၃၀) ကျပ်

မောင်မျိုး စီစဉ်သည် .... ကြောင်နှစ်ကောင် စာအုပ်တိုက်.... အမှတ် ၁၃၂ (မြေညီ) ၃၅လမ်း၊ ရန်ကုန်။
ဖုန်း ၀၁-၂၅၃၇၂၁၊ ၀၁-၂၈၂၂၄၈

ကိုယ်လိုချင်တာကို ရတာက
အောင်မြင်မှုပေါ့ ... ။
ကိုယ်ရတာကို နှစ်သက်နိုင်ရင်
ပျော်ရွှင်မှုပဲ ... ။

(အိတ်ချ်၊ဂျက်ဆန်၊ဘရောင်း)

(၁)

ကိစ္စက အဆင်ပြေမည်လား၊ မပြေဘူးလား မပြောတတ်။ ရူပမှာကတော့ ရွှေရောင်ဝတ်စုံကြီးဖြင့် အူကြောင်ကြောင် ပြုံးပြက်နေရပြီ။ အနေအထိုင် ခက်ပြီး ပတ်ဝန်းကျင်ကိုလည်း ရှက်လိုက်သည့်ဖြစ်ခြင်း။

အအေးဆိုင်တစ်ဆိုင်ထဲမှာ ဖြစ်သည်။ အခြားဝိုင်းမှလည်း ရူပကို ကြည့်ပြီး အစမှာတော့ အံ့သြကြ၏။ နောက်ပိုင်းမှာတော့ ပြုံးစိစိဖြစ်လာကြသည်။ အချို့ကလည်း စားပွဲထိုးကို ခေါ်ပြီး အနေအထားကို တီးတိုးလေ့လာပုံ ရသည်။ ဘာမှမသိသော စားပွဲထိုးကလည်း မသိသလိုမနေပဲ ပေါက်ကရတွေ လျှောက်ပြောပုံ ရသည်။ ဝိုင်းတစ်ဝိုင်းမှ ကောင်မလေးတွေ ဆိုလျှင် ရူပကို ကြည့်ပြီး ဟန်ကျပန်ကျ ဣန္ဒြေထိန်းနေသည့်ကြားမှပင် ရယ်မိကြ၏။

အမေမွေးကတည်းက မျက်လုံးများပါလာပြီး ထိုမျက်လုံးများကလည်း ယခုထက်ထိ မကန်းသေးသောကြောင့် ရူပက ထိုအဖြစ်အပျက်များကို မြင်လေသည်။ မမြင်ချင်ယောင်ဆောင်ပြီး သူ့နံဘေးမှ သကောင့်သားသုံးယောက်ကိုသာ ငေါ်တောင်တောင်ကြည့်နေမိသည်။

သိန်းဇော်ဝင်းက ...

"ဟေ့ကောင် ရူပ၊ မင်းကလည်းကွာ ... မျက်နှာကြီး မသာမယာနဲ့"

ရဲဝင်းမြင့်ကလည်း ...

"အေးလေကွာ ...။ မင်းက ဘယ်လိုဖြစ်နေတာလဲ"

“ဘာဖြစ်ရမှာလည်း၊ တစ်ခုခုတော့ မဟုတ်သေးဘူးလို့ ငါထင်တယ်”

“ဘာကို မဟုတ်တာလဲ”

“အဲဒါကိုလည်း မပြောတတ်ဘူးလေကွာ”

“မင်းကလည်းကွာ ... ဒီလောက် စိတ်မလှုပ်ရှားစမ်းပါနဲ့”

“အိုး ... ဒီဝတ်စုံကြီးနဲ့ ငါမနေတတ်ပါဘူးကွာ”

ရွှေရောင်အင်္ကျီ ရွှေရောင်ဘောင်းဘီရှည်ဝတ်ပြီး ရွှေရောင် ဆံပင်ဆိုးဆေးတွေ ဆိုးထားရတာ ဘယ့်နှယ်ကြီးမှန်း မသိ။ ကိုယ့်နာမည်က ရွှေရုပလည်းမဟုတ်၊ ရွှေရုပ်လွှာလည်းမဟုတ်။ ရွှေရွက်ဝါပုဆိုးတို့ကို ကြော်ငြာသူဆိုလည်း ထားပါတော့။ သို့သော် ကိုယ်က သနပ်ခါးလည်း မလိမ်း၊ ပုဆိုးဝတ်လာသူလည်း မဟုတ်။ တီဗွီကြော်ငြာတစ်ခုမှာ ထက်ထက်မိုးဦးက အထက်အောက် ရွှေရောင်ဝတ်ထားတာကို မြင်ဘူးသည်။

သို့သော် သူက ထက်ထက်မိုးဦး ဖြစ်၏။ မိန်းကလေးဖြစ်၏။ ကိုယ်က ဘာကောင်မှ မဟုတ်။ ပြီး ... ယောကျ်ားကြီး။

သူ့စိတ်ကူးတွေကို မှန်းဆမိဩလား မသိ။ အောင်ဆန်းဦးက...

“မင်းကလည်းကွာ... မတိုစမ်းပါနဲ့”

“ဘာလဲကွ၊ ဘာကို တိုရမှာလည်း”

“ရုပရာ... ဒီဝတ်စုံအတွက် ကုန်ကျခဲ့တဲ့ငွေတွေကို မင်း တိုတောင်း နေမိတာ မဟုတ်လား”

“အာ... အဲဒါကို ဘယ်လိုမှ သဘောမထားဘူး”

“ဒါဆိုရင်လည်း မရှည်တော့နဲ့ကွာ”

“ဟင်... ဘာလဲဟ”

“စကားမရှည်နဲ့တော့လို့ ပြောနေတာ။ ငါတို့က ကောင်းအောင် စီစဉ်ပေးထားတာ၊ မင်းကသာ ပိုင်ပိုင်နိုင်နိုင် ဆက်လုပ်ရှားဖို့ပဲ လိုတယ်”

ရုပ သက်ပြင်းချလိုက်မိသည်။

သိန်းဇော်ဝင်းက...

“မင်းက ဘာကို ဘဝင်မကျဖြစ်နေတာလဲ ရုပ”

“ဒီဝတ်စုံကြီးကကွာ...”

“ဘာဖြစ်သလဲ”

“လူတွေက ငါ့ကို ငပေါကြီး၊ ငကြောင်ကြီးလို့ ထင်ကြမှာပေါ့ကွ။ အခုတောင်မှ အားလုံးက ငါ့ကိုကြည့်ပြီး ပြုံးစိပြုံးစိနဲ့”

ရူပ ပြောမည်ဆိုလည်း ပြောစရာပင်ဖြစ်သည်။ သူ့ကိုကြည့်မိသူတိုင်း မျက်လုံးပြူးသွားရသည်ချည်း ဖြစ်၏။ ဆိုင်တွင်းသို့ ဝင်လာကာစ လူကြီးတစ်ယောက်ကလည်း ရူပကို မကြည့်မိခင်အထိ သူ့ဘာသာသူ အအေးမှာသောက်ပြီး အေးအေးဆေးဆေးပင်ဖြစ်သည်။ ရူပကို ကြည့်လိုက်မိသောအခါကျမှ အထူးအဆန်းဖြစ်သွားပုံ ရသည်။ မျက်လုံးပြူးသွားပြီး သောက်လက်စ အအေးတွေပင် နင်သွားသည်။

ရူပမှာ အတော်ပင် စိတ်ညစ်မိလေသည်။ ရဲဝင်းမြင့်က အားပေး၏။

"မင်းကလည်းကွာ...။ ဒီလိုဝတ်စုံမျိုးကို မိုက်ကယ်ဂျက်ဆင်တောင် ဝတ်သေးတာပဲ"

"ဟိုက တီဗွီရိုက်ဖို့တို့၊ စတိတ်ရှိုးမှာ ဖျော်ဖြေဖို့တို့အတွက် ဝတ်တာကွ။ အခု ငါ့ဟာက..."

"အို... မင်းကလည်း ရည်းစားစကားပြောဖို့ ဝတ်တာပဲ"

ရူပ ခေါင်းကို တွင်တွင်ကုတ်နေမိ၏။ အမှန်တော့ ခေါင်းက မယားပါ။ ဘယ်က ယားတာမှန်းလည်း မသိ။ ဘယ်ကိုကုတ်ရမည်မှန်း မသိသဖြင့် ခေါင်းကိုသာ ကုတ်နေမိခြင်းဖြစ်သည်။

အောင်ဆန်းဦးက...

"ဒီမယ်ရူပ...။ မင်းကို ငါ ရှင်းပြပြီးပါပြီ။ ရွှေရောင်ဟာ တန်ခိုးအာဏာကို ဖြစ်စေတယ်။ ကျက်သရေမင်္ဂလာကို ဖြစ်စေတယ်။ အဲဒါတွေအတွက် စွမ်းအားတွေ အများကြီးပေးတယ်။ ဒါကြောင့် မင်းကို ဒီဝတ်စုံ ဝတ်ခိုင်းရတာ။ အဆင်ပြေသွားမှာပါကွာ...ဘာမှ မစိုးရိမ်နဲ့။ ဂန္ထာရီသိပ္ပံအရ ငါ အသေအချာပြောတာ"

ပြောမယ့်သာ ပြောရသည်၊ အောင်ဆန်းဦး ရယ်ချင်နေသည်။ ရူပဆိုသည့်ကောင်က မြှောက်ပေးသည့်အတိုင်း ကွေးအောင် ကသည်။

သူ့ရုပ်ရည် သူ့အနေအထားနှင့်ဆိုလျှင် ရူပသည် မိန်းကလေးတွေ စိတ်ဝင်စားလောက်သူ ဖြစ်သည်။ ရူပဆိုသည့်အတိုင်း ရူပဗေဒ အဓိကနှင့် ဘွဲ့ရပြီးသူ။ သူ တစ်နိုင်တစ်ပိုင်ရှိသော စက်ဘီးပစ္စည်း အရောင်းဆိုင်လေးကို ဖွင့်ထားပြီး စီးပွားရေးလည်း အဆင်ပြေနေသူ။ ရုပ်ချော သဘောကောင်းသည့် ဂြိုလ်ကောင်လေးဖြစ်၏။

ရူပက အူကြောင်ကြောင်နိုင်သည်။ သူ အူကြောင်ကြောင်နိုင်မှုကြောင့် ကျန်သူများကို ဒုက္ခရောက်စေခဲ့တာတွေက တစ် တစ်လီ တစ်၊ နှစ် နှစ်လီ လေးကနေ ဆယ့်ခြောက်အလီလောက် တိုင်ခဲ့ပြီ။ အခုမှပဲ ဒင်းကို ပြန် ပညာပေးရခြင်း ဖြစ်၏။

စာရင်းကိုင်သင်တန်းကို (ဘွဲ့ရပြီး လုပ်စရာမရှိဖြစ်၍ ဝင်တက်နေသူ) ကောင်မလေးတစ်ယောက်အား ရူပက ရည်းစားစကား လိုက်လံမြွက်ကြားမည် ဖြစ်၏။ ပုဗ္ဗ၊ မုဉ္စ၊ ပရ စေတနာသုံးတန်တို့ကို မဆီမဆိုင် ပြဋ္ဌာန်းပြီး ချစ်ရေးလိုက်ဆိုမည် ဖြစ်သည်။ သူ့ဘာသာ မဝံ့မရဲဖြစ်ပြီး လာရောက် အကူအညီတောင်းသဖြင့် ဝမ်းသာအားရ ပြန်လည်ချောက်တွန်းခွင့် ရလိုက်ကြခြင်းဖြစ်သည်။

ရူပ ရည်းစားစကားပြောမည့် ကောင်မလေးက သူတို့၏ သူငယ်ချင်း ကောင်မလေးပဲ ဖြစ်သည်။ အထက်တန်းကျောင်းမှာလည်း အတူတူ၊ တက္ကသိုလ်မှာလည်း အတူတူပဲ။ မေဂျာတော့ ကွဲသည်။ ရူပက ကြိုက်မည်ဆိုလျှင်လည်း ကြိုက်စရာ။ ကောင်မလေး နာမည်က ဓာတုတဲ့။ ဓာတုဗေဒအဓိကနဲ့ ကျောင်းပြီးထားသူ သူငယ်ချင်းမ ဖြစ်လေသည်။

"ကဲ...ကဲ ဟေ့ကောင် ရူပ၊ အချိန်မရှိတော့ဘူး သွားဖို့လုပ်တော့။ ဓာတုတို့ သင်တန်းဆင်းချိန် နီးလာပြီ"

"မင်းတို့လည်း လိုက်ခဲ့လေကွာ"

"အာ... မလိုက်တော့ပါဘူး။ တော်ကြာ... ငါတို့ကို မြင်သွားမှ မင်းစကားကို အလေးအနက် မထားတော့ပဲ သက်သက် သူငယ်ချင်းတွေ ဆုံမိပြီး သူ့ကို လိုက်လောင်နေတာလို့ ပေါ့ပျက်ပျက် ထင်သွားမယ်"

"ဟုတ်တယ် ရူပ။ သိန်းဇော်ဝင်း ပြောတာ မှန်တယ်။ ငါတို့ ဒီဆိုင်ကပဲ စောင့်နေမယ်။ ရဲရဲသာ ပြောပါကွာ...။ မင်း အဆင်ပြေမှာပါ။ ဓာတုကလည်း မင်းကို သံယောဇဉ် ရှိပါတယ်"

သူတို့ ထိုင်နေကြသည့် အအေးဆိုင်က ဓာတု တက်နေသည့် စာရင်းကိုင်သင်တန်းနှင့် သုံးလမ်းခြားသည်။ လျှောက်သွားလျှင်တော့လည်း အနီးလေးပဲ ဖြစ်ပါသည်။ ရူပ သက်ပြင်းတစ်ချက်ချပြီး ထိုင်ရာမှ ထတော့ ရဲဝင်းမြင့်က တွဲထူပေးသည်။ နှုတ်ကလည်း တွန်းအားပေးလိုက်သေးသည်။

"သွား...သွား လိုအပ်ရင် ကြက်ခြေနီသေတ္တာကိုင်ပြီး ငါ အပြေးရောက်လာမယ်။ ဟိုနှစ်ကောင်ကလည်း ထမ်းစင်ကိုင်ပြီး ရောက်လာကြလိမ့်မယ်။ သွားတော့...သွားတော့။ တော်ကြာ လွဲသွားဦးမယ်"

စိတ်လေးလေးနှင့်ပင် ရူပ ဆိုင်ထဲမှ ထွက်လာခဲ့သည်။ စိတ်ကို အကောင်အထည်ပြု၍ မရသော ဒြပ်မဲ့အရာတစ်ခုအဖြစ် ညွှန်းဆိုကြသည်။ သို့သော် စိတ်လေးလျှင် မည့်သည့်ပစ္စည်းလေးသည်နှင့်မျှ မတူ။ ဓာတုတို့သင်တန်းရှေ့သို့ မရဲတရဲ လျှောက်လာရသည့်ကြားထဲ ရွှေရောင်ဝတ်စုံကြီးကလည်း တစ်မှောင့် ဖြစ်၏။

"ဟဲ့...ဟဲ့ ဘယ်နှယ်ကြီးတုန်း"

"ဟုတ်ပဲ့တော်...။ ပြောင်ပြောင် ပြောင်ပြောင်နဲ့"

ဓာတုကို ရည်းစားစကားပြောရမည့် အရေးကြီးကိစ္စသာ ရှိမနေဘူးဆိုလျှင် ထွက်သာ ပြေးလိုက်ချင်တော့သည်။ ထိုအခါကျတော့လည်း ပြောင်ပြောင်တင်းတင်း ထွက်ပြေးသွားသည်ဟု ပြောကြဦးမည် ထင်၏။ ပြောင်ပြောင်ကတော့ ထားပါတော့...၊ တင်းတင်းက ဘာတုန်း။ အို... ရှုပ်ပါသည်၊ ဓါတုကိုပဲ ရည်းစားစကား ပြောတော့မည်။

ဇီးကွက်တို့၏ အော်မြည်သံအမှန်မှာ 'ကြည့်ကွက်' ဖြစ်သည်ဟု ဆရာတစ်ယောက်က ပြောဖူးသည်။ ခု... ရူပ လမ်းပေါ်လျှောက်လာသည်ကို ညဥ့်ငှက်ဖြစ်သည့် ဇီးကွက်ကြီး နေ့ဖက်မှာ ထွက်လာသလို လမ်းသွားလမ်းလာအားလုံး ခံစားကြရသည် ထင်၏။ ရူပက ကြည့်ကွက် ကြည့်ကွက်ဟု မအော်ပါ။ သို့သော် လူတွေက သူ့ကို ကွက်ကြည့် ကွက်ကြည့် လုပ်ကြလေသည်။

မတတ်နိုင်သည့်အဆုံး ရူပကပဲ သူတို့ကို လျစ်လျူရှုထားလိုက်ရပါတော့သည်။

ဓာတုတို့ သင်တန်းချိန် ပြီးဆုံးသွားပြီ၊ သင်တန်းသား သင်တန်းသူတွေ လှေကားအတိုင်း တစ်ယောက်ပြီးတစ်ယောက် ဆင်းလာကြ၏။ ဓာတုက တော်တော်နှင့် ဆင်းမလာ။ လှေကားအတိုင်း ဆင်းမလာဘဲ လေထီးနှင့် ဆင်းလာရန် ပြင်နေခြင်းတော့လည်း မဟုတ်နိုင်ပါ။ သောက်ကောင်မလေးက နောက်ဆုံးကျမှ ဆင်းလာသည်။

သူ့နံဘေးမှာက ထုံးစံအတိုင်း မြတ်စုငယ်နှင့် သက်ဝေချိုတို့ပါလာသည်။ ဓာတုကို ကြည့်ရတာ ကြည်လင်လှပနေသည်။ ရူပက သူတို့အနားသို့ ချည်းကပ်သွားလိုက်ပြီး...

"ဓာတု"

"ဘုရားရေ..."

"ဟဲ့... ပလုတ်တုတ်"

သူတို့ဖြစ်သွားပုံကို ကြည့်ပြီး ရူပက ဘာပြောရမှန်းပင် မသိအောင်ဖြစ်သွား၏။ သူမတို့ကလည်း...

" ရူ... ရူပ...မဟုတ်လား"

"အေးလေ...။ ငါ... ရူပပဲဟာ"

"ဘယ်လိုဖြစ်လာတာတုန်း"

"ရဲဝင်းမြင့်ရယ်၊ သိန်းဇော်ဝင်းရယ်၊ အောင်ဆန်းဦးရယ် ငါ့ကို ဒီအတိုင်း ဆင်ပေးလိုက်ကြတာ"

"ဟယ်တော်..."

ခတုက သူ့ရင်ဘတ်ကို လက်ဖဝါးလေးနှင့် ဖိလျှက် ရေရွတ်၏။ ခတု၏ အမူအရာလေးက လွန်စွာ ချစ်ဖွယ်ကောင်းသည်ဟု ရူပက သူ့ဘာသာသူ ပြတ်ပြတ်သားသား ထင်ပစ်လိုက်သည်။ ခတုက...

"နေပါဦး...။ ခု နင်က ဘယ်ကိုလာတာလဲ"

"ငါ နင့်ဆီကိုပဲ လာတာ"

"ငါ့ဆီကို..."

"အင်း"

"ဘာကိစ္စလဲ"

"ငါ... ငါ... ပြောစရာရှိလို့"

မြတ်စုငယ်နှင့် သက်ဝေချိုက...

"ရူပ နင့် ပြောစရာတွေက မကုန်တော့ဘူးလားဟာ"

"ဟာ.. အခုမှ ပြောရမှာဟ"

"ဟင်... နင့်ဟာက လွန်လွန်းပါတယ် ရူပရယ်...။ ဘာကြာသေးလဲ"

သက်ဝေချို၏ စကားက မဆုံးလိုက်။ ခတုက ကြားဖြတ်ပြီး...

"ကဲ...ကဲ ထားပါတော့။ နင်က ဘာပြောမှာလဲ ရူပ"

"ငါလေ... ဟို..."

"မြန်မြန်ပြောပါဟယ်...။ နင့်ကိုကြည့်ရတာ မျက်စိကျိမ်းတယ်"

"ဒါဖြင့်လည်း သက်ဝေတို့ မြတ်စုတို့ရှေ့မှာပဲ ပြောလိုက်တော့မယ်နော်"

"ပြော...ပြော ဘာလဲ"

"ဟို... ငါလေ... နင့်ကို တော်ကောက်ချင်လို့"

"ဒါ...ဒါ... ရည်းစားစကားလား"

"အေးလေ..."

"ဟင်...နင်ပြောပြန်ပြီလား"

"ဟာ... အခုမှ ပြောရပါသေးတယ်ဟာ"

"နင် အရမ်းစော်ကားတယ်၊ ကဲ... ဒါ ငါ့အဖြေပဲ"

"ဒေါင်"

"အား"

(၂)

ပြဿနာက ဤမျှနှင့် ပြီးဆုံးမသွားပါ။ အခုမှ စခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။

ဓာတုက ထီးနှင့် ခေါင်းကို ခေါက်လိုက်သဖြင့် ရူပ အတော်ရှက်သွားသည်။ နဂိုကတည်းက ရူပ၏ ဝတ်စားဆင်ယင်ပုံကို ကြည့်မရဖြစ်နေပုံရသော အနီးအပါးမှ လူတချို့က 'မှတ်ကရောဟ'... ဟု ဝမ်းမြောက်ဝမ်းသာ ရင့်ကျူးကြသံကိုလည်း မြန်မာလို ပီပီသသ ရူပ ကြားလိုက်ရ၏။

ဓာတုလည်း သက်ဝေချိုနှင့် မြတ်စုငယ်တို့ကို ဆွဲခေါ်ပြီး မြန်မာလိုပဲ လှည့်ထွက်သွားပါသည်။ ရူပ ထူပူသွားပြီး အယောင်ယောင်အမှားမှားဖြင့် အနီးရှိ ရှမ်းစားသောက်ဆိုင်ထဲသို့ ဝင်သွားလိုက်၏။ ကံကောင်းထောက်မစွာ ဆိုင်ထဲမှာ လူရှင်းနေသည်။ ဆိုင်ရှင်အမျိုးသားရော၊ စားပွဲထိုးလေးများပါ ရူပ၏ အဖြစ်ကို မျက်ဝါးထင်ထင်မြင်ခဲ့ကြပြီးဖြစ်ပါသည်။ ရူပ ထီးနှင့်အခေါက်ခံလိုက်ရသည်ကိုပင် ကိုယ်တိုင်ကိုယ်ကျ အခေါက်ခံလိုက်ရသလို ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ကြသူများဖြစ်သည်။

စားပွဲထိုးလေးတစ်ဦးက...

"ဘာစားမလဲ"

"ချချင်တာသာ ချကွာ"

"အာ... အဲဒီလိုတော့ မဟုတ်သေးဘူးလေ"

"လောလောဆယ် သစ်ခွဖျော်ရည်တစ်ခွက်ကွာ"

ဆိုင်ရှင်က ယပ်တောင်ကြီးခပ်ကာ…

"ညီလေးက ဘာသဘောနဲ့ အဲဒီလို လုပ်ရတာလဲကွ"

"ခင်ဗျာ…"

ရူပ တစ်ချက် ကြောင်အမ်းအမ်းဖြစ်သွားပြီး…

"ဘာဖြစ်လို့လည်း အစ်ကိုကြီးရယ်…။ အပျိုကို လူပျိုက ရည်းစားစကား ပြောတဲ့ဟာပဲ"

"ဒါပေမဲ့ ညီလေးအလွန် ဖြစ်သွားတာပေါ့ကွာ"

"ကျွန်တော် နားမလည်ဘူး"

"ညီလေးက သူ့ကို စော်ကားသလို ဖြစ်သွားတာကိုး"

ရူပ တွေငေးသလိုလိုနှင့် အစဉ်းစားရကျပ်သွားကာ…

"ဒီဝတ်စုံကြောင့် ထင်တယ်နော်"

"ဒါကြောင့်လည်း ပါတာပေါ့ကွာ။ မင်း မရှက်ပေမဲ့ သူက ရှက်တာပေါ့"

"အို…ကျွန်တော်လည်း ရှက်ပါတယ် အစ်ကိုကြီးရ၊ သူခေါက်ထီးနဲ့ ခေါက်လိုက်ပြီး အားလုံးက ဝိုင်းကြည့်နေတော့ ပိုပြီးတောင် ရှက်သေးတယ်"

"ဒါနဲ့များ ဘာလို့ ဒီလို လုပ်သေးလဲကွာ"

"သူငယ်ချင်းတွေ ဆင်ပေးလိုက်တာ"

"မဟုတ်သေးဘူးလေကွာ…။ ဟိုကလေးမက မျက်စိနောက်စရာ ဖြစ်သွားတာပေါ့"

ထိုအစ်ကိုကြီးက ယပ်ခပ်ရင်း၊ ခေါင်းကို ယမ်းခါရင်း ပြောခြင်းဖြစ်၏။ သူ့ကိုကြည့်ရတာကလည်း မျက်စိကို နောက်စရာ ဖြစ်နေတော့သည်။

"ဒါပေမဲ့ အစ်ကိုကြီးရယ်… သူ ဒီလောက်ထိ ဒေါသထွက်လိမ့်မယ်လို့ ကျွန်တော်မှ မထင်ပဲ"

"မင်းကလည်း ဒေါသထွက်စရာကိုးကွယ့်"

"အာ… အစ်ကိုကြီးကလည်း"

"ပထမတစ်ခေါက် မင်းလာပြောလို့ မင်းတို့ချင်း အဆင်ပြေပြီးနေပြီ၊ ကောင်မလေးကလည်း မင်းကို လိုလိုလားလားရှိပါတယ်။ ဘာကိစ္စ နောက်တစ်ခေါက် ထပ်လာပြီး ခုလို လုပ်ရတာလဲ"

"ဗျာ…"

"အေးလေ…သူက မင်းကို စဉ်းစားပေးမယ်၊ အဖြေပြန်ပေးမယ်လို့ ပြောလိုက်ပြီးသား။ အဲဒါကို မင်းက ခုလို ကြောင်ကြောင်စီစီတွေ ဝတ်လာပြီး ရည်းစားစကားကို နောက်တစ်ခါလာထပ်ပြောတော့ သူဒေါကန်တာပေါ့'

"ခင်ဗျာ..."

ရူပ သူ့နားကိုပင် သူ မယုံနိုင်လောက်အောင် ဖြစ်သွားသည်။ ကပျာကယာပင်...

"အစ်ကိုကြီး... ဘာတွေပြောနေတာလည်း မသိဘူး"

ထိုအစ်ကိုကြီးက ယပ်တောင်ကို အခပ်မပျက်ပေ။

"ငါလည်း စဉ်းစားနေတာ...။မင်းက ဦးနှောက်သိပ်မကောင်းဘူးထင်တယ်"

"အာဗျာ... အကောင်းကြီးပါ။ ပြီးခဲ့တဲ့နှစ်ကမှ ဘွဲ့ယူပြီးတယ်။ ခုလည်း စီးပွားရေးလုပ်နေတယ်။ နေပါဦး... အစ်ကိုကြီးပြောတာက ကျွန်တော် ပထမ တစ်ခေါက် ရောက်ခဲ့တယ် ဆိုပါတော့"

"အေးလေ...။ မင်းက ပြောနေရင်းနဲ့ကို ဖောက်လာပြန်ပြီ။ အကြောင်းကြောင်းနဲ့"

"အာ... မဟုတ်ဘူး အစ်ကိုကြီး မှားနေပြီ။ ကျွန်တော်က အခုမှ လာတာပါ။ ဒီကောင်မလေးနဲ့ ကျွန်တော်တောင် မတွေ့တာ သုံးရက်လောက် ရှိပြီ"

အစ်ကိုကြီးခမျာလည်း ယပ်တောင်အခတ် ရပ်သွားသည်။ ရူပ၏မျက်နှာကို စေ့စေ့ကြည့်ပြီး...

"မင်းပါပဲ၊ ငါ အကြည့်မမှားပါဘူး၊ ငါက လူတွေကို တစ်ခါကြည့်မိရင် မှတ်မိပါတယ်"

"ဟာ... ဘုရားစူး၊ မိုးကြိုးပစ်ပါ အစ်ကိုကြီးရယ်...မဟုတ်ရပါဘူး။ ကျွန်တော်က အခုမှ လာတာပါ။ ဒါ့ထက် မနက်က လာသွားတယ်ဆိုတဲ့လူက..."

"မနက်က မဟုတ်ဘူး...။ သုံးနာရီကျော်ကျော်လောက်ပဲ ရှိဦးမယ်။ တွေ့ထားတာ"

"သူက ကျွန်တော်နဲ့ အတော်တူလို့လား"

အစ်ကိုကြီးက ရူပ၏မျက်နှာကို ဒုတိယမ္ပိ စေ့စေ့ကြည့်ပြန်သည်။

"မင်းပါပဲ"

ရူပ ငိုချင်သွားသည်။ သို့သော် သစ်ခွဖျော်ရည်ထဲသို့ နှပ်ရည်များ ကျသွားလျှင် ခွဲခြားဖယ်ထုတ်ရန် ခက်ခဲမည်ဖြစ်သောကြောင့် မငိုမိ...။

"မဟုတ်ပါဘူးဆို အစ်ကိုကြီးရယ်"

ထိုအချိန်မှာပဲ ဆိုင်ထဲသို့ စားမည့် သောက်မည့်သူများ ဝင်လာသဖြင့် ထိုအစ်ကိုကြီးက ကောင်တာဆီ ပြန်လျှောက်သွား၏။ ရူပနှင့် စကားမပြောအားတော့။ ဝင်လာသည့် ဧည့်သည်များကလည်း ရူပကို မြင်ပြီး ပြုံးဖြီးဖြီးလုပ်ကြသဖြင့် ရူပ မျက်နှာလွှဲထားလိုက်သည်။ စားပွဲထိုးလေးက ရူပ၏ ရွှေရောင်ဝတ်စုံကို လက်ညှိုးနှင့် လာလာထိုးနေသဖြင့် ဟန့်ရသေး၏။

သေချင်စော် နံလှပါတော့သည်။

"ဟေ့ကောင်လေး ဟိုမှာ ဧည့်သည်တွေကို စားပွဲသွားထိုးလေ။ ဘာကိစ္စ ငါ့နားမှာ ရစ်သီရစ်သီ လာလုပ်နေတာလဲ"

"အစ်ကို့ အင်္ကျီက ရွှေဆိုင်းတွေ ကပ်ထားသလို ဖြစ်နေလို့"

"ဒုက္ခပါပဲ...။ စိတ်ညစ်ရတဲ့ကြားထဲ သွားစမ်းပါကွာ...။ သွား...သွား... ကိုယ့်အလုပ် ကိုယ်လုပ်"

"ရတယ်...ဟိုဘက်ဝိုင်းကို တစ်ခြားစားပွဲထိုးပေးမယ့်သူတွေရှိတယ်။ ဆိုင်ရှင်က အစ်ကို့အနားမှာပဲ ကျွန်တော့်ကို နေခိုင်းထားတယ်"

"ဟင်...ဘာဖြစ်လို့လဲ"

"စောင့်ကြည့်ထားတဲ့။ သိပ် စိတ်မှန်ပုံ မရဘူးတဲ့"

"အာ...ကွာ"

ဆိုင်၏ တစ်နေရာရာမှာ ထိုအစ်ကိုကြီးက မှန်ဘောင်ထဲဝင်ပြီး ဓာတ်ပုံအဖြစ် မိန့်မိန့်ကြီးပြုံးနေတာမျိုးသာရှိလျှင် နားဘန်သွားကျင်းလိုက်ချင်သည်။ လူ အရှင်လတ်လတ်ကြီးကိုတော့ မလုပ်ရဲ။

ထို့ကြောင့်...

"အေးပါကွာ... ငါက စိတ်မမှန်ဘူးပဲ ထားပါတော့။ မင်းပြောပါဦး။ ငါ ပထမတစ်ခေါက် လာသွားဖူးတယ်။ ဟုတ်လား"

"ဟုတ်တယ်လေ"

"မင်းက တွေ့လိုက်လို့လား"

"အစ်ကိုကြီးပဲ ငွေရှင်းပေးသွားတာ၊ ကျွန်တော် မှတ်မိတာပေါ့"

"ဘယ်လို...ဘယ်လို ငါ့ကို ရှင်းအောင် ပြောစမ်းပါကွာ"

"အာ... အစ်ကိုကလည်း အဲဒီအစ်မတို့ သင်တန်းမတက်ခင် အစ်ကို ရောက်လာတယ်လေ။ ဒီဆိုင် ဒီဘက်ဝိုင်းမှာပဲ အစ်ကိုတို့ ထိုင်သွားကြတာ။ အစ်ကိုက ရည်းစားစကားပြောတယ်။ အစ်မက ဦးစားပေး စဉ်းစားမယ်လို့ ပြောတယ်။ နောက်တော့ သင်တန်းချိန် နီးပြီ ဆိုပြီး အစ်မကြီးက ပြန်ဖို့ လုပ်တယ်။ အစ်ကိုက ပိုက်ဆံရှင်းပေးပြီး အစ်မကို လိုက်ပို့တယ်"

"ငါဆိုတာ သေချာလို့လား"

"သေချာပါတယ်...။ အဲဒီတုန်းက အစ်ကိုက ကော်လံကတုန်းနဲ့။ ကောင်းကောင်းမွန်မွန် လာတာ။ ဒီလို မဟုတ်ဘူး"

"အခု အခု ဘာဖြစ်နေလို့တုန်း"

"ဟင်...အခုဟာက ရူးသလို ပေါသလိုလိုကြီး"

"ဘာကွ"

ထိုစဉ်မှာပင် ဆိုင်ရှေ့က မယောင်မလည်ဖြတ်သွားသော စနေဂြိုလ်သုံးစင်းကို တွေ့လိုက်ရသဖြင့်....

“ဟော့ကောင်တွေ အောင်ဆန်းဦး၊ သိန်းဇော်ဝင်း၊ ရဲဝင်းမြင့်”

သုံးကောင်လုံး ဆိုင်ထဲ ရောက်လာသည်။

“ဟော့ကောင် အခြေအနေ ဘယ်လိုရှိသလဲ”

ကုလားမခြင်းဆွဲ နို့ဆီလို ဆဲပစ်လိုက်သည်။ ပျစ်ပျစ်နှစ်နှစ် ဆဲပစ်လိုက်သည်ဟု ဆိုလိုခြင်းဖြစ်သည်။ သုံးကောင်လုံးက မေးမယ့်သာမေးသော်လည်း ဖြစ်ပြီးသမျှကို သိထားပုံ ရ၏။

သိန်းဇော်ဝင်းက...

“အေး....မင်းအရေးမလှဘူးဆိုတာကိုတော့ ဒီအနီးအပါးမှာ လူပြောသူပြောများလို့ ငါတို့ ကြားပြီးပါပြီ”

ရှူပ မျက်နှာလေး ငယ်သွားသည်။

“ဘယ်လိုတွေများ ပြောနေကြလို့လဲကွာ”

“သြော်...ရွှေဆေးသုတ်ထားတဲ့ ကောင်လေးကို သူစကားလိုက်ပြောတဲ့ ကောင်မလေးက အနက်ရောင်သုတ်ထားတဲ့ ထီးနဲ့ တီးလိုက်တယ်တဲ့။ ကောင်လေးခမျာ အနားက ဆိုင်တစ်ဆိုင်ထဲဝင်ပြီး မျက်ရည်ရော နှပ်ချေးပါ ရောသုတ်နေရတယ်တဲ့”

“ဟာကွာ”

ရှူပ စိတ်မသက်မသာဖြစ်သွားပုံကို ကြည့်ပြီး သကောင့်သား သုံးယောက်က တဟားဟားရယ်ကြ၏။ ဆိုင်ရှင်အစ်ကိုကြီးက ယပ်တောင်ကြီးကို ခတ်လျက် သူတို့ဝိုင်းဆီသို့ လျှောက်လာပြန်သဖြင့်...

“မင်းတို့ရှင်းကြဦး။ ဒီဆိုင်ရှင်အစ်ကိုကြီးက ငါ့ကို စိတ်မနှံ့ဘူးလို့ထင်နေပြီ”

ရဲဝင်းမြင့်က ဆိုင်ရှင်အစ်ကိုကြီးဘက်သို့ လှည့်ကာ...

“ဟား...ဟား... ဒီကောင်က မရူးပါဘူး အစ်ကိုကြီးရာ...။ ကျွန်တော်တို့က ချွန်တွန်း တွန်းပြီး ရွှေရောင်အင်္ကျီ ဘောင်းဘီတွေ ဆင်ပေးလိုက်တာ”

“အဲဒါကို ပြောတာ မဟုတ်ဘူး။ ငါက ပထမတစ်ခေါက်လာပြီး ဓာတုကို ရည်းစားစကား ပြောထားသေးတယ်တဲ့။ ဓာတုတို့ သင်တန်း မတက်ခင်လေးမှတဲ့...။ ဒီဆိုင်မှာပဲတဲ့...”

“ဘာ...”

အကုန်လုံး နားရွက်ထောင်သွားကြ၏။ ရှူပက အဖြစ်အပျက်ကို ရှင်းပြလိုက်ပြီး...

“အဲဒါကို ပြောပြလိုက်ဦး။ ငါက တစ်မနက်လုံး မင်းတို့နဲ့အတူတူ ရှိနေတာလို့”

“ဟုတ်တယ် အစ်ကိုကြီးရ။ ဒီလိုလေ...”

သိန်းဇော်ဝင်းက ဝါသနာပါ၍ ရှမ်းစားသောက်ဆိုင် ဖွင့်ထားပုံရသော ဆိုင်ရှင်တရုတ်ကြီးကို လိပ်ပတ်လည်အောင် ရှင်းပြ၏။ ထိုဆိုင်ရှင်ကြီး ပြောသောအချိန်တွင် ရှူပက ရွှေရောင်ဝတ်စုံကြီးကို ဝတ်ရန် ပြင်ဆင်ရင်း အလုပ်ရှုပ်နေချိန်ဖြစ်ကြောင်း...။

ဆိုင်ရှင်တရုတ်ကြီးက ခေါင်းနှင့် ယပ်တောင်ကို ရောထွေးယမ်းခါပြီး...

“သင်တန်းချိန် မစမီ လာသွားတာလဲ သူပါပဲ။ ငါတင်မကဘဲ စားပွဲထိုးလေးတွေကပါ မှတ်မိတာ။ ကောင်မလေး စိတ်ဆိုးသွားတာကလည်း ဒီရွှေရောင်ဝတ်စုံကြီးကြောင့် အဓိကမဟုတ်ဘူး။ သူ့ကို နှစ်ခါပြန် ရည်းစားစကား လာပြောလို့၊ သူ့ကို သက်သက်စော်ကားတယ် ထင်သွားလို့”

“ဗျာ...”

“မင်းမှာ အမြွာတွေ ဘာတွေရှိလား”

“အာ... မရှိပါဘူး”

“နေပါဦး... မင်းတို့ မနက်က ဟိုဝိုင်းမှာထိုင်ပြီး စကားပြောသွားတာ။ နှစ်ယောက်လုံးက ချောတောမောတောလေးတွေမို့လို့ ဒီအတွဲက လိုက်တယ်ဆိုပြီး ငါသတိထားမိတာ။ မင်းတို့ နာမည်တွေကလည်း လိုက်ပါတယ်။ ဘာတဲ့... ကောင်မလေးနာမည်က ဓာတု၊ မင်းနာမည်က ရူပလေ...။ မင်းတို့ စကားတွေကို တစ်ချက်တစ်ချက် ကြားနေရတယ်လေ”

“ဗျာ...”

ဟိုကောင်သုံးကောင်တင် မဟုတ်၊ ရူပလည်း မျိုမကျတော့ချေ။

(၃)

“ရှုပ”

“ဟင်…”

“ရှုပ”

“အင်း…”

“ရှုပ”

“ဘာလဲကွာ…”

“မင်းကလဲကွာ… ကြက်နာကြီး အိပ်ရေးမဝသလို လုပ်မနေစမ်းပါနဲ့။ ဒီလောက် စိတ်ဓာတ်မကျစမ်းပါနဲ့။ အဆင်ပြေအောင် ပြန်ကြိုးစားကြတာပေါ့။ ငါတို့လည်း နောက်ကို ဒီလောက် ဒုက္ခမပေးတော့ဘူး”

“တော်စမ်းပါကွာ”

“တကယ်ပြောတာပါ”

“ဓာတုကို မင်းတို့ ပြန်ရှင်းပြပေး”

"အေးပါ...စိတ်ချပါ။ အဲဒါကို စိတ်ထဲက မေ့ထားလိုက်"

"ဒါပေမဲ့ ငါမဟုတ်တဲ့ နောက်တစ်ယောက်က ရှိသေးတယ်။ ဘာမှန်းလဲ မသိဘူး"

"အေး...အဲဒီကိစ္စကတော့ တကယ်ဦးနှောက်စားတယ်ကွာ။ တစ်ခုတော့ ရှိတာပေါ့ကွာ....။ ဓာတုနဲ့ စကားပြောကြည့်လိုက်ရင် အဖြေထွက်လာမှာပါ။ ဘယ့်နှယ်လုပ် မင်းက နှစ်ယောက် ဖြစ်နေရမှာလဲ"

"ငါတော့ ဓာတုနဲ့ စကားမပြောရဲတော့ဘူး"

"အို... ဘာဖြစ်လို့ မပြောရဲရမှာလဲ"

"မိန်းမဆောင်းထီးလည်း နာတာပဲကွ"

"အာ...မင်းကလည်းကွာ"

သိန်းဇော်ဝင်း စိတ်ညစ်သည့်ကြားထဲ ရယ်ချင်သွားသည်။ အူကြောင်ကြောင်နိုင်တတ်သည် မှန်သော်လည်း ရိုးသားဖြူစင်လှသည့် သူငယ်ချင်းဖြစ်သူ ရူပကိုလည်း သနားသွားမိသည်။

ရူပ၏ စက်ဘီးပစ္စည်းအရောင်းဆိုင်သို့ သူရောက်နေခြင်းဖြစ်သည်။ အချိန်ကလည်း ညနေခင်း။ ဤအနီးအပါးမှာ ရဲဝင်းမြင့်၏ စာအုပ်အငှားဆိုင်လည်းရှိသည်။ အောင်ဆန်းဦးတို့ အိမ်လည်းရှိသည်။ အောင်ဆန်းဦးက အိမ်တင်မကပဲ ညီမတွေ အစ်မတွေလည်း ရှိသည်။ ထို့ကြောင့် သိန်းဇော်ဝင်းက ရူပ၏ဆိုင်မှာ အနစ်နာခံပြီး လာလာထိုင်နေခြင်းဖြစ်သည်။ သူကိုယ်တိုင်ကတော့ ဘာကိုမှ မယ်မယ်ရရ မလုပ်ဖြစ်သေးဘဲ အလုပ်ရှေးနေဆဲ။

ထိုအချိန်မှာပဲ အောင်ဆန်းဦး ရောက်လာသည်။ ရူပက စိတ်ညစ်နေသဖြင့် သိန်းဇော်ဝင်းက အားပေးနေကြောင်းကိုလည်း သူ သဘောပေါက်သည်။ ဟိုနေ့က ကိစ္စပဲ ဆိုတာကိုလည်း ရိပ်မိသည်။

"ရူပ စိတ်ညစ်နေတုန်းပဲလား။ မညစ်ပါနဲ့ကွာ... ဂန္ဓာရီသိပ္ပံပညာရဲ့ သဘောအရဆိုရင်"

"ဟော့ကောင် တော်...တော်"

ရူပက ထအော်သဖြင့် အောင်ဆန်းဦးက ပါးစပ်ကို လက်လေးတစ်ဖက်ဖြင့် ပိတ်ပြီး ငြိမ်လိုက်သည်။ ရူပ ဆိုင်ထဲမှ ကုတင်ပေါ်တွင် မှောက်ခုံကြီး လှဲအိပ်နေခြင်းဖြစ်၏။ ဈေးဝယ်သူလာသည်ကိုပင် ထမရောင်း။ သိန်းဇော်ဝင်းနှင့် အောင်ဆန်းဦးကလည်း မရောင်းတတ်သဖြင့် အခက်ကြုံကာ နောက်ဆုံး ပစ္စည်းနှင့် ငွေကိုသာ လဲယူထားလိုက်ကြ၏။ ဆိုင်လူရှင်းချိန်ကျမှ အောင်ဆန်းဦးက...

"ရူပရာ ပြဿနာရှိရင် အဖြေရှိတယ်။ မင်းကိစ္စက တစ်မျိုးကြီးဖြစ်နေတယ်ဆိုတာကို ငါသိပါတယ်။ ဒီပြဿနာထဲမှာ ရွှေရောင်ဝတ်စုံကြီးက အဓိက မကျတော့ဘူး။ မင်းထက်အရင် တစ်ခြားတစ်ယောက်က ကြိုဝင်သွားလိုက်တဲ့ကိစ္စ။ ဓာတုက အဲဒါကြောင့် စော်ကားတယ် ထင်သွားတာ။ ဓာတုကို ငါတို့တွေ့ပြီး မေးကြည့်၊ ပြောကြည့်လိုက်ရင် ရှင်းသွားမှာပါ။ ကိစ္စက စိတ်ဝင်စားစရာလည်း ကောင်းပါတယ်"

သိန်းဇော်ဝင်းက...

"ဒီကိစ္စမှာ ရူပအပြစ် ဘာမှမပါဘူးဆိုတာကို မင်းရှင်းနိုင်မယ်ပေါ့။ ဟုတ်လား...အောင်ဆန်းဦး"

"အေး...ဘာခက်လို့လဲကွာ၊ အမှန်ကို ပြောပြတဲ့ဟာပဲ"

"ဒါဖြင့်လည်း ရှင်းပေတော့။ ဟိုမှာ လာပြီ"

အောင်ဆန်းဦး ဆတ်ခနဲ ခေါင်းထောင်သွားသည်။ ရူပလည်း ရင်ထဲမှာ ဒိတ်ခနဲ ခုန်သွား၏။

"ဘယ်သူလာတာလဲ၊ ခာတုလား..."

အောင်ဆန်းဦး၏ အမေးကို သိန်းဇော်ဝင်းက ပြန်ဖြေသည်။

"မဟုတ်ဘူး။ မြတ်စုငယ်နဲ့ သက်ဝေချို"

"ဟင်...သူတို့က ဘယ်ကို လာတာလဲကွ"

"ဈေးဝယ်လာတာ နေမှာပေါ့ကွ"

ရူပက စက်ဘီးပစ္စည်းအရောင်းဆိုင်ကို ဈေးတန်းတစ်ခုအနီးတွင် ဖွင့်ထားခြင်းဖြစ်သည်။

အောင်ဆန်းဦးက...

"သူတို့က ဈေးကိုလာရင်း ဒီဆိုင်ကို ဝင်တတ်သလား"

"ဝင်တတ်တယ် ဝင်တတ်တယ်။ လာကြလိမ့်မယ်"

ထိုစကားကို သိန်းဇော်ဝင်းက ပြန်ဖြေခြင်းမဟုတ်၊ မှောက်ခုံကြီး အိပ်နေသော ရူပထံမှ ထွက်လာသည့် အောက်ကလိအာအသံဖြစ်သည်။ အောင်ဆန်းဦးက သိန်းဇော်ဝင်းကို ပုခုံးတွန့်ပြ၏။ သိန်းဇော်ဝင်းက အောင်ဆန်းဦးကို တစ်စုံတစ်ရာ ပြန်ပြောမည်အပြုမှာပဲ...

"သြော်....နင်တို့လည်း ရှိနေကြတာကိုး"

အသံနှင့်အတူ မြတ်စုငယ်နှင့် သက်ဝေချိုတို့ ဆိုင်ရှေ့ရောက်လာကြသည်။ သိန်းဇော်ဝင်းက...

"သြော်...မြတ်စုငယ်တို့ပါလား။ မတွေ့တာတောင် ကြာပြီလား မသိဘူး။ နင့်အစ်မတွေရော နေကောင်းကြလား"

"ငါ့အစ်မတွေနဲ့ နင်နဲ့ ဘာဆိုင်လို့လဲ"

"အဲဒါကိုတော့ ကာယကံရှင်တွေ အသိဆုံး ဖြစ်မှာပေါ့ဟ"

"အောင်မာ... လာလာချည်သေး။ နင့်လို နွားဘူးကို ငါ့အစ်မတွေက မစဉ်းစားသေးဘူး"

ထို့နောက် လျှာနှင့်လျှာချင်း ဓားသက်သွင်းကာ သူတို့တွေ အနိုင်မခံ အရှုံးမပေး ခုတ်ကြ၏။ မြတ်စုငယ်မှာ အစ်မနှစ်ယောက်ရှိသည်။ မြတ်စုဦးနှင့် မြတ်စုလတ်တို့ ဖြစ်၏။ မြတ်စုငယ်က သိပ်မလှသော်လည်း အစ်မနှစ်ယောက်ကမူ လှလေသည်။ ထို့ကြောင့် ယောကျ်ားလေး သူငယ်ချင်းများက စကြ နောက်ကြလျှင် (သူ့ကိုတော့ချန်ထားသဖြင့်) မြတ်စုငယ် အလွန်စိတ်တိုတတ်သည်။ သူတို့နှစ်ယောက်၏ ငြင်းခုံသံတွေ ညံသွားတော့သည်။

"အား...နားညည်းတယ်ကွာ"

ရိုးရိုးကြီးဖေယျမဟုတ်သည့် မှောက်ခုံကြီး ရူပက ထအော်လိုက်ခြင်းဖြစ်သည်။ ထိုအခါကျမှ သူတို့နှစ်ယောက် အသံတိတ်သွားပြီး သက်ဝေချို၏အသံထွက်လာသည်။

"ရှုပ…နင် ဟိုနေ့က လုပ်တဲ့ပုံ မဟုတ်ဘူးနော်"

အောင်ဆန်းဦးက ဝင်မေးသည်။

"ဘာလဲ…ရွှေရောင်ဝတ်စုံကြီး ဝတ်လာလို့လား"

"အင်း…အဲ့ဒီ ပေါ်ကြောင်ကြောင်နိုင်မှုကလည်း တစ်ချက်ပေါ့။ ဒါပေမဲ့ အဓိက…က"

"ဘာလဲ"

"သင်တန်းမတက်ခင်မှာလည်း လာပြောပြီးသွားပြီးပြီ။ ဓာတုက ရင်တွေခုန်လို့…။ ဦးစားပေးစဉ်းစားပေးမယ်၊ အမြန်ဆုံးအဖြေပေးမယ်လို့ ပြောလိုက်ပြီးပြီ။ အဲဒါကို သင်တန်းဆင်းချိန်မှာ အူကြောင်ကြောင် အဝတ်အစားနဲ့ ရည်းစားစကားကို အစကနေ ပြန်လိုက်ပြောပြန်ရော…။ မိန်းကလေးတစ်ယောက်အနေနဲ့ ဘယ်လောက်ခံပြင်းဖို့ကောင်းသလဲ။ ဒါ သက်သက် စော်ကားတာပဲ။ နင် အဲဒီလို မလုပ်သင့်ဘူး ရှုပ"

ရှုပက သက်ပြင်းကို အသာချပြီး ဘာမှပြန်မပြော။ အောင်ဆန်းဦးကသာ…

"သင်တန်းမတက်မီ ရှုပလာတယ်လို့ နင်က ဘာလို့ပြောနိုင်တာလဲ"

"ဟဲ့…ငါတို့ပဲ သူနဲ့ ဓာတုနဲ့ကို အဲ့ဒီ ရှမ်းခေါက်ဆွဲဆိုင်မှာ ထားခဲ့ပြီး ရှောင်ပေးလိုက်တဲ့ဟာ"

"နင်တို့နဲ့ အဲဒီရှုပနဲ့ရော စကားပြောဖြစ်သေးလား"

"မပြောဘဲနေမလား၊ ပြောကြတာသေးတာပေါ့"

"ဒီရှုပဆိုတာ သေချာရဲ့လား"

"ဟဲ့… မသေချာဘဲ နေမလား ရှုပကို သိနေတာက နှစ်ပေါင်းမနည်းတော့ဘူး။ မှားစရာမှ မဟုတ်ဘဲ"

မြတ်စုငယ်ကလည်း ဝင်ပြောသည်။ (ထို့ကြောင့် သိန်းဇော်ဝင်းကလည်း ဝင်ပြောသည်။)

"နေပါဦး…။ အဲ့ဒီရှုပတွေ၊ ဒီရှုပတွေနဲ့ နင်တို့ပြောတာတွေ တစ်မျိုးကြီးပါလား။ ဘာဖြစ်နေတာလဲ"

"အေး… နင့်အစ်မတွေရဲ့ မျက်နှာကို ထောက်ထားပြီး ငါဖြေပေးပါ့မယ်"

"ဘာ"

နှစ်ယောက်သား ရန်ဖြစ်ကြရန် အသင့်ပြင်ဆင်လိုက်၏။ ရှုပက…

"အာ… တော်ကြစမ်းပါ။ ဒီကိစ္စက နောက်စရာ မဟုတ်ဘူး။ အရေးကြီးတယ်"

အောင်ဆန်းဦးကလည်း…

"အေး…ဟုတ်တယ်ကွ။ မင်းတို့ ရန်ဖြစ်ချင်ရင် နောက်မှဖြစ်၊ လောလောဆယ် ရှုပရဲ့ကိစ္စကို အရင်ရှင်းရမယ်"

ထိုသို့ အစချီကာ အောင်ဆန်းဦးကပဲ အဖြစ်မှန်ကို ရှင်းပြ၏။ မြတ်စုငယ်နှင့် သက်ဝေချိုတို့ မျက်လုံးကလယ်ကလယ် ဖြစ်နေကြသည်။ သိပ်လည်း မယုံကြ။ အမှန်တော့လည်း ယုံစရာလည်း အကြောင်းမရှိ။ သူမတို့က ရူပကို လူမှားစရာမလို။ ငယ်ပေါင်းသူငယ်ချင်းတွေ ဖြစ်သည်။

"နင်တို့ လျှာအရိုးမရှိတိုင်း လျှောက်ပြောမနေနဲ့။ ငါတို့က သူငယ်နှပ်စားတွေ မဟုတ်ဘူး"

သက်ဝေချို၏ ကန့်ကွက်စကားကို အောင်ဆန်းဦးက စိတ်ရှည်လက်ရှည် ထပ်ရှင်းပြပါသည်။ ထောင့်စေ့စေ့ အကွက်စေ့စေ့ပင်။ အချိန်အနေအထား၊ နေရာအနေအထား၊ သက်သေအထောက်အထားများအရ ရှင်းပြခြင်း ဖြစ်ပါသည်။ မြတ်စုငယ်နှင့် သက်ဝေချိုတို့ မျက်ခုံးအတွန့်ချိုးပြီး ဇဝေဇဝါဖြစ်နေကြ၏။

"နင်တို့ မယုံရင် ကြိုက်တဲ့လူကို မေးလို့ရပါတယ်"

အောင်ဆန်းဦး၏ စကားအဆုံးမှာ သိန်းဇော်ဝင်းက...

"ယုံပါဟာ... ရူပကို အဲ့ဒီရွှေရောင်အင်္ကျီကြီးချုပ်ဖို့၊ ဘောင်းဘီကြီးချုပ်ဖို့ ဆိုင်ကောင်းကောင်းကို အောင်ဆန်းဦးရဲ့ အစ်မနဲ့ ညီမက ရွေးပေးတာ။ အဲဒီ့နေ့က ဆိုင်ကနေ ရွေးလာပြီး အောင်ဆန်းဦးတို့အိမ်မှာပဲ လဲဝတ်တာ။ အောင်ဆန်းဦးရဲ့ အစ်မနဲ့ ညီမကတောင် ဖစ်ဆိုဒ်ပဲလို့ ပြောနေကြတာ...။ ရူပ စမ်းဝတ်ပြီး ဟိုဟိုသည်သည် လျှောက်သွားကြည့်နေတော့ အောင်ဆန်းဦးရဲ့ အစ်မရယ်၊ ညီမရယ်၊ ငါရယ် ဒန်းပေါ်မှာထိုင်ပြီး အကဲခတ်နေတာ။ ငါက သတိရပြီး ဘယ်နှနာရီရှိပြီလဲလို့ မေးတော့ အောင်ဆန်းဦးရဲ့ညီမနဲ့ အစ်မ နှစ်ယောက်လုံးက တစ်ပြိုင်နက်တည်း ပြန်ဖြေတယ်။ ဒါဆို ထွက်ထားတာ ကောင်းမယ်ဆိုပြီး ငါက အောင်ဆန်းဦးရဲ့ ညီမနဲ့အစ်မကို နှုတ်ဆက်ပြီး..."

သူ့စကားကို အောင်ဆန်းဦးက သည်းမခံနိုင်တော့ချေ။

"ဟေ့ကောင် လိုရင်းကို ပြောကွာ။ မင်းက ငါ့အစ်မနဲ့ညီမကိုပဲ အရမ်းဖောင်းပေးနေတယ်"

"အေးလေကွာ... သူတို့ကိုပဲ အလီဘိုင် ပြရမှာပေါ့"

"မင်းဟာက ပိုလွန်းပါတယ်ကွာ"

"အဟဲ...ဒါကတော့ကွာ"

သူတို့နှစ်ယောက်၏ အငြင်းအခုံစကားကို မြတ်စုငယ်နှင့် သက်ဝေချိုတို့က အလေးမထားအားတော့ပါ။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး စိတ်ထဲမှာ လိပ်ခဲတည်းလည်း ဖြစ်နေမိကြ၏။ ထို့နောက်မှာမှ သက်ဝေချိုက...

"ရူပ"

ရူပ စိတ်ပျက်လက်ပျက်လေသံဖြင့်....

"ဘာလဲ"

"သူတို့ပြောတာ အမှန်ပဲလား"

"အင်း"

"တကယ်"

“တကယ်ပါဆို…။ ဒါကြောင့် ငါ ဒီလောက်စိတ်ညစ်နေရတာပေါ့။ ဘယ်ကောင်ကများ ငါနဲ့ ဒီလောက်တူပြီး နင်တို့နဲ့ပါ သိနေရတာလဲ စဉ်းစားလို့ကို မရဘူး။ ငါ့ကို ပုံမှားရိုက်ရလောက်အောင် ငါက ကမ္ဘာကျော် ပုဂ္ဂိုလ်ကြီးလည်းမဟုတ်၊ သန်းကြွယ်သူဌေးလည်းမဟုတ်။ လောလောဆယ် အဲဒီကောင် ဝင်နှောင့်ယှက်လိုက်တာ ငါ့ကို ဓာတုက မုန်းသွားပြီ”

ရူပ၏အသံက ခံစားချက် အပြည့်ပါသည်။ လိမ်ညာပြောဆိုခြင်း မဟုတ်ကြောင်းလည်း သိသာသည်။ မြတ်စုငယ်နှင့် သက်ဝေချိုတို့ ခဏအကြာငိုင်တွေနေပြီးမှ…

“အောင်မလေး”

သက်ဝေချို၏ အော်သံကြောင့် သိန်းဇော်ဝင်းက…

“ဘာတုန်းဟ”

“အခုမှ တွေးတွေးပြီး အသည်းယားလို့။ ဒါဖြင့်ရင် အဲဒါကြီးက ဘယ်သူလဲ မသိဘူး။ ရူပလည်း မဟုတ်ဘူး။ ဓာတုကိုတောင် ရည်းစားစကား ပြောသွားသေးတယ်”

“အေး…အလှည့်ကျတဲ့။ နောက်ဆို နင်တို့နှစ်ယောက်တဲ့”

ထို့နောက်မှာတော့ စကားမဆိုဖြစ်ကြတော့။ ထိုကိစ္စကြီးကို တစိမ့်စိမ့်တွေးပြီး ရင်ထဲမှာ လေးနေမိကြသည်။ ရူပ၏မျက်နှာက အထူးတည်ငြိမ်ကာ လျှို့ဝှက်နက်ရှိုင်းသော အားမာန်တွေ ပြည့်ဝနေသည်။

“ဘာဖြစ်ဖြစ်လေ…ဒီကိစ္စကို ငါကတော့ ပြတ်ပြတ်သားသား အဖြေပေါ်အောင် လုပ်ရမှာပဲ။ လောလောဆယ်မှာတော့ ဓာတုကို နားလည်အောင် ပြောပြပေးထားပါ”

“အေးပါ…။ ဒါပေမဲ့ သတိထားပါဦး ရူပရယ်….။ ဒီကိစ္စကြီးက တစ်မျိုးပဲ။ ရဲတိုင်လို့ ရတာမျိုးလည်း မဟုတ်။ တော်ကြာ နင့်ကို အန္တရာယ်ပြန်ပေးရင်…”

“လွှတ်ပေးထားလိုက်မှ ငါ အန္တရာယ်ရောက်မှာ”

အားလုံး ငြိမ်သက်သွားကြပြန်လေသည်။

တစ်ချို့တွေက

အခက်အခဲကို အကြောင်းပြုပြီး

ဦးကျိုးတယ်...။

တစ်ချို့တွေက

စံချိန်ချိုးတယ်...။

(ဝီလျံအာသာဝဒ်)

(၄)

“ရှုပအတုဆိုတော့ ဒီကောင့်ကို ငါတို့ လူလှလို့ လောလောဆယ် နာမည်ပေးထားမယ်ကွာ”

အောင်ဆန်းဦး၏စကားကို အားလုံးက ထောက်ခံကြ၏။

သူတို့တွေ ဝါသနာပါ၍ ရှမ်းအစားသောက်ရောင်းနေပုံရသော တရုတ်ကြီး၏ ဆိုင်သို့ ပြန်ရောက်နေကြခြင်းဖြစ်သည်။ သူတို့တွေဆိုသည်က ထုံးစံအတိုင်း အောင်ဆန်းဦး၊ သိန်းဇော်ဝင်း၊ ရဲဝင်းမြင့်နှင့် ရှုပ။ ရှုပအတုဆိုသော လူလှကို ဆုံလိုဆုံငြား ဤဆိုင်မှာ လာစောင့်နေကြခြင်းဖြစ်သည်။

ဤတစ်ကြိမ်တွင်တော့ ရှုပက ရှပ်အင်္ကျီအဖြူနှင့် ရခိုင်လုံချည်ကို တွဲဖက်ဝတ်ဆင်ထားပြီး ရိုးရိုးကလေး ရည်မွန်သန့်ပြန့်နေသည်။ ဝါသနာပါ၍ လာလာစကားပြောသော ဆိုင်ရှင်တရုတ်ကြီးကလည်း သူတို့၏ ကိစ္စကို မယုံတစ်ဝက် ယုံတစ်ဝက်နှင့် စိတ်ဝင်စားနေသည်။

“မင်းတို့ပြောတဲ့ ကိစ္စမျိုး ငါ့တစ်သက်မှာ တစ်ခါမှ မကြားဖူးဘူး”

သိန်းဇော်ဝင်းက ဘုတောသည်။

“ဘယ်ကြားဖူးမလဲဗျ။ အစ်ကိုကြီးက ရှမ်းခေါက်ဆွဲပဲ ရောင်းနေတာကိုး”

"ဟ… ရှမ်းခေါက်ဆွဲ ရောင်းတာကတော့ ရောင်းတာပဲ။ ဘဝအတွေ့အကြုံဆိုတာ ရှိတာပဲကွ"

"အစ်ကိုကြီးကသာ ဒီကောင် ရှုပနေရာမှာဆို ဘယ်လိုခံစားမလဲ"

"တစ်မျိုးကြီး နေမှာပေါ့ကွ"

"ဘယ်လို တစ်မျိုးကြီးလဲ"

"ဒါတော့ မပြောတတ်ဘူးကွာ"

"ဘယ်ပြောတတ်မလဲဗျ။ အစ်ကိုကြီးက ရှမ်းခေါက်ဆွဲပဲ ရောင်းနေတာကိုး"

"ဟင်…မင်းပြောပုံဆိုရင် ငါက တစ်ခြားဟာပဲ ပြောင်းရောင်းရမလို ဖြစ်နေပြီ"

ဝိုင်းရယ်မိကြသည်။ သို့သော် ရှုပကတော့ ခပ်တည်တည် ဆိုင်အပြင်ဘက်ဆီသို့သာ မျက်လုံးကစားနေသည်။ လူလှက ဓာတုကို လာရောက်ချဉ်းကပ်ရင်း သူတို့နှင့် ဆုံနိုင်သည်လေ။

သို့သော် လူလှ၏ အရိပ်အယောင်ကိုပင် မတွေ့။ ဓာတုတို့အုပ်စုကိုလည်း အရိပ်အယောင်ပင် မတွေ့။ ဖြစ်ချင်တော့ ဓာတုတို့ အုပ်စုက ရှုပအိမ်သို့ ရောက်နေကြခြင်းဖြစ်သည်။

"ဟင်…သမီးတို့ပါလား။ လာ…လာ သမီးတို့ သူငယ်ချင်းတော့ မရှိဘူး"

သူမတို့ကလည်း ရှုပတို့ရှိနေမှာကို စိုးရိမ်နေကြခြင်းဖြစ်သည်။ သို့သော် ဟန်ကိုယ်ဖို့ ဆိုသော စကားအတိုင်း…

"ဟုတ်လား…ဆိုင်ရောက်နေလို့လား"

"ဆိုင်ကိုလည်း နေ့ခင်းဖက် ပိတ်ထားတယ်ကွယ့်။ ခုတလော ဒီကောင်လေး ခြေရှုည်နေတယ်။ ထိုင်ကြဦး။ ဟော့…ထွေးရီရေ အအေး သုံးခွက် လုပ်ပါဦး"

"အန်ကယ်ကလည်း ရှုံးသွားတယ်ပေါ့"

"ဒါပေါ့ကွယ်"

ဤအိမ်က သူမတို့၏ စားအိမ် သောက်အိမ်ဆိုလျှင်လည်း မမှားပေ။ ရှုပတို့အိမ်က ငြိမ်းချမ်းသည်။ ရှုပ၏အဖေက ရုံးလုပ်ငန်းတစ်ခုမှ အရာရှိကြီးတစ်ယောက်ဖြစ်သည်။ မချမ်းသာသော်လည်း မဆင်းရဲကြ။ ပြည့်ပြည့်စုံစုံ နေနိုင်သည်။ ရှုပအထက်မှာ အစ်မတစ်ယောက်ရှိပြီး အိမ်ထောင်ကျကာ နိုင်ငံခြားရောက်နေသည်။ အားလုံးက ဖော်ရွေသဘောကောင်းကြ၏။

"သမီးတို့ ဘယ်က လှည့်လာကြတာလဲ"

"စာရင်းကိုင်သင်တန်းကလေ…။ ဒီနေ့ အတန်းချိန် နောက်ကျသွားတာနဲ့ မတက်ဖြစ်တော့ဘဲ ဒီဘက်ကို လှည့်လာကြတာ"

"အေး…အေး။ ကဲ…အအေးသောက်လိုက်ကြဦး"

"သောက်တာပေါ့ အန်တီရဲ့…။ အန်တီကို မေးစရာရှိလို့"

“အံမာ…ထူးထူးဆန်းဆန်းပါလား။ ဆိုစမ်းပါဦး…ဘာကိုမေးမှာလဲ”

ရှုပတို့အမေက တက္ကသိုလ်က ကထိကဟောင်းဖြစ်၏။ ဆရာမ ဉာဉ်လေးက မပျောက်သေးသဖြင့် သူ့ကို စာမေးမည်အောက်မေ့ပြီး ငယ်မူငယ်သွေးတွေ တက်ကြွလာသည်။ စကားတွေက ဒေါင်းတင်မောင်းတင်ချီ၍ ပြောရန်ပြင်လာသူ ဓာတုပင်လျှင် အမ်းသွားသည်။

“ပြောလေကွယ်… ဘာများတုန်း”

“ဟိုလေ…အန်တီ ရှုပကို ဘယ်လိုများ မွေးခဲ့တုန်းလို့”

“အမ်…”

ရှုပတို့အမေ အူဝေဝေ ဖြစ်သွားသည်။ မြတ်စုငယ်က…

“ဟဲ့…ဓာတု နင်ကလည်း မေးတာကြီးက ဘယ်လိုကြီးလဲ”

သက်ဝေချိုကလည်း…

“အေးလေ…ဒီလိုပါ အန်တီ”

“ပြောကွယ်”

“အန်တီ့ရဲ့ အတိတ်ဝေဒနာတွေကို သမီးတို့က ပြန်တူးဖော်တာ မဟုတ်ပါဘူး”

“အဲ…”

“အန်တီ့ နှလုံးသားထဲမှာ နှစ်ပေါင်းနှစ်ဆယ်ကျော် နာကျင်ခဲ့ရတာတွေ ရှိနိုင်တယ်ဆိုတာကိုလည်း သမီးတို့ နားလည် ကိုယ်ချင်းစာပါတယ်”

“ဟင်”

“ဒီလိုပေါ့ အန်တီရယ်…။ လောကကြီးမှာ အသစ်လည်း ဆွေးတာပဲ၊ ချစ်လည်း ဝေးရတာပဲ မဟုတ်လား”

“ဘာ…ဘာတွေလဲကွယ့်”

ရှုပတို့အမေက နားမလည်တတ်လောက်အောင် ဖြစ်နေပုံရသည်။ အခြေအနေကို ရိပ်စားမိသော မြတ်စုငယ်က သက်ဝေချိုကို ဝင်ဟန့်လိုက်သည်။

“သက်ဝေရယ်…နင်ပြောမှပဲ ပိုရှုပ်ကုန်တော့တယပဲ။ ဒီလိုပါပဲ အန်တီ”

ရှုပတို့အမေဖြစ်သော ဒေါ်သက်ထားမြင့်က စိတ်မသက်မသာဖြင့်…

“ကဲ…ကဲ ဆိုစမ်းပါဦးကွယ်”

“ရှုပကို မမွေးခင်က အန်တီ ငှက်ပျောသီးအမွှာတို့ ဘာတို့ကို စားမိသေးလား”

“ငယ်ငယ်ကတော့ စားဖူးပါရဲ့ကွယ်။ နောက်တော့လည်း သိပ်တောင် မတွေ့မိ၊ မမြင်မိပါဘူး”

"ကလေးအမွှာ မွေးရင် ကောင်းမှာပဲ ဆိုတာမျိုးကော တွေးမိလားဟင်"

"အိုး...မတွေးမိပါဘူး။ တစ်ယောက်ထဲကိုတောင် ဗိုက်ထဲထည့်လွယ်ထားရတာ ထိုင်ရခက် ထရခက်နဲ့ အရမ်းပင်ပန်းတဲ့ ကိစ္စ"

"အဲဒီကြားထဲက အမွှာမွေးလာတော့ အန်တီပျော်သွားသလား"

ဒေါ်သက်ထားမြင့် မျက်လုံးပြူးသွားသည်။

"ဘယ်ကလာ အမွှာရမှာလဲ...။ ရူပတစ်ယောက်တည်းလေ"

"သေချာရဲ့လား အန်တီရဲ့"

"ဟဲ့...ဘာလို့ မသေချာရမှာလဲ။ ကိုယ်မွေးတာ ကိုယ်သိတာပေါ့"

"ဟုတ်ရဲ့လား အန်တီရယ်"

"ဟယ်...ဟုတ်ပါတယ်ဆို ဒီကလေးမတွေ ဘယ်လိုဖြစ်နေကြပါလိမ့်"

"အန်တီက မီးတွင်းထဲမှာဆိုတော့ အဲဒီ့တုန်းက အဖြစ်အပျက်တွေကို သိချင်မှသိမှာပေါ့။ ကလေးအမွှာမွေးပြီး အန်တီ ရူပ တစ်ယောက်တည်းလို့ ပြောခဲ့တာဆိုရင်ကော"

"အို...တောက်တီးတောက်တဲ့ကွယ်"

ဒေါ်သက်ထားမြင့် အတော်စိတ်ညစ်သွားပုံ ရသည်။ ကိုယ့်ဘာသာ အိမ်ထဲမှာ အငြိမ်းစားကထိက လုပ်နေတာ ကောင်းတိကောင်းရဲ့ ရှိသားနှင့်။ ခုတော့ ဘယ့်နှယ်။

နောက်ဆုံးတော့ ဓာတုကပဲ ဝင်ပြောရတော့သည်။

"ဒီလို အန်တီရေ...။ ရူပနဲ့ တစ်ထေရာတည်းတူတဲ့ တစ်ယောက်ကို သမီးတို့တွေ့ခဲ့လို့"

"ဟေ..."

ဒေါ်သက်ထားမြင့် ကိုယ့်ဘာသာ အငြိမ်းစားကထိက လုပ်နေပါလျက်ကပင် ပါးစပ်အဟောင်းသား ဖြစ်ရပြန်သည်။

"ဟုတ်လား...။ ဘယ်မှာ တွေ့ခဲ့တာလဲ"

"သမီးတို့ သင်တန်းနားမှာ"

"တကယ်ကော တူလို့လား"

"အိုး...တစ်ထေရာတည်းပါ အန်တီရယ်။ ဒီရုပ် ဒီအရပ် ဒီလို အချိုးအစား ဒီအသံပါပဲ။ သမီးတို့ကတောင် ရူပအောက်မေ့ပြီး စကားတွေ ပြောလိုက်သေးတယ်"

"နို့...မဟုတ်ဘူးလား"

"မဟုတ်လို့ပေါ့ အန်တီရဲ့"

“သူက ဘယ်သူလဲ၊ ဘယ်ကလဲ”

“အဲဒါတော့ သမီးတို့လဲ မသိဘူး အန်တီ။ နောက်တစ်ခါတွေ့ရင်တော့ သိအောင်လုပ်ခဲ့မယ်”

“ဒီကိုလဲ ခေါ်လာခဲ့စမ်းပါကွယ်”

“ရရင် ခေါ်ခဲ့မယ် အန်တီရဲ့”

ဒေါ်သက်ထားမြင့်က စိတ်ရှုပ်ထွေးစွာ အဝေးကို ငေးသည်။ သို့သော် နံရံက ခံနေသဖြင့် နံရံကိုပဲ မြင်ရသည်။ သူ့ဘာသာ တစ်ကိုယ်တည်း ပြောသလိုလိုနှင့် ဓာတုတို့ကို ပြောသည်။

“ဘာများလဲ အန်တီ”

သဲလွန်စ ရမလားဟု ဓာတုတို့က အမောတကော ဝင်မေးမိသည်။

“ရုပက အဖေတူသားကွယ့်။ သူ့အဖေနဲ့ တစ်ရုပ်တည်း…။ သူ့အဖေကများ အန်တီနဲ့မဟုတ်ဘဲ နောက်မိန်းမနဲ့ နောက်ကလေးတစ်ယောက် မွေးခဲ့ရင် သူတို့ချင်း တူနိုင်တယ်။ အင်း…ကိုစိုးလွင်…ကိုစိုးလွင် နေနှင့်ဦး။ ရုံးကပြန်လာမှ တွေ့မယ်။ ဟင်း….အငြိမ်းစား ကထိက သက်ထားမြင့်အကြောင်း ဒင်းသိသွားမယ်”

“ဗုဒ္ဓေါ…”

ဓာတုတို့ အမြန်ဆုံး ပြန်လစ်ခဲ့ကြရလေသည်။

ခက်တော့ဖြင့် ခက်ပြီ…။

(၅)

ဘုမသိ ဘမသိ ရုံးမှပြန်လာသော၊ အင်း... ရုံးမှပြန်လာသည်ကတော့ ဘုမသိ ဘမသိ မဟုတ်၊ ရုံးဆင်းချိန်ရောက်၍ ပြန်လာခြင်းဖြစ်သည်။ အိမ်ရောက်မှ ဘုမသိ ဘမသိ ပြဿနာတက်ရခြင်းဖြစ်သည်။ ချစ်ဇနီးက ညိုမှိုင်းသောမျက်နှာနှင့် စောင့်နေသည်။

"ထား... ဘာဖြစ်နေတာလဲ၊ နေမကောင်းဘူးလား"

ဘာမှပြန်မပြော။ လက်ဆွဲအိတ်လာသယ်သော ထွေးရီကို မေးခွန်းထုတ်သော မျက်လုံးများနှင့် ကြည့်တော့ ထွေးရီက အောင်မှတ်မဝင်သော မျက်လုံးများနှင့် ပြန်ကြည့်သွားသည်။ တစ်ခုခုတော့ တစ်ခုခုဟု ဦးစိုးလွင် သိလိုက်လေသည်။ ချစ်ဇနီးကြီး၏ အမူအရာကလည်း ထူးခြားနေသည်ကိုး။

"ထား...ပြောစရာရှိ ပြောလေ...။ ဘာဖြစ်လို့လဲ"

ထိုအခါကျမှ ဒေါ်သက်ထားမြင့်က ဓာတုတို့လာပြောသွားသည့် ကိစ္စကို ပြန်ပြောပြသည်။ ဦးစိုးလွင်ကတော့ တအံ့တသြဖြစ်နေတော့၏။ နောက်ဆုံးမှာ သူ့သုံးသပ်ချက်ကို ဒေါ်သက်ထားမြင့်က တင်သွင်းလာသည်။

"အဲဒါ ရှင် ကျွန်မနဲ့ မဟုတ်ဘဲ တစ်ခြားမိန်းမ တစ်ယောက်နဲ့များ သားရခဲ့ဘူးသေးလား"

"အို…ကျားသားမိုးကြိုးကွာ။ ပေါက်ကရတွေ မတွေးစမ်းပါနဲ့"

"အို…ပေါက်ကရ မဟုတ်ဘူး"

"အေး…ပေါက်ကရမဟုတ်ဘူး၊ ကလေးကလား။ မင်းလို အငြိမ်းစားကထိက တစ်ယောက်က ဒီလို ကလေးကလားတွေ လျှောက်တွေးရသလား"

ဦးစိုးလွင်၏စကားက ဒေါ်သက်ထားမြင့်ကို ချုပ်ကိုင်လိုက်နိုင်သည်။ ဦးစိုးလွင်ကလည်း အလုပ်ကြီးအကိုင်ကြီးလုပ်ကာ ဝန်ထမ်းပေါင်းများစွာကို အုပ်ချုပ်နေသူဖြစ်၍ ပြဿနာများကို ဖြေရှင်းတတ်သည်။ ဒေါ်သက်ထားမြင့်က လေသံကြမ်းချင်လာလျှင် သူကြိုထိန်းတတ်၏။ 'အငြိမ်းစားကထိက ကလည်း စိမ်းစားငါးပိ ကျနေတာပဲ' ဟု နောက်ပြောင်တတ်၏။ ထိုစကားလုံး တွင်ကျယ်သွားမည်ကို ဒေါ်သက်ထားမြင့်ကလည်း လင်မယား ရန်ဖြစ်ရမှာထက် ပိုကြောက်၏။ ဦးစိုးလွင်က အဝတ်အစားလဲပြီး ပြန်ထွက်လာကာ…

"ဒီကိစ္စက နည်းနည်းထူးဆန်းနေတယ်"

ဓာတုတို့အိမ်သို့ ဖုန်းကောက်လှည့်လိုက်၏။ ဒေါ်သက်ထားမြင့်က ဦးစိုးလွင်ကို မသိမသာ အကဲခတ်နေသည်။ သိသိသာသာ အကဲခတ်ရမှာကို ပျင်းသောကြောင့်လားမသိ။

"ဟဲလို…ဓာတုတို့ အိမ်ကပါလား"

တစ်ဖက်မှ ယောကျ်ားသံသြသြကြီး ထွက်လာသည်။

"ဟုတ်ပါတယ်…။ ခု စကားပြောနေတာ ဘယ်သူပါလဲ"

ဦးစိုးလွင် စိတ်ညစ်သွားသည်။ တစ်ဖက်မှ ဖုန်းကိုင်သည်က ဓာတု၏ဖခင် ဦးမျိုးမြင့် ဖြစ်၏။ အောင်မြင်နေသည့် ဝတ်လုံတော်ရ ရှေ့နေတစ်ဦးဖြစ်ပြီး အလွန်လေရှည်သည်။ သူနှင့် စကားပြောသူကို ပါးစပ်ထဲမှာ ပီကေလို ထည့်ဝါးနိုင်၏။ မျောသွား၊ ရှိသမျှ အင်အားလေးတွေ ကုန်ခန်းသွားပြီးမှ သူ၏ စကားပြောဖော်က ပြန်ထွက်ခွင့်ရ၏။

သို့သော် ဦးစိုးလွင်ကလည်း ဦးစိုးလွင်ပါပဲလေ။

"ကိုမျိုးမြင့်လား…ကျွန်တော်စိုးလွင်ပါ"

"သြော်…ဟုတ်ပြီ ဟုတ်ပြီ ကိုစိုးလွင်။ မနေ့ကတောင် ကျွန်တော် ခင်ဗျားတို့ရုံးဘက် ရောက်သေးတယ်။ ကုမ္ပဏီ လွှဲပြောင်းစာချုပ်တစ်ခုအတွက် လိုက်လုပ်ပေးရင်းနဲ့လေ။ ဝင်မလား စဉ်းစားသေးတယ်။ မဝင်ဖြစ်လိုက်ပါဘူးဗျာ…။ တစ်ခြား အပွိုင့်မန့်တွေကလည်း ရှိနေသေးတာကိုး"

"အေးဗျာ…ကျွန်တော်တို့ကလည်း အပွိုင့်မန့်ကိုယ်စီနဲ့ဆိုတော့ အချိန်ကို လုနေကြရတာပါပဲ။ ကျွန်တော်တောင် ခဏကလေးအချိန်ရတုန်းမှာ ဓာတုဆီ ကိစ္စလေးတစ်ခု မေးချင်လို့ ဖုန်းလှမ်းဆက်လိုက်ရတာ"

"ဓာတုကို… ဟုတ်လား"

"ဟုတ်တယ်…ရှိတယ်မဟုတ်လား။ ခဏ ခေါ်ပေးစမ်းပါ"

"ရပါတယ်… ရပါတယ်"

ဦးမျိုးမြင့် လေရှည်ရန် ခက်သွားသည်။ လေသည် ပြည်သူပိုင်ပစ္စည်း ဖြစ်ပြီး သူတစ်ယောက်တည်း၏ ပုဂ္ဂလိကပစ္စည်း မဟုတ်သောကြောင့် ပုဒ်မ ၆/၁ ကိုပြေးမြင်ပြီး ဓာတုကို ခေါ်ပေးလိုက်ရ၏။

"ဟုတ်ကဲ့...ပြောပါ အန်ကယ်လ် ဓာတုပါ"

"အေး... သမီးပြောသွားတယ်ဆိုတဲ့ ရူပနဲ့တူတယ်ဆိုတဲ့ ကောင်လေးဆိုတာလေ...။ အဲဒီအကြောင်း သေသေချာချာ ထပ်ကြားချင်လို့"

"ဩော်...အဲဒါလား"

"အေးကွယ့်...ပြန်ပြောပြစမ်းပါဦး"

ဓာတုက သေသေချာချာ ရှင်းပြလိုက်သည်။ ဒေါ်သက်ထားမြင့်ကို ပြောပြသည်ထက် ပိုစုံစေသည်။ ဦးစိုးလွင် စေ့စပ်တတ်ကြောင်း သိထား၍လည်း ဖြစ်သည်။ ဦးစိုးလွင်က အသေအချာ နားထောင်သည်။ ပြန်မေးသည်။ ဒေါ်သက်ထားမြင့်ကလည်း သိသိသာသာ ခေါင်းညိတ်ရမည်ကို ပျင်းသောကြောင့် မသိမသာဘဲ ခေါင်းညိတ်နေသည်။

"သမီးတို့က အဲဒီကောင်လေးကို ရူပလို့ပဲ တညီတညွတ်တည်း ထင်နေကြတာပေါ့... ဟုတ်လား"

ဓာတုက အကြောင်းအချက်မကျန်ရအောင် ထပ်ပြောပြသည်။

"အင်း...အင်း ဒါ့ထက် သူပြောတဲ့ စကားတွေထဲမှာ ရူပမဟုတ်ကြောင်း ထင်ရတဲ့ အကြောင်းအရာတွေတောင် ပါမလာဘူးလား"

"အာ...လုံးဝမပါဘူး။ တကယ့် ရူပအတိုင်းပဲ။ အန်ကယ်တို့ အန်တီတို့ အကြောင်းတောင် ပါသေးတယ်။ သမီးနဲ့က အအေးထိုင်သောက်ရင်း တော်တော်ကြာအောင် စကားပြောဖြစ်တာဆိုတော့ ပိုအံ့သြမိတယ်။ ရူပ မဟုတ်ရင်လည်း သမီးက ရိပ်မိရမှာ...။ အခုလုံးဝ မရိပ်မိဘူး"

"သမီးက ဘာအကြောင်းကို အဓိက ပြောသလဲ"

"ခဏလေးနော် အန်ကယ်လ်"

ဓာတုက (ဒေါ်သက်ထားမြင့်လိုပဲ မသိမသာနားထောင်နေပုံရသည့်) သူ့အဖေ ဦးမျိုးမြင့်အား...

"ဖေဖေ သမီးကို ဟိုနေ့က လိုက်နှောင့်ယှက်တာ ခု ခြံရှေ့က ဖြတ်သွားတဲ့ကောင်လေးတွေပေါ့"

ဦးမျိုးမြင့် ခြံရှေ့ထွက်သွားပုံ ရသည်။ ထိုအခါကျမှ ဓာတုက...

"သူကချည်းပဲပြောတာ များပါတယ် အန်ကယ်လ်။ သမီးက နားထောင်ရုံပေါ့"

"အေးလေ...ဘာအကြောင်း အဓိက ပြောသလဲလို့"

"လူအိုစကားတော့ မဟုတ်ဘူးလေ အန်ကယ်လ်ရဲ့"

"ဟေ..."

"လူအိုစကားတော့ မဟုတ်ဘူးလို့"

ထိုအခါကျမှပင် ဦးစိုးလွင် သဘောပေါက်သွားပြီး တဟားဟား ထရယ်သည်။ ဓာတုနှင့်ဆိုလျှင် ရှုပကို အားတောင်ပေးရဦးမည်။ သို့သော် ခက်သွားသည်က ထိုသတ္တဝါသည် ရှုပ မဟုတ်ဆိုတော့…

"လူပျိုစကားပြောတာကို သမီးက ဘယ်လို ပြန်ပြောလိုက်သလဲ"

"စဉ်းစားပါ့မယ်ပေါ့"

"အင်း…အဲဒါ"

နည်းနည်းပါးပါးဆက်ပြောပြီးမှ မှာစရာကလေးတွေ မှာပြီး ဦးစိုးလွင် ဖုန်းချလိုက်သည်။

ဒေါ်သက်ထားမြင့်ဘက်သို့လှည့်၍…

"တော်တော် ထူးခြားတဲ့ကိစ္စပဲ ထားရဲ့"

ဒေါ်သက်ထားမြင့်က ဘာမှပြန်မပြော။ ထိုအချိန်အထိတော့ သူ့ပါးစပ်ကို အငြိမ်းစားပေးထားသည်။

"သားရောက်လာရင် ကိုယ့်အခန်းကို ခဏလွှတ်လိုက်၊ ပြောစရာရှိတယ်လို့…။ ဟုတ်လား"

ဒေါ်သက်ထားမြင့် ပါးစပ်က ချက်ချင်းပင် လုပ်ငန်းခွင်ပြန်ဝင်တော့၏။

"ဘာကိစ္စ ရှင့်အခန်းထဲ လွှတ်ရမှာလဲ။ ပြောစရာရှိရင် ဧည့်ခန်းမှာပဲပြော။ ပွင့်ပွင့်လင်းလင်းပေါ့။ ကျွန်မလည်း နားထောင်မှာပေါ့"

ဦးစိုးလွင် စိတ်ပျက်လက်ပျက်နှင့် အော်ရယ်လေသည်။

"ဩော်…ထားရယ် ကိုယ်က မဟုတ်တာ ဘာမှမလုပ်ပါဘူး။ ဧည့်ခန်းထဲမှာ ထားကို ဘေးထားပြီးပြောဆိုလည်း ပြောပါ့မယ်။ မိသားစု သုံးယောက် တိုင်ပင်ကြတာပေါ့"

ဦးစိုးလွင်က အခန်းထဲ ဝင်သွားသည်။ နားဦးမည် ထင်သည်။ ဒေါ်သက်ထားမြင့်ကတော့ မနားနိုင်။ ရှုပပြန်အလာကို စောင့်ပြီး စိတ်စောနေသည်။

ည ခုနှစ်နာရီခွဲလောက်မှာမှ ရှုပက ဆိုင်သိမ်းပြီး ပြန်ရောက်လာသည်။ ဒင်းက ရေမိုးချိုးသေး၏။ ပြီးမိသားစု ထမင်းစားကြ၏။ ထမင်းဝိုင်းမှာ ဦးစိုးလွင်က ဘာမှမပြော။ လက်ဖက်သုတ်တစ်ပန်းကန်ကို ခလယ်မှာချပြီး သုံးယောက်သား စကားပြောကြ၏။

"သားက ဖေဖေတို့ကို ပြန်မပြောဘူးကိုး"

"ဘာလဲဖေဖေ"

"မင်းနဲ့ တစ်ထေရာတည်းတူတဲ့ ကောင်လေးတစ်ယောက်က မင်းအယောင်ဆောင်ပြီး ဓာတုကို ရည်းစားစကားပြောလို့ဆို"

"ဩော်…ဖေဖေတို့က ဘယ်လိုလုပ် သိသလဲ"

"ဓာတု ပြောတာပေါ့ကွ။ ကဲ…မင်းဘက်က ပြောစမ်းပါဦး"

ရူပက သူ့ဘက်မှ တွေ့ကြုံသမျှကို ပြန်ပြောပြသည်။ ရွှေရောင်ဝတ်စုံကြီးနှင့် ဓာတု၏ ခေါက်ထီးအကြောင်းကိုတော့ ချန်လှပ်ထားခဲ့သည်။

ဦးစိုးလွင်က နဖူးကြော ရှုံ့ပြီး စဉ်းစားသည်။ ရူပကလည်း ထိုကိစ္စအပေါ် ဘဝင်မကျနိုင်ဖြစ်နေဆဲ။ ဒေါ်သက်ထားမြင့်ကလည်း အတွေးရ ကြပ်နေသည်။ အတန်ကြာမှ ဦးစိုးလွင်က…

"ရုပ်တူတာတို့ အသံတူတာတို့ ဘာညာကို ဖြစ်တတ်ပါတယ်ဆိုပြီး ဖယ်ထားလိုက်ဦး။ အခုကောင်လေးက မင်းအဖြစ်နဲ့ကို တရင်းတနှီးကို ပြောဆို ဆက်ဆံသွားတာ အံ့ဩစရာပဲ"

"ဟုတ်တယ် ဖေဖေ။ ဓာတုတို့ဆိုတာက သားမဟုတ်ရင် ချက်ချင်းရိပ်မိရမယ့် လူတွေကြီးပဲ"

"ကဲ…မေမေ အကြံပေးမယ်ကွယ်"

ဒေါ်သက်ထားမြင့်က သူ့အစီအစဉ်ကို ပြော၏။

"မင်း ခဏ ခရီးထွက်လိုက် သား။ ဓာတုက အဖြေပြန်ပေးမယ်လို့ ပြောထားတော့ အဲဒီကောင်လေးက လာနိုင်သေးတယ်။ အဲဒါကို စောင့်ဖမ်းရမှာပဲ။ မင်းက နယ်ကနေပြီး အိမ်ကိုလည်းဖုန်းဆက်၊ ဓာတုနဲ့ သူငယ်ချင်းတွေကိုလည်း ဖုန်းဆက်။ မင်းဒီမှာ မရှိဘူးဆိုတဲ့ သဘောပဲ။ အဲဒါဆို တစ်ချက်ရှင်းသွားမယ်"

ဦးစိုးလွင်ကလည်း 'အေး…အဲဒါ ကောင်းတယ်' ဟုပြောသည်။

## (၆)

လမ်းဘေးတစ်ဖက်တစ်ချက်မှာက အပြိုင်းအရိုင်း ရှင်သန်နေသော သစ်ပင်အိုကြီးတွေ၊ လယ်ကွင်းတွေကို ဖြတ်ပြီးမြင်နေရသည်က ထန်းပင်စုစုများ၊ မြေရနံ့တို့ကပင်လျှင် ရန်ကုန်နှင့် မတူသလို တမူကွဲပြားစွာ ရှူရှိုက်ခံစားရ၏။ ရူပ တောင်ငူမှာ ဆင်းလိုက်သည်။

အလုအယက် ဝိုင်းအုံလာသော ဆိုက်ကားများကို လက်ကာတားရင်း အုပ်ထဲမှ လုထွက်ရ၏။

"ဆရာ ဘယ်သွားမလဲ။ ခရီးဆောင်အိတ် ကျွန်တော့်ကိုပေး"

အားလုံးကို ငြင်းဆန်ရင်း နီးရာစားသောက်ဆိုင်တစ်ခုထဲသို့ အရင်ဝင်ရ၏။ လမ်းခရီးက ဆိုင်များမှာ စားရတာ အဆင်မပြေလှ။ တို့ကနန်း ဆိတ်ကနန်းသာ စားလာခဲ့သဖြင့် ခုတော့ ဗိုက်ဆာပြီ။

ဗိုက်ဖြည့်အပြီးမှာ သူအရင်ဆုံး သတိရလိုက်မိသည်က ဓာတု...။

ကောင်တာမှ တယ်လီဖုန်းဆီ လျှောက်သွားလိုက်သည်။

"ရန်ကုန်ကို ဖုန်းပြောချင်တယ်"

ကောင်တာမှ အမျိုးသမီးက...

"ရတယ်"

ကံက ကောင်းသည်ဟု ဆိုရမည်ဖြစ်သည်။ ဖုန်းက တိုက်ရိုက်တန်းဝင်သွားသည်။

"ဟဲလို...သက်လျာဓာတုနဲ့ စကားပြောချင်လို့ပါ"

ဓာတု၏ နာမည်အပြည့်အစုံက သက်လျာဓာတုဖြစ်၏။ ကိုစောငြိမ်း၏ သီချင်းစာသားထဲမှ ယူထားခြင်းဖြစ်သည်ဟု သိရသည်။ သက်လျာမျိုးမြင့် မဖြစ်လိုက်၍ တော်ပါသေးသည်။

တစ်ဖက်မှ အမျိုးသမီးအသံကို ထိုသို့သာကြားရပြီး ခဏ အသံတိတ်သွားသည်။ နောက်မှ...

"ဟဲလို...ပြောပါ"

"ဓာတုလား"

"ဟုတ်ပါတယ်"

"ငါပါ... ရူပ"

"သြော်...အေး ပြော"

ရေခြားမြေခြားမှ ဓာတုအသံလေးကို ကြားလိုက်ရတာ နှလုံးသားထဲ နွေးထွေးသွားသလို ခံစားရသည်။

"ငါ အခု တောင်ငူက ဆက်နေတာ"

"ဟင်...နင်က တောင်ငူကို ဘာသွားလုပ်တာလဲ"

"သြော်...တောင်ငူဘုရင်လို သက်လျာဓာတုကို သွားလွမ်းတာပါ"

"လဲသေလိုက်။ အခု နင် နင့်ရန်ကုန်အိမ်ကပဲ ဆက်နေတာ မဟုတ်လား"

"မဟုတ်ဘူး။ တောင်ငူကို တကယ်ရောက်နေတာ"

"ဘာသွားလုပ်တာလဲ။ သြော်.... အဲ မဖြေနဲ့တော့၊ မဖြေနဲ့တော့။ တော်ကြာ ခုနက အဖြေကို ထပ်ကြားချင်တယ် ထင်နေဦးမယ်"

ရူပ ခပ်တိုးတိုး ရယ်မိသည်။

"ကိစ္စတစ်ခုကြောင့် ဆိုပါတော့ဟာ...။ အဲဒါကို ထားလိုက်ပါဦး။ နင် ဟိုနေ့က ငါ့ကို အရမ်းစိတ်ဆိုးသွားလား"

"အဟင်း....အဲဒီတုန်းကတော့ ဆိုးတာပေါ့။ နောက်တော့ မဆိုးတော့ပါဘူး"

"စိတ်ဆိုးတယ်ဆိုရင်လည်း ငါက တောင်းပန်ပါတယ်ဟာ"

"ဟင့်အင်း...ငါကသာ တောင်းပန်ရမှာပါ"

"ဘာဖြစ်လို့"

"နင်က ငါ့ကို တော်ကောက်ချင်တယ် မဟုတ်လား"

"အာ..."

"တော်ကောက်ချင်တဲ့ ရှင်ဘုရင်ကို ရွှေထီးနဲ့ခေါက်ရမယ့်အစား ခေါက်ထီးနဲ့ ခေါက်လိုက်မိလို့"

"ဟာ...နင်ကလည်း"

ဓာတု၏ ရယ်သံလွင်လွင်လေးကို ကြားရ၏။ ရူပကလည်း လိုက်ရယ်ဖြစ်သည်။

"နင် တောင်ငူမှာ ဘယ်နှစ်ရက်ကြာမှာလဲ"

"နင်စဉ်းစားချိန်ရအောင် တစ်ပတ်ဆယ်ရက်ပါပဲ"

"ငါက ဘာကို စဉ်းစားရမှာလဲ"

"ငါတော်ကောက်တာကို လက်ခံ မခံပေါ့"

"အောင်မာ...လူပါးဝလို့"

"ဓာတုနော်...ငါတစ်ကယ်ပြောတာ။ ငါမဟုတ်တဲ့လူကိုတောင် ငါအောက်မေ့ပြီး ဦးစားပေးစဉ်းစားမယ်တို့၊ အမြန်ဆုံးအဖြေပေးမယ်တို့ နင်ပြောခဲ့သေးတာပဲဟာ"

"အမယ်လေး..လေး။ အဲဒီကိစ္စကြီးကို ပြန်မပြောစမ်းပါနဲ့ဟာ.... ကျော့ချမ်းလွန်းလို့"

"ဒါပေမဲ့ ဘာပဲဖြစ်ဖြစ်လေ...။ နင် သူ့ကို ပြောခဲ့တဲ့စကားတွေဟာ ငါ့ကို ပြောတဲ့စကားတွေလို့ပဲ ငါသတ်မှတ်တယ်။ အဲဒီတော့...."

"ကိုယ်တော် ဆက်မပြောနဲ့တော့"

"နင်လက်ခံပြီ ဆိုပါတော့"

"ဘာကိုလဲ"

"ငါ တော်ကောက်တာကိုလေ"

"အလို...လာ လာ ချည်သေး"

"နင် ငါ့ကို တစ်ခါတည်း အဖြေပြန်ပေးလိုက်ပြီပဲ။ ငါတော်ကောက်တာကို လက်ခံလို့ နင်က ငါ့ကို ကိုယ်တော်လို့ တရိုတသေ ခေါ်တာပေါ့နော်"

"ဘာ နင်နော်"

ရူပ ရယ်မိ၏။ မခံချိ မခံသာ ဖြစ်နေမည့် ဓာတု၏ မျက်နှာလှလှလေးကိုလည်း အာရုံထဲမှာ မြင်နေမိသည်။ ဒီကောင်မလေးကို စရနောက်ရတာ ဘာနှင့်မှ မတူအောင် ပျော်စရာကောင်းသည်။

"ငါက စက်ဘီးပစ္စည်းရောင်းတဲ့ကောင် ဆိုတော့ နင်နဲ့ အတူနေချင်တာပေါ့ဟာ"

"ဘာဆိုင်လို့လဲ"

"စက်ဘီးဆိုတာ ခြေနင်းတစ်ဖက်တည်းနဲ့ သွားလို့ မရဘူးလေဟာ။ ခြေနင်းနှစ်ဘက်ရှိမှ ရတာ။ နင်နဲ့ ငါနဲ့ ပေါင်းစည်းပြီး ဘဝကြီးထဲကို ခရီးထွက်ကြတာပေါ့"

"နင် တော်တော်စကားတတ်နေပါလား။ နေပါဦး...နင်နဲ့ ငါနဲ့ ဟိုးငယ်ငယ်ကတည်းက အတူတူသွားလာ စားသောက်နေခဲ့တာ။ ခုမှ နင့်စိတ်တွေ ဘယ်လိုပြောင်းသွားလဲ"

"ဆယ်တန်းအောင်ပြီးကတည်းက ငါနင့်ကို ကြိုက်နေတာဟ။ အဲဒီတုန်းကတည်းက ရည်းစားစကားပြောမလို့ပဲ။ တက္ကသိုလ်တက်လိုက်ရလို့ မပြောဖြစ်လိုက်တာ"

"တစ်မျိုးပါလား"

"ခုမှ တက္ကသိုလ်ဆိုတဲ့ အဝိုင်းကြီးကို ပတ်ပြီး နင့်ဆီကို ဂငယ်ကွေ့ ပြန်ကွေ့လာတာ"

"အဲဒီကြားထဲမှာ ငါက သူများနောက်ပါသွားရင်ကော"

"အဲလိုတော့ ဘယ်ရမလဲ။ အဲဒီအခါကျတော့လည်း ငါက မီးနီပြပြီး တားမှာပေါ့"

"နင် စက်ဘီးပစ္စည်းရောင်းလို့ပဲ၊ အာကာသယာဉ်ပစ္စည်းရောင်းရင် ဘယ်လိုနေမယ် မသိပါဘူး"

"ဘာကိုပဲရောင်းရောင်းဟာ နင့်ကိုတော့ချစ်မှာပဲ"

"ကဲ...တော်တော့ တော်တော့။ နင်ဖုန်းဖိုးတွေ သိပ်ကုန်နေမယ်။ ငါလည်း အိမ်မှာ အလုပ်တွေရှိသေးတယ်"

"အေး..အေး။ ဩော်... ဒါနဲ့ ဓာတု"

"ဘာလဲ"

"နင့်ဆီ နောက်တစ်ခါ လူလှလာရင်..."

"ဘာ...ဘယ်က လူလှလဲ"

"ငါ အတုလေဟာ...။ ငါက ရုပ်ဆိုတော့ သူ့ကို လူလှလို့ အမည်ပေးထားတာ"

"ကြံကြံဖန်ဖန်ဟာ"

"အေး...အဲဒီကောင် နင့်ဆီထပ်ရောက်လာရင် သတိထားဦးနော်။ ဒီတစ်ခါ မမှားစေနဲ့"

"အေးပါ"

"တတ်နိုင်ရင်လည်း စုံစမ်း..စမ်း။ ခြေရာခံစမ်းပါ"

"အေးပါ...ငါသိပါတယ်"

"နောက်ပြီး...အခုငါဖုန်းဆက်တော့ လာကိုင်တာ ဘယ်သူလဲ"

"မေမေလေ"

“သြော်…”

ခဏအကြာမှ ဖုန်းချလိုက်သည်။ ဦးမျိုးမြင့် မရှိနေ၍ တော်သေးသည်။ ဓာတုတို့အမေ ဒေါ်ကလျာက ဦးမျိုးမြင့်နှင့် ဆန့်ကျင်ဘက်၊ အလွန် စကားနည်းသည်။

ဆိုင်ထဲမှ ထွက်ပြီး ဆိုက်ကားငှားတော့….

“ဟာ…ဆရာ ဘယ်လို ဖြစ်လာတာလဲ”

ဆိုက်ကားသမားလေးက သူ့ကို မျက်လုံးပြူးနှင့်မေးသည်.

“ဘာလဲ…. ဘာဖြစ်လို့လဲ”

သူကလည်း မျက်လုံးပြူးနှင့် ပြန်မေးလိုက်သည်။

“အခု ဘယ်သွားမလို့လဲ”

“ဟော်တယ်တစ်ခုခုကို”

“မနေ့က ကျွန်တော်ပို့ပေးခဲ့တဲ့ ဟော်တယ်ကို သဘောမကျလို့လား”

“အာ…မဟုတ်တာ။ ငါက အခုမှ ဒီမြို့ကိုရောက်တာပါဟ။ စောစောကမှ အဝေးပြေးကားပေါ်က ဆင်းလာတာ။ မင်းလူမှားနေပြီ”

“ဆရာကလည်း နောက်နေပြန်ပြီ။ ဆရာ့အိတ်ကို ကျွန်တော်ပဲ ဟော်တယ်ထဲ ထမ်းပို့ပေးတာ။ ကောင်တာမှာတောင် ဟိုတယ်ဝန်ထမ်းတွေက ဆရာ့ကို နောက်နေသေးတယ်။ ဆရာ့နာမည် ရှုပဆိုတော့ ဓာတုကလျာဆီ လာတာလားလို့လေ”

“ဟေ…”

ရှုပ ပါးစပ်အဟောင်းသား ဖြစ်သွားရ၏။ သွေးကြောတွေလည်း ဖျင်းကနဲ ဖြစ်သွားသည်။ လူလု ခွေးမသား ဒီကောင်က ကြိုရောက်နေပြီ။

ဘာလုပ်မလဲ…

ဘာလုပ်မလဲ…

ဘာလုပ်မလဲ…

“ကဲ…အဲဒီဟော်တယ်ကို ဆရာသဘောမကျဘူးဆိုရင် တစ်ခြားဟော်တယ်ကို ကျွန်တော်ပို့ပေးမယ်။ တက်…တက် အိတ်ကို ကျွန်တော်တင်မယ်”

ဆိုက်ကားပေါ် တက်ထိုင်လိုက်ပြီးမှ…

“မင်းမနေ့က ပို့ပေးခဲ့တဲ့ ဟော်တယ်ကို မင်းမှတ်မိတယ် မဟုတ်လား”

“မှတ်မိပါတယ် ဆရာရဲ့”

"အေး...အဲဒီဟော်တယ်နဲ့ အနီးဆုံးဟော်တယ်ကို သွားမယ်"

"ရတယ်ဆရာ...။ အဲဒီ မျက်စောင်းထိုးနားက ဟော်တယ်ကို ပို့ပေးမယ်"

"ကောင်းပြီ"

ဟော်တယ်ရောက်ပြီး အခန်းထဲမှာ အနားယူ လဲလျောင်းကာ ခဏစဉ်းစားသည်။ ထို့နောက်မှ ဝန်ထမ်းတစ်ယောက်ကို ခေါ်ပြီး လူလု တည်းခိုနေသည့် မျက်စောင်းထိုး ဟော်တယ်ကို ညွှန်ပြကာ...

"အဲဒီ ဟော်တယ်ရဲ့ ဖုန်းနံပါတ်ကို သိသလား"

"ဟုတ်ကဲ့"

"အေး...ပေးစမ်းပါကွာ။ အဲဒီမှာ ငါ့အသိတစ်ယောက် တည်းနေလို့"

ဖုန်းနံပါတ်ရပြီးတော့....

"ရပြီ... မင်းလုပ်စရာရှိတာ သွားလုပ်။ ငါ အခန်းထဲကဖုန်းနဲ့ ဆက်မယ်"

"ဟုတ်ကဲ့ ဆရာ"

ထိုဝန်ထမ်း ထွက်သွားပြီးမှ ဖုန်းနံပါတ်ကို နှိပ်ပြီး...

"ဟဲလို....'...............' ဟိုတယ်ကပါလား"

"ဟုတ်ပါတယ်"

"အဲဒီမှာ မနေ့က လာတည်းတဲ့ ရန်ကုန်က ဧည့်သည် ရူပနဲ့ စကားပြောချင်လို့ပါ"

"ခု စကားပြောနေတာ ဘယ်သူပါလဲ"

"ရန်ကုန်ကပဲ၊ သူ့အသိပါ"

"အခုရန်ကုန်က ဆက်တာလား"

"အာ...ကျွတ်"

ကိုယ်က စိတ်လောနေသည့်ကြားထဲ တစ်ဖက်မှ အမေးအမြန်းထူနေသဖြင့် ရူပ မကျေမနပ် စုတ်သပ်လိုက်မိသည်။ တစ်ဖက်မှလည်း ရိပ်မိသည်။

"ခဏနော်"

တစ်ဖက်မှ ဖုန်းသံ တိတ်သွားသည်။ ပြီးမှ တစ်ခြားတစ်ယောက် လာကိုင်သည်။

"ဟုတ်ကဲ့...ကျွန်တော် ဒီဟိုတယ်က မန်နေဂျာပါ"

"ဟုတ်ကဲ့...ကျွန်တော် ရူပနဲ့ တွေ့ချင်လို့ပါ"

“ဒီကိစ္စကို ဝန်ထမ်းက ပြောပြလို့ ကျွန်တော်သိပြီးပါပြီ။ ကိုရူပရဲ့ အသိဆိုရင် ကျွန်တော်တို့ကတောင် ပြန်မေးစရာလေးတွေ ရှိနေလို့ပါ”

ဘာလဲဟ၊ ဘာတွေဖြစ်ပြန်ပြီလဲ။ စိတ်ထွေပြားစရာတွေကိုချည်း ကြုံနေရသည်။

“ဘာများ မေးမလို့ပါလဲ ခင်ဗျာ”

“ကိုရူပဟာ ကျွန်တော်တို့ဆီ တည်းခိုနေရာကနေ ထူးထူးဆန်းဆန်း ပျောက်ဆုံးသွားပါတယ်”

“ဗျာ...”

“ဟုတ်ပါတယ်...။ မနေ့ကပဲ ရောက်လာပြီး၊ ဒီမနက်ကျတော့ မရှိတော့ပါဘူး”

“သူ့ပစ္စည်းတွေရော...”

“ဘာမှ မကျန်ခဲ့ပါဘူး”

“သူထွက်သွားတာကို ခင်ဗျားတို့ ဘယ်သူမှ မသိလိုက်ဘူးလား”

“မသိလိုက်ပါဘူး”

“မဟုတ်ဘူးလေ...။ မှတ်ပုံတင်ကို ဘယ်လိုပြန်ယူသွားလဲ”

“အစကတည်းက ကျွန်တော်တို့ဆီမှာ မှတ်ပုံတင် မအပ်ရသေးဘူးဗျ။ ခရီးဆောင်အိတ်ထဲ ရောက်နေတယ်တဲ့...။ ထုတ်ရခက်လို့ မနက်ကျမှပဲ ယူတော့တဲ့။ သူက တစ်ပတ်ဆယ်ရက် တည်းမှာတဲ့”

“ဗျာ”

လူပါးဝတဲ့ လူလှ။ သူက ကိုယ့်လိုပဲ တစ်ပတ်ဆယ်ရက် တည်းမှာတဲ့လား။

“နေဦး...။ သူ့မှတ်ပုံတင်ကတ်ကို မယူရသေးပေမဲ့ သူ့မှတ်ပုံတင်နံပါတ်ကိုတော့ ယူထားလိုက်မှာပေါ့”

“ဒါကတော့ ယူထားရပါတယ်”

“ကျေးဇူးပြုပြီး အဲဒီနံပါတ်လေး တဆိတ်ရွတ်ပြလို့ ရမလား”

“ခဏ စောင့်ပါ”

နောက်မှ....

သူ့မှတ်ပုံတင် နံပါတ်က ................ လို့ပေးသွားတယ်။

“ဗျာ...”

ရူပ၏ လက်ထဲမှ ဖုန်းခွက် လွတ်ကျသွားသည်။

ဟိုကောင်လူလှ ပေးသွားသည့် မှတ်ပုံတင်နံပါတ်က သူ့မှတ်ပုံတင်နံပါတ် ဖြစ်နေသည်။ တစ်လုံးမှ မလွဲ။

ဖုန်းဆက်ပြောချင်စိတ်လည်း မရှိတော့။ ဖုန်းခွက်ကို ပြန်တင်ထားလိုက်သည်။ အိပ်ရာပေါ် ပစ်လှဲရင်း နဖူးပေါ်လက်တင်ကာ စဉ်းစားနေလိုက်သည်။

ဘာလုပ်မလဲ…

ဘာလုပ်မလဲ……

ဘာလုပ်မလဲ………။

နောက်တော့ ဖုန်းခွက်ကိုမပြီး ဖုန်းနံပါတ်တွေကို နှိပ်လိုက်သည်။ ဒီတစ်ခါကတော့ ရန်ကုန်အိမ်ဆီကို…။ ဖေ့ဖေ့ဆီ…။

(၇)

သူ့စကားအဆုံးမှာ အားလုံးက မျက်နှာအမူအရာ အမျိုးမျိုး ပြောင်းလဲသွားကြလေသည်။ ပင့်သက်ရှိုက်သူရှိုက်၊ သက်ပြင်းချသူချ။ သူ့ဆိုင်ကလေးထဲမှ လေတွေပင် ကမောက်ကမ ဖြစ်သွားသည်။

"မင်းကိစ္စက သိပ်တော့ မလွယ်တော့ဘူးကွ"

"အေး...အပြက် အပြက်နဲ့ နှာခေါင်းသွေးထွက်မယ်နော်"

ရဲဝင်းမြင့်နှင့် သိန်းဇော်ဝင်းက ထိုသို့ မှတ်ချက်ချ၏။

မြတ်စုငယ်ကလည်း...

"ရူပရယ်...နင့်အစား ငါ ရင်မောလိုက်တာ"

"ဟုတ်တယ် ရူပရယ်... ရဲတိုင်ရင်လည်း တိုင်ပါလား။ အယောင်ဆောင်မှု မြောက်မှာပေါ့"

သက်ဝေချို၏ စကားကို ရူပက ခေါင်းညိတ်ပြသော်လည်း လိုက်လံအကောင်အထည်ဖော်မည့်ပုံမျိုး မရှိ။ ရဲဝင်းမြင့်က...

"ဟုတ်သားပဲ...။ သက်ဝေပြောသလို ရဲကို တိုင်ရင် တိုင်ထားပါလား"

“သိပ် အဆင်မပြေလှဘူးကွ”

သိန်းဇော်ဝင်းက မျက်မှောင်ကြုတ်လျက် ဝင်မေးသည်။

“ဘာဖြစ်လို့ အဆင်မပြေတာလဲကွ”

“မင်းတို့ ငါတို့ ဓာတုတို့ကို ရဲက အကုန်ခေါ်စစ်ဦးမှာ”

“အင်း…အင်း”

“နောက်ပြီး တောင်ငူဟိုတယ်က လူတွေ…။ ရှုပ်တယ်၊ ကိစ္စက ကျယ်ကုန်မယ်”

“အင်း…”

“နောက်ပြီး ရဲတွေကရော ငါနဲ့ လူလှကို ခွဲနိုင်ပါ့မလား။ ငါလွတ်လွတ်လပ်လပ် လှုပ်ရှားနိုင်မှ ဖြစ်မှာ။ နို့မို့ဆိုရင် ရဲရဲ့ ညွှန်ကြားချက်အတိုင်း သွားလာနေရပြီး ငါပါ ခြေချုပ်ပြန်ကျနေမယ်”

“အင်း..”

ရှုပက စကားကို ဆက်မပြောတော့ချေ။ အားလုံးငြိမ်သက်သွားကြသည်။ ခဏအကြာမှ သက်ဝေချိုက…

“အေးလေ…နင်ပြောတာလည်း ဟုတ်ပါတယ်”

ရဲဝင်းမြင့်က…

“အဲဒါဆို မင်းဘာလုပ်မလဲ”

“လောလောဆယ်ကတော့ကွာ”

“အင်း”

“ခုနက မင်းတို့လိုပဲ ပင့်သက်ရှိုက်မယ်၊ ပြီးရင် သက်ပြင်းချမယ်။ ဘဲစားဘဲကြေပေါ့”

ခပ်သဲ့သဲ့ ရယ်ကြလေသည်။ သို့သော် ရယ်သံများက အသက်မပါ။

“တောင်ငူကနေ အဲဒီအကြောင်းတွေကို မင်း လှမ်းဖုန်းဆက်တော့ မင်းအဖေ မျက်လုံးပြူးသွားမှာပေါ့”

“အပဟင်း…။ အေးပေါ့ မျက်လုံးပြူးသွားတာပေါ့”

“ဖုန်းထဲကနေ နင်ကမြင်ရလို့လား”

“မြင်တယ်ဟေ့… မြင်တယ်။ ငါ့အဖေရဲ့ မျက်လုံးက ရန်ကုန်ကနေ တောင်ငူအထိ လှမ်းပြူးတာ”

“အင်း…မျက်လုံးမို့လို့ တော်ပါသေးတယ်”

ရယ်မောလိုက်ကြပြန်သည်။ သက်ဝေချိုက…

“ကဲ…ကဲ ရယ်မနေကြနဲ့ဦး၊ ဘယ်လိုလုပ်ရင်ကောင်းမယ် ဆိုတာ ဝိုင်းစဉ်းစားလိုက်ကြဦး”

မြတ်စုငယ်ကလည်း...

“ရှုပ”

“ဟင်”

“နင် ဒီအခြေအနေတွေပေါ်မှာ စိတ်လှုပ်ရှားနေသလား”

“အင်း...အထိုက်အလျောက်တော့ ရှိတာပေါ့ဟာ”

“နင် လူလှကို မကြောက်ဘူးလား”

“ဟင့်အင်း”

“တကယ်လား”

“တကယ်ပေါ့။ စိတ်ဝင်စားမှုတော့ရှိတယ်”

ရဲဝင်းမြင့်က တွေးတွေးဆဆနှင့် အကြံပေးလာသည်။ ထောက်ပြသည်ဟု ပြောလျှင် ပိုမှန်မည်။

“မင်းတောင်ငူမှာ ကတည်းက ဟိုကောင့်ကို အမိဖမ်းလိုက်ရင် ကောင်းမှာကွ”

သိန်းဇော်ဝင်းက လက်ခံလိုဟန် မရှိ။

“ဘာဖြစ်လို့”

“တောင်ငူက ကျဉ်းပါတယ်ကွ၊ ရန်ကုန်ထက် စာရင်ပေါ့။ ရထားဂိတ်၊ ကားဂိတ်တွေမှာ ပိတ်ဖမ်းရင် မိနိုင်တယ်”

“မင်းဘိုးအေ...လူလှက လစ်ထွက်သွားပြီးပြီဆိုတော့မှ အဲဒီလို လုပ်လည်း အပိုပေါ့ကွ။ နောက်ပြီး ရထားတွေ၊ အဝေးပြေးကားတွေ မစီးဘဲ သူ့အစီအစဉ်နဲ့ သူ ထွက်သွားရင်ကော ဘာတတ်နိုင်မှာလဲ”

ရဲဝင်းမြင့် ဘာမှဆက်မပြောတော့။ မေးစေ့ကို လက်နှင့်ပွတ်ရင်း စဉ်းစားနေသည်။ ရှုပက...

“ငါလည်း အဲဒီတုန်းက တောင်ငူမှာတင် ဒီကောင့်ကို အမိဖမ်းမလို့ကွ၊ သွေးက အရမ်းပူသွားတယ်လေ။ ဒါပေမဲ့ သေသေချာချာ စဉ်းစားကြည့်တော့ ရန်ကုန် ပြန်လိုက်တာ ပိုကောင်းတယ်ဆိုတဲ့အဖြေ ထွက်လာတယ်။ ဒီလိုကွာ...”

“အင်း...ဆိုစမ်းပါဦး”

“ရှင်းသွားတာ တစ်ချက်ရှိတယ်။ လူလှရဲ့ ဦးတည်ချက်က ဓာတုကိုမဟုတ်ဘူး။ ငါ့ကိုပဲ ဖြစ်နေတယ်”

“အေး...ဟုတ်တယ်”

“ငါ ရန်ကုန်ကို ပြန်ဆင်းရင် ဒီကောင်လည်း ပြန်ရောက်လာမှာပဲ။ သူများ ရပ်ရွာမှာထက်စာရင် ကိုယ့်ရပ်ရွာမှာက ဒီကောင့်ကို ခွင်ဆင်ပြီး ဖမ်းရလွယ်တယ်။ ဟိုမှာဆိုရင်ငါကတောင် သူ့သတ်ကွင်းထဲ

ဝင်သလို ဖြစ်နေဦးမယ်။ ငါက သူ့ကို မသိပေမယ့် သူက ငါ့ကို ကြိုသိနေတာ။ ငါ့မှာတောင် အန္တရာယ်ရှိနိုင်သေးတယ်"

"အဲဒါကြောင့် ဖေဖေ့ကို အကျိုးအကြောင်းပြောပြီး ရန်ကုန်ကို နောက်နေ့မနက်မှာပဲ ချက်ချင်း ပြန်ဆင်းလာတာ"

"အန်ကယ်လ်ကလည်း မင်းနဲ့ တစ်သဘောတည်းပဲပေါ့"

"အေး"

"အန်တီကကော ဘာပြောလဲ"

"သူကလည်း ပြန်လာခိုင်းတာပေါ့။ မေမေ အကြောင်းပြတာတွေက ရယ်ရတယ်"

"ဘာတဲ့လဲ"

"ဟိုကောင် လူလုက ဟိုတယ်က ပစ္စည်းတွေကို ခိုးသွားခဲ့ရင် ငါက အချောင် အဖမ်းခံနေရမယ်တဲ့"

"အဟဲ...အဟက်...ဟုတ်တာပဲ"

"နောက်ပြီး ငါ့ဆိုင်က ပစ္စည်းတွေကို ငါ့အယောင်ဆောင်ပြီး ထုတ်ယူသွားရင် ခက်ဦးမယ်။ ပြန်သာလာ...တဲ့"

"မှန်တာပဲ... သူစိတ်ပူပုံက တစ်မျိုး"

ခပ်တိုးတိုး ရယ်လိုက်ကြသည်။ ဈေးဝယ်သူတစ်ယောက် ရောက်လာသဖြင့် စကားစ ပြတ်သွားကြသည်။

ရူပ၏ ဆိုင်အတွင်းမှာ ဖြစ်သည်။ အောင်ဆန်းဦးနှင့် ဓာတုမှလွဲလျှင် ကျန်သူ အားလုံး လူစုံနေကြခြင်းဖြစ်သည်။ ရူပ၏ ကိစ္စကို ကိုယ့်ကိစ္စလို သဘောထားရင်း သောကပွေနေရခြင်းဖြစ်သည်။ ဈေးဝယ်သူ ထွက်သွားပြီး ရူပ သူတို့ဆီ ပြန်လျှောက်လာတော့ မြတ်စုငယ်က...

"ရူပ"

"ဟင်"

"နင် ချက်ချင်းပြန်ရောက်လာတာကို ဓာတုသိပြီးပြီလား"

"ငါ ရန်ကုန်ရောက်ရောက်ချင်း သူ့ဆီဖုန်းဆက်တာပဲ။ သူ ဘုရားဖူးထွက်သွားတယ်လို့ ပြောတယ်လေ...။ သုံးရက် ကြာမယ်တဲ့။ အဲဒါနဲ့ ငါလည်း ငါပြန်ရောက်နေပြီ ဆိုတာကိုပဲ မှာခဲ့တယ်"

"ဦးမျိုးမြင့်ကိုလား"

"ငါ မှာချင်တာကို မှာဖို့ အချိန်ရတယ် ဆိုကတည်းက ဒေါ်ကလျာကိုပေါ့ကွာ"

ရယ်ဖြစ်ကြပြန်သည်။ သည်တစ်ခါတော့ ရယ်ကြသည့်အထဲမှာ သက်ဝေချိုမပါ။ ရယ်သံများကိုလည်း သူမ၏ နားထဲမှာ ချိုလွင်ပုံမရ။

“နင်တို့ကလည်း ရယ်ပဲ ရယ်နေကြတာပဲ။ ရယ်ရမဲ့အချိန် ကျနေတာပဲ”

ရဲဝင်းမြင့်က…

“ဟ…ဘာဖြစ်လို့လဲဟ”

“ဒီမှာ ရှုပကိစ္စက ကြောက်စရာကြီး။ အလေးအနက် ထားကြစမ်းပါ”

ထိုစကားကို ရှုပကပဲ ဖြေရှင်းပေးပါသည်။

“ဟုတ်ပါတယ် သက်ဝေရဲ့…။ ဒါပေမဲ့ ငါတို့နားလည်ထားရမှာက ရှိတယ်လေ။ လူ့စိတ်ဆိုတာ လေထီးနဲ့ တူတယ်ဟ။ အလုပ်လုပ်တော့မယ်ဆိုရင် အရင်ဆုံး ပွင့်သွားဖို့ လိုတယ်။ အခု ငါတို့ရဲ့စိတ်တွေ ပွင့်နေဖို့ အတွက် ရယ်ရယ်မောမော နေကြတာပါ။ ဒါမှ တို့စိတ်၊ တို့ဉာဏ်တွေ အလုပ်လုပ်နိုင်မှာကိုး”

“အေးပါ…အေးပါ။ နင်စိတ်ရှည်တာကို ငါကလည်း အံ့သြပြီး ချီးကျူးပါတယ်”

ရှုပက တည်ကြည်စွာ ပြန်ပြောသည်။ မျက်လုံးအစုံက အရောင်တောက်လျက်…။

“လူတစ်ယောက် အရမ်း အခက်အခဲတွေ့တဲ့ အချိန်ဟာ အဲဒီလူအတွက် အရမ်းစိတ်ရှည်ရမယ့် အချိန်ပဲလေဟာ”

အားလုံး တိတ်ဆိတ်သွားကြပြန်သည်။

(၈)

"ဓာတု"

ခေါ်သော်လည်း ဓာတုက ချက်ချင်းမှာ ကြားပုံမပေါ်။ သူမ၏ အနားသို့ ကပျာကယာပြေးကပ်သွားလိုက်ပြီး ကပ်ခေါ်လိုက်သည်။

"ဓာတု"

ထိုအခါကျမှ ကြားသွားပြီး လှည့်ကြည့်၏။

"ဟင်"

ဓာတုက အာမေဋိတ်သံပြုပြီး ခန္ဓာကိုယ်တစ်ခုလုံးကိုလည်း ဆတ်ခနဲ တောင့်တင်းသွားသည်။

"ဓာတု နင်ဘယ်သွားမလို့လဲ"

ရူပ၏ စကားကို ဓာတုက မည်သို့မှ မတုန့်ပြန်ပါ။ ရူပကိုသာ ခပ်စူးစူးပြန်ကြည့်နေသည်။

"ဟဲ့... ဓာတု၊ နင်ဘာဖြစ်နေတာလဲ"

"ရူပ… နင် ခုနက ဟိုဘက်ကို ဘာသွားလုပ်တာလဲ"

"ဘယ်ဘက်ကိုလဲ"

"ဒီဘက်ကိုလေ"

ဓာတုက အရှေ့ဘက်ကို လက်ညှိုးညွှန်ပြသည်။ အနော်ရထာလမ်း တောက်လျှောက်ကို ဖြစ်သည်။

"အာ…မသွားပါဘူးဟာ"

"သွားပါတယ်…။ ငါကိုယ်တိုင် မြင်လိုက်တာ"

"အဲဒါဆိုလည်း ခေါ်လိုက်ရောပေါ့"

"ခေါ်တာပဲ…။ နင်မှ မကြားတာ"

"နင် ခေါ်သေးလို့လား"

"အေး"

"ငါ လုံးဝကို မကြားလိုက်တာဟ"

ဓာတုက အကဲခတ်သလို ကြည့်ပြီး…

"ဘာသွားလုပ်တာလဲ"

"ဟာ…ဟိုဟာလေ"

ရူပက အဖြေရ ကြပ်နေသည်။

"ပြောလေ"

"ဘာရယ် မဟုတ်ပါဘူးဟာ…ဒီလိုပဲ ဟိုငေး ဒီငေး လျှောက်သွားနေတာ"

"ခု ဘယ်လိုလုပ် ဒီနားပြန်ရောက်နေတာလဲ"

"ဟိုလှည့် ဒီလှည့်နဲ့ပဲ ပြန်ရောက်လာတာပေါ့ဟ။ နေပါဦး… နင် ကကော သင်တန်းချိန် မဟုတ်ဘဲ ဘာကိစ္စ ဒီနားကို ရောက်နေတာလဲ"

"ငါ ဘုရားဖူးသွားတုန်းက လွတ်သွားတဲ့ စာတွေကို တစ်ခြားဆက်ရှင်မှာ လာပြန်တက်တာ"

"သြော်…အဲဒါကြောင့် မြတ်စုငယ်တို့ သက်ဝေတို့ မပါတာကိုး"

"အေး"

"ဒါများဟာ…သူတို့ကို ပြန်ပြခိုင်းလိုက် ပြီးတာပဲ"

"မရလို့ပေါ့… ဒါတွေထားစမ်းပါ။ ငါ အအေးသောက်မလို့"

"အေး…သောက်မယ်လေ"

သူတို့ အအေးရသည့်ဆိုင်ထဲသို့ ဝင်ခဲ့ကြသည်။ ဝါသနာပါ၍ ရှမ်းခေါက်ဆွဲရောင်းနေပုံရသော တရုတ်ကြီး၏ ဆိုင်သို့ဖြစ်၏။ တရုတ်ကြီးက သူတို့ကို အကဲခတ်သလို ထိုင်ရာကမထ ကြည့်နေသည်။ ရူပက…

"အစ်ကိုကြီး…သစ်ခွနှစ်ခွက်"

ဆိုင်ရှင် တရုတ်ကြီး (ဝါ) အစ်ကိုကြီးက ယပ်ခတ်နေလျက်ကပင် ခေါင်းညိတ်ပြရင်း စားပွဲထိုးလေးတွေကို ထိုင်ရာမထ ပြန်ခိုင်းသည်။ အအေးခွက်များ ရောက်လာပြီးနောက်…

"ဓာတု…နင့်သင်တန်းက ပြီးသွားပြီလား။ အခုမှ တက်ရမှာလား"

"ပြီးသွားတာ။ အိမ်ပြန်ဖို့ပဲ ရှိတော့တယ်"

"ဩော်…ဒါဆို အေးအေးဆေးဆေး စကားပြောလို့ ရတာပေါ့"

"အင်း…နင် ခဏထိုင်နေဦး၊ ငါဖုန်းဆက်စရာ ရှိသေးတယ်"

"အေး…သွား…သွား"

ဓာတုက ကောင်တာမှာ ဖုန်းသွားဆက်သည်။ ဝါသနာပါ၍ ယပ်ခတ်နေပုံရသော ဆိုင်ရှင်အစ်ကိုကြီးက မျက်နှာလွှဲနေပေး၏။ ဓာတုဖုန်းဆက်တာက မြန်တော့မြန်သည်။ သို့သော် နှစ်ခါဆက်ခြင်းဖြစ်၍ နည်းနည်းတော့ကြာသည်။ ဝိုင်းဆီပြန်လာပြီး အအေးခွက်ကို အာခြောက်ပြေအောင် မော့သောက်၏။ ကြီးလာမှ သူမသည် အအေးခွက်ကို ငယ်ငယ်တုန်းကလို စုတ်မသောက်တော့ချေ။

"ပိုက်နဲ့သောက်ပါလား ဓာတုရာ"

"အားမရဘူး"

ထိုသို့ပြောပြီး စကားစက တုံးတိတိကြီး ပြတ်သွားသည်။ အတန်ကြာမှ ရူပက…

"ဘုရားဖူးသွားတာ ပျော်ခဲ့ရဲ့လား"

"ဒီလိုပါပဲ"

"ဘာပဲပြောပြော စိတ်ကြည်လင်လာမှာပေါ့"

စကားစ ပြတ်သွားကြပြန်သည်။ ဘယ်လိုကြီးမှန်းလည်းမသိ။ သူနှင့် သူမတို့ ဆက်ဆံရေးက တောင့်တောင့်ကြီးဖြစ်နေသည်။

"ဓာတု"

"ဟင်…"

"ငါ့ကို နင် ဘယ်လို သဘောထားလဲ"

"ဘာကို မေးတာလဲ"

"နင်ကလည်းဟာ... သိရဲ့သားနဲ့"

ခတုက ဘာမှပြန်မပြော။ ထိုအချိန်မှာပဲ...

"ဟာ..."

ရူပ အံ့သြတကြီး ဖြစ်သွားပုံရ၍...

"ဘာလဲ"

"ဖေဖေပါလား"

ရူပက ထိုင်ရာမှ ထမည့်ဟန် ပြုသည်။ သို့သော် ထမရ။ ဝါသနာပါ၍ ယပ်တောင်ခတ်နေပုံရသော ဆိုင်ရှင် အစ်ကိုကြီးက ယပ်တောင်ကို ချထားခဲ့ပြီး သူ့ပုခုံးနှစ်ဖက်ကို လက်နှင့် လာဖိထားသောကြောင့် ဖြစ်သည်။ အမှန်တော့ သူ့လက်တစ်ဖက်တည်းနှင့် ဖိလျှင်ပင် ရူပ အတော်ပိနေလောက်ပါပြီ။ ခုတော့ လက်ကြီးနှစ်ဖက်လုံးနှင့် ဖိထားခြင်းဖြစ်၍ ရူပခမျာ အသက်ရှူ၍မရ။

"ဟ ဘာ...ဘာလုပ်တာလဲ"

"ထိုင်နေ"

ဦးစိုးလွင်က ဆိုင်ထဲသို့ အမောတကော ရောက်လာသည်။ ခတုက ထိုင်နေရာမှ ထရပ်ကာ...

"သူပဲ အန်ကယ်လ်၊ သူပဲ"

ဦးစိုးလွင်က ရူပကို စေ့စေ့စူးစူးကြည့်၍။ မယုံကြည်နိုင်ဟန်ဖြင့်...

"သမီး...သေချာရဲ့လား"

"သေချာပါတယ် ဦးရယ်"

"အင်း...ဒါဆိုရင်တော့ တော်တော်တူတာပဲ"

အာ ဒုက္ခပါပဲ။

သူ့ကို လူလှနှင့် မှားနေကြသည်ဖြစ်ကြောင်း ရူပ နားလည်လိုက်၏။

"ဟာ...ဖေဖေတို့ မှားနေကြပြီ၊ ကျွန်တော် ရူပ အစစ်ပါ ဖေဖေရဲ့"

အားလုံးက သူ့စကားကို ဂရုမထား။ ဦးစိုးလွင်က...

"အင်း...ဟုတ်တယ် ဟုတ်တယ်။ တော်တော့်ကို တူတယ်"

ရူပက အတော်စိတ်အိုက်လာသဖြင့်...

"ဘယ်သူနဲ့တူရမှာတုန်း"

"ငါ့သား ရူပနဲ့"

“ဟာ…ရူပပဲဟာ ရူပနဲ့တူမှာပေါ့ ဖေဖေရဲ့”

“တော်စမ်း”

ဦးစိုးလွင်က စကားမပြောနဲ့ဟူသော အမူသဘောဖြင့် ရူပကို လက်ညှိုးရမ်းပြသည်။ အူကြောင်ကြောင် ရူပကလည်း နာမည်နှင့်လိုက်အောင် အူကြောင်ကြောင်ဖြစ်ပြီး ပါးစပ်ပိတ်ထားလိုက်၏။

ဦးစိုးလွင်က ရူပကို ရှေ့နောက်ဝဲယာ လှည့်ပတ်ကြည့်၏။ ခေါင်းတဆတ်ဆတ်ညိတ်ပြီး မှတ်ချက်လည်း ချ၏။

“ဒီလောက်တူတာ အံ့သြဖို့ကောင်းတယ်”

ရူပ ထအော်လိုက်သည်။

“တူတာ မဟုတ်ဘူး ဖေဖေရဲ့၊ ဟုတ်တာ…။ ကျွန်တော် ရူပပဲ ဟာကို…”

ဦးစိုးလွင်က စကားမပြောနဲ့ဟူသော အမူသဘောဖြင့် ရူပကို လက်ညှိုးရမ်းပြပြန်သည်။ အူကြောင်ကြောင် ရူပကလည်း နာမည်နှင့်လိုက်အောင် အူကြောင်ကြောင်ဖြစ်ပြီး ပါးစပ်ပိတ်ထားရပြန်သည်။

ထိုအချိန်မှာပဲ…

“ဟော…အန်တီပါ ရောက်လာပြီ”

ဓာတုက အော်လိုက်ခြင်းဖြစ်သည်။ ဆိုင်ထဲသို့ ဒေါ်သက်ထားမြင့်က အပြေးတပိုင်း ရောက်ရှိလာသည်။ ရူပကိုမြင်တော့….

“ဘုရားရေ…”

ထို့နောက် ဦးစိုးလွင်ဘက်သို့ လှည့်ကာ…

“ကိုစိုးလွင် ရှင် ဘယ်လိုလုပ်လိုက်တာလဲ”

ရူပ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားသည်။ ဦးစိုးလွင်က နဝေတိမ်တောင်ဖြစ်သွားပြီး…

“ဘာလုပ်လို့လဲ”

“သူ့ကို ရဲလက်မအပ်သေးဘဲ ဘာလုပ်နေတာလဲ”

“အပ်မှာပါကွာ…။ အသေအချာ စစ်ဆေးနေတာ”

ရူပ အတော်စိတ်ပိန်သွားရပြန်လေသည်။

“အို… ရဲလက်ကို အပ်လိုက်တော့။ စခန်းရောက်မှ ဆက်မေး”

“အင်း…အဲဒီလို ဆိုတော့ကာ”

ဦးစိုးလွင်ကလည်း ရဲဆီအပ်ဖို့ အစီအစဉ်ကို ခေါင်းထဲမှာဆွဲသွင်းလိုက်ခြင်း ဖြစ်ပါသည်။ သို့သော် ဒေါ်သက်ထားမြင့်က သည်းမခံနိုင်။

"ရှင် ဘာကိစ္စ အချိန်ဆွဲနေတာလဲ။ သူနဲ့ ရှင်နဲ့ ဘာပတ်သက်လို့ ရှင် ရဲလက် မအပ်ရဲတာလဲ"

ဒီတစ်ခါ စိတ်ပိန်ရသူက ဦးစိုးလွင်ဖြစ်၏။

"အေး...အေး အပ်ပါမယ်ကွာ၊ အပ်ပါ့မယ်။ ငါနဲ့ ဘာမှ မပတ်သက်ပါဘူး။ မင်းကလည်းတမော့င့်"

ဒေါ်သက်ထားမြင့်က ဦးစိုးလွင်ကို တစ်ချက်စေ့ကြည့်ပြီးမှ ရူပဘက်လှည့်၍...

"မင်းက ဘယ်သူလဲ"

"                    "

"မင်းမိဘတွေက ဘာလုပ်သလဲ"

"                    "

"မင်း မိဘတွေနာမည် ပြောစမ်း"

"                    "

"မင်း ဘာကိစ္စ မေးနေတာကို မဖြေရတာလဲ"

"                    "

နောက်မှ ဒေါ်သက်ထားမြင့်က ဦးစိုးလွင်၏ လက်ညှိုးကြီးကို မြင်သွား၏။ ဦးစိုးလွင်ကလည်း ရူပကို လက်ညှိုးတရမ်းရမ်းဖြင့် လှည့်ပတ် အကဲခတ်နေဆဲ...

"ဩော်...ကိုစိုးလွင် ရှင့်လက်ချက်ကိုး"

"ဘာလဲဟ"

"ရှင်က သူ့ကို ဘာကိစ္စ ကျွန်မမေးတာတွေကို မဖြေခိုင်းတာလဲ"

"ဟ အဲဒီသဘော မဟုတ်ပါဘူး"

"ရှင် လှမ်းလှမ်းတားနေတာပဲ။ ပြောစမ်း... ရှင်နဲ့ သူနဲ့ ဘယ်လိုပတ်သက်သလဲ"

"ဟာ...ငါ့နှယ် ဒုက္ခပါပဲကွာ"

"ရှင် ဘာပြောချင်သေးသလဲ"

"ဟ မပြောပါဘူးကွာ။ ကဲ...မေး မေး။ မင်းဘာသာ မေး"

ဒေါ်သက်ထားမြင့်က အစမှပြန်မေးသဖြင့် ရူပက အစမှ ပြန်ဖြေသည်။

"မင်းက ဘယ်သူလဲ"

"ရူပ"

“မင်း ဘယ်မှာနေလဲ”

“မရမ်းကုန်းမှာ”

“မင်းမိဘတွေက ဘာလုပ်လဲ”

“အဖေက ညွှန်ချုပ်၊ အမေက အငြိမ်းစားကထိက”

“မင်း မိဘနာမည်တွေက”

“ဦးစိုးလွင် ဒေါ်သက်ထားမြင့်”

ဒေါ်သက်ထားမြင့် တအံ့တသြ ရေရွတ်၏။

“အတော်တူတာပဲ…။ ဒီအထိတောင် တူတယ်”

ရူပက ဘုမ္မတ်မိတော့၏။

“ဘာတူရမှာလဲ…ရူပပါဆို”

တစ်ဆက်တည်းမှာ ဓာတုကိုလည်း လှည့်ပြောလိုက်၏။

“ဓာတုကလည်း ဘာမှ အားမကိုးရဘူး၊ တလွဲတွေလုပ်တယ်။ ဘာလဲ…နင်က ငါ့ကို လူလှထင်နေလို့လား။ ဟုတ်လား..”

လူလှဟူသော အသုံးအနှုန်းကြောင့် ဓာတု တစ်ချက်အမ်းသွားသည်။ သို့သော်…

“ဟုတ်တယ်”

ခပ်တင်းတင်းပဲ ပြန်ဖြေ၏။

“ငါ လူလှ မဟုတ်ဘူးဟ၊ ရူပမှ ရူပအစစ်”

“လျှောက် ပြောမနေနဲ့၊ ရူပက တောင်ငူသွားတယ်”

“ပြန်ရောက်လာပြီဟ”

“ရူပက ငါ့ကို တောင်ငူရောက်ရောက်ချင်း လှမ်းဖုန်းဆက်ပြီးသား။ သူ ဟိုမှာ တစ်ပတ်ဆယ်ရက် ကြာမယ်တဲ့။ သူ့ဟန်ဆောင်တဲ့နင်လာရင် ဖမ်းပေးထားတဲ့”

“ဟဲ့ ငါက နောက်တစ်နေ့ညမှာပဲ ပြန်ရောက်လာတာ”

“အဲဒါဆိုရင် ငါ့ကို ဖုန်းပြန်ဆက်မှာပေါ့”

“ဆက်ပါတယ်…နင့်အမေ ဒေါ်ကလျာနဲ့တွေ့တယ်။ နင် ဘုရားဖူးသွားတယ်တဲ့။ နင့်ဆွေမျိုးတွေနဲ့တဲ့။ အဲဒါနဲ့ ငါမှာခဲ့တယ်…ငါပြန်ရောက်ကြောင်း ပြောလိုက်ပါလို့”

ဓာတု ဇဝေဇဝါဖြစ်သွားပြီး ဦးစိုးလွင် ဒေါ်သက်ထားမြင့်ကို လှည့်ကြည့်သည်။ ဦးစိုးလွင်က…

"ဟုတ်တော့ ဟုတ်တယ် သမီးရဲ့။ ရူပ နောက်နေ့ညမှာ ပြန်ရောက်လာတယ်။"

"ရှင်"

ဒေါ်သက်ထားမြင့်က ဝင်မေးသည်။

"သမီးက သူ့ကို လမ်းပေါ်မှာ တွေ့လိုက်တယ်။ သူက သမီးကို မမြင်ဘူး။ သမီးခေါ်သံကို ကြားတော့ ဟိုကြည့်ဒီကြည့် ကြည့်သေးတယ်။ သမီးကို မမြင်ဘဲ ဆက်လျှောက်သွားတယ်"

"အင်း...ဆက်စမ်းပါဦး"

"နောက်မှ တစ်ခါ သူနဲ့ ပြန်ဆုံတယ်။ သူပြန်ကွေ့လာလို့ရတဲ့ အချိန် မဟုတ်ဘူး။ သမီးက မေးတော့ ဖြီးဖြန်းပြီး ပြန်ဖြေနေတယ်။ အဲဒါကြောင့် ရူပမဟုတ်ဘူးလို့ ဆုံးဖြတ်လိုက်တာ"

ရူပက ဝင်အော်၏

"ဟာ...ဒါဆို နင် ပထမမြင်လိုက်တာ လူလှဖြစ်မယ်။ ငါမဟုတ်ဘူး"

ဒေါ်သက်ထားမြင့်က ဓာတုကို...

"သမီး ဘယ်က လူလှလဲကွယ့်"

"ရူပအတုကို လူလှလို့ နာမည် ပေးထားကြတာ"

ဒေါ်သက်ထားမြင့်၏ မျက်နှာက ရူပဘက်သို့ပြန်လှည့်ကာ...

"မင်းက ငါ့သား ရူပဆိုရင် ဆိုစမ်း။ မနက်က ငါ ဘုရားရှိခိုးတာ ဘယ်လိုခိုးလဲ"

ရူပက စိတ်ပျက်သောအမူအရာဖြင့် မျက်နှာလွှဲသွား၏။

"ဟဲ့...ပြောလေ"

"အထွေအထူး ပြောနေရဦးမှာလား။ မေမေပဲ တရပ်ကွက်လုံး ကြားအောင် အစိန္တေယျ၊ အစိန္တေယျ လုပ်နေပြီး..."

"အဲ"

ဒေါ်သက်ထားမြင့်က ရှိုးတိုး ရှန်းတန်း ဖြစ်သွားပြီး...

"တစ်ရပ်ကွက်လုံးတော့ မကြားပါဘူးဟယ်"

"အို...လုံခြုံရေးကင်းတဲက ကိုသောင်းရွှေတောင် လန့်လို့တဲ့။ ထွက်အလာ လမ်းမှာတွေ့တော့ ပြောတယ်"

ဦးစိုးလွင်က မျက်မှောင်ကြုတ်လျက်...

"ကဲ...ထားပါတော့။ မင်းက ရူပဆိုရင် ဒီထွက်မလာခင် အိမ်မှာ ငါ့ကို ဘာပြောလဲ"

"မုန့်ဖိုးတောင်းတယ်"

"ငါက ဘာပြောလဲ"

"ကိုယ့်ဆိုင်ရှိရဲ့သားနဲ့ ကိုယ့်ဆိုင်ကငွေ ကိုယ်သုံးပေါ့တဲ့"

"မင်းက ဘာပြန်ပြောလဲ"

"အဖေ့ဆီမှာ သားကမုန့်ဖိုးတောင်းတာ ဘာဖြစ်လဲလို့"

"အဲဒီတော့ ငါကပေးလား"

"ပေးတယ်"

"ဘယ်လောက်လဲ"

"ငါးထောင်...။ တစ်ရာတန် အုပ်လိုက်။ ဖေဖေ့ တစ်သောင်းအုပ်ထဲက ခွဲပေးလိုက်တာ"

"အဲဒီ ပိုက်ဆံ မင်းမှာ ရှိသေးလား"

"သုံးတောင် မသုံးရသေးဘူး"

"ပြစမ်း"

ရူပက သူ့အင်္ကျီအိတ်ထဲမှ ငါးထောင်ကို ထုတ်ပြ၏။ ဦးစိုးလွင်က အင်္ကျီအိတ်ထဲမှ တစ်သောင်းထုပ်ကို ထုတ်ပြီး နံပါတ်ကို တိုက်ကြည့်၏။

"အင်း...ဟုတ်တယ်။ ဒါဆိုရင် ငါတို့သား ရူပပဲ"

"ရှင်"

"ရှန်"

ဒေါ်သက်ထားမြင့်နှင့် ဓာတုတို့၏ အသံဖြစ်၏။ ဝါသနာပါ၍ သူများပုခုံးကို လက်နှင့် လာဖိထားပုံရသော ဆိုင်ရှင်တရုတ်ကြီးကလည်း အင်း....ဟု သံရှည်ဆွဲကာ ရေရွတ်၏။

ထိုအခါကျမှ ပေါက်ကွဲသူက ရူပဖြစ်လေသည်။

"ဓာတုရယ် လုပ်ရက်လိုက်တာ။ လူလုကိုတော့ လွှတ်လိုက်ပြီး ငါ့ကိုတော့ ဖမ်းထားတယ်"

"အဲ ဟိုလေ နင် ပြန်ရောက်နေတာကို ငါမှ မသိဘဲ"

"နင့်အမေကို ငါသေသေချာချာမှာခဲ့သားပဲ"

"ငါ့အမေ စကားနည်းတာကို နင်လည်းသိရဲ့သားနဲ့"

"စကားနည်းတာတော့ နည်းတာပေါ့ဟဲ့။ မှာတာကတော့ ပြန်ပြောမှပေါ့ဟဲ့"

ဖခင်ဖြစ်သူနှင့် မိခင်ဖြစ်သူဘက် လှည့်မဲပြန်သည်။

"ဖေဖေနဲ့ မေမေတို့ကလည်း ကောင်းလိုက်ကြတာနော်။ သားကို ရဲလက်အပ်ကြမလို့တဲ့"

"ဟဲ့"

"အဲ...ဟို"

"မာတာပီတ မိနှင့်ဖ ဆို"

"ဟဲ့"

"အနတ္တဂုဏ်ရည် ကျေးဇူးရှင်တွေဆို"

"ဟဲ့"

"အဲ...ဟို"

ဆိုင်ရှင်တရုတ်ကြီးက လွှတ်ပေးလိုက်ပြီဖြစ်၍ လွတ်လပ်စွာ လှုပ်ရှားနိုင်ပြီဖြစ်သော ရှုပက မတ်တပ်ထရပ်ပြီး ပုဆိုးတိုကို ပြင်ဝတ်၏။ အင်္ကျီလက်ကို ပင့်တင်၏။ ဆိုင်ရှင်တရုတ်ကြီးက လန့်သွားပြီး...

"မင်း ဘာလုပ်မလို့လဲ"

"ငိုမလို့။ အရမ်းကြေကွဲနေတယ်"

ကုလားထိုင်ပေါ် ဆောင့်ကြောင့်ပြန်တက်ထိုင်ကာ ပါးစပ်ဟ၍ ငိုရန်ပြင်သည်။ ပါးစပ်ကပြဲသွားပြီး မျက်ရည်သုတ်ရန် လက်ကမြှောက်သွားသော်လည်း ဦးစိုးလွင်က ကပျာကယာ တားလိုက်နိုင်သည်။

"မ...မငိုပါနဲ့ သားရယ်။ ဒီလောက် အကြောင်းကြောင်းနိုင်ရင် ဖေ့ဖေ့သား ရှုပဆိုတာ ယုံပါပြီ"

ရှုပ ထိုင်ခုံပေါ်မှ ပြန်ဆင်းပြီး...

"မုန့်ဖိုးတွေ ပြန်ပေး"

သူ့ပိုက်ဆံတော့ သူမမေ့။ ဦးစိုးလွင်၏ တိုက်ပုံ အင်္ကျီထဲမှ ပိုက်ဆံများကို ပြန်နှိုက်ယူပြီး တစ်ချိုးတည်း ထွက်သွားတော့၏။ အားလုံး ပြုံးတမဲ့မဲ့နှင့် ငေးကြည့် ကျန်ရစ်ခဲ့ကြ၏။ အတန်ကြာမှ ဦးစိုးလွင်က ...

"ငါ့သား ရှုပဆိုတာ သေချာသထက် သေချာသွားပြန်ပြီကွာ"

"ဘာဖြစ်လို့လဲ"

"သူ့ငါးထောင်ထုပ်ကို မယူဘဲ တစ်သောင်းထုပ်ကို ယူသွားတယ်"

ခတုလည်း မထိန်းနိုင်တော့ဘဲ တစ်ဘက်သို့လှည့်၍ ရယ်မိလေသည်။

(၉ / က)

ဓာတုက ပြန်ပြောပြတော့ မြတ်စုငယ်နှင့် သက်ဝေချိုတို့မှာ ရယ်လိုက်ရတာ အတောမသတ်။ ဓာတုကလည်း စိတ်ညစ်ညစ်နှင့် လိုက်ရယ်မိသည်။ ရယ်၍ အားရမှ သက်ဝေချိုက...

"ကိစ္စက အဲဒီမှာပဲ ပြီးသွားလား"

"နည်းနည်းတော့ နောက်ဆက်တွဲတွေ ကျန်ရစ်ခဲ့တာပေါ့ဟ"

"ပြောပါဦး... ဘာတွေများလဲ"

"ဩော်...ဆိုင်ရှင် တရုတ်ကြီးက ငါတို့ကိုလည်း နည်းနည်းစိတ်ဆိုးတာပေါ့ဟာ။ အဓိက အန်ကယ်လ် ဦးစိုးလွင်ကို ဦးတည်ပြောတော့တာပေါ့။ ဆရာကြီးက မသေချာဘူးလား...။ ဘာညာပေါ့ဟာ...။ သူက ရှုပကို ဖမ်းပေးထားရတာကိုး"

"အေးပေါ့...အေးပေါ့"

"နောက်ပြီး... သူ့ဆိုင်ထဲမှာ ရုတ်ရုတ် ရုတ်ရုတ် ဖြစ်ရတော့ သိပ်မကောင်းဘူးပေါ့ဟာ။ ဖောက်သည်တွေကို မိတ်ပျက်ရတယ်ပေါ့။ သူက ရှုပကိုလည်း ခင်နေတာဟ။ ရှုပကို သူ ဘယ်လို မျက်နှာပြရပါ့မလဲပေါ့"

"အဲဒီတော့..."

"ဦးစိုးလွင်က ပြောတတ်ဆိုတတ်ပါတယ်။ တရုတ်ကြီးကို ကြေလည်အောင် ပြောဆိုနိုင်ပါတယ်"

"တော်သေးတာပေါ့"

"မတော်သေးဘူးဟေ့...မြားဦးက ငါ့ဆီကိုပါ လှည့်လာပြန်ရော"

"ဟင်...ဟုတ်လား"

"အေး...ကိုယ့်ရည်းစားကိုတောင် ကိုယ့်ဘာသာ မမှတ်မိဘူးလားတဲ့"

"ဟယ်တော့"

ရယ်ကြရပြန်သည်။

"ငါလည်း မျက်နှာပူလိုက်တာဟာ"

"အန်ကယ်တို့ အန်တီတို့ကကော ဘာပြောလဲ"

"အကုန်လုံး သွားဖြဲလေးတွေနဲ့ ရယ်ပြနေကြရတာပေါ့ဟာ"

"အေးလေ...။ အဲဒီလိုပဲ လုပ်နေရတော့မှာပေါ့"

မြတ်စုငယ်၏မှတ်ချက်ကြောင့် ခတု တွန့်ကနဲ ဖြစ်သွားပြီး...

"ငါက ရူပရဲ့ ရည်းစားမဟုတ်ပါဘူးနော်"

"ခုမဟုတ်လည်း နောင်ဟုတ်လာတော့မှာပဲဟာ"

"သွားစမ်းပါ"

"ဘာလဲ...ငြင်းလွှတ်မှာလား။ အဖြေလှလှလေး ပြန်ပေးမှာလား"

"ခေါင်းထဲမှာ ဘာမှတောင် မရှိဘူး"

"နှလုံးသားထဲမှာ ရှိဖို့ပဲ လိုပါတယ်။ ဒါပေမဲ့ တစ်ခုတော့ ရှိတယ်"

"ဘာလဲ...ဘာပြောဦးမှာလဲ"

ရူပကို အဖြေမပေးမိဘဲ လူလှကို သွားပေးမိမှ ခက်နေဦးမယ်"

သက်ဝေချိုကလည်း 'အေးလေ...ဟုတ်တယ်' ဟု ထောက်ခံ၏။ ခတုက...

"အဲ့ဒီ ကိစ္စကို ငါ သိပ်အယုံအကြည် မရှိပါဘူးဟာ"

"ဘာကို အယုံအကြည် မရှိတာလဲ"

"ရူပ ဉာဏ်ဆင်နေတာလို့"

မြတ်စုငယ်နှင့် သက်ဝေချိုတို့ မျက်လုံးဝိုင်းသွားသည်။

"ဘာကြောင့် အဲဒီလို ထင်ရတာလဲ"

"ဟိုနေ့က ငါ့ကို ရည်းစားစကားလာပြောတဲ့နေ့က ပထမ တစ်ခေါက် လာတာလည်း သူပဲ။ ဒုတိယ တစ်ခေါက်လာတာလည်း သူပဲလို့ ငါထင်တယ်"

"ဟင်... ဘာဖြစ်လို့လဲ"

"တို့က သူပြောသမျှ ယုံနေရတာလေ"

"ဟို အောင်ဆန်းဦးတို့၊ သိန်းဇော်ဝင်းတို့၊ ရဲဝင်းမြင့်တို့ကလည်း ပြောတယ်လေ"

"အိုး...သူတို့က ပုလင်းတူ ဘူးဆို့တွေ"

"ဒါဖြင့် ရှမ်းခေါက်ဆွဲဆိုင်က တရုတ်ကြီးနဲ့ စားပွဲထိုးတွေ"

"သူတို့ စည်းရုံးပြီး အကွက်ဆင်ထားတာ ဖြစ်မှာပေါ့"

"အာ"

မြတ်စုငယ် ငြိမ်သွားသည်။ သက်ဝေချိုက...

"ထားပါတော့...။ အဲဒါဆို သူတို့က ဘာလို့ အဲဒီလို လုပ်ရတာလဲ"

"ငါ့ကို ထူးထူးခြားခြား ချဉ်းကပ်ချင်လို့နေမှာပေါ့။ သူများထက်စာရင် ရှုပကို သူ့ကို ပိုဦးစားပေး စိတ်ဝင်စားအောင် လုပ်တာလည်း ဖြစ်ချင်ဖြစ်မှာပေါ့"

သက်ဝေချိုက ခေါင်းကို ဖြည်းဖြည်းချင်းခါသည်။

"မဟုတ်သေးဘူးဟ"

"ဘာ မဟုတ်တာလဲ"

"ဒီကိစ္စကို ရှုပကိုယ်တိုင် အတော် စိတ်ရှုပ်နေတာ...။ ဒီကိစ္စမှာ သူမလိမ်ဘူးလို့ ငါယုံတယ်"

မြတ်စုငယ်ကလည်း...

"အေး...ငါလည်း အဲဒီသဘောပဲရှိတယ်"

ဓာတုက မျက်ခုံးကလေးကို လှလှပပ မြှင့်ချီလျက်...

"ဆိုပါဦး... ဘာကြောင့်"

"ဒီကိစ္စအပေါ်မှာ သူအတော်ခံစားနေရတာ။ သူ တောင်ငူမှာ ဘာတွေဖြစ်ခဲ့တယ် ဆိုတာ နင်သိလား"

"ဟော့အေး"

တောင်ငူမှ ကိစ္စကို မြတ်စုငယ်နှင့် သက်ဝေချိုက ပြန်ပြောပြ၏။ အားလုံးဆုံးမှ...

" ရုပဟာ အုကြောင်ကြောင်နိုင်တယ်ဆိုပေမဲ့ မတော်တဆဖြစ်တဲ့ အုကြောင်ကြောင်တွေဟ။ ခုလိုမျိုး အကွက်ဆင်ပြီး လုပ်မှာမဟုတ်ဘူး။ အဲဒီလောက်လဲ သူက အားနေတဲ့ကောင် မဟုတ်ဘူး"

"ဒါဖြင့်..."

"တို့အထင်တော့ ဒီကိစ္စဟာ တကယ်ဖြစ်နေတာ"

"ဒါဆို..."

သက်ဝေချိုက ပုခုံးတွန့်ပြီး လက်ဝါးဖြန့်ပြလေသည်။ ဓာတုကတော့ အင်း...မကျေလည်လှသေးပါ။

(၉ /၁)

ရူပက စကားနှုတ်ဆိတ်လျက် တိတ်တိတ်ကလေး ထိုင်နေသည်။ အောင်ဆန်းဦး၊ သိန်းဇော်ဝင်းနှင့် ရဲဝင်းမြင့်တို့ကသာ စကားတွေ ဖောင်ဖွဲ့နေကြသည်။

"အမှန်တော့ ရူပကို ငါနောက်တာ မဟုတ်ဘူးကွ၊ အတည်ပြောတာ"

"ဘာကိုလဲ...။ မင်းကလည်း အရင်းမရှိ အတိုးမရှိ"

"အရင်းမရှိ အဖျားမရှိပါကွာ"

အောင်ဆန်းဦးနှင့် ရဲဝင်းမြင့်တို့ အပြန်အလှန် ငြင်းခုန်ကြတော့သည်။

"ကဲ...ကဲ မင်းက ဘာကို ပြောချင်တာလဲ။ ပြော..."

"ငါတို့ ဂန္ဓာရီသိပ္ပံပညာအရဆိုရင်..."

"တော်ပါတော့ကွာ...ရွှေရောင်ဝတ်စုံပြီးတော့ ငွေရောင်ဝတ်စုံ ဝတ်ရဦးမှာလား"

"နေပါဦးကွာ...။ ငါပြောတာကိုလည်း ဆုံးအောင်နားထောင်ပါဦး"

သိန်းဇော်ဝင်းက ဝင်ရောက်ဖြန်ဖြေသည်။

"အေးလေ ရဲဝင်းမြင့်ရာ...။ သူပြောတာကို ဆုံးအောင် နားထောင်ပါဦး"

"ကဲ...ပြောပြော။ လိုရင်းကိုပြောကွာ.... ဂန္ဓာရီသိပ္ပံတွေ၊ ဂန်ဖလားသိပ္ပံတွေ လုပ်မနေနဲ့"

"ငါ ရှုပကို ခုတုဆီ ရဲရဲတင်းတင်း ရည်းစားစကားသွားပြောခိုင်းရဲတာ အကြောင်းရှိလို့ကွ"

"သွားစမ်းပါ...။ အကြောင်းဆိုတာ ဖင်မှာပဲ ရှိတယ်"

"ဖင်ကဟာက အကြောင်းမဟုတ်ဘူးကွ။ မြောင်း"

"မြောင်းဆိုတာ ပလက်ဖောင်းအောက်မှာပါကွ။ ဖင်က အကြောင်းကို ဘယ်လိုခေါ်သလဲ ပြောပါဦး"

ဖျန်ဖြေသူ သိန်းဇော်ဝင်းကပင် စိတ်မရှည်ဖြစ်ရတော့သည်။

"မင်းတို့ဟာက ဘာတွေလဲကွာ...။ စကားကောင်းကောင်း ပြောကြစမ်းပါ"

ဟိုနှစ်ကောင်စိတ်လျှော့လိုက်ကြသည်။ အောင်ဆန်းဦးက ဆက်ပြော၏။

"အဲဒီအချိန်မှာ ဒီကောင်က လက်သည်းပွင့်နေတယ်ကွ"

"အဲဒါ ဘာဖြစ်လဲ"

"အဲဒီတုန်းက လက်သည်းပွင့်ပုံကို အဓိပ္ပါယ်ဖွင့်ရင် အိမ်ထောင်ပြုရတော့မယ်၊ အချစ်ရေးအဆင်ပြေမယ်ဆိုတဲ့ သဘောကွ။ လုံးဝသေချာတယ်"

"ဒါဆို ဘာဖြစ်လို့ ပြဿနာတွေ ထပေါ်သလဲ"

"ဒီကောင်က နောက်လက်ချောင်းတစ်ချောင်းမှာပါ လက်သည်းထပ်ပွင့်လာတယ်"

"အဲဒီတော့..."

"နောက်ထပ် လက်သည်းပွင့်ပုံရဲ့ အဓိပ္ပါယ်က အပေါင်းအသင်းတွေနဲ့ မတူဘဲ သူတစ်ယောက်တည်းက တစ်မျိုးဖြစ်နေမယ်တဲ့။ အကောင်းအဆိုး ခွဲရခက်တဲ့သဘော"

"မင်းက ဘာလို့ အဲဒီတုန်းက မပြောလဲ"

"ဩော်...ငါတို့လို ရည်းစားမရှိတဲ့ကောင်တွေထဲမှာ သူက ထူးခြားပြီး ရည်းစားရတော့မှာပဲလို့ ငါက ထင်မိတာကိုး"

"အဲဒါဆိုရင် ဂန္ဓာရီသိပ္ပံလို့ မပြောနဲ့တော့ကွာ။ သိပ္ပံဆိုတာ တိကျရတယ်"

"အေးပါကွာ...အပြစ်ပြောရင်လည်း ခံရမှာပဲ"

အောင်ဆန်းဦးက ဝန်ခံသဖြင့် ရဲဝင်းမြင့် စိတ်ပြေသွားသည်။

သိန်းဇော်ဝင်းက စကားလမ်းကြောင်းကို တည့်အောင် ပြန်တည်သည်။

"ကဲ…ထားပါတော့ကွာ။ ရူပနဲ့ ဓာတုက ချစ်သူဖြစ်နိုင်ချေတွေ များပါတယ်။ လောလောဆယ် ခက်နေတာက ရူပနဲ့ လူလုကိစ္စ၊ ဘယ်လို လုပ်ကြမလဲ"

"ရူပ ဘယ်လို စိတ်ကူးထားတယ်ဆိုတာ အရင်မေးရမှာပဲ"

အားလုံး၏ အကြည့်က ရူပဆီသို့ ဥသြမဆွဲဘဲ ဆိုက်ရောက်လာသည်။ ရူပက ငြိမ်နေရာမှ…

"ငါ စဉ်းစားထားတာ တစ်ခုတော့ရှိတယ်။ မင်းတို့ လက်ခံဖို့တော့ မလွယ်ဘူး ထင်တာပဲ"

"ဥပဒေနဲ့ မလွတ်တာ၊ ကိုယ့်အတွက် အန္တရာယ်ရှိတာတွေကို မလုပ်နဲ့လေကွာ"

"အဲဒါမျိုး မဟုတ်ပါဘူး"

"စိတ်ဝင်စားလာပြီ…ပြောပါဦး"

"ဒီလိုပါ…။ မင်းတို့က ငါ့ကို အူကြောင်ကြောင်ရူပလို့ ခေါ်ကြတယ်မဟုတ်လား"

"နောက်ပြီး ချစ်စနိုးခေါ်ကြတာပါကွာ…။ အမှန်တော့ မင်းက တို့ထက် အများကြီးတော်ပါတယ်"

ဟုတ်တော့လည်းဟုတ်သည်။ ရူပက ဆယ်တန်းအောင်တော့ ငါးဘာသာဂုဏ်ထူးပါသည်။ မိဘကလည်းတတ်နိုင်ပါလျက် ဆေးတက္ကသိုလ်ဝင်ခွင့်လည်း မီပါလျက် ရူပဗေဒကိုပဲ အထူးပြု မေဂျာအဖြစ်ရွေးသည်။ ရူပဗေဒ ကျောင်းသားများထဲမှာ ခုံနံပါတ် (၁) ဖြစ်သည်။ အူကြောင်ကြောင်ရူပ ဆိုသော နာမည်ကလည်း ထိုကိစ္စမှစ၍ တွင်သွားခြင်းဖြစ်သည်။

"လူလုက လျှို့ဝှက်တယ်ကွာ။ သူ့ဒဏ်ကို ငါခံနေရတယ်"

"အင်း… ဟုတ်တယ်။ အဲဒါ ဘာဖြစ်လို့လဲ"

"ငါက လျှို့ဝှက်တဲ့နေရာမှာ သူ့ကို ပြိုင်လို့ မရဘူး။ အဲဒါက သူ့ 'ကွင်း' ဖြစ်နေတယ်"

"အဲဒီတော့…"

"သူ့ကို ငါ့ကွင်းထဲ အရင်ဆွဲကြည့်မလားလို့"

"မင်းကွင်းက"

"အူကြောင်ကြောင်နိုင်တာလေ"

"ဟေ"

အောင်ဆန်းဦးတို့ သုံးယောက်လုံး ပြုံးသွားသည်။ ရူပက ပြောသည်။

"သူ လျှို့ဝှက်တဲ့ ဒဏ်ကို ငါ ခံရပြီးပြီ။ ငါ့အူကြောင်ကြောင် နိုင်တဲ့ဒဏ်ကို သူခံနိုင်အောင် ကြိုးစားလေ"

ရဲဝင်းမြင့်က…

"မင်း အူကြောင်ကြောင်နိုင်တာကို သူခံနိုင်မယ် မထင်ဘူး"

ဝိုင်းရယ်ဖြစ်ကြ၏။ ရူပက ပြုံးယောင်ယောင်မျက်နှာဖြင့်...

"အေးလေ...အဲဒီ့အခါကျရင် ရူပအတု လူလုဆိုတာ ရှိလာပါ့ဦးမလားဆိုတာ စဉ်းစားစရာပဲ"

သိန်းဇော်ဝင်းနှင့် အောင်ဆန်းဦးကလည်း ပျော်သွားသည်။

"အေး...အဲဒီ့စိတ်ကူး ကောင်းတယ်ကွ။ ဒါပေမဲ့..."

"မင်း အူကြောင်ကြောင်နိုင်တဲ့ဒဏ်ကို လူလုက ခံနိုင်ပြီး ငါတို့က မခံနိုင်မှာကိုသာ စိုးရိမ်တာ"

ရယ်ဖြစ်ကြပြန်သည်။ ရူပက ကြေညာချက်ထုတ်သည်။

"အဲဒီ အစီအစဉ်ကို နက်ဖြန်ခါ စမယ်"

မီးရှူးမီးပန်းကလေးတွေကို ကြည့်ပြီး

ဒုံးပျံကို လူတွေ တီထွင်ခဲ့ကြတယ်။

ပြောစရာတစ်ခု ရှိလာတယ်။

ကိုယ်ဟာ ဒုံးပျံကြီး ဖြစ်ချင်ဖြစ်နေလိမ့်မယ်

ဒါပေမဲ့

မီးရှူးမီးပန်းလေးလိုပဲ သဘောထားပါ

ပေါ့ပေါ့ပါးပါး

လင်းရဲလင်းပွင့်စွာ ဘဝကို ဖြတ်သန်းစမ်းပါ။

(မောင်ယော)

(၁၀)

ရှုပက စက်ဘီးအရောင်းအဝယ်ကိစ္စတစ်ခုအတွက် လက်ဖက်ရည်ဆိုင်တစ်ဆိုင်ထဲမှာ ချိန်းထားသူကို စောင့်နေချိန်ဖြစ်သည်။ မြို့ထဲမှာမဟုတ်သော်လည်း ကိုယ့်မြို့ကိုယ့်ရပ်ကွက်ထဲမှာလည်း မဟုတ်ပါ။ တစ်ခုတော့ ရှိသည်။ ဓာတုတို့ မြို့နယ်၊ ဓာတုတို့ ရပ်ကွက်ထဲမှာတော့ ဖြစ်နေသည်။

လက်ဖက်ရည်ဆိုင် မထိုင်ခင် ဓာတုတို့အိမ် သွားလည်ဦးမလားဟု စဉ်းစားသေးသည်။ အလုပ်ကိစ္စပြီးမှသွားလျှင် ပို၍ အေးအေးဆေးဆေး ရှိမည်ဟု ပြန်စဉ်းစားမိ၏။ ထို့ကြောင့် လက်ဖက်ရည်ဆိုင်သို့ ဦးတည်ပြီး ထွက်လိုက်၏။ ဝီရိယလွန်ပြီး ကိုယ်ကစောနေသဖြင့် ချိန်းထားသူက မရောက်သေး။

လက်ဖက်ရည် တစ်ခွက်မှာသောက်ပြီး တစ်ငုံတည်းငုံရသေးသည်။ ပြဿနာက စိန်အောင်မင်း ငိုချင်းချသလို ရင်ဘတ်စည်တီး ဝင်ရောက်လာခြင်းဖြစ်သည်။

"အောင်မယ်လေး ကယ်ကြပါဦးရှင်၊ ကယ်ကြပါဦး"

အမောတကော အော်သံတစ်ခုနှင့်အတူ ဆိုင်ထဲသို့ အမျိုးသမီးတစ်ယောက် ပြေးဝင်လာသည်။ ဆိုင်ထဲမှာ စားပွဲ သုံးခုသာ လူရှိ၏။ ရှုပ၏ စားပွဲနောက်မှာ ထိုအမျိုးသမီးက ဝင်ပုန်းသည်။ အမှတ်တမဲ့မို့ ရှုပလည်းလန့်သွားပြီး ထိုင်ရာမှ ထရပ်၏။

"ဟ ဘာဖြစ်တာလဲဗျ"

"ကျွန်မကို ကယ်ပါဦးရှင်...။ ကျွန်မကို သတ်မလို့ ဝိုင်းလိုက်နေကြပါတယ်"

ထိုစကားမှန်လေသည်။ ညာသံပေး အော်ဟစ်သံများ၊ ဆဲဆိုကြိမ်းမောင်းသံများကို ကြားရပြီး ဆိုင်ရှေ့သို့ တုတ်၊ ဓား ကိုင်ထားသော လူတစ်စု ရောက်လာသည်။

"ဟေ့ ထွက်လာခဲ့စမ်း"

"ထွက်ဆို ထွက်လာခဲ့၊ ဆိုင်ထဲက ပစ္စည်းတွေ ထိခိုက်ကုန်မယ်"

တုတ်တွေ ဓားတွေ မြှောက်ရမ်းရင်း အမျိုးသမီးကို ခေါ်ထုတ်နေကြခြင်းဖြစ်၏။ အမျိုးသမီးက ခန္ဓာကိုယ်တစ်ခုလုံး တဆတ်ဆတ်တုန်အောင် ကြောက်ရွံ့ပြီး...

"အစ်ကိုကြီး အစ်ကိုကြီး ကျွန်မကို ကယ်ပါဦးရှင်"

"ခင်ဗျားက ဘာဖြစ်လာတာလဲ"

"နောက်မှ ရှင်းပြပါ့မယ်ရှင်၊ အခု ကယ်ပါဦး"

ရူပ ဆိုင်ထဲကို ဝေ့ကြည့်တော့လည်း အခြားနှစ်ဝိုင်းမှာ အဖိုးကြီး အဖွားကြီးနှစ်ယောက်။ သူတို့ကလည်း အခြေအနေကို ထိန်းသိမ်းနိုင်စွမ်းရှိပုံ မပေါ်။ လက်ဖက်ရည်ဆိုင်မှာ တာဝန်ခံ ဆိုင်ပိုင်ရှင်က လည်း မရှိသောအချိန်။ စားပွဲထိုးလေးများက မျက်လုံးကလယ်ကလယ်ဖြစ်ပြီး ကြောက်ရွံ့နေကြသည်။

ထို့ကြောင့် ရူပကပဲ (သက်ပြင်းတစ်ချက်ချရင်း)

"ဘာဖြစ်ကြတာလဲဗျာ... အေးအေးဆေးဆေး ညှိနှိုင်းကြပါ"

"ဟေ့လူ ခင်ဗျားမသိရင် ဝင်မရှုပ်နဲ့"

"ဟေ့ကောင် မင်း ဘေးကို ဖယ်ပေးစမ်း"

တစ်ဖက်မှ တုတ်၊ ဓားကိုင်သူများက ရူပကို ဟိန်းဟောက်သည်။ ဆယ်ယောက်ခန့်ရှိသည်။ အားလုံး၏မျက်နှာက ထိုအမျိုးသမီးကို သတ်ရမှ ကျေနပ်မလိုလို"

"မဟုတ်ဘူးလေဗျာ...ပြဿနာကို တုတ်တစ်ပြက်၊ ဓားတစ်ပြက် ဖြေရှင်းတာ မကောင်းပါဘူး။ ပြေပြေလည်လည် ဆွေးနွေးကြပါ။ နို့မို့ဆိုရင် အကုန်လုံး အကျိုးယုတ်စရာ ဖြစ်ကုန်မယ်"

"ဟေ့ကောင် အပိုတွေ ပြောမနေနဲ့ကွာ။ မင်း...ဖယ်စမ်း။ ဒင်းကို ထုတ်ပေး"

"မဟုတ်ဘူးလေ...။ ကျွန်တော်ပြောတာ နားထောင်ပါဦး"

"မလိုပါဘူးကွာ"

"ဟေ့လူ ခင်ဗျားပြောတာကို နားထောင်ဖို့လာကြတာမဟုတ်ဘူး။ အချိန်ကုန်တယ်၊ ဖယ်စမ်းပါဗျာ"

တစ်ဖက်အုပ်စုကလည်း ဘယ်လိုမှကို ပြောမရချေ။ အမျိုးသမီးကလည်း...

"အစ်ကိုကြီး အစ်ကိုကြီး ကျွန်မကို သူတို့လက်ထဲတော့ မထည့်လိုက်ပါနဲ့ရှင်"

"ဟုတ်ပါတယ် မထည့်ပါဘူး"

ထိုနေရာမှာတော့ ရူပက သတ္တိ အပြည့်ရှိသည်။ တကယ့်စိတ်ရင်းဖြင့် ပြောခြင်းဖြစ်သည်။ ဘာတွေပဲဖြစ်ခဲ့ ဖြစ်ခဲ့ ထိုလူအုပ်ထဲသို့ အပ်လိုက်လျှင် ထိုအမျိုးသမီး အရိုးအသားပင် ရှာ၍ပင်ရတော့မည် မဟုတ်ချေ။

ထို့ကြောင့်...

"စိတ်လျှော့ကြပါဦးဗျာ...။ သူလည်းသေမယ် ခင်ဗျားတို့လည်း ထောင်ကျမယ်ဆိုရင် ဘယ်သူမှ အကျိုးမရှိပါဘူး။ တရားဥပဒေ ရှိပါတယ်။ တာဝန်ရှိသူက တာဝန်ရှိသလို ဆောင်ရွက်ပေးသွားမှာပါ"

သူ့စကားကြောင့် လူအုပ်ကြီးသည်ပင်လျှင် အမ်းသွား၏။ ထောင်ကျရမည်၊ ဝရမ်းပြေးဖြစ်ရမည်ဆိုသည်ကိုတော့ အနည်းနှင့် အများ အားလုံး ကြောက်ကြသည်ချည်းဖြစ်သည်။ တုတ်တွေ၊ ဒါးတွေကိုင်ပြီး နေ့ခင်းကြောင်တောင်ကြီးမှာ လူတစ်ယောက်ကို သတ်ဖို့လိုက်နေကြသည်ကပင်လျှင် လွန်လှပြီ...။

"ဟဲ့ ရူပ"

လူအုပ်ကြီး အမ်းပြီးသည့်နောက်မှာ ရူပက အမ်းသွားရပြန်သည်။

အဘယ့်ကြောင့်ဆိုသော် လူအုပ်ကြီးကို တိုးဝှေ့ကာ ဓာတုက ဆိုင်ထဲသို့ လိုက်ဝင်လာခြင်းကြောင့် ဖြစ်သည်။

"ဟင်...ဓာတု"

ဓာတုက ရူပကို မျက်စောင်းထိုးကြည့်ကာ ကောင်တာဆီသို့ သွက်သွက် လျှောက်သွားလိုက်ပြီး...

"ဟဲလို... ဝမ်းနိုင်းနိုင်းကပါလားရှင်"

လူအုပ်ကြီး တွန့်ခနဲ ဖြစ်သွား၏။ ရူပနောက်မှ အမျိုးသမီးကပါ တွန့်ခနဲဖြစ်သွားသည်။ ဓာတုက ဖုန်းကို တိုတိုရှင်းရှင်းပြောပြီးနောက် လူအုပ်ကြီးဘက်သို့လှည့်ကာ...

"တာဝန်ရှိသူတွေ ခုချက်ချင်း ရောက်လာတော့မှာပါရှင်။ တရားခံကိုလည်း သူတို့ အရေးယူပေးမှာပါ။ လောလောဆယ် ရှင်တို့ရဲ့တုတ်တွေ၊ ဓားတွေကို ဖယ်ပြီး လူစုကိုလည်း ခွဲထားလိုက်ရင် အကောင်းဆုံး ထင်ပါတယ်"

လူအုပ်ကြီးက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး တွေဝေသွားကြသည်။ သို့သော် သူတို့တွေ စိတ်မာန်ကျိုးသည်ကတော့ သေချာသည်။

ဓာတုက ဆက်ပြောသည်။ ရူပကို ညွှန်ပြလျက်...

"ကျွန်မသူငယ်ချင်းက အဖြစ်အပျက်တွေကို မသိသေးလို့ပါ။ သူက မိန်းကလေးတစ်ယောက်နောက်ကို ယောကျ်ားကြီးတွေက သတ်ဖို့ လိုက်နေတယ် ထင်လို့ပါ"

ရူပ စိတ်တိုသွားသည်။

“ငါ ဘာမှားသလဲ”

ဓာတုက ရှုပကို ရှေ့တည့်တည့်မှ ကြည့်ပြီး မျက်စောင်းထိုးလျက်

“အဲဒါ မိန်းမ မဟုတ်ဘူးဟဲ့။ ယောက်ျားကြီး”

“ဟေ…”

ရှုပက သူ့နောက်မှ အမျိုးသမီးကို လှည့်ကြည့်၏။ ပြင်ဆင်ခြယ်သမှု အနည်းငယ် လွန်ကဲသယောင်ရှိသော်လည်း အမျိုးသမီးဟုပဲ သူမြင်မိပါသည်။

ဓာတု၏ အသံက နားထဲသို့ဝင်လာသည်။

“အဲဒါ မိန်းမလျာတော်ရှေ့… နတ်ကတော်။ ဖဲလည်း လိမ်ရိုက်တယ်၊ စိန်ပွဲစား ကျောက်ပွဲစားလည်း လုပ်တယ်။ အဓိက ကတော့ လူလိမ်ပဲ။ သူ့ကြောင့် ဒီရပ်ကွက်ထဲမှာ ဒုက္ခရောက်ခဲ့တဲ့ မိသားစုတွေ မနည်းတော့ဘူး”

“ဟေ…”

ဓာတုက လူအုပ်ကြီးဘက်သို့ တစ်ဖန်ပြန်လှည့်ကာ…

“ကျွန်မ သူငယ်ချင်းက မျက်မှန်သမားပါ။ အခု မျက်မှန်မပါလို့ သူက မိန်းမနဲ့ မိန်းမလျာကိုတောင် မခွဲတတ်ဘူး ဖြစ်နေတယ်။ နောက်ဆို မိန်းမနဲ့ အခြောက်ကို ခွဲမြင်နိုင်တဲ့ မျက်မှန် တပ်ခိုင်းလိုက်ပါဦးမယ်”

“ဗုဒ္ဓေါ”

ရှုပမှာ မျက်လုံးပြူး မျက်ဆံပြူးသာ ဖြစ်နေရတော့၏။ ဓာတုကို…

“ဒါ…ဒါ အခြောက်ကြီးပေါ့”

“သြော်…ဒီအချိန်က နင့်ကိုငါ နောက်ပြောင်နေရမယ့်အချိန် မဟုတ်ဘူး”

ထိုအခြေအနေကြောင့် ရှုပကို အားကိုးတကြီး ကွယ်ပုန်းနေသော အခြောက်က…

“အေး…ဟုတ်တယ်၊ ငါက မိန်းမလျာပဲ။ မထူးဘူး မင်းမလှုပ်နဲ့တော့။ အား…”

သူ့ကိုယ်ပေါ်မှ ဓားတစ်လက်ကို အလျှင်အမြန် ထုတ်ယူပြီး ရှုပကိုလည်း လည်ပင်းထောက်ဖမ်းရန် ကြိုးစားခြင်းဖြစ်၏။ ဓားစာခံ လုပ်သွားမည့်သဘောပင်။ မှားတော့ အတော်မှားသွားသည်။

သူ ရှုပကို ဓားစာခံ လုပ်၍လည်း သိပ်ထူးမည်မဟုတ်။ သူ့ကိုသာ သူ ဒေါသထွက်နေသဖြင့် မည်သူကမှ ရှုပကို ငဲ့မည်မထင်။ နောက်အမှားကတော့ ရှုပကို သူ အထင်သေးသွားခြင်းဖြစ်သည်။ သူဓားထုတ်ပြီးပြီးချင်း အချိန်မှာပဲ ရှုပက သူ့ပေါင်ခြံကို နောက်ပေါက်နှင့်ကန်လိုက်ခြင်း ဖြစ်သည်။ မိန်းမလျာကြီး ဆွေ့ဆွေ့ခုန် အော်ဟစ်နေတော့၏။

အဖြစ်အပျက်က မြန်လွန်းသဖြင့် ဓာတုပင် မျက်စိလည်သွားသည်။

“ဟဲ့ ရှုပ၊ နင် ဘာဖြစ်သွားသေးလဲ”

“မဖြစ်ပါဘူး”

“တော်သေးတာပေါ့။ သူက နင့်လည်ပင်းကို ဓားနဲ့ထောက်မလို့”

“မရပါဘူး”

“ဘယ်သူကမှတောင် သတိမပေးလိုက်နိုင်ဘူး။ နင်က ဘယ်လိုလုပ် သိသလဲ”

ရှုပက သူ့ဘယ်ဘက်လက်ဖဝါးထဲမှာ ပျောက်နေသော မှန်လေးတစ်ချပ်ကို ပြပြီး...

“ဒီမှန်လေးထဲက တစ်ဆင် မြင်တာပေါ့”

“သြော်...တယ်ဟုတ်ပါလား”

အမှန်တော့ ဒီမှန်ကလေးက ရှုပလက်ထဲမှာ ရှိနေတာ ကြာပြီဖြစ်သည်။ စက်ဘီးပစ္စည်းအရောင်းအဝယ်အတွက် သူချိန်းထားသည်ဆိုသည်မှာလည်း မှန်နှင့်ပတ်သက်သည်။ စက်ဘီးနောက်ကြည့်မှန်များကို ပြင်ညီမှန်အပြင် မှန်ခုံးမှန်ခွက်များကိုလည်း တပ်ဆင်ရောင်းချနိုင်သည်ဟု သူ စီးပွားရေးအကွက် တွေ့ထားသည်။ ထို့ကြောင့် တစ်ဖက်လူနှင့် အဆင်သင့် စကားပြောနိုင်ရန် ထိုမှန်တစ်ချပ်ကို လက်ထဲမှာ ကိုင်ထားခြင်းဖြစ်သည်။

“ဓာတု... နင်ပြောတာ ဟုတ်တယ်ဟ”

“ဘာလဲ”

“ဒီလူက ယောကျ်ားကြီးဟ”

“သြော်...ပေါင်ခြံကို ခြေထောက်နဲ့ ကန်ပြီးမှပဲ ယောကျ်ားမှန်း သိလား။ အူကြောင်ကြောင် ရှုပရယ်...။ နင်ဟာလေ ငါ မပြောလိုက်ချင်ဘူး။ ဒါကြောင့် နင့်ကို မိန်းမနဲ့ အခြောက်နဲ့ ခွဲသိတဲ့ မျက်မှန် တပ်ပေးမယ်လို့ ပြောတာ”

ထိုအချိန်မှာပဲ ရဲများမရောက်ခင် ရပ်ကွက်လူကြီးများ ရောက်လာပြီး မိန်းမလျာလူလိမ်ကို ဖမ်းဆီးကာ လူအုပ်ကြီးကိုလည်း လူစုခွဲလိုက်၏။ အားလုံးကိစ္စတွေ ပြီးသွားမှပဲ...

“ကျေးဇူးပဲ ဓာတုရာ”

“တော်ပါ”

“တကယ်ပြောတာ...။ နင်သာ ရောက်မလာရင် ငါ အူကြောင်ကြောင် ဖြစ်နေရမှာ”

“တစ်သက်လုံးဖြစ်နေတာပဲ။ လာပြောမနေနဲ့”

“နင် လက်ဖက်ရည် သောက်ဦးမလား”

“သောက်မှာ...သောက်မှာ မပူနဲ့”

ဓာတု လက်ဖက်ရည် သောက်နေချိန်ကျမှပဲ ရှုပချိန်းထားသူက ရောက်လာသည်။ သူတို့ အလုပ်စကားတွေပြောကြသည်။ သိပ်မကြာလှပါ။ ထိုလူ ပြန်သွားသည်။ ဓာတုက ရေနွေးပူပူကို

ဖိသောက်နေချိန်မှာ ရူပကလည်း ဘာစကားကိုမှ မပြောဘဲ ငြိမ်နေ၏။ လက်ဖက်ရည်ဆိုင်ပိုင်ရှင်ပြန်ရောက်လာသည်။ အဖြစ်အပျက်တွေကို ပြန်ကြားရတော့ သူ့ခမျာ ရင်သပ်ရှုမော ဖြစ်ရှာ၏။

ထိုကြားထဲမှာ သူ စိတ်ဝင်စားနေသည်က မိန်းမနှင့် မိန်းမလျာကို ခွဲသိနိုင်သည်ဆိုသော မျက်မှန်...။

(မှတ်ချက် — ထိုမျက်မှန်သည် ကျွန်ုပ်ထံတွင် မရှိပါ။ ကျွန်ုပ်အနေဖြင့် မြင်ပင်မမြင်ဘူးပါ။ အကယ်၍ စိတ်ဝင်စားသူများရှိပါက ကျွန်ုပ်၏ထုတ်ဝေသူ (ဦး) မောင်မျိုး၊ ကြောင်နှစ်ကောင် စာအုပ်တိုက်ပိုင်ရှင်ထံတွင် ဆက်သွယ်တောင်းယူနိုင်ပါသည်။ ဤစာအုပ်၏ ရှေ့ပိုင်းစာမျက်နှာများတွင် သူ့လိပ်စာနှင့် သူ့ဖုန်းနံပါတ် ပါရှိပါသည်။ ဤကား စကားချပ်– စာရေးသူ)

“ခတု”

“ဘာလဲ”

“နင်ကလဲဟာ... ကောင်းကောင်းထူးစမ်းပါ”

“ဒီလိုပဲ ထူးတတ်တယ်”

“မဟုတ်သေးပါဘူး။ ကဲ... ဒါဖြင့်လည်း ငါကပဲ ပြင်ခေါ်ကြည့်ပေးပါ့မယ်။ ဟေး... သက်လျာ ခတုကလေးရေ...”

ခတုက ပြန်မထူးဘဲ ရူပကို ခပ်တည်တည် ပြန်ကြည့်နေသည်။ ရူပက...

“ထူးလေ”

“မထူးပါဘူး”

“ရော်... ဘာဖြစ်လို့လဲ”

“နင်ခေါ်တာက ဟုတ်မှမဟုတ်ဘဲ”

“ဟင်... နင့်နာမည်ကို ခေါ်တာလေ”

“ငါ့နာမည်ဆိုပေမဲ့ နင်ခေါ်တာ သဘောရိုးမှ မဟုတ်ဘဲ”

ရူပက ခေါင်းကုတ်ပြီး ရယ်၏။ ခတုက...

“ငါ့ကို ခေါ်မနေနဲ့။ နင် ပြောစရာရှိတာကိုပြော”

“အောင်ဆန်းဦးရဲ့ အစ်မနဲ့ ညီမကို နင်သွားတွေ့တယ်ဆို”

“အေး”

“ဘာလုပ်တာတုန်းဟ”

“ငါ့ကို လူလှ စကားလာပြောတဲ့အချိန် သူတို့အိမ်မှာ နင်ရှိတယ်ဆိုတာ ဟုတ်မဟုတ် သွားမေးတာ”

“အခုတော့ ရှင်းသွားပြီပေါ့”

"အင်း"

"ဒါပေမဲ့ဟာ နင်အဲဒီလိုလုပ်တော့ ငါ့ကိစ္စကြီးကို လူပိုသိသွားတာပေါ့"

ဓာတုက နှာခေါင်းလေး ရှုံ့သည်။

"နင့်ကိစ္စကြီးကို အားလုံးက သိနေကြတဲ့ဟာ"

"ဟင်…ဟုတ်လို့လား"

"ဒီလောက်ထူးဆန်းတဲ့ကိစ္စကြီးကို ဘယ်သူတွေက နှုတ်လုံကြမှာလဲ။ နင့်ကိစ္စက တိုးတိုးတိတ်တိတ်နဲ့ တစ်ရွာလုံး သိနေတာ"

"ဟင်…ဟုတ်လို့လား"

"ဟောဗျာ"

ရူပ အမှန်တကယ် စိတ်ပျက်သွားသည်။ သက်ပြင်းလည်း ချမိသည်။ ဓာတုက…

"ရူပ"

"ဟင်"

"ဒီကိစ္စကြီးကို ရူးသလိုလို ပေါသလိုလို လုပ်မနေနဲ့"

"အေးပါ။ ငါ့မှာ အစီအစဉ် ရှိပါတယ်"

ဟိုဟိုသည်သည် လျှောက်ပြောကြပြီး သူတို့တွေ လူစုခွဲလိုက်ကြသည်။

ဓာတုက အိမ်ပြန်ရောက်တော့ လက်ဖက်ရည်ဆိုင်မှာ ဖြစ်ခဲ့သည့် ကိစ္စကို ဖေဖေက ကြားပြီးနေပြီ။ ကြားပြီးသားကို ထပ်မေးနေ၍ သူသိပြီးသားကိုပဲ ဓာတုက ထပ်ဖြေနေရပြန်သည်။ ရူပကို ကူညီသည်ကတော့ ကောင်းကြောင်း၊ သို့သော် မိန်းကလေးတစ်ယောက်အနေနှင့် ထိုသို့သော ရုတ်ရုတ်သဲသဲ အခြေအနေကြီးထဲတွင် ဝင်ပါခြင်းကို နောက်နောင် ရှောင်သင့်ကြောင်း ဖေဖေက စီကိုးဆယ်တစ်ခွေစာလောက် ပြောသည်။

နောက်နေ့မှာ သင်တန်းမရှိသဖြင့် ဓာတု အပြင်မထွက်ဖြစ်။ ဗွီစီဒီ အခွေ ထိုင်ကြည့်နေတုန်း အိမ်ရှေ့မှာ ထီလှည်းကြီးက ဆူဆူညံညံနှင့် ရောက်လာသဖြင့် အနှောက်အယှက် ဖြစ်ရပြန်သည်။

"ကကြီးအက္ခရာပါ ခင်ဗျာ…။ အင်္ဂလိပ်လို 'အေ'ပေါ့။ အာဒံနဲ့ ဧဝတို့ရဲ့ အထိမ်းအမှတ်ပါပဲ ခင်ဗျာ။ '၁' အစ '၀' အဆုံး။ ခလယ်မှာ '၅၀' ဖုံးထားပါတယ်။ ထိုးသူအမည်က ကိုရူပခင်ဗျ။ အတိတ်ကတော့ 'ပြန်မချစ်ရင် သတ်ပစ်မယ်' … တဲ့"

အပေါ်ထပ် ဝရံတာကို ထွက်ကြည့်တော့ ထီထိုးသူက အမှန်တကယ် ရူပ။ သူမတို့အိမ်ဘက်ကို ငဲ့စောင်း၍ပင်မကြည့်ဘဲ ထွက်သွားသည်။ တစ်အစ သုညအဆုံး ခလယ်မှာ ငါးဆယ်ဖုံးထားသည် ဆိုတော့ '၁၅၀၀' ပေါ့လေ…။ အတိတ်ကလည်း ပြန်မချစ်ရင် သတ်ပစ်မယ်တဲ့။ လာလာချည်သေး။ ထီရောင်းသူကို လာဘ်ထိုးပြီး သူ့အော်စေချင်သလို အော်ခိုင်းခြင်းဖြစ်မည်။ သောက်ရူပ အူကြောင်ကြောင်ကောင်။ ဓာတု ပြုံးမိတာတော့သေချာသည်။

(ထိုကဲ့သို့ မသိမသာ ရည်းစားစကားပြောနည်းသည် အကျဉ်း '၃၆' နည်း၊ အကျယ် '၁၀၈' နည်းရှိသည်ဟု သိရသည်။ မိမိအနေဖြင့် မတတ်ကျွမ်းပါ။ ထိုနည်းဗျူဟာစာရွက်ကိုလည်း မြင်ပင်မမြင်ဘူးပါ။ အကယ်၍ စိတ်ဝင်စားသူများရှိပါက ကျွန်ုပ်၏ထုတ်ဝေသူ (ဦး) မောင်မျိုး၊ ကြောင်နှစ်ကောင် စာအုပ်တိုက်ပိုင်ရှင်ထံတွင် ဆက်သွယ်တောင်းယူနိုင်ပါသည်။ ဤစာအုပ်၏ ရှေ့ပိုင်းစာမျက်နှာများတွင် သူ့လိပ်စာနှင့် သူ့ဖုန်းနံပါတ် ပါရှိပါသည်။ ဤကား စကားချပ်– စာရေးသူ)

(၁၁)

ရူပ အကြောင်ကြောင်နိုင်မှုကို ထိုရက်များအတွင်းတွင် ဆက်ခံရသူက ရဲဝင်းမြင့်ဖြစ်၏။ သူ၏ အကြောင်ကြောင်နိုင်မှုဒဏ်များကို လာခံပါဟု ရူပကလည်း သွေးဆောင်ဖျားယောင်းခြင်း မရှိပါ။ တိုက်တွန်းပို့ဆောင်ခံရခြင်းသာ ဖြစ်ပါသည်။ ထိုသို့ တိုက်တွန်းပို့ဆောင်သူသည်ကား ဦးမျိုးမြင့် (ဓာတု၏ဖခင်ဆိုသူ) ဖြစ်လေသည်။

ဓာတုတို့အိမ်၏ ဧည့်ခန်းအတွင်းမှာ ရဲဝင်းမြင့်တစ်ယောက်တည်း တစ်ကိုယ်ရေ လေမုန်တိုင်း မိခဲ့ရခြင်းလည်း ဖြစ်လေသည်။ အမှန်တော့ ဦးမျိုးမြင့်ဆီ လာလည်ခြင်းမဟုတ်။ သူ့သမီးဆိုသူ သက်လျာဓာတုထံ လာလည်ခြင်းဖြစ်၏။ ယခင်ကလည်း ရောက်နေကျ၊ ဝင်ထွက်သွားလာနေကျအိမ် ဖြစ်ပါသည်။ ဓာတုနှင့် တစ်ခွန်းနှစ်ခွန်းပဲ ပြောရသေးသည်။ ဦးမျိုးမြင့်ကချည်းပဲ ဝင်ပြောနေတော့၏။

သူပြောသည်က ရှေ့နေတို့၏ ဘဝအကြောင်း။

"ရှေ့နေဆိုရင် တစ်ချို့လူတွေက မုန်းကြတယ် ရဲဝင်းရ"

"သေချာတာပေါ့ အန်ကယ်ရ"

"ဘာကွ"

ရဲဝင်းမြင့် ကြောင်တက်တက်ဖြစ်သွားပြီး တစ်ခုံကျော်မှ ဓာတုကို အားကိုးတကြီး လှည့်ကြည့်၏။ ဓာတုက သူ့လက်သည်းများကို တံစဉ်းနှင့် တိုက်၍ပုံဖော်နေရင်းက...

"ဖေဖေ့စကားကို သူက ထောက်ခံနေတာလေ… ဘာဖြစ်လို့လဲ"

"သြော်..အေး အဲဒီလိုလား"

"အဲဒါနဲ့များ ဖေဖေ နာမည်ကျော်ရှေ့နေ ဖြစ်နေသေးတယ်။ အံ့ရော…"

"ဘာကွ"

ဦးမျိုးမြင့်က ထိုအော်သံမျိုးကို ကြောက်လျှင်ကြောက်မည်၊ ဓာတုကတော့ မကြောက်ချေ။ ဦးမျိုးမြင့်က မနိုင်၍ သည်းခံလိုက်ရသော မျက်နှာထားဖြင့် ရဲဝင်းမြင့်ဘက်လှည့်၍ မဆီမဆိုင် ရယ်ပြသည်။

"ဟဲ…ဟဲ…ဟဲ…ဟဲ"

ရဲဝင်းမြင့် တစ်ချက်တွေဝေသွားပြီးမှ အချိန်မီ လိုက်ရယ်ပြလိုက်သည်။

"ဟီး…ဟီး…ဟီး…ဟီး"

ဦးမျိုးမြင့်က ဘယ်ရောက်သွားမှန်းမသိသော သူ့စကားကို ဘယ်နေရာကမှန်းမသိ ပြန်ဆက်၏။

"ဒီလိုကွ ရဲဝင်းရ"

"ဟုတ်ကဲ့"

သူ့ကိုသာ အလိုက်သင့် အလျားသင့် ပြန်ဆိုနေရသည်။ သူ့စိတ်ထဲမှာ တွေးမိနေသည်က တစ်ခြား။ မျိုးမြင့်နှင့် ရဲဝင်းမြင့်။ နောက်စာလုံး 'မြင့်' ချင်းအတူတူ သူက ကိုယ့်ကို ရဲဝင်းဟုချည်း ခေါ်နေသည်။ ကိုယ်ကလည်း သူ့ကို 'မြင့်' ဖြုတ်၍ ခေါ်ရမည်လား။ 'ရဲဝင်းရေ…'၊ 'မျိုးရေ…'၊ 'ပြောမယ်..ရဲဝင်းရေ'၊ 'နားထောင်နေတယ် မျိုးရေ' စသည်ဖြင့် ဆိုရမည်လား။

အူကြောင်အူကြောင်ရုပ၏ သူငယ်ချင်းကောင်းပီသစွာ ရဲဝင်းမြင့်လည်း အူကြောင်ကြောင်ဖြစ်နေလေသည်။ ဦးမျိုးမြင့်ကတော့ သတိထားမိပုံမရ။ တရားခုံရုံးမဟုတ်၍ အလုပ်ခွင်တွင်းမှာ မဟုတ်၍လည်း ဖြစ်ပါလိမ့်မည်။ ဦးမျိုးမြင့်သည် သူ့နယ်မှာ သူကတော့ ထိပ်သီးတစ်ယောက်ဟု ရဲဝင်းမြင့် သိထားသည်။ ဦးမျိုးမြင့်က (အားလပ်ချိန်မှာ) စကားပြောဖော် တစ်ယောက်အနေဖြင့် သူ့ကို လွတ်လပ်စွာ (အတင်းအဓမ္မ) စကားဆို နေခြင်းဖြစ်သည်။

"တစ်ယောက်က တစ်ယောက်ကို ငွေမက်ပြီး လက်ထပ်တာ ကောင်းသလား"

"ဘယ်ကောင်းမလဲ အန်ကယ်ရဲ့"

"အေး…ဒါပေမဲ့ အဲဒါကို ဥပဒေသမားက ဘယ်လိုတားမလဲ"

"ဒါက သူ့လူမှုရေးကိစ္စပဲဥစ္စာ…ဥပဒေကျူးလွန်တာမှ မဟုတ်ဘဲ"

"ဟုတ်ပြီ…။ မောင်ရင် သဘောပေါက်လွယ်တယ် ရဲဝင်း။ သူ့ဘာသာသူ ငွေမက်လို့ပဲ ယူယူ၊ သူ့ဘက်က လင့်ဝတ္တရား၊ မယားဝတ္တရား မပျက်ကွက်ဘူးဆိုရင် ဘာမှ လုပ်လို့မရဘူး"

"ဒါပေါ့ အန်ကယ်ရဲ့"

"ငွေမက်လို့ယူတာ အပြစ်လို့ ဥပဒေအရ သတ်မှတ်လို့မရဘူး။ ယူပြီးမှ ပြန်ကွဲရင်ကော…"

"အင်း...ငွေမက်တာ ပေါ်လွင်သလို ဖြစ်နေပြီပေါ့ အန်ကယ်"

"အေး...ဒါပေမဲ့ သူဘက်က ကွာရှင်းသင့်ကြောင်း အချက်အလက် ခိုင်မာနေရင် ဘယ်လို သဘောထားမလဲ"

"အဲ"

ရဲဝင်းမြင့် အဖြေရကျပ်သွားသည်။ သူနှင့်မဆိုင်သော အကြောင်းအရာများဖြစ်၍ တစ်ခါမှလည်း မစဉ်းစားမိပါ။ ဖြန်းစားကြီးမေးလာသဖြင့် ဖြေလည်းမဖြေတတ်ပါ။ ဦးမျိုးမြင့်က အိုးတို့အန်းတန်းဖြစ်နေသော သူ့ပုံစံကို ကြည့်ပြီး အားမနာ လျှာမကျိုး တဟားဟား ရယ်၏။ (ထိုအချိန်တွင်တော့ ရဲဝင်းမြင့်၏ စိတ်ထဲမှာတော့ ရူပကို သတိရမိတာ အမှန်။ ရူပကို ဆိုလျှင် ဤပုဂ္ဂိုလ်ကြီး ရယ်နေနိုင်မည်မဟုတ်။ ရူပက တစ်ထောင့်မဟုတ် တစ်ထောင့်မှ ပြန်ချေပလိမ့်မည်ဖြစ်၏။ သို့သော် သူက ရူပမဟုတ်) ထို့ကြောင့်...

"အန်ကယ်တို့ရဲ့ ဥပဒေပညာရပ်ကို ကျွန်တော်လိုက်မမီပါဘူး။ အရမ်းနက်ရှိုင်းတယ်"

"အေး...အဲဒါကြောင့် ပြောစမှတ်တွင်တဲ့ ဆိုရိုးစကားတစ်ခု ရှိတယ် ရဲဝင်းရဲ့"

"ဟုတ်ကဲ့"

"ဆရာဝန်က လူတစ်ယောက်ရဲ့ အသက်ကို ကယ်တယ်။ ရှေ့နေတစ်ယောက်က လူတစ်ယောက်ရဲ့ဘဝ ဒါမှမဟုတ် လူတစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို ကယ်နိုင်တယ်တဲ့"

"ဘယ်သူပြောတာလဲ"

"ဘာကွ"

"ဘယ်သူပြောတာလဲလို့ မေးတာ"

ရဲဝင်းမြင့်က ဘာရယ်မဟုတ်ဘဲ မေးလိုက်ခြင်းဖြစ်၏။ ဦးမျိုးမြင့်အတွက် အတော်အထိနာသွားပုံရသည်။ တကယ်မသိတာလား သိရက်နှင့် မေ့နေသည်လား မပြောတတ်။ သူ့မေးခွန်းကို ဦးမျိုးမြင့် မဖြေနိုင်ချေ။

"ဟို...ဟိုကွာ"

"ဒီလိုပဲ ပြောကြတာပဲလို့ ပြောလိုက်ပါ အန်ကယ်ရာ"

ထိုစကားနှင့် အိမ်အတွင်းသို့ ဝင်လာသူက ရူပဖြစ်၏။ ထို့ကြောင့်လည်း ရဲဝင်းမြင့်က ဦးမျိုးမြင့်ကို ထိုကဲ့သို့ ပြန်မေးရဲခြင်းဖြစ်သည်။ ရူပ အိမ်ခြံအတွင်းဝင်လာကတည်းက သူ မြင်နေရ၍ ဖြစ်သည်။ ဘာနှင့်မှ မတူအောင် နေသာထိုင်သာ ရှိသွားရလေသည်။ ရူပက...

ကျွန်တော်အကြံပေးသလိုသာ ပြောလိုက်တာ အကောင်းဆုံးပါပဲ။ မင်းမသိ ဗြမ္မာဒတ်၊ တိုင်းမသိ ဗာရာဏသီ၊ ကျမ်းမသိ အင်္ဂုတ္တိုလ်...လို့ အဆိုရှိတယ်မဟုတ်လား"

ဦးမျိုးမြင့် စိတ်အနှောင့်အယှက် ဖြစ်သွားပုံ ရသည်။ သို့သော် အူကြောင်ကြောင်ရူပကိုလည်း ဖက်၍ စကားမဆိုရဲသဖြင့်...

"အဟေး...ဟေး ဆိုပါတော့ကွာ၊ ဆိုပါတော့"

လက်သည်းကို ပြုပြင်၍ပြီးသွားပုံရသော ဓာတုက ...

"ရူပ နင်က ဘယ်ကနေလှည့်ပြီး ဒီကို ရောက်လာတာလဲ"

"ဟင်... နင်မေ့သွားပြီလား။ ငါ့စက်ဘီးနောက်ကြည့်မှန် အရောင်းအဝယ်အတွက် ဟိုလက်ဖက်ရည်ဆိုင်မှာပဲ ဒီနေ့ ပြန်ချိန်းထားတာလေ။ ကိစ္စပြီးလို့ နင်တို့အိမ်ဘက် လျှောက်လာတာ..."

ဓာတုက ပြုံးထေ့ထေ့နှင့် ငြိမ်သွား၏။ ဦးမျိုးမြင့်ကတော့ အငြိမ်မနေတတ်သူဖြစ်သဖြင့်...

"ရူပ"

"အင်း"

ရူပ၏ တုန့်ပြန်လေသံက သူ့အပေါ် အလေးအနက်ထားပုံ မရှိသဖြင့် ဦးမျိုးမြင့် စိတ်ညစ်သွားသည်။ သူလို နာမည်ကျော် ဝတ်လုံတော်ရ ရှေ့နေမင်းရှေ့တွင် အရိုအသေထားသင့်သည်ဟု ယူဆ၏။ သို့သော် ရူပကို အများနည်းတူ အူကြောင်ကြောင်ရူပ အဖြစ် သတ်မှတ်ထား၍ ဗွေမယူတော့ပါ။ ပြီး... သူတို့ချင်းက မိတ်ရင်းဆွေရင်းတွေ"

"မင်းပြဿနာက ဘယ်လိုလဲ"

"ဘာပြဿနာလဲ"

"မင်း အတု ပေါ်နေတဲ့ ပြဿနာလေ"

ရူပမျက်လုံးက ရဲဝင်းမြင့်ဆီသို့ ဈွေ့ခနဲ ရောက်လာသဖြင့်...

"ငါ ဘာမှ မပြောရသေးဘူး။ ရောက်ကတည်းက သူချည်းပြောနေတာ"

ဓာတုကို စေ့စေ့ကြည့်လိုက်မိ၏။ ဓာတုကလည်း ခြေကားကား လက်ကားကား...

"ငါ ယောင်လို့တောင် အသိမပေးဘူး"

ထို့ကြောင့် ရူပက ဦးမျိုးမြင့်ကို တည့်တည့်မေးလိုက်သည်။ အမှန်လည်း စိတ်တိုသွား၏။

"အန်ကယ်က အဲဒါကို ဘယ်လိုလုပ်သိသလဲ"

"ဩော်...တစ်ယောက်စကား တစ်ယောက်နားပေါ့ကွာ"

ရူပက ခေါင်းတဆတ်ဆတ်ညိတ်သည်။

"တစ်ယောက်စကား ဆယ်ယောက်နားဖြစ်ဖို့များပါတယ်"

"ထားလိုက်ပါကွာ...။ မင်း ဘယ်လိုဖြေရှင်းမလဲ"

"ဘာလုပ်ဖို့ မေးတာလဲ"

"အဲ"

ဦးမျိုးမြင့် 'လျှာ'နင်သွား၏။ ဘာဆက်ပြောရမည်မှန်းပင် မသိတော့။ ရူပက...

“ကျွန်တော့မှာ အစီအစဉ် ရှိပါတယ်။ ဒါပေမဲ့ ထုတ်ပြောလို့ မရတော့ဘူး။ တော်ကြာ တစ်ယောက်စကား ဆယ်ယောက်နားဆိုပြီး ပြန့်သွားရင် အလကားဖြစ်ရော”

“သြော်...အဟီး...အပေး ဟုတ်ပါတယ်ကွာ”

ဦးမျိုးမြင့် သွားဖြဲကလေးနှင့် (ခေတ္တ) ငြိမ်သွားသည်။ ပြီးမှ

“မင်းကိစ္စကို ဥပဒေအရ အရေးဆိုလို့ ရတယ်ကွ”

“ဗျာ”

“ဥပဒေအရ ဆုံးဖြတ်ပေးလို့ ရတယ်လို့ပြောတာ”

“အများပြည်သူပိုင် ဥပဒေလား”

“အေး...ဒါပေါ့ကွာ”

“ဟင့်အင်း”

“ဟင်... ဘာဖြစ်လို့လဲ”

“ကျွန်တော်က ကျွန်တော့် ဥပဒေနဲ့ပဲ ဆုံးဖြတ်မှာ”

“ဒါ...ဒါဆိုရင် မင်း ဘောင်ကျော်သွားနိုင်တယ်နော်”

“အဲဒီလောက်လည်း မဆိုးပါဘူး။ ကျွန်တော်တို့က ခေတ်လူငယ်တွေပါ။ နားလည်မှုနဲ့ ယှဉ်ပြိုင်တတ်ကြပါတယ်”

“မင်းလွဲနေပြီ”

“လောလောဆယ် လွဲနေတာတော့ အန်ကယ်ပဲ။ ဘာမှန်းကို မသိဘူး”

“ဘာကွ”

“ဟုတ်တယ်လေ...။ အန်ကယ့်ကို ကျွန်တော် တိုင်ပင်ခြင်းမရှိဘူး။ အကူအညီတောင်းခြင်းလည်း မရှိဘူး။ အန်ကယ်လ် ကျွန်တော့် ကိုယ်ရေးကိုယ်တာထဲကို ဝင်ပြီး အာဏာပြ အကြံပေးနေတာကိုး။ တလွဲကြီးဆို ဘယ်လိုလုပ်မလဲ”

“ဟင်... မင်း မင်း”

ရဲဝင်းမြင့်က သားမက်လောင်းနှင့် ယောက္ခမလောင်း၏ အခြေအနေကို ဝင်ထိန်းရ၏။ သို့သော် ရူပဘက်က...

“အန်ကယ် ဒီကိစ္စမှာတော့ အန်ကယ် ဆန္ဒစောတယ်လို့ ကျွန်တော်မြင်ပါတယ်။ ရူပဘက်ကတော့ ဒီကိစ္စနဲ့ ပတ်သက်လို့ လျှို့ဝှက်ထားတာပါ။ ဒီအကြောင်းသွားပြောရင်လည်း သူ ဒေါသထွက်ပါတယ်။ အန်ကယ်က ရှေ့မကြည့် နောက်မကြည့် စွတ်ပြောတာကိုး...။ သူက ကြိုက်မှန်းမသိ၊ မကြိုက်မှန်းမသိ”

“ဘာ”

နာမည်ကျော် ဝတ်လုံရ ရှေ့နေကြီး ဦးမျိုးမြင့် လိုမ့်ခံနေရသည်။ သူကမှ အနေအထိုင် မတတ်ဘဲကိုး။ ခေတ်လူငယ်တွေကို နားလည်ရခက်သည် ဆိုသောစကားကို သူလည်း သူများနည်းတူ ပြောခဲ့ဖူးပါသည်။ ခုတော့...

အဟင့်...ရှုတ်။ ခုတော့...

ပို၍နားလည်ရခက်သည်က သူ့သမီးချော ဓာတုကိုပင်။ အဖေ့ဘက်က နာရကောင်းမှန်းမသိ ပြုံးစေ့ ပြုံးစေ့ လုပ်နေသည်။ စိတ်မသက်မသာစွာပင်ါ ဦးမျိုးမြင့် ထိုင်ရာမှ ထလိုက်တော့၏။

"ကဲ...မင်းတို့ ကိုယ့်ဘာသာ ပြောကြတော့။ ငါသွားတော့မယ်"

ရူပတို့ သုံးယောက်က ထိုင်ရာမှ ထရပ်ကြ၏။ လက်ပိုက်လျက်...

"မင်္ဂလာပါ ဖေဖေကြီး"

"ဘာ"

ဦးမျိုးမြင့် အံ့ခနဲ ဩသွား၏။ ဓာတုက သူ့ကို ဖေဖေကြီးဟု ခေါ်တာကို ထားလိုက်ပါတော့။ ရူပကို လက်ညှိုးငေါက်ငေါက်ထိုးလျက်...

"မင်းက ဘာကိစ္စ ဖေဖေကြီးလို့ ခေါ်ရတာလဲ"

ရူပက သူ့စကားကို နားဝင်ပုံမရပါ။ ရဲဝင်းကို လက်ညှိုးငေါက်ငေါက်ထိုးလျက်...

"မင်းက ဘာကိစ္စ ဖေဖေကြီးလို့ ခေါ်ရတာလဲ"

ဦးမျိုးမြင့်အဖို့ ငိုချင်သည်ထက် ပို၍ငိုချင်သွား၏။ သို့သော် မျက်ရည်က မျက်ရည်မကျတတ်ပါ။ ငိုချင်မှုက ငိုချင်၍ မရပါ။ ကလေးသုံးယောက်ကို ရယ်ပြလိုက်၏။

"တော်ပြီ...မင်းတို့ကို ငါ လိုက်မမီတော့ဘူး။ ကိုယ့်ဘာသာ စကားပြောကြတော့"

အသံကိုနောက်မှာ ထားခဲ့ပြီး လူက အလျင်ထွက်ပြေးခဲ့တော့၏။ ဘဝမှာ တစ်ခါမှ ဤသို့ မကြုံခဲ့ဘူးပါချေ။ သူတစ်ပါးကို 'အကျိုးဆောင်' လိုလှသော ကိုယ့် 'အကြောင်' က ဆိုးလေပြီ။

ဦးမျိုးမြင့်ထွက်သွားတော့ သုံးယောက်သား တက်ညီလက်ညီပြန်ထိုင်ကြလေသည်။ စိတ်လက်ပေါ့ပါးသွားကြ၏။ ဓာတုအနေနှင့် ဖခင်ကို မချစ်၍ မလေးစား၍ မဟုတ်ပါ။ လေကြောရှည်ခြင်း၊ နေရာတကာမှာ ဆရာလုပ်ခြင်း၊ လူငယ်တွေအပေါ်မှာ ကြီးသူတစ်ယောက်အဖြစ် အသက်နှင့် အနိုင်ကျင့်ခြင်းကို လက်မခံနိုင်ခြင်းဖြစ်လေသည်။

ကိုယ်တို့၏ လူငယ်ရေးရာကို ကိုယ်တို့ဘာသာ တိုင်ပင်လိုသည်။ ခိုးကြောင်ခိုးဝှက် စကားဆိုနေကြခြင်းလည်း မဟုတ်။ ဧည့်ခန်းထဲမှာ ဖြောင့်ထိုင်၍ စကားဆိုနေကြခြင်းဖြစ်သည်။ ခေတ်ဟောင်းရုပ်ရှင်ကားများထဲကလို အဖေလုပ်သူက ခလယ်မှာ လာထိုင်ပြီး မျက်မှန် ပင့်ပင့်ကြည့်နေ၍ ရသောခေတ် မဟုတ်တော့ချေ။

"မင်းအူကြောင်ကြောင်လုပ်နေတဲ့ ကိစ္စကို လူလှက ခံနိုင်မှာ မဟုတ်ဘူးလို့ မင်းထင်သလား ရူပ"

ရဲဝင်းမြင့်၏စကားကို ရူပက မဆိုင်းမတွ ခေါင်းညိတ်ပြ၏။

"ထင်တယ်။ ဒါအပြင် တစ်ခြားအချက်တစ်ခု ရှိသေးတယ်"

"ဆိုပါဦး...။ ဘာလဲ"

ထိုသို့ပြန်မေးသည်က ဓာတုဖြစ်၏။ ရူပက ပြုံးသည်။

"နင်မေးလို့ ငါဖြေရတာနော်။ ပြီးမှ နင်မရှက်နဲ့"

ဓာတု သို့လော သို့လော ဖြစ်သွားသည်။ သို့သော်...

"လျှာရှည်လိုက်တာဟာ... ပြောမှာသာ ပြောစမ်းပါ"

"ဟာသတိုလေးတစ်ခု ရှိတယ်။ မိန်းမက ယောကျာ်းကို ပြောတာပါ။ ရှင့်မျက်နှာကို ကျွန်မ မမြင်ချင်တော့ဘူး၊ ခုထွက်သွား။ ချက်ချင်းထွက်သွားတဲ့"

"အင်း...အဲဒါ ဘာဖြစ်လဲ"

"ယောကျာ်းက ပြန်ပြောတယ်လေ။ အေး... ငါထွက်သွားပေးပါ့မယ်။ မင်း ငါ့ပေါင်ပေါ် တက်ထိုင်နေတာကနေ ထပေးပါဦးတဲ့"

ရဲဝင်းမြင့်က ရယ်သော်လည်း ဓာတုက မျက်မှောင်ကြုတ်၏။ ရူပကို...

"ငါတို့မေးတဲ့ မေးခွန်းနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်ပါတယ်....။ ဒီဟာသတိုလေးကို ကြည့်ရင် အချက် (၂) ချက်တွေ့ရတယ်။ မိန်းမလုပ်တဲ့သူဟာ သူကပဲ ကဲနေပြီး သူကပဲ လေလုံးထွားနေတာလို့ ယူဆရတယ်။ နောက်တစ်ချက် အနေနဲ့က သူကပဲ နင်ထုတ်ပြီး ထွက်သွားလို့မရအောင် သူကပဲ ဖိထိုင်ထားတယ်လို့ ယူဆရတယ်။ ခုလူလုအပေါ် သုံးတဲ့ ငါ့ နည်းဗျူဟာက ဒုတိယအချက်နဲ့ ပတ်သက်တယ်"

"မရှင်းသေးဘူး ရူပရယ်"

"သြော်... ငါက ရူပကို နင်လဲထုတ်ချင်သေးတယ်၊ သွားမရအောင် ဖိထားတယ်ဆိုရင် မဖြစ်သေးဘူးလေ။ ခုဆို ငါကလည်း ဖိလိုက်မိတယ်။ ငါ့မိဘတွေကလည်း ဖိတယ်။ ငါ့အဖေကို ပေါ့သေးသေးမထင်လေနဲ့...။ သူနဲ့ပတ်သက်တဲ့ မိတ်ဆွေတွေ။ တပည့်တပန်းတွေ အကုန်လုံးက ဒီကိစ္စကို လိုက်ကုန်ကြပြီ။ ငါက ပြန်ဖော့ပေးလိုက်တာပါ။ ဒီကောင်လူလုကို ထွက်လို့ရအောင် ဖိမထားဘဲ ကြွပေးတာပါ။ သွားပါစေပေါ့။ သူထွက်သွားရင်လည်း ပြီးသွားတာပေါ့"

"သြော်...သြော်"

နှစ်ယောက်လုံး သဘောပေါက်သွား၏။ ရဲဝင်းမြင့်က (မဆင်မခြင်) အားပေးစကားဆို၏။ (မိုက်မဲစွာ)

"အေး...ငါလည်းကူမယ်ကွာ"

(၁၂)

တစ်ရက်ပဲ ခြားလိုက်ပါသည်။ ရဲဝင်းမြင့် ခံရသောဒုက္ခက ကမ္ဘာမြေပြင်အပေါ် နွားမဒါန်းသေးရည်ကဲ့သို့ တဖြန်းဖြန်း သွန်ကျလာပါတော့သည်။

သူကလည်း အနေအထိုင် မတတ်စွာပင် ရူပထံသို့ သွားမိ၏။ အိမ်မှာ မရှိဆို၍ ဆိုင်သို့လိုက်၏။ ဆိုင်မှာရှိသည်။ ရူပနှင့်အတူ သူ့ကို ဒုက္ခပေးမည့် ကိုယ်ပျောက်ဒုက္ခလည်းရှိသည်။ သူက သတိမမူမိလိုက်ချေ။

“ရူပ ဘယ်လိုလဲ...။ ဆိုင်က အရောင်းအဝယ်ကောင်းလား”

“ငါ့ဆိုင်က နာမည် ရပြီးသား၊ မိတ်ရှိပြီးသားဆိုတော့ အရောင်းအဝယ်က ကောင်းပါတယ်ကွာ။ ဒါပေမဲ့ ငါ အခုပဲ ဆိုင်ကို ခဏပိတ်ပြီး အပြင်သွားမလို့။ မင်းရောက်လာတာ အချိန်မီလို့”

“မင်းက ဘယ်သွားမှာလဲ”

ရူပ၏ မျက်နှာက တည်သွားသည်။ လေပူကြီးမှုတ်ထုတ်လျက်...

“ငါ ကောင်မလေးတစ်ယောက်ကို သွားတွေ့မှာ”

ရဲဝင်းမြင့် အမှန်တကယ်ပင် မယုံမကြည်နိုင် ဖြစ်သွားရ၏။

“ဘာ... မင်းကများ ကောင်မလေးတစ်ယောက်ကို သွားတွေ့မလို့”

“အင်း”

"အ...အပျိုလား"

"ထင်တာပဲ"

"ဟာ...ရူပ မင်း ဘာတွေ ကောက်ရိုးပွေ့ထားတာလဲ"

"ဘာကောက်ရိုးမှ မပွေ့ပါဘူး။ နေပါဦး...အဲဒီ ကောက်ရိုးပွေ့တယ်ဆိုတာ ဘာကို ပြောတာလဲ။ ငါ နားမလည်လို့ ရှင်းပြစမ်းပါဦး"

ရဲဝင်းမြင့်ပင် အပြောအဆိုရခက်သွားသည်။

"မိန်းမနဲ့ ပတ်သက်တဲ့ အရှုပ်အထွေးတစ်ခုကို ပိုက်ထားတယ်ဆိုတဲ့ သဘောပေါ့ကွာ...။ ဒါကိုထားပါတော့...။ စကားလုံးဗျူဟာတွေကို ရှင်းရမယ့် အချိန်မဟုတ်ဘူး။ မင်းကိစ္စကို မင်းရှင်းစမ်းပါဦး"

"အေး...မင်း ငါနဲ့ အဖော်လိုက်ခဲ့စမ်းပါ"

"ဘယ်ကိုလဲ"

"ဗိုလ်ချုပ်ပန်းခြံကို"

"ဘာ..."

"ဟုတ်တယ်...ဗိုလ်ချုပ်ပန်းခြံကို"

"မင်းနဲ့ အဲဒီကောင်မလေးနဲ့က အဲဒီမှာ ချိန်းထားလို့လား"

"အေး..."

"နေပါဦး။ ငါ့ကိုလည်း လိပ်ပတ်လည်အောင် ရှင်းပြစမ်းပါဦး"

ရူပက ချက်ချင်းမရှင်းပြ။ ရဲဝင်းမြင့်ကို အပြင်ထွက်ခိုင်းပြီး သူက ဆိုင်ပိတ်သည်။ ပြီးမှ...

"မင်းအချိန်ရတယ် မဟုတ်လား"

"ရပါတယ်"

"ဒါဆို ပြီးတာပဲကွာ"

"ဟေ့... မပြီးဘူး ဟေ့ကောင်"

"ဘာလဲကွ"

"ငါ့ကို ရှင်းအောင်ပြောဖို့ လိုသေးတယ်"

"ပြောမှာပါဟ။ မပြောလို့မှ မဖြစ်ပဲ"

ရူပက Taxi ကားတစ်စီးကို တားသည်။ ဈေးတည့်သွားသည်။ သူတို့ ဗိုလ်ချုပ်ပန်းခြံဆီ ရောက်သွားကြသည်။ ရူပက Taxi ငှားလျင် နည်းစံနစ်တစ်မျိုးကို သုံးလေ့ရှိသည်။ သူကဈေးဆစ်လေ့

မရှိ။ ယာဉ်မောင်းသူက ပိုပိုထိုးထိုး ဈေးခေါ်လျှင် သူက အင်တင်တင်မျက်နှာထားကို အထက်စီးမှ လုပ်ပြလိုက်ခြင်းဖြစ်သည်။ ယာဉ်မောင်းသူကပဲ ပြန်လျှော့ပေးရသည်။

လမ်းမှာ...၊ Taxi ပေါ်မှာ ရဲဝင်းမြင့်က မေးရ၏။

"ပြောလေကွာ... ဘယ်ကကောင်မလေးလဲ။ ဘာလဲ"

"ငါလည်း မသိဘူးကွ။ မနေ့က ငါ ဘီယာသောက်တာ အတော်များသွားတယ်"

"ဘယ်သူနဲ့ သောက်တာလဲ"

"ငါ တစ်ယောက်တည်း"

"ကဲ... ထားပါတော့။ စကားကိုဆက်ပါဦး"

"အေး... ကောင်မလေးတစ်ယောက်ကို မူးမူးနဲ့ ရည်းစားစကား လိုက်ပြောမိတယ်"

"ပါးရိုက်မခံရဘူးလား"

"ဟေ့အေး...။ သူက အဖြေပေးမယ်တဲ့"

"ဘယ်တော့လဲ"

"ဒီနေ့"

"မြတ်စွာဘုရား"

ရဲဝင်းမြင့်တင်မဟုတ်၊ Taxi မောင်းသူကပါ အခမဲ့ ဝင်၍ ဘုရားတခြင်းဖြစ်သည်။

"မင်း...မင်းဟာကြီးက ဟုတ်မှဟုတ်ရဲ့လားကွာ"

"မသိဘူးလေ"

"နေပါဦး...မင်းက ဓာတုရှိလျက်သားနဲ့ ဘာကိစ္စ သူ့ကိုသွားပြီး ရည်းစားစကား သွားပြောရတာလဲ"

"မင်းကလည်း သိရက်သားနဲ့"

"မသိပါဘူး။ ဘာလဲ..."

"လူလုကို ပြဿနာ ရှာနေတာလေကွာ"

"သြော်..."

ရဲဝင်းမြင့် သဘောပေါက်သွားပြီ။ သို့သော် မေးစရာတွေက ကျန်နေသေးသည်။

"မင်းက အခု ရည်းစားစကားပြောခဲ့တယ်ဆိုတဲ့ ကောင်မလေးကို ဘယ်မှာတွေ့တာလဲ"

"အဲဒီ ဗိုလ်ချုပ်ပန်းခြံရှေ့မှာပဲ"

“ကောင်မလေးက လှလား”

“မမှတ်မိဘူး”

“ဟေ...”

“ဟာ...ဟော့ကောင်”

“တကယ်ပြောတာ...။ အဲဒါကြောင့် မင်းကို ခေါ်တာ”

ရဲဝင်းမြင့် ဘာပြောရမှန်းမသိ ဖြစ်သွားသည်။ Taxi ဒရိုင်ဘာက အနေအထိုင်မတတ်စွာ တဟားဟား အော်ရယ်၏။ ရဲဝင်းမြင့်က...

“ခင်ဗျားက ဘာရယ်တာလဲ”

“သြော်...မူးပြီး ရည်းစားစကားပြောတာကိုလည်း မှတ်မိတယ်။ ချိန်းထားတဲ့ အချိန်နဲ့ နေရာကိုလည်း မှတ်မိတယ်။ ဘယ်ကောင်မလေးဆိုတာကို မေ့နေလို့...။ တစ်ခါမှ မကြုံဘူးပါဘူးဗျာ...။ ဟား...ဟား...ဟား”

ရဲဝင်းမြင့်ကလည်း စိတ်ပျက်လက်ပျက် လိုက်ရယ်သည်။

“ရှုပရာ... မင်းကတော့ တကယ့်ကို အူကြောင်ကြောင်ရှုပပါပဲ”

ရှုပကဖြင့် ခပ်တည်တည်။

“အဲဒါ မင်းလိုက်ရှာပေးစမ်းပါ”

“ဘာ...”

“အဲဒီကောင်မလေးကို လိုက်ရှာပေးစမ်းပါ”

“ဗုဒ္ဓေါ”

Taxi မောင်းသူက ထရယ်ပြန်သည်။ ရဲဝင်းမြင့်က ဟန့်ရ၏။

“ခဏ တိတ်တိတ်နေစမ်းပါဗျာ...။ ခင်ဗျားကလည်း”

ရှုပကို ဆက်မေး၏။

“မင်းဘာသာရှာတော့ ဘာဖြစ်လို့တုန်း”

“ငါ ရှက်လို့”

“သြော်...ငါကတော့ အရှက်မရှိဘူးလား”

“မဟုတ်ဘူးလေကွာ...။ ငါက သူ့ကို မမှတ်မိဘဲ လိုက်မေးနေရတယ်ဆိုတာ သူသိသွားရင် မကောင်းဘူး။ နှမချင်းစာနာတဲ့ သဘောပေါ့ကွာ”

“မင်းက မြင်ရင် မှတ်မိတယ်မဟုတ်လား”

“ဟင့်အင်း”

ရဲဝင်းမြင့် ငိုချင်သွားသည်။

“ဟ…ငါက ဘယ်လို လိုက်ရှာရမှာတုန်း”

“ကောင်မလေးတွေကို တွေ့ရင် လိုက်မေးကြည့်ပေးလေကွာ”

“ဘာ…”

“အကောင်းပြောနေတာ…။ ငါ့ကို ကူညီစမ်းပါ”

ရယ်ချင်နေသော Taxi ဒရိုင်ဘာပင်လျှင် မရယ်နိုင်တော့ဘဲ မျက်လုံးပြူးသွားသည်။ (ပြူးတာထက်ဆိုးသည်)

ရဲဝင်းမြင့်အတွက်မူ ဆိုစရာပင်မရှိတော့။ ရူပကို ကြောက်မက်ဖွယ် သတ္တဝါကြီးတစ်ကောင်လို ကြည့်၏။

“မင်းဟာက မဖွယ်မရာကြီးပါလားကွာ”

“မင်းကလည်းကွာ… ရဲဝင်းမြင့်ပဲဟာ”

“ဟာ… ဘာဆိုင်လို့လဲ”

ငြင်းရင်းခုန်ရင်း ဗိုလ်ချုပ်ပန်းခြံရှေ့သို့ရောက်ရှိလာပါပြီ။

ဝင်ဝင်ချင်းမှာ ကားပေါ်မှ မဆင်းမီ တွေ့လိုက်ရသော အမျိုးသမီးကြီးတစ်ဦးအား…

“ဟော့ကောင်… သူလား”

ရဲဝင်းမြင့်က ညွှန်ပြလိုက်သည်။ ရူပက မတူသလို မတန်သလို ပြန်ကြည့်၏။

“မင်းကားခပေးပြီး ဆင်းမှာသာ ဆင်းလိုက်”

“ဟင်… ကားခက ငါပေးရမှာ…။ ဟုတ်လား”

“အေးလေ…မင်းလာခေါ်တာပဲ ဥစ္စာ”

“မခေါ်ပါဘူးကွာ…။ မင်းဆိုင်မှာ စကားပြောဖို့ ထွက်လာတာပါ”

“ဟုတ်လား… မသိဘူးလေ။ မင်းရပ်က ငွေပေးပြီးခေါ်တဲ့ရုပ်ဖြစ်နေတာကိုး”

“သိကြားမင်း ကယ်တော်မူပါ”

ထိုအချိန်မှာပဲ Taxi မောင်းသူက…

“ဆရာတို့ ဒီအနားမှာ ရပ်ရင် ရတယ်မဟုတ်လား”

"ရပါတယ်"

ရဲဝင်းမြင့်ကပဲ ပိုက်ဆံရှင်းပေးရ၏။ ကားထွက်သွားပြီးမှ ရူပက...

"မင်းအရည်အချင်းကို ကြည့်မယ်ကွာ"

"သွားစမ်းပါကွာ"

ပြောသာပြောရ၏။ ရဲဝင်းမြင့်ခမျာ မိန်းကလေးတော်တော်များများဆီ ချည်းကပ်ရပါသည်။ ပထမဆုံးတွေ့ရသည့် သစ်ပင်အောက်မှ ကောင်မလေးကို...

"ညီမလေး...ညီမလေး"

ကောင်မလေးက ဟန်ပန်နှင့်ပြန်ကြည့်၏။

"ဘာလဲ"

"ညီမလေးကိုလေ...အစ်ကို့သူငယ်ချင်းကများ ရည်းစားစကား ပြောမိသေးလား။ မနေ့တုန်းကလေ"

"ဘာတွေ လာပြောနေတာလဲ"

"ဟို...ဟို ရူပဆိုတဲ့ကောင်လေ"

"တော်စမ်းပါ လျှောက်ပြောမနေနဲ့"

"မနေ့ကလေ...ညီမလေးကို ဒီကောင် မူးမူးနဲ့ ရည်းစားစကား ပြောလိုက်တာလေ။ ညီမလေးက ဒီနေ့ အဖြေပေးမယ်ဆိုပြီး မိုးလင်းကတည်းက လာစောင့်နေတာလေ"

"အောင်မာ...အောင်မာ"

ကောင်မလေးက ထီးနှင့်ရိုက်မည်ပြု၍ မနည်းထွက်ပြေးရ၏။ ရူပကို...

"အဲဒီကောင်မလေးလား"

"မမှတ်မိပါဘူးဆို"

"ဒုက္ခပဲ"

နောက်ကောင်မလေး တစ်ယောက်ဆီ ချည်းကပ်ရပြန်၏။ ဤတစ်ကြိမ်တွင်တော့ နူးညံ့ငြင်သာစွာ...

"ကလေးရေ..."

ကောင်မလေးက လှည့်ကြည့်ပါ၏။ သူ့ကိုတွေ့တော့ မျက်နှာစူပုပ်စွာ ပြန်လှည့်သွားသည်။

"ဟေ့ ကလေးလေးရေ"

ခေါ်မည့်သာ ခေါ်ရသည်။ ကိုယ့်ကိုကိုယ် အခြောက်ကြီးတစ်ယောက်လို ခံစားရ၏။ ကောင်မလေးက မျက်မှောင်ကြုတ်လျက် ခပ်မာမာ ပြန်ကြည့်ပြီး...

“ရှင် ကိုယ့်လမ်းကိုယ်သွားပါ”

“မဟုတ်ဘူး… မေးချင်တာလေးတစ်ခုရှိလို့ပါ”

“ဘာလဲ”

“မနေ့က ညီမလေးကို ဒီပန်းခြံထဲမှာ တွေ့မိသလားလို့”

“ရှင်နော်… လူကို ဘယ်လိုအတန်းအစား အောက်မေ့လို့လဲ”

ကောင်မလေးတော်တော် ဒေါပွသွား၏။ ရဲဝင်းမြင့်ကလည်း စမိမှ မထူးတော့ပြီဖြစ်၍…

“ဒီလိုပါ…။ မနေ့ညနေက ဒီပန်းခြံထဲမှာ ရည်းစားစကားအပြောခံလိုက်ရတာ ညီမလေးများလားလို့”

“ရှင် ပြောလေ ကဲလေပါလား”

ထမင်းဘူးနှင့် ကောက်ထုမည့်ဟန်ပြု၍ ရဲဝင်းမြင့် လစ်ပြေးရတော့သည်။ ရူပကို ဒေါကန်မိတော့၏။

“ဟော့ကောင် ရူပ။ မင်းကိစ္စကို မင်းဘာသာ ရှင်းတော့ကွာ”

“ခက်တာပဲ… ငါကလည်း နည်းနည်းမှ မမှတ်မိတော့ဘူး”

“နေပါဦး… ငါမေးပါဦးမယ်”

“ဘာလဲ”

“အဲဒီ့ကောင်မလေးကို တွေ့ရင် မင်းက အဖြေ တကယ်ယူမလို့လား”

“အဲဒီလိုလည်း မဟုတ်ပါဘူး”

“ဒါဖြင့် ဘာလဲ”

“ဘာရယ် မဟုတ်ပါဘူး”

“ဟာကွာ…”

ရဲဝင်းမြင့် စိတ်ဆိုးမာန်ဆိုး ဖြစ်မိတော့၏။

“ဒီမယ် ရူပ၊ ငါပြောမယ်”

“ပြော…”

“မင်းက အဲဒီကောင်မလေးကို မူးမူးနဲ့ ရည်းစားစကားပြောပြီးပြီ။ အဲဒီကောင်မလေးက လူလှကို အဖြေပြန်ပေးပါစေ…။ လူလှဒုက္ခရောက်ရင် ပြီးရော မဟုတ်လား”

“အေး… အဲဒီလိုလဲ ရတယ်”

“ဒါနဲ့များကွာ… ထားလိုက်တော့။ ဘာမှ လိုက်လုပ်နေစရာ မလိုတော့ဘူး။ ပြန်ကြမယ်”

အူကြောင်ကြောင်ရှုပက မျက်လုံးပေကလပ်ပေကလပ် လုပ်နေသေးသဖြင့်....

"လာ..လာ ဟော့ကောင် သွားကြမယ်"

"နေပါဦးဟ"

"ဘာလုပ်မလို့လဲ"

"ဗိုလ်ချုပ်ကြေးရုပ်ဆီ သွားဦးမယ်လေကွာ"

"မမြင်ဖူးဘူးလား"

"ဟ အလေးသွားပြုဦးမှာပေါ့ကွာ"

ရဲဝင်းမြင့် ခံလိုက်ရ၏။ မနေ့က ဒီကောင်မှူးမှူးနှင့် ဗိုလ်ချုပ်ကိုများ ရည်းစားစကားပြောခဲ့တာလား မသိ။

"အင်း...အရှူးက တစ်မူးသာသွားပြန်ပြီပေါ့ကွာ"

(၁၃)

ရုပ၏ ဗိုလ်ချုပ်ပန်းခြံထဲမှ ချစ်ဇာတ်လမ်း အစုတ်အပြတ်ကို ရဲဝင်းမြင့်ခများ အောင့်အီးဖုံးဖိပေးထားရပါသေးသည်။ ဓာတုပြန်ကြားသွားလျှင် မကောင်း။ အူကြောင်ကြောင်ရုပက အူကြောင်ကြောင်နှင့် လုပ်ချင်ရာ လုပ်ချင်းဖြစ်သော်လည်း နားလည်မှုလွဲစရာ ဖြစ်နေသည်။

နောက်တစ်ရက် နှစ်ရက်အကြာမှာ သူတို့တွေ အုပ်စုလိုက် ဆုံဖြစ်ကြသည်။ အောင်ဆန်းဦးတော့မပါ။ ဂြိုလ်တုစလောင်းမှ လာသော ဘောလုံးပွဲကို သဲကြီးမဲကြီး ထိုင်ကြည့်နေသဖြင့် ခေါ်၍မရ။ သိန်းဇော်ဝင်းက နည်းနည်းမှ မကျေနပ်။

"ဒေးဗစ်ဘက်ခမ်းကိုများ သူ့အဖေကျနေတာပဲ"

"သြော်...သူ့ဝါသနာကိုးကွ"

ရဲဝင်းမြင့်က ဖြောင်ဖျပြီး အတင်းဆွဲလာရသည်။ အောင်ဆန်းဦးကို မဟုတ်။ အောင်ဆန်းဦးကို ဝင်ခေါ်သည့် သိန်းဇော်ဝင်းကို...။ ဝါသနာပါ၍ ရှမ်းခေါက်ဆွဲ ရောင်းစားနေပုံရသော တရုတ်ကြီး၏ဆိုင်သို့ပဲ ချီတက်လာခဲ့ကြသည်။ သူတို့နှစ်ယောက်ရောက်သွားတော့ ဓာတုတို့က အအေးသောက်၍ပင် ပြီးနေပြီ။

"ဟင်...နင်တို့နှစ်ယောက်တည်းလား"

"အေး...အောင်ဆန်းဦးကို ခေါ်မရဘူး"

"ဟို ကာယကံရှင်ကော"

ရှုပကို မေးခြင်းဖြစ်သည်။

သူ့ဘာသာ လာလိမ့်မယ်။ သူတို့အိမ်မှာ နယ်က ဧည့်သည်တွေ ရောက်နေလို့"

"ဟဲ့... ဓာတု။ ရှုပကိုပဲ မျှော်မနေနဲ့။ လူလှကိုလည်း ကြည့်ဦး။ နင်က သူ့ကို အဖြေပေးရဦးမှာ"

မြတ်စုငယ်နှင့် သက်ဝေချိုတို့က ဓာတုကို စ၏။ ဓာတုမျက်နှာ အထားရ ခက်သွားသည်။

"အေးဟယ်...အဲဒီကိစ္စကြီးကလည်း"

အမှန်တကယ်ပင် ကသိကအောက်နိုင်လှသော ကိစ္စဖြစ်သည်။

"ဟော ဟိုမှာ လာနေပြီ"

"ဟင်... ဘယ်သူလဲ"

"မသိဘူးလေ...။ ရှုပလား၊ လူလှလား"

ဆိုင်ထဲသို့ ရှုပ တစိုက်စိုက် ဝင်လာသည်။ (လူလှလည်း ဖြစ်နိုင်သည်) အားလုံး အသင့်အနေအထား ပြင်လိုက်ကြ၏။ လူလှကို တွေ့လိုတွေ့ငြား ဤဆိုင်မှာ လာထိုင်ကြည့်နေကြခြင်းဖြစ်သည်။

"ဓာတုတို့က ထိုင်နေတာကြာပြီလား"

"အေး ညောင်းရင်တော့ ထပါတယ်"

"နင်တောင် နောက်တတ်နေပြီ"

"နင်တို့အိမ်မှာ နယ်က ဧည့်သည်တွေ ရောက်နေတယ်ဆို"

"အေးဟာ...စိတ်ညစ်ပါတယ်"

"ငွေလာချေးတာပဲလား"

နယ်မှ ဆွေရိပ်မျိုးရိပ် မကင်းသူများက ရှုပတို့အိမ်မှာ ကြုံရင်ကြုံသလို ငွေလာချေးတတ်ကြသည်။ တစ်ခါတစ်ခါ ဓာတုနှင့်ပင် တိုးတတ်သေးသည်။

"ခုဟာက အကြွေးလာဆပ်တာပါ"

"ကောင်းတာပေါ့ဟဲ့"

"မကောင်းပါဘူးဟာ"

"ဘယ်လိုဖြစ်လို့လဲ"

ရူပက ခေတုနံဘေးမှာ ခုံဆွဲထိုင်ပြီး လေပူကြီးမှုတ်ထုတ်လျက်…

“ငါက လာတောင်းပြီး အသိမပေးဘဲ ပြန်သွားလို့ သူတို့က ရန်ကုန်အထိ လိုက်လာပြီး ပေးတာတဲ့”

“နင်က ဘာကိစ္စ အသိမပေးဘဲ ပြန်လာတာတုန်း၊ ဟုတ်သားပဲ”

“ဟဲ့…အရူးမရဲ့။ ငါက ဘယ်မှာ နယ်သွားလို့လဲ”

“အဲ…ဟုတ်သားပဲ။ ဟင်…ဒါဆိုရင်”

“အေး…ဟုတ်တယ်။ လူလှနေမှာပေါ့”

“ဗုဒ္ဓေါ”

အားလုံးအလန့်တကြား ဖြစ်သွားကြသည်။ ဆိုင်ရှင်တရုတ်ကြီးက ယပ်တောင်ကိုဖျတ်ဖျတ်ခပ်လျက် သူတို့ဝိုင်းကို လှမ်းကြည့်နေ၏။

“နင့်မိဘတွေလည်း အံ့သြနေရမှာပေါ့”

“အေးပေါ့”

“ဟို…နယ်ကလူတွေကော”

“မပြောလိုက်ပါဘူး။ သူတို့ကတော့ ငါမဟုတ်ဘူးဆိုတာကို ဘယ်သိမလဲ။ ဒီလူလှကိစ္စကြီးက လျှောက်ပြောလို့လည်း ကောင်းတာမှ မဟုတ်တာ။ ရှင်းပြလို့လည်း မလွယ်ဘူး”

သိန်းဇော်ဝင်းက ကျောကို လက်ပြန်ကုတ်ရင်း…

“ဇာတ်ကတော့ ရှုပ်ကုန်ပြီ”

ရူပက သိန်းဇော်ဝင်းကို လှည့်ကြည့်ပြီး…

“သြော်…အေး ဟုတ်ပါရဲ့။ ငါ့မှာ ဘာလိုနေသလဲ အောက်မေ့တာ”

“ဘာလဲဟဲ့….။ နင်ကလည်း အလန့်တကြား”

“ငါလည်း ကျောယားနေတာ….။ ဟဲ့ ခေတု ကုတ်ပေးစမ်းဟာ”

“အောင်မာ”

“ကုတ်မှာ ကုတ်စမ်းပါဟာ”

မြတ်စုငယ်နှင့် သက်ဝေချိုက…

“ခေတု လိမ်ပါဆွဲလိုက်”

“နင်တို့ကုတ်ချင်ရင် နောက်တစ်ခါ ယားတော့ ပြောမယ်”

“အောင်မယ် … အောင်မယ်”

ဓာတုက ရှုံ့မဲ့ရှုံ့မဲ့နှင့် ရူပကို ကျောကုတ်ပေးရသေး၏။

ရဲဝင်းမြင့်က စကားလမ်းကြောင်းကို ပြန်တည့်သည်။

"မင်းတို့အဖေက ဘယ်လို အကြံပေးသလဲ"

"သူလည်း စဉ်းစားရ ကြပ်နေတုန်းပဲ"

"မင်းကသာ ရန်ကုန်မှာ အူကြောင်ကြောင်တွေ လုပ်ပြနေတာ၊ ဟိုကောင်က နယ်ရောက်သွားတာကိုး"

"ဘယ်လိုသဘောလည်း ဆိုတာ စဉ်းစားလို့ကို မရဘူး"

"ဟုတ်ပါရဲ့ကွာ"

ထိန်းထားသည့်ကြားမှ ရဲဝင်းမြင့်က လွတ်ခနဲ ထွက်သွားသေးသည်။

"ဟိုကောင်မလေးကသာ တစ်ခါတည်း အဖြေပြန်ပေးလိုက်ရင် လူလှက ဒုက္ခမရောက်ဘဲ မင်းဒုက္ခရောက်နေမှာ"

ထိုစကားကြောင့် ဓာတု ခေါင်းထောင်သွားသည်။

"ဘာပြောတယ် ရဲဝင်းမြင့်"

မထူးတော့သဖြင့် စကားကို လျှောချရင်း ဝန်ခံရသည်။

"ဒီကောင် ရူပပေါ့။ လူလှယောင်ဆောင်ပြီး ဘယ်လိုမှ မလှတဲ့ ကောင်မလေးတစ်ယောက်ကို ရည်းစားစကားသွားပြောတယ်။ ဟိုက လူလှမဟုတ်မှန်းသိလို့ ငြင်းလွှတ်လိုက်တယ်"

ဓာတုက ရူပကို စူးစူးကြည့်၏။

"ရူပနော်"

"အလကားပါ...နင်ကလည်း။ ငါ ရည်းစားစကားပြောတာ နင့်တစ်ယောက်တည်းကိုပဲ ရှိတယ်"

ရူပက ဖြောင်ငြင်းရ၏။

"အေးလေ... နင်ပဲ ငါ့ကို ရည်းစားစကားပြောထားပြီး"

"အေးပါ... ငါနင့်ကိုပဲယူမှာပါ"

သူတို့နှစ်ယောက်ကို ကြည့်ပြီး ကျန်သူအားလုံး ဝိုင်းရယ်မိကြ၏။

ဘယ်လိုသုံးသပ်ရမည်မှန်းပင် မပြောတတ်တော့။ သူတို့နှစ်ယောက်က သံယောဇဉ်ကြီးကြတာတော့ သေချာသည်။ အိမ်ချင်း၊ မိဘချင်းကလည်း ပြောမနာ ဆိုမနာ အရမ်းရင်းနှီးကြသည်။ အထူးသဖြင့် ဓာတု၏ဖခင် ဦးမျိုးမြင့်က ရူပကို အတော်ချစ်သည်။ ရူပ ဂွတ်ဆတ်ဆတ် မာကျောကျော လုပ်သမျှကိုလည်း ခွင့်လွှတ်သည်။

ငယ်ငယ်ကဆိုလျှင် ဦးမျိုးမြင့် အစလွန်သဖြင့် ရှုပက အုတ်ခဲနှင့် လိုက်ထုဖူးသည်။ နောက်ခံရာဇဝင်တွေကတော့ ထိုသို့ထိုပုံ ဖြစ်သည်။

"သမီး ယောက္ခမ တဂျိန်းဂျိန်းဖြစ်နေပါဦးမယ်ကွာ"

"အိမ်ခွဲနေမှာပေါ့ကွ"

သိန်းဇော်ဝင်းက ဖြတ်ပြောသည်။

"အိမ်ခွဲတာ နောက်မှ ခွဲကြပါ။ လောလောဆယ် လူလုကို ဘယ်လို လုပ်မလဲ"

"အေး...ဟုတ်တယ်။ ဒီကိစ္စကြီးက ကန့်လန့်"

စကားဝိုင်းက ခေတ္တငြိမ်သက်သွားသည်။

ရှုပက မဲ့ပြုံးနှင့်အတူ ခေါင်းကိုယမ်းရင်း စားပွဲပေါ် ပိုက်ဆံအိတ် တင်၏။ ပိုက်ဆံအိတ်ပေါ်မှာ တစ်ရှူးစတစ်စကို တင်၏။ အအေးခွက်ကို တကျိုက်တည်း မော့သောက်သည်။ ပြီး... Toilet ဆီလျှောက်သွား၏။

"ဘာလုပ်မလို့လည်းကွ"

သိန်းဇော်ဝင်းကို ဘုတောသွား၏။ သိန်းဇော်ဝင်းက သွားဖြီးကျန်ခဲ့ရာမှ...

"ဟိုမှာ မခင်သန်းဦး မဟုတ်လား"

"ဘယ်မှာလဲ"

"ဟိုဘက်ပလက်ဖောင်းပေါ်မှာလေ....။ ဟော...ဒီဘက်ကို ကူးလာပြီ"

"ဩော်...အေး...ဘယ်သွားမလို့လည်း မသိဘူး"

အောင်ဆန်းဦး၏ အစ်မဖြစ်၏။ ကြော့ကြော့မော့မော့ ဆင်ယင်ထားသည်။

သိန်းဇော်ဝင်း အူယားဖားယားနှင့် ခါတုတို့ကို....

"ဟဲ့...မချောတွေ...မချောက်တွေ၊ ငါ့ကို ဘော့ပင် စာရွက် အမြန်ပေးစမ်းပါ"

သက်ဝေချိုက ဘော့ပင်ကမ်းပေး၏။

"လုပ်ပါဦးဟ...စာရွက်ပါ ပေးစမ်းပါ။ အမြန်"

"ဘာလုပ်မလို့လဲ" ဟု စာရွက်ကိုနှိုက်ရင်း သက်ဝေချိုက ပြန်မေး၏။

"ရည်းစားစာ ပေးမလို့"

"ဟာ ... နင်ကလည်း"

"လုပ်စမ်းပါဟာ....။ ဒီအခွင့်အရေးမျိုး ရခဲတယ်"

"ဟဲ့… ကိုယ့်သူငယ်ချင်းအစ်မကို"

"ဘာဖြစ်လဲ…ပေးစမ်းပါ စာရွက်"

"မပေးဘူး"

"အာ…"

သိန်းဇော်ဝင်းက ရူပ၏ ပိုက်ဆံအိတ်ပေါ်မှ တစ်ရှူးစလေးကိုပဲ ဆွဲယူပြီး 'မမကိုချစ်တယ်' ဟု အသက်အောင့် ရေးလိုက်၏။ ပြီး…ခင်သန်းဦးဆီ ကပျာကယာ ပြေးသွားသည်။

"မခင်သန်းဦး…မခင်သန်းဦး"

Toilet ထဲမှ ထွက်လာသော ရူပက….

"သိန်းဇော်ဝင်း ဘာဖြစ်တာတုန်း"

"အောင်ဆန်းဦးရဲ့အစ်မကို ရည်းစားစာ လိုက်ပေးမလို့တဲ့"

"သူက ရည်းစားစာကို အိတ်ထဲမှာ အဆင်သင့် ထည့်ထားတာလား"

"ဘယ်ကလာ…နင့်တစ်ရှူးစက္ကူပေါ်မှာ သက်ဝေရဲ့ ဘောပင်နဲ့ ရေးပြီး ယူသွားတာ"

"ဒီကောင်ကတော့ လုပ်ချလိုက်ပြန်ပြီ"

သိန်းဇော်ဝင်းနှင့် မခင်သန်းဦးကို ငေးကြည့်နေမိကြသည်။

"ဟာ… တကယ်ကို ပေးတာဟ"

အစမှာတော့ မခင်သန်းဦးက ရိုးရိုးလာနှုတ်ဆက်ခြင်းဟု ထင်ပုံရသည်။ သိန်းဇော်ဝင်းက စာကိုထုတ်ပေးမှ အမူအယာပြောင်းပြီး မျက်နှာထားတင်းသွားသည်။ အော်ထုတ်လိုက်သော အသံ သဲ့သဲ့ကိုပင် ကြားရသည်။

"ဟင်…သိန်းဇော်ဝင်း၊ နင်ရိုင်းလှချည်လား"

သိန်းဇော်ဝင်းက တတွတ်တွတ်နှင့် ဘာတွေပြောနေသည်မသိ။ ရူပတို့ရင်ထိတ်နေရသည်။ မခင်သန်းဦးက စာကို ဇတ်ခနဲ ဆွဲယူပြီး…

"နင့်စာကို ဒီလိုပဲလုပ်မယ်။ အဲဒါ တစ်ခါတည်းပြန်ပေးလိုက်တဲ့ အဖြေပဲ"

စာနှင့် နှပ်ညှစ်ခြင်းဖြစ်သည်။ စာကလည်း တစ်ရှူးဖြစ်၍ နှပ်ညှစ်ချင်စရာလေးဖြစ်ပင်…။

"ဟာ…ဟာ…"

ရူပက မျက်လုံးပြူး မျက်ဆန်ပြူးနှင့် အော်သည်။ ဓာတုက…

"ကောင်းတယ်…အဲဒီလို ခံရပါစေ"

"အာ…မဟုတ်ဘူးဟ"

"ဘာလဲ"

"ဟို…ဟိုမှာကြည့်"

ရူပက လက်ညှိုးထိုးပြ၏။

မခင်သန်းဦးက ဒေါသတကြီး နှပ်ညှစ်နေရင်း မျက်နှာပျက်သွားသည်။ မေးက ဆတ်ခနဲ ဆတ်ခနဲ ဖြစ်သွားပြီး မျက်လုံးကပါ မှိတ်လိုက်ဖွင့်လိုက် ဖြစ်နေသည်။

သိန်းဇော်ဝင်းလန့်ပြီး နောက်သို့ ခြေတစ်လှမ်းဆုတ်၏။

ဓာတုက…

"ဟဲ့… ရူပ ရူပ ဘယ်လိုဖြစ်တာလဲ"

"အဲဒီ တစ်ရှူးက ငါနှာရှူမလို့ နှာဆေးတွေ သုတ်ထားတာ"

"ဟယ်…"

ထိုအချိန်မှာပဲ ဆန့်ငင်ဆန့်ငင်နှင့် မျက်လုံးပေကလပ်ပေကလပ်ဖြစ်နေသော မခင်သန်းဦး အောင်မြင်သွားသည်။

"ဟပ်…ဟပ်…ဟပ်… ချေး"

သိန်းဇော်ဝင်းပါ လန့်ပြီး နောက်ခုန်ဆုတ်သည်။ မဆုတ်သိန်းဇော်ဝင်းပါ လန့်ပြီး နောက်ခုန်ဆုတ်သည်။ မဆုတ်၍လည်းမဖြစ်။ မခင်သန်းဦး၏ နှပ်တွေပါ စင်ထွက်လာခြင်းဖြစ်သည်။ မခင်သန်းဦးကိုယ်တိုင်သည်ပင်လျှင် သူ့အဖြစ်ကို သူ ဇဝေဇဝါဖြစ်သွား၏။ မေ့ပြီး နှာခေါင်းမှ နှပ်ရည်များကို တစ်ရှူးနှင့်ပဲ ဖိသုတ်လိုက်မိပြန်သည်။

နောက်တစ်ခါ လာပြန်ချေပဟော့…။

"ဟပ်…ဟပ်….ဟပ်…. ချေး"

သိန်းဇော်ဝင်းက နောက်ကိုခုန်ဆုတ်ရပြန်သည်။

မခင်သန်းဦး၏ ဒေါသက သိန်းဇော်ဝင်းကို ပြာကျသွားစေလောက်သည်။ သို့သော် သိန်းဇော်ဝင်းကို ဘာမှ မလုပ်အားသေးပဲ သူတစ်ယောက်တည်း ရှုပ်နေသည်။ တစ်ရှူးကို လွှင့်ပစ်၏။ သို့သော် နှပ်ရည်တန်းက အရှည်ကြီး ဆန့်ထွက်လာပြီး တစ်ရှူးကို ဆွဲထား၏။ တစ်ရှူးက နှပ်ရည်ကြောင်းကို တွဲလောင်းခိုထားသည်။

မခင်သန်းဦးက နှပ်ကို လက်နှင့် ညှစ်ချ၏။ တစ်ရှူးပြုတ်ကျသွားသည်။ သို့သော် နှပ်ရည်တန်းက လက်ချောင်းများမှာ တွဲပြီး ပါလာပြန်သည်။ လက်ညှိုးနှင့် လက်မကို ကားကားကြီးဖြန့်ထားပြီး နှပ်သုတ်ရန် တိုင်လိုက်ရှာ၏။ တိုင်မဟုတ်သော သိန်းဇော်ဝင်းက နောက်သို့ ခုန်ဆုတ်လိုက်ပြန်သည်။

သိန်းဇော်ဝင်းမှာ အခြေအနေကို နားမလည်နိုင်တော့ပဲ ဖြစ်နေ၏။

မခင်သန်းဦးက ခပ်လှမ်းလှမ်းမှ ခတ်တိုင်ဆီ ပြေးပြီး နှပ်သုတ်လိုက်သည်။ ပြီး... သိန်းဇော်ဝင်းကို မျက်လုံးပြူးနှင့်ကြည့်ကာ....

"နင်...နင်"

သွားပြန်ပြီ။ စကားပြောချင်ဇောလောပြီး နှာခေါင်းမှ လက်ကျန်ဆေးမှုန့်များကို ရှိုက်သွင်းမိပြန်သည်။

"သိန်းဇော်...ဟပ်...ဟပ်...ဟပ်...ချေး"

ဒီတစ်ခါ နှပ်တွေက မေးအောက်ထိတိုင် တွဲကျ၏။ ပါးစပ်ထဲကိုပင်နည်းနည်းဝင်သွားသည် ထင်သည်။ မေးတစ်ခုလုံးကို လက်ဝါးနှင့်ပွတ်ပစ်ရ၏။ သိန်းဇော်ဝင်းကလည်း ဘယ်လို ကူညီရမည်မှန်းမသိ။ လက်ကလေး ကာကာ ကာကာနှင့် တောင်းပန်ဟန်ပြုရင်း ပြန်လှည့်ပြေးလာခဲ့သည်။

သို့သော်...

"ဒုန်း"

"အင့်"

မခင်သန်းဦးက လမ်းဘေးမှ ခဲလုံးကြီးကို ကောက်၍ ထုလိုက်ခြင်းဖြစ်သည်။ သိန်းဇော်ဝင်းတော့ ကျောအတော်အောင့်သွားရှာမည်။

"သိန်းဇော်ဝင်း နင့်ကို မကျေ ဟပ် ဟ ဟု ဟွတ် ချေး"

နောက်တော့ မျက်နှာချင်း Taxi တစ်စီးကို တားပြီး ကမန်းကတန်း တက်သွားတော့သည်။ သိန်းဇော်ဝင်း အူတူတူလေးဖြစ်ပြီး ငေးကြည့်ကျန်ရစ်သည်။ မခင်သန်းဝင်းကို မရယ်ရက်ခဲ့သော ရှုပတို့အုပ်စုလည်း သိန်းဇော်ဝင်းကိုသာ လက်ညှိုးထိုးပြီး ဟားတိုက်ကြရတော့၏။

သိန်းဇော်ဝင်းက...

"ဘယ်လိုဖြစ်တာလည်း မသိဘူးကွ"

ရဲဝင်းမြင့်က အရယ်တစ်ဝက်နှင့် ပြောသည်။

"တရားခံကတော့ ရှုပပေါ့ကွာ"

"အောင်မာ...ငါနဲ့ ဘာဆိုင်လဲ။ သူ့ဘာသာသူ မမေးမမြန်း ငါ့တစ်ရှူးကို ယူသွားတာ"

"ဘာတွေလည်းကွ။ ငါရှင်းအောင် ပြောပြပါဦး"

"ငါက ဇက်ကြောတွေတက်နေလို့ဟ။ အဲဒါ...တစ်ရှူးပေါ်မှာ နှာဆေးသုတ်ပြီး ရှူရှူပေးနေတာ။ မင်းက အဲဒီအပေါ်မှာ ရည်းစားစာရအောင်ရေးပြီး သွားပေးတာကိုး"

"ဟေ...ဩော် ဒီလိုကိုး"

သိန်းဇော်ဝင်း ခုမှ သဘောပေါက်သွားသည်။

"တိုက်တိုက်ဆိုင်ဆိုင်ကွာ...သူကလည်း နှပ်ယူညှစ်ပစ်တာကိုး"

"သေချာတာကတော့ မင်းကို တော်တော်မုန်းသွားပြီ"

"အေးကွာ... ငါကလည်း ဒီလိုမျိုးကြီး မရည်ရွယ်ပါဘူး။ အောင်ဆန်းဦးကိုတောင် မျက်နှာပြဖို့ ခက်ပြီ"

သိန်းဇော်ဝင်း အမှန်တကယ် စိတ်မကောင်းဖြစ်နေပုံရ၍ မြတ်စုငယ်က...

"ငါတို့ပါ ကူရှင်းပြပေးပါ့မယ်ဟာ....။ နေပါဦး... နင်က ဘာကိစ္စ ရည်းစားစာ သွားပေးရတာလဲ"

"ဟ...ကြိုက်လို့ပေါ့ဟ"

"ကြိုက်ရင်လည်း သေသေချာချာ ကြိုးစားပေါ့ဟယ်...။ ခုနင့်ဟာက..."

"အေးလေ...ရည်းစားစာကလည်း တစ်ရှူးပေပါကြီး"

"အေး... အပြစ်တင်ရင်လည်း ခံရတော့မှာပဲဟေ့။ ငါအတော်စိတ်ညစ်သွားတယ်"

ရဲဝင်းမြင့်က သိန်းဇော်ဝင်းကျောမှ ခဲမှန်ထားသည့် ရွှံ့သဲမှုန့်များကို ခါချပေးသည်။

"ရူပ ရူပ"

သိန်းဇော်ဝင်း၏ အက်ကွဲကွဲ ရေရွတ်သံကြောင့် ရူပက....

"ဘာလဲဟ"

"မင်းဟာ ကောင်းကျိုးကို မပေးပါဘူးကွာ"

"လာ...လာချည်သေး၊ နှာဘူးက။ မင်း ဒီလောက်ရည်းစားလိုချင်နေရင် ငါတို့လမ်းထိပ်က အမေရိကန် ရေတပ်မလေးတွေဆီသွား"

"ဘာလဲ အမေရိကန် ရေတပ်မလေးတွေဆိုတာ"

"အသက် ၁၇ ကနေ ၄၅ အထိ ယောကျ်ားအားလုံးကို ဝင်ခွင့်ပြုတယ်လေ"

အင်း...အရူးက တစ်မူးသာသွားပြန်ပြီ။

(၁၄)

"ဟဲ့…သမီး။ လက်နှစ်ဖက်နောက်ပစ်ပြီး ခေါင်းငိုက်စိုက်ချလို့။ ဘာတွေများ ဒီလောက်တောင် သည်းကြီးမည်းကြီး စဉ်းစားနေတာလဲ"

"ဩော်…ဟိုကောင် ရူပ အကြောင်းပါ ဖေဖေရာ"

"ဟေ… ဒီကောင် ဘာဖြစ်လို့လဲ"

"ဟိုကိစ္စပဲလေ… ဖေဖေရယ်။ သူနဲ့တူတဲ့သူ နောက်တစ်ယောက် ပေါ်နေတာ"

"ဒါလား…သူ့ကိစ္စက ထူးတော့ ထူးခြားတယ်။ ဖေဖေလည်း ကြားသင့်သလောက်ကြားပြီးပြီ။ သေသေချာချာပြောစမ်းပါဦး။ သမီးတို့ကို ကူညီစဉ်းစားပေးလို့ ရတာပေါ့"

"မဖြစ်ဘူးထင်တယ် ဖေဖေရဲ့"

"ဟေ…ဘာဖြစ်လို့"

ဦးမျိုးမြင့်က သူ့နားကို သူမယုံသလို ပြန်မေး၏။ ဓာတုက…

"ရူပက ဒီကိစ္စ ဖေဖေ့ကို ပြန်မပြောရဘူးတဲ့"

"အံမယ်...ဒီကောင် ဘာကြောင့်တဲ့လဲ"

"ဖေဖေ ဝင်ပါရင် ပိုရှုပ်ကုန်မယ်တဲ့"

"ဒီကောင်ဟာလေ...ငါ့ကိုဆို ဘယ်တော့မှ အကောင်းမမြင်ဘူး"

"ဖေဖေ့ အချစ်တော်ပဲလေ"

ဦးမျိုးမြင့် ပြုံးစိစိလုပ်နေသည်။

ဓာတုကလည်း ဦးနှောက်ခြောက်နေသည်။ ကြက်ဥအစ ရှာမရဆိုသောစကားပုံ ကြားဖူးသည်။ အခုဟာကတော့ အစရှာမရသည့်အပြင် ဘာမှန်းလည်း မသိ။

နေ့ခင်းကလည်း လူလုက ရစရာရှိသည့် အကြွေးတွေကို သွားတောင်းလာပေးသည်ဆို၍ သြချယူရ၏။ သို့သော် သိန်းဇော်ဝင်းနှင့် မခင်သန်းဦးတို့ကိစ္စက ဝင်နှောင့်သဖြင့် အသေအချာ မဆွေးနွေးလိုက်ရ။

"ကလင် ကလင် ကလင်"

ဖုန်းမြည်သည်။ ဖေဖေ့အမှုသည်လား ဟူသော အတွေးမျိုးဖြင့် လှည့်ကြည့်တော့ ဖေဖေက ခေါင်းခါပြသည်။ ပေါ့ပေါ့ပါးပါးပင် ဆို၏။

"ဒီနေ့ ဖေဖေအားတယ်။ နက်ဖြန်လည်း အားတယ်။ ဘာကိစ္စမှ မရှိဘူး။"

ဖုန်းကောက်ကိုင်လိုက်တော့...

"ဓာတုလား..."

"အေး...ဘယ်သူလဲ။ ရှုပလား..."

ဖုန်းက တဂျစ်ဂျစ်မြည်နေသည်။ အသံမကြွဲ။

"နင်ကလည်း ရှုပကိုပဲ တနေတာပဲ။ ငါပါ...အောင်ဆန်းဦး"

"ဟဲ့...အေး...ပြော။ နင် ဘယ်က ဆက်နေတာလဲ။"

"နင်တို့လို အိမ်မှာ ဖုန်းမရှိတော့ လမ်းထိပ်စတိုးဆိုင်က ဆက်ရတာပေါ့ဟ"

"အေး...ပြောလေ။ ဘာအကြောင်းထူးလို့လဲ"

မေးသာ မေးရသည်၊ မျက်ခုံးက ခပ်လှုပ်လှုပ်။

"ငါ ခုနက သိန်းဇော်ဝင်းကို ဆွဲထိုးလိုက်တယ်"

"ဟုတ်လား...။ အေး...အေး"

"ဟင်...နင့်လေသံကြီးကလည်းဟ"

"ဟဲ့...ဘာဖြစ်လို့တုန်း။ ငါတို့ မျှော်လင့်ထားပြီးသားကိစ္စပဲဟာ။ မအံ့သြပါဘူး"

"သိန်းဇော်ဝင်းက ပြောတယ်"

"အင်း..."

"ရှုပကိုလည်း ထိုးရမယ်တဲ့"

"အောင်မယ်"

"အဲဒါနဲ့ ငါတို့နှစ်ယောက် ရှုပကို လိုက်ရှာနေကြတယ်"

"အောင်မယ်...အောင်မယ်။ နင်တို့က ရှုပကို ဝိုင်းထိုးကြမလို့ပေါ့လေ"

"နေပါဦး...။ ပြောတာကို ဆုံးအောင် နားထောင်စမ်းပါ"

"ကဲ...ပြော ပြော"

"ငါတို့ လူလှကို တွေ့လိုက်တယ်"

"ဟင်..."

"ဟုတ်တယ်...အကောင်းပြောနေတာ"

"သေ...သေချာရဲ့လား"

"သေချာပါတယ်။ နှစ်ယောက်စလုံးကို တွေ့ခဲ့တာပဲ"

"ဟယ်..."

ဓာတု အကြီးအကျယ် စိတ်လှုပ်ရှားသွားသည်။

"ဒါ...ဒါဆို တကယ်ပဲပေါ့"

"ဘာ...တကယ်ပဲလဲ"

"လူ...လူလှက တကယ်ရှိနေတာပေါ့"

"အေး...ဟိုကောင် သိန်းဇော်ဝင်းဆိုရင် ဒူးတောင် ခွေကျတယ်"

"ရှုပကကော လူလှကို ဘာမှ မပြောဘူးလား"

"မဟုတ်ဘူးဟ...။ ဒီလို ငါပြောပြမယ်"

"အေး...အေး ပြောစမ်းပါဦးဟာ"

ဦးမျိုးမြင့်က ဘာလဲဆိုသော အမူအရာမျိုးဖြင့် မေးဆတ်ပြပြီး မေး၏။ ဓာတုက ခဏဆိုသော အမူအရာဖြင့် လက်ကာပြလိုက်သည်။ အောင်ဆန်းဦး၏ စကားကို အာရုံစိုက် နားထောင်နေလိုက်၏။

“ငါတို့ သူ့ဆိုင်ကို သွားတော့ မရှိတော့ဘူး။ ဆိုင်ပိတ်သွားပြီ။ အဲဒါနဲ့ သူ့အိမ် လိုက်သွားကြတယ်။ နည်းနည်းကလေး မှောင်ရီပျိုးပြီပေါ့ဟာ…။ ရုပကလည်း ဘယ်ကပြန်လာတာလည်း မသိဘူး။ ငါတို့ရဲ့ မျက်နှာချင်းဆိုင်ကနေ ငိုက်စိုက် ငိုက်စိုက်နဲ့ ပြန်လာတယ်။ ငါတို့ကို မမြင်ဘူး”

“အေး…အေး ပြောပါဦး”

“သူ့အိမ်ထဲ သူ ဝင်သွားတာပေါ့ဟာ…။ ငါတို့ကလည်း ဒီကောင့် အမူအရာက ငိုင်တွေတွေကြီး ဖြစ်နေလို့ လှမ်းမခေါ်ဖြစ်ကြဘူး”

“နင်တို့ အိမ်ထဲ လိုက်မဝင်ဘူးလား”

“ဟဲ့…ပြန်ခေါ်ထုတ်ရမှာပေါ့။ ငါတို့က သူ့ကို နဘန်ကျင်းမလို့ဟာကို”

“သေချင်းဆိုးတွေ”

“ဟယ်…ပြောတာ နားထောင်စမ်းပါဦး”

ဓာတုက ဆောင့်ကြီးအောင့်ကြီးဖြင့်…

“ပြော”

“ငါတို့က တုတ်ကြီးပေါ် တံတွေးထွေးပြီး အစိုအခြောက်လုန်တယ်။ ဒီကောင့်ကို ဘယ်သူဝင်ခေါ်မလဲပေါ့”

“အင်း…မှောင်ကြီးထဲမှာ”

“မြင်ရပါတယ်ဟာ…”

“အေး…ထားပါ။ ဆက်ပြော”

“အဲဒီအချိန်မှာပဲ ငါတို့ ပါးစပ်အဟောင်းသား ဖြစ်သွားရတယ်။ ရုပနောက်တစ်ယောက်က ငါတို့ မျက်နှာချင်းဆိုင်ကပဲ ငိုက်စိုက်ငိုက်စိုက် လျှောက်လာလို့ ခုနက ပုံစံအတိုင်းပဲ”

“ဟယ်…”

အောင်ဆန်းဦး၏အစ်မကမှ နှပ်ထွက်ကျတာလောက်ရှိသေးသည်။ ဓာတုက ရှူးရှူးတောင် ထွက်ကျတော့မည် ထင်သည်။ အသက်ရှူရမှာကိုပင် မေ့နေမိသည်။

“ပြီးတော့ သူ အိမ်ထဲဝင်သွားတယ်။ ခုနက အတိုင်းပဲ။ ငါတို့ကို မမြင်ဘူး”

“ဒါဆို အိမ်ထဲမှာ ရုပကော လူလှကောပေါ့”

“အေး”

“ဘယ်သူက ရုပအစစ်လဲ”

“မသိဘူးလေ”

"တူလား…။ အတော်တူလား"

"တစ်ယောက်တည်းအတိုင်းပဲ"

"အို…"

"နေပါဦး…။ အိမ်ထဲမှာ ရုပနှစ်ယောက်ဖြစ်နေတာကို အိမ်က မသိကြဘူးလား"

"သိပုံ မပေါ်ဘူးဟ။ အေးအေးဆေးဆေးပဲ"

"ဗုဒ္ဓေါ…ဘယ့်နှယ့်လုပ်ကြမတုန်း"

"အခု သိန်းဇော်ဝင်းက အပြင်ကနေ ကင်းသမားလုပ်ပြီး စောင့်ကြည့်နေတယ်။ ငါက နင့်ကို ဖုန်းလာဆက်တာ"

"ငါ…ငါက ဘာလုပ်ရမှာလဲ"

"မသိဘူး…ငါတို့လည်း အမှားလုပ်မိမှာစိုးလို့ နင့်ကို လှမ်းတိုင်ပင်တာ"

ဒီတော့လည်း ဓာတုခမျာ ဖခင်ဖြစ်သူကိုသာ အားကိုးတကြီး လှမ်းကြည့်မိတော့သည်။ ဝါရင့်ဝတ်လုံတော်ရတစ်ဦးပီသစွာ ဦးမျိုးမြင့်က သူ့သမီးကို စိတ်မပူရန် လက်ပြပြီး…

"ဖေဖေတို့ ဆယ်မိနစ်အတွင်း အဲဒီ့ကို အရောက်လာခဲ့မယ်လို့ ပြောလိုက်"

"ဟဲ့…အောင်ဆန်းဦး"

"အေး…အေး အန်ကယ်ပြောတာကို ငါကြားတယ်။ တို့ စောင့်နေမယ်။ နင်တို့ ဆက်ဆက်လာခဲ့လိုက်။ အန်ကယ်ပါလာတော့ အများကြီးကောင်းတာပေါ့။ အတော်အားရှိသွားတယ်"

"အေး…ငါတို့ အခုထွက်လာပြီ"

ဖုန်းချပြီးပြီးချင်းမှာပဲ…

"ဖေဖေ့ကားကို ထုတ်ပါ ဖေဖေရဲ့"

"သမီးပဲ ဒီကားကို မစီးချင်ဘူးဆို"

ဦးမျိုးမြင့်၏ကားက ဂျစ်ကားဖြစ်သည်။ ထို့ကြောင့် ဓာတုက မစီး။ နှာခေါင်းရှုံ့သည်။ ခုတော့…

"အာ…ဖေဖေကလည်း အရေးထဲမှာ"

"ဖေဖေ့ကိုလည်း အကျိုးအကြောင်းပြောပြဦးလေ…။ ခုနက ရိပ်ဖမ်း သံဖမ်းပဲ နားထောင်နေရတာ"

"အင်းပါ…ဖေဖေရဲ့။ ကားပေါ်မှာ ပြောပြပါ့မယ်"

သူမတို့သားအဖ ရုပတို့အိမ်ဆီ ရောက်သွားကြသည်။ ခြံရှေ့မှာ ကားရပ်လိုက်ကတည်းက အောင်ဆန်းဦးနှင့် သိန်းဇော်ဝင်းတို့ အပြေးအလွှား ရောက်ရှိလာကြသည်။ ဓာတုက…

"ဘာထူးသေးလဲ"

"ဘာမှမထူးဘူး"

"အိမ်က လူဝင်လူထွက် မရှိတော့ဘူးနော်"

"အေး"

ခြံတံခါးကို လာဖွင့်ပေးသူက ရှုပ…။

သူတို့ကိုတွေ့တော့ သူကပင် အံ့အားသင့်နေသေးသည်။

"ဟင်…တစ်ပြုံကြီးပါလား"

ဦးမျိုးမြင့်က…

"ဟော့ကောင် လူကြီးတွေ ရှိလား"

"ဒီအချိန်ကြီး လာမှတော့ ရှိတာပေါ့"

သူတို့နှစ်ယောက်၏ ဆက်ဆံရေးကတော့ ရိုက်ပေါက်တွေချည်း ဖြစ်သည်။

ရှုပပြောသလိုပင် သူတို့တပြုံကြီး အထဲလိုက်ဝင်သွားကြ၏။ အရပ်ရှစ်မျက်နှာထက် နှစ်ခုပိုသည်။ အထက်အရပ် အောက်အရပ်။ လူလုကများ မျက်နှာကျက်မှာ တက်ကပ်နေမလား၊ ခုံအောက်ဝင်ပုန်းနေမလား စသည်ဖြင့်…။

ဦးစိုးလွင်နှင့် ဒေါ်သက်ထားမြင့်က ပျော်သွားပုံရသည်။ ဦးစိုးလွင်က အလုပ်များနေချိန်တွေမှာ ဦးမျိုးမြင့်ကို လေရှည်တတ်သူတစ်ယောက်အဖြစ် စိတ်ညစ်သော်လည်း အားလပ်နေချိန်မျိုးတွင်တော့ လိုလိုလားလားရှိသည်။

"ဟ…ဘယ်လိုတွေဆုံပြီး ဘယ်နှယ့်ရောက်လာကြတာတုန်း"

"ဒီကိုပဲ တမင်လာတာပါဗျာ"

"ဟုတ်လား…ကိစ္စပါသေးလား"

"ကိစ္စက ပါလာတာ မဟုတ်ဘူး၊ ဒီမှာရှိနေတာ"

"ဘာတုန်းဗျ"

အရင်းရော၊ အဖျားရော၊ ပင်စည်ရော၊ ဘာမှမရှိသည့် ဦးမျိုးမြင့်၏ စကားကြောင့် ဦးစိုးလွင် ကြောင်အမ်းအမ်းဖြစ်သွားသည်။ ဦးမျိုးမြင့်က ဦးစိုးလွင်ကို လက်ကာပြပြီး အောင်ဆန်းဦးနှင့် သိန်းဇော်ဝင်ဘက်သို့လှည့်ကာ…

"မင်းတို့နှစ်ယောက်မှာ တစ်ယောက်က ခြံဝမှာစောင့်"

"ဟုတ်…ဟုတ်ကဲ့"

ပြောသာပြောသည် နှစ်ယောက်လုံး တုတ်တုတ်မလှုပ်။

"ဟာ...ဟော့ကောင်တွေ"

နှစ်ယောက်လုံး ရှုံ့တွန့်တွန့်ဖြစ်နေကြခြင်းပင်...။ ရှုပကလည်း ဝေဝေဝါးဝါးဖြင့်...

"ခြံတံခါးကို ကျွန်တော် သော့ပြန်ပိတ်ခဲ့ပါတယ်"

"နေ...မင်းတို့ မသိဘူး။ ကဲ...မင်းတို့ထဲကတစ်ယောက် ခြံဝမှာ သွားနေ"

အောင်ဆန်းဦးက သိန်းဇော်ဝင်းကို...

"မင်းက ငါ့ကို ထိုးထားတယ်။ မင်းသွား"

"ဒါဆို အစိုအခြောက်လှန်မယ်"

"တုတ်မရှိဘူး။ ကျားဘိုဆွဲမယ်"

နှစ်ယောက်သား ခွဲတန်းချနေကြ၏။ ဘာမှန်းမသိဖြစ်နေသော အိမ်ရှင်မိသားစုကို ဦးမျိုးမြင့်က မျက်နှာရိပ်မျက်နှာကဲပြ၍ တားထားပြီး...

"ကဲ...ရှုပရေ...ဝှူး...မောလိုက်တာ။ လာပါဦးကွာ"

"ရေသောက်မလား"

"ရေ...။ အေး...သောက်တာပေါ့။ ဒါပေမဲ့ ထားပါဦး။ မင်း ငါ့ရှေ့ လာထိုင်ပါဦး"

"ကျွန်တော်တို့ချင်း တွေ့ဖူးတယ်လေ"

စိတ်မရှည်နိုင်သူက ခတုဖြစ်၏။

"ရှုပ သွားမှာ သွားစမ်းပါ။ ဖေဖေ့ရှေ့မှာ ထိုင်လိုက်"

ရှုပ မျက်လုံးကလယ်ကလယ် ဖြစ်သွားသည်။

"အင်း...ထိုင်ဆိုတော့လည်း ထိုင်တာပေါ့။ ဒီလိုကလေးထိုင်ရင် ရတယ်နော်"

ဦးမျိုးမြင့်က ရှုပကို စေ့စေ့စပ်စပ်အကဲခတ်ပြီး...

"အင်း...မင်းကတော့ ရှုပပါပဲ"

"ဗျာ..."

ဦးစိုးလွင်နှင့် ဒေါ်သက်ထားမြင့်ကလည်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိ၏။

"ဦးမျိုးမြင့် ဘာတွေတုန်းဗျ။ ကျွန်တော်တို့ကိုလည်း နည်းနည်း ရှင်းပြပါဦး"

"ဒီလိုဗျာ..."

ဦးမျိုးမြင့်က အကျိုးအကြောင်းရှင်းပြလိုက်တော့ တစ်မိသာစုလုံး ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။ ခြံဝမှာစောင့်ရမည်ကို ကြောက်နေသော အောင်ဆန်းဦးနှင့် သိန်းဇော်ဝင်းတို့ကလည်း လှိုက်လှိုက်သည်းသည်း အလုအယက် ဝင်ပြောပြကြသည်။

ရှုပက ဓားဆွဲပြီး ခြံထဲမှာ ပတ်ရှာ၏။ ဘယ်မှာမှ မတွေ့။ ဓာတ်မီးကိုင်ပြီး ထွက်ရှာပြန်သည်။ မတွေ့။ အိမ်တံခါးပိတ်ပြီး တစ်ခန်းဝင် တစ်ခန်းထွက် စေ့စေ့စပ်စပ် လိုက်ရှာသည်။ မတွေ့။ မနေနိုင်သဖြင့် ဓာတုကပင် တန်းလန်းပါသွားသေး၏။ အောင်ဆန်းဦးနှင့် သိန်းဇော်ဝင်းတို့လည်း တွန့်ဆုတ် တွန့်ဆုတ်ဖြင့် ပါလာကြပါသည်။

ဘယ်လိုမှ ရှာမတွေ့ပါ။ အစကတည်းက မတွေးတတ်အောင် ဖြစ်ခဲ့ရသည့်ပြဿနာကို ခုလည်း မတွေးတတ်ကြပါ။ သို့သော် ဦးမျိုးမြင့်က မျက်လုံးအစုံ စူးရဲတောက်ပစွာဖြင့်...

"ဦးစိုးလွင်"

"ဗျာ"

"ဒီကိစ္စကို ကျွန်တော် ဖော်ထုတ်ပေးပါ့မယ်ဗျာ"

(၁၅)

စိတ်ပူတတ်သော ဓာတုက အိမ်ပြန်ရောက်ရောက်ခြင်း သူမ၏ဖခင် (ဦးမျိုးမြင့်ဆိုသူ)ကို မေးမိ၏။

“ဖေဖေ....။ ဖေဖေ ဖော်ထုတ်ပေးမယ်လို့ ပြောတယ်။ ဖေဖေ တစ်ခုခုကို သိထားလို့လား”

“အင်း...ထင်တာပဲ”

“သမီးကို နည်းနည်းပြောပြလေ”

“မသေချာသေးဘဲ မပြောရဘူး သမီး”

“ဒါဖြင့် ဟိုကောင် လူလုက ဘယ်လိုရောက်လာတာလဲ”

ဦးမျိုးမြင့်က ဘာမှ ပြန်မပြော။ ဓာတုက စိတ်တိုတိုနှင့်...

“အလကားပါ...။ ဖေဖေ ဘာမှမသိဘဲနဲ့”

ဦးမျိုးမြင့်က အေးအေးဆေးဆေးပဲ ခေါင်းညိတ်ပြ၏။

“ဟုတ်တယ်...။ ဖေဖေ ဘာမှ မသိသေးဘူး”

“ဒါနဲ့များ…”

“အေးအေးနေစမ်းပါ သမီးရယ်…ဖေဖေစဉ်းစားနေတယ်။ တစ်ရက် နှစ်ရက်အတွင်းသိလာမှာပါ”

အလွန်စကားနည်းသော ဒေါ်ကလျာကပင်လျှင်…

“ဒီသားအဖ ဘာတွေဖြစ်နေကြတာလဲ”

ဓာတုက ထိုင်ရာမှ ရုတ်ခနဲထလျက် မိခင်၏စကားနည်းမှုကို အခွင့်ကောင်းယူကာ သူကပဲ…

“ဒီလိုလေ…မေမေရဲ့။ ဟိုကောင် ရူပပေါ့”

အစချီပြီး အူမချေးခါးမကျန် ပြောပါတော့သည်။ ဦးမျိုးမြင့်ကလည်း ဒေါ်ကလျာကို မျက်ရိပ်ပြပြီး ခေါ်သွားဟူသည့် အချက်လက္ခဏာကို ပေးလိုက်သည်။ ဒေါ်ကလျာက ဓာတုကို ခေါ်ထုတ်သွား၏။ ဦးမျိုးမြင့် အေးအေးဆေးဆေး စဉ်းစားပြီး ကျန်ရစ်ခဲ့သည်။

မနက်မိုးလင်းတော့လည်း စိတ်ပူတတ်သည့် ဓာတုက ရူပတို့အိမ်သို့ စောစောစီးစီး ရောက်သွားလေသည်။

“ဟဲ့…ဓာတု”

“နင်…နင် ရူပနော်”

“ဟင်…ဘာကြောင်နေတာလဲ”

“ငါ…ငါ တော်ပါသေးရဲ့။ လူလုအောက်မေ့လို့ လန့်သွားတာပဲ”

“လာပြန်ပြီ ဒီလူလု”

ဓာတု ဒေါကန်သွားသည်။

“အောင်မယ်…နင် ဒီလို မပြောပါနဲ့။ နင်နဲ့ပတ်သက်ပြီး ငါတို့က သတိပြုနေရတာ”

ရူပက ဒီလိုတော့လည်း လျှော့ပေးပါသည်။

“အေး…ဟုတ်တယ်။ ကျေးဇူးတင်ပါတယ်။ ဒါနဲ့ နင်က စောစောစီးစီး”

ဓာတု နှုတ်ခမ်းရွဲ့ပြီး အပြောအဆိုရ ကြပ်သွားသည်။ မနိုင်နိုင်ရာမဲပြီး…

“နင်ပဲ ငါ့ကို အဖြေတောင်းထားတယ်လေ”

ရူပက ရေပန်းခရားကြီးကို ချပြီး…

“ဟင်…အခု အဖြေပေးမလို့လား”

“ငါ စေတနာရှိရင်ပေါ့”

“နင့်နှယ် စောစောစီးစီး”

"ဘာ"

"အိမ်ထဲဝင်ဦးလို့ ပြောမလို့"

"နင်ဟာလေ..."

ရူပက တံခါးဖွင့်ပေး၏။ ခတုက ကိုယ်ကိုစောင်းဝင်ပြီး...

"ဟဲ့...ရူပ"

"ဘာလဲ"

"လူလုကို ညက တွေ့သေးလား"

"ဟင့်အင်း...မတွေ့ပေါင်"

"ညက ထပ်ရှာသေးလား"

"အင်း...။ မတွေ့ပါဘူး။"

"နင် အိပ်ပျော်ရဲ့လား"

"သိုးလို့"

"နင်ဟာလေ..."

ခတုအနေနှင့် ရူပကို ကိုင်ဆောင့်လိုက်ချင်တော့သည်။

"အန်ကယ်တို့ အန်တီတို့ရော"

"အထဲမှာ...။ နိုးနေပြီ"

"ငါ ဘာမှ မစားရသေးဘူး"

"တောင်းစားလိုက်လေ"

"ဘာ"

"ပြောလိုက်လေ...။ သူတို့ တစ်ခုခုလုပ်ပေးမှာပေါ့"

"နင်ဟာလေ..."

တော်ပြီ...။ သည်ကောင်နှင့် ဘာမှမပြောတာဘဲ အကောင်းဆုံးဖြစ်မည်။

ထိုသို့ပင် ခတု ဆုံးဖြတ်၏။ အိမ်ထဲ တန်းဝင်သွားလိုက်သည်။ အငြိမ်းစားကထိက ဒေါ်သက်ထားမြင့်နှင့် တန်းတိုး၏။ ဒေါ်သက်ထားမြင့်က...

"ဟယ်...သမီး"

ဓာတုက 'ဟယ်…ယောက္ခမ'ဟု ပြန်မပြောပါ။

"ဟုတ်ကဲ့ အန်တီ"

"စောစောစီးစီးပါလား"

"ဟုတ်ကဲ့…။ ညကကိစ္စကို သိချင်လို့…။ ဖုန်းဆက်မလို့ဘဲ။ အိပ်နေကြရင် အားနာစရာဖြစ်မှာစိုးလို့"

"သြော်…ရပါတယ်ကွယ်။ သမီး သိသားပဲ…အိမ်ကလူတွေက စောစောနိုးနေကျ။ ညကတော့ ဘာမှမတွေ့ဘူး သမီးရဲ့။ အန်တီဖြင့်လေ တစ်ညလုံး တထိတ်ထိတ်နဲ့။ အန်တီက အငြိမ်းစားကထိကမဟုတ်လား သမီးရယ်"

ဒါကပါရသေးသည်။

"ဟုတ်ကဲ့…ဟုတ်ကဲ့"

"ရုပအတုဆိုတဲ့ကောင်လေးကိုတော့ ဘယ်လိုမှ ရှာမတွေ့ဘူး။ အန်တီ ဂါထာတွေ၊ မန္တာန်တွေ ရွတ်ပြီးအိပ်ရတာ"

"ဟိုကောင်ကကော…"

"ဘယ်သူလဲ"

"အာ… ရုပကိုပြောတာပေါ့ အန်တီရဲ့။ အန်ကယ့်ကို ကျွန်မက အဲဒီလိုခေါ်မလား"

"မဟုတ်ပါဘူး…။ ရုပအတုကို မေးတာလားလို့"

"ရုပက မကြောက်ဘူးလား"

"ဟင့်အင်း…ကြောက်ပုံလည်း မရပါဘူး"

"ဘယ်လိုမှမနေဘူးလား"

"မထုံတက်တေးကြီးပါပဲ"

"ကျွတ်"

ဓာတု မကျေမနပ်ဖြင့် စုတ်သပ်မိသည်။

"သမီး"

"ရှင်"

"တို့ ဘာဆက်လုပ်ရင် ကောင်းမလဲ"

"သမီးက မပြောတတ်ဘူးလေ…အန်တီစဉ်းစားပေါ့။ အန်တီလည်း အငြိမ်းစားကထိကပဲဟာ"

"အေး..အန်တီကလည်း အငြိမ်းစားယူထားတာ ကြာပြီဆိုတော့…"

အမှန်တော့ ဘာမှလည်းမဆိုင်ချေ…။

ထိုအချိန်မှာပဲ (ကံကောင်းထောက်မစွာ) ဦးစိုးလွင်က ဘုရားခန်းထဲမှ ပြန်ထွက်လာသည်။

"သြော်….သမီးခတုပါလား"

"ဟုတ်ကဲ့…အန်ကယ်"

"ဟိုကောင်ကော…"

"ပန်းပင်တွေ ရေလောင်းနေတယ်"

"သမီးက စောလှချည်လား"

လာပြန်ပြီတစ်ယောက်။ မိန်းမဈေးကျသည်။

"ဒီနေ့ သမီးတို့ သူငယ်ချင်းတစ်ယောက် မွေးနေ့ပွဲကို သွားရမှာ…။ အဲဒါ ဟိုကောင့်ကို စောင့်ကြည့်နေတာ"

"ရှုပကိုလား…"

"ဟုတ်…။ ရှုပလား လူလှလားဆိုတာကို စမ်းသပ်ပြီး စောင့်ကြည့်နေတာ"

ဒေါ်သက်ထားမြင့်က ဝင်ပြော၏။

"သြော်…ဒါဆိုရင်တော့ မစောင့်နဲ့တော့ သမီး။ မနက်အစောကြီးကတည်းက မွေးနေ့လက်ဆောင် ပါဆယ်ထုတ်ကို ဒီကောင်စပြင်နေတာ။ ဟိုမှာ…"

မျက်စောင်းထိုးက နံရံကပ်စားပွဲပေါ်မှာ ပါဆယ်ထုတ်ကြီးတွေ…။

"သြော်…သြော် ဒါဆိုရင်တော့ ရှုပပဲ"

"သေချာရဲ့လားကွယ်"

"ဟာ…အန်တီကလည်း"

ခတု အဟုတ်လန့်သွားခြင်းဖြစ်၏။ ရှုပကိုဆက်ဆံရတာ နိုင်ငံခြားဗွီဒီယိုတိတ်ခွေများထဲမှ သရဲကားကို ကြည့်ရသည့်နှယ် ဖြစ်နေသည်။

ဦးစိုးလွင်က အခြေအနေကို ထိန်းသိမ်းသည့် သဘောဖြင့်…

"သမီး ခတု"

"ရှင်"

"သမီးအဖေက ဘာသဲလွန်စတွေ ရသွားလို့လဲ"

"မရပါဘူး"

"သူ အမြန်ဆုံးဖေါ်ထုတ်တော့မယ်လေ"

"လျှောက်ပြောနေတာ"

သမီးကလည်း ဖခင်ကို ဤသို့ဤပုံ အားပေး၏။

"ဟယ်...မဟုတ်တာ"

"ဟုတ်ပါတယ်ဆို...အန်ကယ်ကလည်း"

"တော်စမ်း...။ ကိုယ့်အဖေကို အထင်မသေးနဲ့။ ဘာအရည်အချင်းမှ မရှိရင် သူဒီလောက်နာမည်မရှိဘူး။ ခု... သူ တစ်ခုခု သဲလွန်စရသွားတယ်။ သူ့မျက်လုံးတွေ ကြည့်ရင် သိတယ်"

ခတုငြိမ်ကုတ်သွားရသည်။ ထိုအချိန်မှာပဲ ရူပက အိမ်ထဲပြန်ဝင်လာသည်။ ခတုကို...

"ဟင်...နင်က ရှိနေတုန်းပဲလား"

"ဘာ"

ခတု ထခုန်မိမတတ် ဖြစ်သွားသည်။

"မဟုတ်ဘူးလေ...။ နင်က ဟို...မွေးနေ့ပွဲသွားမလို့လာတာ မဟုတ်လား"

"အေး..အဲဒါဘာဖြစ်လဲ"

"ဟိုမှာလေ...ငါ့ ပါဆယ်ထုတ်တွေ။ နင် လူကြုံယူသွားလိုက်လေ"

"နင်က မသွားဘူး၊ မလိုက်ဘူးလား"

"အာ"

ရူပ စိတ်ညစ်ညူးစွာ မျက်နှာအောက်ငုံ့သွား၏။ ရူပက ထိုသို့သော ပွဲမျိုးကို တက်လေ့မရှိ။ ခတုကလည်း သိတော့သိပါသည်။ သို့သော် ရူပကို စိတ်အပြောင်းအလဲ ဖြစ်စေချင်သည်။

"ကဲ...နင် ဘာမှပြောမနေနဲ့။ ခု...ရေချိုး အဝတ်အစားလဲ။ ငါနဲ့လိုက်ခဲ့"

ရူပက ရှုံ့မဲ့မဲ့နှင့် အတွင်းခန်းထဲ ဝင်သွားသည်။ ဒေါ်သက်ထားမြင့်က...

"အဲဒါမျိုးကွဲ့...။ သမီးပြောမှ ရတယ်။ အန်တီတို့ ပြောလို့မရပေါင်"

ဦးစိုးလွင်က ဟာသဝင်ဖောက်သည်။

"အေးပေါ့...။ ငါ့လိုမျိုး မဖက်လိုက်ပြီး မိုက်ဖက်ပါသွားတာပေါ့"

"ဘာ..."

"ရှန်..."

"ပြေးပြီဟေ့"

ဦးစိုးလွင်က အမှန်တကယ်ပင် အခန်းထဲ ပြေးဝင်သွားခြင်း ဖြစ်သည်။

ဒေါ်သက်ထားမြင့်က သက်ပြင်းချပြီး…

“ဘယ်လို သားအဖမှန်းကို မသိတော့ပါဘူး သမီးရယ်”

“ဟုတ်ပ”

“ဩော်…တစ်ခုတော့ရှိတယ်။ သူတို့ကလည်းပြောတယ်”

“ဘာလဲ”

“ဘယ်လို သားအဖမှန်း မသိပါဘူးတဲ့”

“ဘယ်သူ့ကိုလည်း”

“သမီးနဲ့ ဦးမျိုးမြင့်ကိုလေ”

“ဘာ”

ထိုအချိန်မှာပဲ သပ်သပ်ယပ်ယပ် ဝတ်စားဆင်ယင်ပြီး ရူပက အပြင်ရောက်လာသည်။

“မေမေ”

“ဟေ…”

“သားမရှိတုန်း လူလှလာလို့ရှိရင်…”

“အမယ်လေးတော်”

ဒေါ်သက်ထားမြင့်က တကယ်ပင် တက်မတတ် ချက်မတတ် ဖြစ်သွားသဖြင့် ဓာတုက ဝင်ထိန်းထားရ၏။ ရူပကို ငေါက်ငမ်းရ၏။

“ငါ့အမေကလည်း အသည်းယယ်လိုက်တာ”

“နင်ကမှ ဘာကြီးမှန်း မသိတဲ့ဟာကို”

ရူပက မချေပပါ။

“တို့ ကားယူသွားမလား၊ လမ်းလျှောက်သွားမလား”

“နင်က ကားမောင်းကြမ်းတယ် ငါမစီးရဲဘူး။ ဒီအတိုင်း လမ်းလျှောက်မယ်”

“နင့်မွေးနေ့ လက်ဆောင်ကော”

“ငါက လက်စွပ်ပေးတာ။ ငါ့ စလင်းဘက်ခ်ထဲမှာ ဘူးသေးသေးလေး”

“ဩော်… ငါကတော့ အကြီးကြီး”

"ဘာတွေလဲဟ။ အလေးကြီး"

"နင် မျှော်လင့်ထားမိမှာ မဟုတ်တဲ့အရာတွေပေ့ါဟာ"

"ဘာတုန်းလို့ မေးနေတယ်"

"အရိုးတွေ"

"ဘာ..."

"အရိုးတွေ၊ အရိုးခေါင်းတွေ"

"နင်... နင် ဘာလုပ်တာလဲ"

"ဟဲ့... အဲဒီ အရိုးခေါင်းပွတွေဟာ ကမ္ဘာဦးမှာကတည်းက တူရိယာလုပ်ပြီးတီးမှုတ်တဲ့ ပစ္စည်းတွေ။ နောက်ပြီး လည်မှာတပ်၊ လက်မှာဆွဲတဲ့ ပစ္စည်းတွေ။ ဒီထက်ပိုပြီး တန်ဖိုးရှိပါဦးမလား...။ ငါမရမက မှာလိုက်ရတာ"

"နင်...နင်နော်။ အဲဒါဆို ငါ နင်နဲ့ အတူတူမသွားတော့ဘူး"

"ရတယ်လေ...။ လူလုနဲ့ သွားပေ့ါ"

"တောက်"

(၁၆)

“သမီး…ဓာတု”

“ရှင်…”

“ဒီနေ့ ဘယ်သွားမလဲ”

“သင်တန်းတော့ မရှိဘူး ဖေဖေ”

“အေး…အဲ့ဒါဆို အိမ်မှာပဲနေစမ်း”

“ဟုတ်…ဟုတ်ကဲ့။ ဘာဖြစ်လို့လဲ”

“အိမ်မှာပဲ ဖေဖေ့ဖုန်းတွေ စောင့်နားထောင်လိုက်”

“ဟုတ်…ဟုတ်ကဲ့”

‘ဖေဖေ ဘယ်သွားမလို့လဲ’ဟု မေးစရာမလိုဘဲ ဓာတုမေးမိသည်။ ‘ဖေဖေ မုန့်ကြာစေ့သွားစားမလို့’ဟု ဦးမျိုးမြင့်က ပြန်မဖြေပါ။ မှာစရာရှိတာတွေသာ မှာပြီး ဦးမျိုးမြင့် ထွက်သွားသည်။ ဓာတုကလည်း ပျင်းပျင်းရှိသဖြင့် ရုပအကြောင်းစဉ်းစားပြီး ကျန်ခဲ့သည်။

(မိန်းမတွေများ…)

ထိုနေ့က ဦးမျိုးမြင့် အတော်ပင်ပန်း၏။ ရုပကိစ္စဖြစ်နေသည်ကတစ်ကြောင်း၊ အဖြစ်အပျက်က စိတ်ဝင်စားစရာဖြစ်နေသည်ကတစ်ကြောင်းတို့ကြောင့် ဦးမျိုးမြင့် အပင်ပန်းခံရပါသည်။ ညနေစောင်းကျမှ အလုပ်တွေ နားရ၏။ သို့သော် ကိုယ့်အိမ် ကိုယ်မပြန်ရသေးပါ။

သူရောက်သွားသည်က ရှုပတို့အိမ်။

တော်သေးသည်။ သေနာကလေး ရှုပမရှိ။ ဦးစိုးလွင်ကလည်း ရုံးက ပြန်လာကစ ဖြစ်နေသည်။

"ဟာ...ဦးမျိုးမြင့်"

"ဟုတ်တယ်...မောလိုက်တာဗျာ"

"နားဦးလေ။ ကျွန်တော်လည်းခုမှ ရေချိုးပြီးတယ်"

"ကျွန်တော်လည်း ရေချိုးမယ်ဗျာ"

"ချိုး...ချိုး"

အငြိမ်းစား ကထိက ဒေါ်သက်ထားမြင့်က မလှမ်းမကမ်းမှလာသော ဧည့်သည်တော်ကို အကုန်ပြင်ဆင်ပေးရ၏။ ဝက်ပုန်းရည်၊ ပုစွန်အစိမ်းသုပ်၊ ငါးခေါင်းချဉ်ရေတို့ကို ဦးမျိုးမြင့် ခံတွင်းတွေ့လေသည်။ ပြီး...ကြောင်နက်ဟု အမည်ရသည့် ပုလင်းပြားလေးကို ထုတ်ပြီး နှစ်ယောက်သား ဝိုင်းဖွဲ့ကြသည်။ စကားပြောကောင်း ဆိုကောင်းရုံပေါ့။

ဦးစိုးလွင်က...

"ဦးမျိုးမြင့်ကလည်း ကျွန်တော်တို့ မိသားစုအတွက် ပင်ပန်းနေပြီထင်တယ်"

"ဒီလိုပါပဲဗျာ...။ ရှုပဆိုတဲ့ ကောင်ကလည်း ဖြစ်လိုက်ရင် အသည်းအသန်ကြီးပဲ"

"ဟုတ်ပ့ါဗျာ...။ ဓာတုကဆိုရင် သူ့ကို အူကြောင်ကြောင်ရှုပလို့ နာမည်ပေးထားတာ"

"အင်း...နာမည်ကြီးမယ်ဆိုလည်း ကြီးလောက်ပေရဲ့ဗျာ"

ရယ်ဖြစ်ကြသေးသည်။

"ဦးမျိုးမြင့်"

"ဗျား..."

"အင်း...စဉ်းစားစရာတွေတော့ ရှိတာပေါ့ဗျာ"

"ဆိုပါဦး"

သည်တစ်ခါတော့ ဦးမျိုးမြင့် လေရှည်လျှင်လည်း သည်းခံနားထောင်လိုက်မည်ဟု ဦးစိုးလွင် ဆုံးဖြတ်ထားပြီး ဖြစ်သည်။ ဦးမျိုးမြင့်က...

"ကျွန်တော်တို့ တရားရေးလောကမှာ ထူးထူးခြားခြား ဖြစ်ဖူးတာလေးတွေ ရှိတယ်ဗျ"

"ပြောဗျာ...ဗဟုသုတ ရတာပေါ့"

"အဂ္ဂါကေစီကို ဦးစိုးလွင် ကြားဖူးတယ်နော်"

“အင်း…ပါဝါနဲ့ ဆေးကုတဲ့ ပုဂ္ဂိုလ်မဟုတ်လား။ အကြားအမြင်နည်းနဲ့ သူ ဖော်ထုတ်ပေးဖူးတယ်။ တရားခံလည်း ပေါ်သွားတယ်”

“ဒါပေမဲ့ အဂ္ဂါကေစီမှာ ပြဿနာတက်ရတယ်”

“ဘယ်လို ဖြစ်လို့တုန်း”

“အသေးစိတ်ပြောပြနိုင်လွန်းတဲ့အတွက်ကြောင့် ဒီလူသတ်မှုကို စီစဉ်ညွှန်ကြားသူ၊ ဒါမှမဟုတ် ကိုယ်တိုင်ပါဝင်သူ ဖြစ်ရမယ်ဆိုပြီး ရဲအုပ်ကြီးကိုယ်တိုင်က သူ့ကို ဖမ်းဖို့ လုပ်တယ်လေ”

“ဟင်…ဘယ့်နှယ့်တုန်း။ အဖမ်းခံလိုက်ရလား”

“ဟင့်အင်း…အဂ္ဂါကေစီဘက်က သက်သေတွေ အများကြီးရှိတော့ ဖမ်းလို့ ဘယ်ရမလဲ”

“တော်သေးတာပေါ့”

“အင်း…အဲ့ဒီ ကပ်သီးကပ်သပ်ကလေးတွေ တရားရေးလောကမှာ ရှိတတ်တယ်”

ယမကာလေးနှင့်ဆိုတော့ စကားဝိုင်းက စိုစိုပြည်ပြည်ရှိသည်။ ဒေါ်သက်ထားမြင့် လုပ်ပေးထားသော အမြည်းများကလည်း ဖွယ်ဖွယ်ရာရာရှိလှ၏။ ဦးစိုးလွင်က ဦးမျိုးမြင့်၏ ခွက်ထဲသို့ ထပ်ငှဲ့ထည့်ပေးပြီး…

“ပြောလည်းပြော သောက်လည်းသောက်ဗျာ။ ရေခဲသေတ္တာထဲမှာ ပုလင်းတွေ ကျန်သေးတယ်။ ကျုပ်တို့မသောက်ရင် ဟိုကောင်ရှုပက အလစ်မှာ ခိုးခိုးသောက်လိမ့်မယ်”

“ဒီကောင် သောက်တတ်တယ်…ဟုတ်လား”

“တစ်ခါတစ်ခါ သောက်တယ်”

“အင်း…ယောကျ်ားလေးပဲ ရှိမှာပေါ့။ တောက်…ကျုပ်ဗျာ”

ဦးမျိုးမြင့်က ယောကျ်ားလေး အရမ်းလိုချင်သူ ဖြစ်၏။ (သားတစ်ယောက်အဖြစ် လိုချင်ခြင်း ဖြစ်၏။ အခြားသဘောမရှိပါ။) ဓာတုကိုမွေးပြီး ဒေါ်ကလျာက ကလေးထပ်မရနိုင်တော့သဖြင့် တစ်ဦးတည်းသောသမီးကိုသာ ပိုင်ဆိုင်ထားရတော့သည်။

“သမီးရှိရင် သားရမှာပေါ့ဗျာ…။ ဖြစ်လာမှာပေါ့။ နောက် မြေးယောကျ်ားလေးတွေ ရနိုင်သေးတာပဲ”

“အေးဗျ၊ သမီးကိုလည်း အိမ်ထောင်ချပေးရဦးမယ်”

“ရှုပနဲ့သာ ပေးစားလိုက်ပါဗျာ…”

“အင်း…ကျွန်တော်လည်း အဲ့ဒီလိုပဲ စဉ်းစားတာပဲ”

ဒေါ်သက်ထားမြင့်က ဝင်ပြောသည်။

“ပေးစားတာ နောက်မှ ပေးစားကြပါ။ သားလေးရဲ့ ပြဿနာကို အရင် အဖြေရှာကြပါဦး”

“အင်း…ဟုတ်သားပဲ”

ဦးမျိုးမြင့် စကားကို ပြန်ကောက်၏။

"တစ်ခါလည်း ဘယ်လိုဖြေရှင်းရမယ်မှန်း မသိတဲ့ ပြဿနာတစ်ရပ် ဖြစ်လိုက်သေးတယ်။ ဖိလစ်ပိုင်ဘုရင်ရဲ့ နန်းစောင့်စစ်သည်တစ်ယောက်ကို မက္ကဆီကိုက ဖမ်းလိုက်တာ"

"အဲဒါကတော့ ဘယ်လိုဖြစ်တာလဲ"

"တိတိကျကျပြောရရင် ၁၅၉၃ ခုနှစ်၊ အောက်တိုဘာလ (၂၅)ရက်နေ့ဗျ။ မက္ကဆီကို နန်းစောင့်စစ်သည်တွေ တန်းစီနေတဲ့ကြားထဲကို အဲ့ဒီ ဖိလစ်ပိုင် နန်းစောင့်စစ်သည်က ရောက်နေတာ"

"ဘာလဲ…စပိုင် ဝင်လုပ်တာလား"

"မဟုတ်ဘူး။ သူက ဖိလစ်ပိုင်မှာနေတာပဲ။ အဲဒီ့မနက်ကလည်း သူက တာဝန်ထမ်းဖို့ နန်းတော်ကို ထွက်လာတာ။ အဲ့ဒါ ဖိလစ်ပိုင်နန်းတော်ကို မရောက်ဘဲ မိုင်ထောင်ပေါင်းများစွာဝေးတဲ့ မက္ကဆီကိုနန်းတော်ကို ရောက်လာတာ။ သူ့ဘာသာသူလည်း ဘယ်လိုဖြစ်တာလဲ မသိဘူး"

"ဟင်…"

"မက္ကဆီကို စစ်သည်တွေလည်း အံ့သြတာပေါ့ဗျာ။ သူတို့ကြားထဲကို ယူနီဖောင်းမတူတဲ့ တစ်ခြားနိုင်ငံ စစ်သားတစ်ယောက်က ခပ်တည်တည်ရောက်နေတဲ့ဟာ။ သူတို့ကလည်း အဲ့ဒီ့စစ်သားကို အထူးအဆန်းလုပ်ပြီး ဝိုင်းကြည့်၊ အဲ့ဒီစစ်သားကလည်း သူတို့ကို အထူးအဆန်းဖြစ်ပြီး ပြန်ကြည့်။ အတော် ကို့ယို့ကားယားနိုင်တဲ့ ကိစ္စဗျာ…။ ရယ်စရာကြီး"

"အင်း…ဟုတ်ပါရဲ့ဗျာ"

"နောက်တော့ အဲ့ဒီစစ်သားကို မက္ကဆီကို ထောင်ထဲမှာပဲ ဖမ်းထည့်ထားရတာပေါ့။ အဲ့ဒီ့စစ်သားနာမည်က ဂျီလ်ပီးရက်ဇ်တဲ့။ နောက်မှ ဖိလစ်ပိုင်က အရာရှိကြီးတစ်ယောက် ရွက်သင်္ဘော နဲ့ မက္ကဆီကိုရောက်လာပြီး ပီးရက်ဇ်ဖက်က မားမားမတ်မတ် သက်သေဝင်ထွက်ပေးလို့ ပြန်လွှတ်လိုက်တယ်"

"တော်သေးတာပဲ။ ဒါ့ထက် အဲဒါက ဘယ်လိုဖြစ်ရတာတုန်း"

"မသိပါဘူးဆို။ ဘာ့ကြောင့် အဲ့ဒီ့လိုဖြစ်သလဲဆိုတာ မဖြေရှင်းနိုင်ကြဘူး"

"ရူပဖြစ်နေတာကလည်း အဲ့ဒီ့လိုမျိုးပဲလား"

"နေဦး မပြီးသေးဘူး။ ပြောစရာ ကျန်သေးတယ်"

ဦးမျိုးမြင့်က စကားကို ချက်ချင်းမဆက်သေးဘဲ အမြည်းတစ်ဖတ် ကောက်ဝါးသည်။ ယမကာတစ်ကြိုက် မော့သည်။ စကားတွေကို ခေါင်းထဲမှာ စဉ်နေသလိုနှင့် သူ့ဘာသာ ငြိမ်နေသေးသည်။

ထိုအချိန်မှာ ရူပကလည်း စိတ်ညစ်နေရ၏။

ဆိုင်မှအပြန် အသုံးလိုသဖြင့် ကော်ထုပ်လေး ဝင်ဝယ်ခြင်းဖြစ်သည်။ ဆိုင်ရှင်ကောင်မလေးက အံ့သြသလိုကြည့်ပြီး ရောင်းရကောင်းနိုး၊ မရောင်းရကောင်းနိုး ဖြစ်နေပုံ ရသည်။

"ဘာလဲ၊ ကော်ထုပ်မရှိဘူးလား"

"ရှိ…ရှိတယ်လေ"

"ကော်ထုပ်တစ်ထုပ် ပေးပါဆို"

"ဟို...ဟို ခုနကပေးလိုက်တဲ့ ကော်ထုပ်က ဘာဖြစ်လို့လဲ"

"ဘာမှလည်း မပေးရသေးဘဲနဲ့"

"မဟုတ်ဘူးလေ...။ ခုနကပဲ အစ်ကို လာဝယ်သွားသေးတယ်"

"ဟင်..."

ကောင်မလေးက ရူပကို အကဲခတ်ရင်း မျက်နှာတစ်မျိုးဖြစ်နေသည်။ ရူပကပဲ ရူးနေသလိုလို၊ သူမကပဲ ရူးနေသလိုလို။ ရူပက...

"လူတူတာ ဖြစ်ပါလိမ့်မယ်။ ကျွန်တော်က အခုမှ လာဝယ်တာ"

"အင်း...ဟို...တူတာကလည်း တစ်ယောက်တည်း အတိုင်းပဲ"

"ကဲ...ကဲ...ကော်ထုပ်ကိုသာ ပေးပါ။ အခုမှ ဒီတစ်ထုပ်တည်း ဝယ်ရပါသေးတယ်။ ခင်ဗျားပြောပုံက ကျွန်တော်ကပဲ ခုနက ကော်ထုပ်ကို စားပစ်လိုက်တာ ကျနေတာပဲ"

"ဟာ...အဲ့ဒီ့သဘော မဟုတ်ပါဘူး"

ကော်ထုပ်ယူပြီး ပြန်ထွက်လာတော့ ကောင်မလေးက စိတ်ရှုပ်ထွေးနေသော မျက်နှာနှင့် သူ့ကို ငေးကြည့်ပြီး ကျန်ခဲ့သည်။ ရူပက လူလှကို ကျိန်ဆဲနေမိသည်။ ခွဲထုတ်လို့လည်း မရ။ ကော်နှင့် ကပ်ထားသလိုပဲ။

ဦးစိုးလွင်တို့၏ စကားဝိုင်းကလည်း အရှိန်မြင့်နေ၏။ ဦးမျိုးမြင့်က...

"၁၈၉၆ခုနှစ် ဇူလိုင်လ(၈)ရက်က နယူးယောက်မြို့ ရုံးတော်မှာ ထူးခြားလှတဲ့ အမှုတစ်ခုကို စီရင်ချက် ချရတယ်"

"အင်း...စိတ်ဝင်စားတယ်ဗျာ။ ပြောပါဦး"

"တရားခံက ဝီလျံမက်ဒေါ်နယ်တဲ့။ အိမ်ဖောက်ထွင်းမှုနဲ့ တရားစွဲခံရတာ။ ငြင်းလို့ မလွတ်နိုင်ဘူး။ သူ့ကို မျက်မြင်သက်သေတွေ အများကြီး ရှိထားတယ်။ ဝိုင်းဖမ်းတဲ့ကြားထဲက ဆန်းဆန်းပြားပြားကြီး လွတ်သွားခဲ့တာ။ အခု ပြန်မိလာပြီး ရုံးပေါ် ရောက်နေပြီ"

"အင်း..."

"ဘယ်လိုမှ မလွတ်နိုင်တဲ့ ခွင်ထဲကနေ စီရင်ချက်ချတော့ မက်ဒေါ်နယ် လွတ်သွားတယ်။ ဘာလို့လဲဆိုတော့ သူ ဝင်ဖောက်ထွင်းပါတယ်ဆိုတဲ့အချိန်မှာ အမေရိကန်ဆေးလောကမှာ အရမ်းကျော်ကြားတဲ့ ပါမောက္ခဝိုင်းလ်က သူ့ကို အိပ်မွေ့ချနေတဲ့ အချိန်မို့လို့ပဲ။ အခင်းဖြစ်ပွားတဲ့ အချိန်မှာ မက်ဒေါ်နယ်ကို ပါမောက္ခဝိုင်းလ်က (၅)မိုင်ဝေးတဲ့ ဘရုစ်ကမင်းဇာတ်ရုံကြီးမှာ သရုပ်ပြအိပ်မွေ့ချနေတာမို့လို့ပဲ။ ဂုဏ်သရေရှိ ခုံသမာဓိလူကြီး (၁၀)ဦးနဲ့ ပရိသတ်ထောင်ချီပြီး ဝိုင်းကြည့်နေကြတာလေ"

"ဒါဆို..."

"ဟုတ်တယ်...။ အိပ်မွေ့ချခံရတဲ့အချိန်မှာ Astral body လို့ခေါ်တဲ့ ကိုယ်ပွားလိပ်ပြာက လွင့်ထွက်သွားတာ"

"အော..."

"ဖမ်းလို့ မရဘူး၊ လွှတ်ပေးလိုက်ရတယ်။ အတော်ကို လူစိတ်ဝင်စားခံခဲ့ရတဲ့ အမှုပေါ့"

ဦးစိုးလွင်က ခေါင်းတစ်ဆတ်ဆတ်ညိတ်နေပြီးမှ...

"ဒါပေမဲ့ ရူပက အိပ်မွေ့ကျနေတာလည်း မဟုတ်ဘူးဗျ။ လိပ်ပြာလွင့်တာလည်း မဟုတ်ဘူး"

ထိုအချိန်မှာပဲ ဒေါ်သက်ထားမြင့်က...

"ကလေး ပြန်လာပြီ"

ကလေးဆိုသည်က ရူပကို ပြောခြင်းဖြစ်၏။

ခြံတံခါးဖွင့်သံ၊ ပြန်ပိတ်သံ ကြားနေရသည်။ အိမ်ဆီလျှောက်လာသည့် ခြေသံကိုလည်း ကြားရသည်။ သို့သော် အိမ်ထဲသို့ တော်တော်နှင့် ဝင်မလာ။ ဒေါ်သက်ထားမြင့်က...

"ရူပ...သား...လာလေ။ ဧည့်သည်က တစ်ခြားလူ မဟုတ်ဘူး။ မင်းရဲ့ ဦးမျိုးမြင့်"

ဝင်မလာချေ။

"ဟင်..."

စိတ်မရှည်သဖြင့် ဒေါ်သက်ထားမြင့် အိမ်အပြင် ထွက်ကြည့်၏။ အိုးတိုးအမ်းတမ်းဖြစ်ပြီး ပြန်ဝင်လာသည်။

"ဘယ်သူမှလည်း မရှိဘူး"

"ဟဲ့...အသံတွေကို သေသေချာချာ ကြားလိုက်ပါတယ်"

"မရှိဘူးဆို...။ ဝင်လာပြီး ပြန်ထွက်သွားတာလည်း မဟုတ်ဘူး။ တံခါးက ဒီအတိုင်း ပုံမပျက်ဘူး"

"ရော်..."

ဦးစိုးလွင်နှင့် ဦးမျိုးမြင့်တို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြ၏။ မျက်မှန်မပါကြဘဲ ယမကာအရှိန်ဖြင့် ရီဝေဝေကြည့်ကြခြင်းဖြစ်၍ ကောင်းကောင်းကြည်ကြည် မမြင်ရ။ သို့သော် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြတာ သေချာသည်။ စကားစလည်း ပြတ်သွားကြသည်။

ဤအတိုင်း ငြိမ်နေပြီး ငါးမိနစ်ခန့်အကြာကျမှ...

စောစောကအတိုင်း အသံတွေ ပြန်ကြားရသည်။ အိမ်ထဲသို့ ဝင်လာသံ ကြားရသည်။

"ဟော..."

ရူပ အမှန်တကယ် ပြန်ရောက်လာသည်။

ဦးမျိုးမြင့်က ရှုပကို တစ်ချက်ကြည့်ပြီး သက်ပြင်းချကာ ယမကာကို မော့၏။

"ဟာ…ကုန်ပါပြီ၊ ကုန်ပါပြီ"

ဦးမျိုးမြင့် သောက်ရတာပင် နင်သလို ဖြစ်သွား၏။ ရှုပကို စူပုတ်ပုတ်ကြည့်ရင်း…

"မင်းကတော့ကွာ"

ထို့နောက် ဦးမျိုးမြင့် ထိုင်ရာမှ ထသည်။ အားလုံးကို နှုတ်ဆက်၏။

"ကဲ…ပြန်ဦးမယ်ဗျာ"

ဦးစိုးလွင်က ခြံတံခါးဝအထိ လိုက်ပို့၏။ ဦးမျိုးမြင့်က တိုးတိုးကပ်ပြောသည်။

"ကျွန်တော် အဖြေရသွားပြီ ဦးစိုးလွင်"

"ဗျာ…ဟုတ်လား"

"အင်း…နောက်မှ အေးအေးဆေးဆေး ပြောပြမယ်။ သိပ်စိုးရိမ်စရာ မရှိပါဘူး"

"အေးအေးဆေးဆေး မလုပ်ပါနဲ့ဗျာ။ ဒီရက်ပိုင်းအတွင်း ပြောစမ်းပါ"

"ဒါဖြင့် နက်ဖြန် ခင်ဗျားဆီ ကျုပ်ဝင်လာခဲ့မယ်။ ရုံးမှာ ရှိမယ်မဟုတ်လား။ ဖုန်းကြိုဆက်လိုက်မယ်"

"အိုကေ…"

အိမ်ထဲပြန်ရောက်တော့ ဒေါ်သက်ထားမြင့်ကို တီးတိုးကပ်ပြောရသည်။ ရှုပက ရေချိုးနေ၏။ ပြီးလျှင် ထမင်းစားဦးမည်။ ပြီး T.V ကြည့်လျှင်ကြည့်၊ မကြည့်လျှင် စာထိုင်ဖတ်မည်။ ဦးစိုးလွင်တို့က သားတော်မောင်ကို တစ်ချက်တစ်ချက် လှမ်းအကဲခတ်နေရ၏။ ရှုပကတော့ သတိထားမိပုံ မရ။ ဆယ်နာရီခွဲလောက်မှာ…

"ကျွန်တော် အိပ်တော့မယ်"

"အေး…အေး။ မေမေဝယ်ပေးထားတဲ့ ပုတီးလေးလည်း စိပ်ဦး။ ဘုရားရှိခိုးပြီးမှ အိပ်နော်"

ခေါင်းညိတ်ပြပြီး ရှုပက သူ့အခန်းထဲ သူ ဝင်သည်။ သူ့အခန်းက အိမ်ထဲမှာတော့ သီးသန့်ဆန်သည့် အခန်းဖြစ်သည်။ မီးဖွင့်လိုက်တော့…

"ဟင်"

ခေါင်းထဲမှာ မိုက်ခနဲပင် ပြာပြာဝေဝေ ခံစားလိုက်ရသည်။ သူ့ခုတင်ပေါ်မှာ တွေ့လိုက်ရသည်က…

'လှုလှု'

သူ့နှင့် တစ်ပုံစံတည်း၊ တစ်ထေရာတည်း။

လောကကြီးဟာ  သစ်ပင်တစ်ပင်ဆိုရင်ပေါ့...။

ငါတို့ဟာ  သစ်ရွက်တစ်ရွက်စီနဲ့  တူတယ်။

သစ်ပင်နဲ့ပဲဖြစ်ဖြစ်

တခြားသစ်ရွက်တွေနဲ့ပဲဖြစ်ဖြစ်

ကင်းပပြီး...ငါတို့မရှင်သန်နိုင်ဘူး။

(ပေါ့ဘ်ဘလိုကက်ဆယ်လ်စ်)

(၁၇)

"ဒါဖြင့်.... ပြဿနာက ရှင်းသွားပြီပေါ့"

"ဆိုပါတော့ဟာ...ရှင်းလည်းရှင်းသွားပြီ၊ ပြဿနာရဲ့ သော့ချက်ကိုလည်း မိလိုက်ပြီ။ ဒါပေမဲ့ အဖြေဆီကို ရောက်အောင် သွားရဦးမယ်"

"နင်ပြောတာကို ငါတို့နားမလည်ဘူး"

အားလုံးကို ဒိုင်ခံရှင်းပြနေသူက ဓာတုဖြစ်၏။ သူ့ခမျာ ချစ်သူအတွက် အတော်ကို ရတက်ပွေခဲ့ရပါသည်။ ခုတော့လည်း စိတ်လက်ပေါ့ပါးသွားပြီ။ ဖခင်ဖြစ်သူ ဦးမျိုးမြင့်၏ အစွမ်းအစကိုလည်း အသိအမှတ်ပြုသွားရပြီ။

နေရာက ဓာတုတို့ စာရင်းကိုင်သင်တန်းအနီးမှ ရှမ်းခေါက်ဆွဲဆိုင်မှာပဲဖြစ်၏။ တစ်ခုပဲ ကသိကအောက်ဖြစ်ရသည်။ ကိုယ့်သူငယ်ချင်းတွေချည်းမဟုတ်ဘဲ ဇာဇာသိမ့်တို့၊ အေးအေးမော်တို့ကပါ ရောက်ရှိနေကြခြင်းဖြစ်သည်။ သူတို့ကလည်း 'တစ်ဆင့်စကား တစ်ဆင့်နား' ဟူသော နှုန်းမျိုးဖြင့် ရူပ၏ အဖြစ်အပျက်ကို သိပြီး စိတ်ဝင်စားနေကြသည်။

ထို့ပြင် ဓာတုမလိုလားရခြင်းက အကြောင်းရှိ၏။ ဇာဇာသိမ့်နှင့် အေးအေးမော်က အူကြောင်ကြောင်ရူပကိုမှ စိတ်ဝင်စားနေကြသူများဖြစ်၏။ သူတို့ရှေ့မှာသိပ်မပြောချင်။ သို့သော် မပြော၍လည်းမဖြစ်။ သူတို့ရှင်းသွားမှ တစ်ရပ်ကွက်လုံး ရှင်းသွားမည်ဖြစ်၏။ သူတို့ဘာသာ ထင်ရာတွေ လျှောက်ပြောနေလျှင် ကမောက်ကမတွေ ဖြစ်ကုန်နိုင်သည်။

"ဒီလိုဟာ..."

စကားက တုန့်သွားရပြန်သည်။ ဝါသနာပါ၍ ရှမ်းခေါက်ဆွဲရောင်းနေပုံရသော ဆိုင်ရှင်တရုတ်ကြီးကပါ ခုံဆွဲယူလာပြီး သူတို့ဝိုင်းမှာ လာထိုင်သောကြောင့်ဖြစ်သည်။ ဓာတုကို...

"ဟိုကောင်လေး မပါဘူးလား။ ရူပ...."

"မလာသေးဘူး။ သူ မရောက်သေးခင် သူ့အကြောင်း အတင်းပြောမလို့"

"ဟို အကြောင်းမဟုတ်လား။ ပြောပါဦး...ငါလည်းစိတ်ဝင်စားတယ်"

ဓာတုကပြုံးမိသည်။

"ကဲ...ဒါဖြင့်လည်း နားထောင်"

စကားစ ဘယ်ရောက်သွားသလဲ ဆိုတာကို ပြန်စဉ်းစားသေးသည်။ ပြီးမှ...

"ဒီလိုဟဲ့...။ ငါ့အဖေဆီမှာ အဲ့ဒီလို ထူးဆန်းတဲ့ကိစ္စတွေနဲ့ ပတ်သက်ပြီး မှတ်တမ်းတွေ ဖိုင်တွဲတွေ ရှိတယ်"

"အင်း..."

တိုက်ဆိုင်သလို့စကားကို စည့်ထောက်ခံနေသူက အေးအေးမော်ဖြစ်၏။ အောင်ဆန်းဦး၊ ရဲဝင်းမြင့်၊ သိန်းဇော်ဝင်း၊ မြတ်စုငယ်၊ သက်ဝေချို၊ ဇာဇာသိမ့်နှင့် ဆိုင်ရှင် တရုတ်ကြီးတို့က အငေးသားပဲ နားထောင်နေသည်။

"လူလုရဲ့ကိစ္စက သဘာဝမကျဘူးဆိုတာ ငါ့အဖေက အစောကြီးကတည်းက ရှင်းရှင်းမြင်ထားတယ်။ သူက ရှေ့နေဆိုတော့ အကျိုးအကြောင်း အချက်အလက်နဲ့ ကွက်ကွက်ကွင်းကွင်း မြင်တတ်တယ်ပေါ့ဟာ...။ အဲ့ဒါကြောင့် ဒါဟာ သဘာဝလွန် ကိစ္စတစ်ခု ဆိုတာကို သူကမှတ်ချက်ခိုင်ပြီးသား"

"ဟုတ်ပြီ"

"သဘာဝလွန်ဖြစ်ရပ်တွေကို သူလိုက်လေ့လာတော့ ဖြစ်နိုင်ချေ ရှိတာလေးတွေ့တယ်"

"ဘယ်လိုလဲ"

"ဥပမာဟာ...ရူပက လိပ်ပြာခန္ဓာ လွှင့်နိုင်သူများလားဆိုတာမျိုးက စစဉ်းစားရတာပေါ့"

အေးအေးမော်ကလည်း ဂမ္ဘီရမဂ္ဂဇင်းများကို စာမေးပွဲနီးတိုင်း ဖတ်နေသူဖြစ်၍...

"သြော်...ဟို အက်စ်ထရယ်ဘော်ဒီကို ပြောတာလား"

"အေး...ဒါပေမဲ့ အဲဒါလည်း မဖြစ်နိုင်လှဘူး"

"ဘာဖြစ်လို့လဲ"

“အဲဒီလို လိပ်ပြာခန္ဓာ လွင့်နိုင်ဖို့ဆိုတာက အချက်တွေ အများကြီးရှိတယ်။ ဥပမာ…အိပ်ငွေ့ချခံထားရတာမျိုး၊ အကြောလျှော့ လေ့ကျင့်ခန်းလုပ်တာမျိုး၊ နေမကောင်းဖြစ်ပြီး မူးနေတာမျိုး၊ အရက်တွေအလွန်အကျွံ သောက်ထားတာမျိုး၊ စိတ်ဖိစီးမှုတွေ တအားများနေတာမျိုး၊ အဲဒါမျိုးပေါ့”

“သြော်…သြော်”

“ရူပက အဲဒီအချက်တွေနဲ့ တစ်ချက်မှ မညီဘူး”

“အေး…ဟုတ်တယ်။ ရူပက လူကောင်းလေးပါ”

ဓာတုက အေးအေးမော်ကို မျက်စောင်းထိုးမိမလို ဖြစ်သွားသေးသည်။ အချိန်မီ ပြန်ထိန်းပြီး စကားကို ဆက်ရ၏။ အားလုံးက သူမ၏ စကားကို စိတ်ဝင်စားနေကြသည်။

“အဲဒါကြောင့် စဉ်းစားစရာ တစ်ခုပဲကျန်တော့တယ်”

“အေး…အေး ပြောပါဦး”

“ဗာဒေါဂါးများလား ဆိုတာကိုပေါ့”

“ဘာ…”

“ဗာဒေါဂါး…ဗာဒေါဂါး”

“တစ်ခါမှ မကြားဖူးဘူး”

ဂမ္ဘီရ မဂ္ဂဇင်းများကို စာမေးပွဲနီးတိုင်း ဖတ်လေ့ရှိသော အေးအေးမော်က ထိုသို့ မှတ်ချက်ချသည်။

“အေးလေ…နင်ကြားဖူးရင်လည်း ဒီလောကဘယ်ထူးဆန်းပါတော့မလဲ”

“ဒါပေါ့…ဒါပေါ့ ဟုတ်တာပေါ့။ ဆက်ပြောပါဦး”

“အမှန်တော့… ဗာဒေါဂါးဆိုတာ ကိုယ်ပွားလိပ်ပြာထက် ပိုထူးဆန်းတယ်။ လူတိုင်းမဖြစ်တတ်ဘူး။ ဖြစ်တဲ့လူတွေကျတော့ မွေးရာပါ ဗီဇအရဖြစ်တာ များတယ်။ လေ့ကျင့်လို့ရတယ်လို့ မှတ်တမ်းမှတ်ရာမှာ မရှိဘူး”

“ဘယ်လိုဟာမျိုးပါလိမ့်”

“နော်ဝေ၊ ဒိန်းမတ်နဲ့ စကော့တလန် မြောက်ပိုင်းကလူတွေမှာ အတွေ့ရများတယ်။ သူတို့က အဖြစ်များတယ်”

“အေးလေ… ဘယ်လိုဟာမျိုးလည်းလို့”

“ဒီလိုဟာ…အဲဒီ့ ဗာဒေါဂါးသဘာဝကို ပိုင်ဆိုင်ထားသူဟာ အနုစားအနေနဲ့ အသံတွေ အရိပ်အယောင်တွေ ပေးတတ်တယ်။ ဥပမာ သူအိမ်ကို တကယ်ပြန်မရောက်သေးဘဲနဲ့ ရောက်နေသလို ထီးသံ၊ ဖိနပ်သံ၊ တံခါးဖွင့်သံတွေ ပေးတတ်တယ်။ ပြီး… ငါးမိနစ် ဆယ်မိနစ်ကြာမှ အဲဒီ့အသံတွေအတိုင်း သူက တကယ်ရောက်လာတယ်”

“သြော်…”

"ဒီလိုလား..."

"အဲဒါမျိုးတော့ ကြုံဖူးသလိုလိုပါပဲ"

"ကြုံဖူးတယ်ထင်တယ်...။ ဟုတ်တယ်"

ဤအခါတွင်တော့ တစ်ယောက်တစ်ပေါက်ဝေဖန်သံများ ထွက်လာသည်။ ဆိုင်ရှင်တရုတ်ကြီးကပါ မသဲမကွဲ မှတ်ချက်ပေးလေ၏။ သူ့အသံက သူ့ ရှမ်းခေါက်ဆွဲလို ပျော့တွဲတွဲ ဖြစ်နေသဖြင့် သဲသဲကွဲကွဲတော့ မကြားရ။

"ပိုဆိုးတာက ဗာဒေါဂါးဟာ ကာယကံရှင်ကိုယ်စားထွက်ပြီး လှုပ်ရှားတတ်တယ်။ သူနဲ့ ဆက်ဆံရတဲ့ လူတွေကလည်း သူ့ကို ကာယကံရှင်လို့ပဲ ထင်တယ်။ လိပ်ပြာခန္ဓာထက် ပိုဆန်းတယ်"

"ဟယ်...အံ့ဘွယ်ပဲ"

"အဲဒီ့မှာမှ ငါတို့ရဲ့ အူကြောင်ကြောင်ရုပက ဗာဒေါဂါးသဘာဝ လာရှိနေတယ်"

"အရင်က မရှိပါဘူး"

"ဘယ်လိုဖြစ်လို့လည်း"

ဓာတု နှာခေါင်းရှုံ့ပြီး ခေါင်းခါပြသည်။

"အဲဒါတော့ မပြောတတ်ဘူး။ အူကြောင်ကြောင်ကြီးပဲ"

ရဲဝင်းမြင့် တွေးစရာ ရသွားသလို ငြိမ်သွားသည်။ မြတ်စုငယ်နှင့် သက်ဝေချိုတို့ကတော့ ဓာတုထံမှ ကြိုကြားထားပြီးသား အကြောင်းအရာများဖြစ်နေ၍ ထွေထွေထူးထူး မှတ်ချက်တွေ ပေးမနေတော့။ ဆိုင်ရှင်တရုတ်ကြီးက သူ့စားပွဲထိုးကို သူ့လက်စွဲတော် ယပ်တောင် လှမ်းတောင်းရင်း နံရံကို ငေးနေသည်။

ဓာတု၏စကားကို အေးအေးမော်က ဒိုင်ခံ ထောက်ပေးနေဆဲဖြစ်ပြီး သိန်းဇော်ဝင်းနှင့် ဇာဇာသိမ့်က စဉ်းစဉ်းစားစား နားထောင်နေသည်။

အေးအေးမော်ကို ရှေ့ထားပြီး စကားပြောရသည်မှာ ဓာတုအတွက်လည်း အတော် အနှောင့်အယှက် ဖြစ်ရလေသည်။ အေးအေးမော်က မျက်နှာ အမူအယာ အမျိုးမျိုးပြောင်းပြီး နားထောင်တတ်သောကြောင့် ဖြစ်၏။

ဥပမာ...အံ့သြစရာဆိုလို့ရှိလျှင် လည်ကိုဆန့်၊ ပါးစပ်ကို ဟပြီး ခေါင်းတညိတ်ညိတ်ဖြင့် အံ့သြပြသည်။ ဘာမှ မပြောရသေးလျှင်လည်း ဓာတု၏မျက်နှာကို ငေးပြီး ကြိုတင်ခေါင်းညိတ်နေသည်။ ရယ်စရာဖြစ်သွားလျှင်လည်း သွားစေ့ပြီး ရယ်ဟန်ပြုသည်။ လက်ခံစရာပါလာလျှင်လည်း လက်ညှိုးကို တစ်ထောင်ထောင်လုပ်ပြီး ထောက်ခံပြန်လေသည်။

သူကလိုက်လိုက်လှဲလှဲ နားထောင်ခြင်းဖြစ်နိုင်ပါသည်။ သို့သော် ဓာတုအတွက် စိတ်အနှောင့်အယှက် ဖြစ်ရလေသည်။ ကိုယ့်ကိုပဲ ရွဲ့နေသလိုလို...။

"နေပါဦး...။ ငါမရှင်းလို့ မေးပါဦးမယ်"

သိန်းဇော်ဝင်းက အိပ်ရာမှနိုးလာသလို ဆတ်ခနဲ မေး၏။

"အဲဒီ ဗာဒေါဂါးက ကိုင်တွယ် ထိတွေ့လို့ ရလား၊ မရဘူးလား"

"နှစ်မျိုးလုံး ဖြစ်တတ်တယ်"

"ဟ...တကယ့်ဟာကြီးပါလား"

"အေးလေ...တို့ရူပက အဲ့ဒါကြီးမှသွားဖြစ်တာ"

"ကဲ...ကဲ...ထားပါ။ နင့်စကားကို ဆက်ပါဦး"

"ပြီးပြီလေ...။ လူလှဆိုတာ တစ်ခြားသူမဟုတ်ဘူး။ ရူပရဲ့ ဗာဒေါဂါးပဲ"

အေးအေးမော်က...

"မပြီးသေးဘူးလေဟာ....၊ ရူပက အဲ့ဒါကြီး မပျောက်တော့ဘူးလား"

"ပျောက်မှာပါ...ဟဲ့"

"ဘယ်အခါကျရင် ဘယ်လို ပျောက်မှာလဲ"

ထိုအမေးစကားကို ဓာတုက အေးအေးမော်နှင့် ဇာဇာသိမ့်တို့ဆီ မျက်နှာချီ၍ ပြန်ဖြေရန်ပြင်သည်။ အေးအေးမော်ကိုယ်၌က မိုက်မဲစွာ မေးလိုက်ခြင်းဖြစ်သည်။

"ငါ့ကို ယူလိုက်ရင် ပျောက်မယ်တဲ့"

"ဘာ..."

ဓာတုက ခပ်မာမာပဲထပ်ဖြေသည်။

"ငါ့ကို ယူလိုက်ရင် ပျောက်မယ်"

"ဘာဆိုင်လို့လဲ"

"ဆိုင်တယ်"

အေးအေးမော်နှင့် ဇာဇာသိမ့်က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၏။ လက်ခံချင်သေးပုံမရ။ မိနစ်ကိုးဆယ်အတွင်းမှာ သရေကျလျှင်ကျ၊ မဟုတ်လျှင် အချိန်ပိုမှာ သရေကျရမည်ဆိုသော စိတ်ဓာတ်မျိုးရှိပုံပင်။ မနေတတ်တော့သော သက်ဝေချိုက...

"ဓာတုကလည်း ရှင်းအောင် ပြောလိုက်လေဟာ..."

"ဒီလိုဟ"

"စားပွဲ နှစ်ပွဲ"

"ရှင်"

ဓာတုပင်ကြောင်သွားသည်။ ဆိုင်ထဲသို့ဝင်လာသော ဧည့်သည်များကိုကြည့်ပြီး ဆိုင်ရှင်တရုတ်ကြီးက စားပွဲထိုးလေးများထံ လှမ်းအော်ခြင်းဖြစ်သည်။ တရုတ်ကြီးက ပျာပျာသလဲ တောင်းပန်ပါသည်။

“ဆက်ပြော…ဆက်ပြော။ ငါစိတ်ဝင်စားပါတယ်”

“ပြောရတာတောင် ဘယ်ရောက်သွားမှန်းမသိဘူး”

“နင်…နင်က ရူပကို တကယ်ယူမှာလား”

“ဟင်… ရှင့်ရှမ်းခေါက်ဆွဲတောင် ဝယ်စားနေသေးတဲ့ဟာပဲ”

“နင်…နင်က ရူပကို ဝယ်စားတော့မလို့လား”

“ဘာ…”

“မဟုတ်သေးဘူးလေဟာ…။ ငါကလည်း ဗမာစကား သိပ်မတတ်ဘူးဟ”

မြတ်စုငယ်က အခြေအနေကို ဝင်ထိန်းရ၏။

“ပြောစရာရှိတာ ဆက်ပြောပါ ခတုရယ်…”

ခတုက ထိုအခါကျမှ မျက်နှာကို ပြန်မော့ပြီး..

“ဒီလိုလေ…။ ရူပရဲ့ ဗာဒေါဂါးပေါ်လာတာကိုက ငါ့ကို ရည်းစားစကားပြောတဲ့နေ့ကျမှ မဟုတ်လား။ အစက မရှိဘူး”

အေးအေးမော်က…

“ဟင်…ဟုတ်လို့လား”

“ဟုတ်တယ်လေ…။ ရူပက အစက ဗာဒေါဂါးမှ မရှိတာ”

“နင့်ကို ရည်းစားစကားပြောတာ ဟုတ်လို့လားလို့ မေးတာ”

“သိပ်ဟုတ်တာပေါ့”

ဆိုင်ရှင်တရုတ်ကြီးက ‘ဟုတ်တယ်…ဟုတ်တယ်’ ဟုဝင်ပြောသည်။ အေးအေးမော် ငြိမ်သွားသည်။ မလှုပ်ရသေးသော ဇာဇာသိမ့်ကလည်း ငြိမ်မြဲအတိုင်း ဆက်ငြိမ်လိုက်ရသည်။

“ငါ့ကို လက်ထပ်ဖို့ စိတ်လှုပ်ရှားတဲ့ အချိန်မှာ ရူပရဲ့ ဗာဒေါဂါး သဘာဝက ပေါ်လာတာ။ တောက်လျှောက်ဆက်ဖြစ်နေတာ။ ငါ့ကို လက်ထပ်ပြီးရင် ပျောက်သွားမှာပါတဲ့”

“ဘယ်သူကပြောလဲ”

“ငါ့အဖေရဲ့ မိတ်ဆွေ၊ ကျွမ်းကျင်သူ ပညာရှင်တွေကပေါ့ဟာ”

“အဲဒီတော့…”

“ငါနဲ့ ရူပကို ပေးစားဖို့ ပြင်နေကြပြီပေါ့”

“ဘယ်သူတွေကလည်း”

“နှစ်ဖက်မိဘတွေက”

ဇာတ်လမ်းက ဆုံးသွားပြီဖြစ်သောကြောင့် အေးအေးမော်နှင့် ဇာဇာသိမ့်တို့က နှုတ်ဆက်ပြီး ပြန်သွားကြသည်။ ဆိုင်ရှင် တရုတ်ကြီးကလည်း ယပ်ခတ်ပြီး ပြန်ထွက်သွားသည်။ ဓာတုက ဆက်ပြော၏။

“ငါ့အဖေပြောတာကတော့ အဲ့ဒီကိစ္စက ရှေးဟောင်းအယူအဆတစ်ခုနဲ့လည်း ပတ်သက်တယ်တဲ့”

ရဲဝင်းမြင့်က…

“ဘယ်လိုတဲ့လည်း”

“Astral body တော့ မဟုတ်ဘူးပေါ့ဟာ။ Astral Spirit ဆိုတာ ရှိသေးတယ်တဲ့”

“ရှုပ်လာသလိုလိုပဲ။ ကဲ… ပြောပါဦး”

“ပါရှားတို့၊ ဂရိတို့၊ ဟီးဗရူးတို့ အယူအဆဟ”

“အေးပါ…ပြောပါ”

“လူတိုင်းမှာ အစောင့်ကြယ်တစ်စင်းရှိတယ်တဲ့”

“အင်း…”

“တစ်ခါတစ်ခါ အဲ့ဒီ ကြယ်ကလေးက လူ့ကိုယ်စား ထွက်လှုပ်ရှားပေးတယ်တဲ့”

“အော…”

“အခု ရူပရဲ့ ကိုယ့်စောင့်ကြယ်ကလေးက ထွက်လှုပ်ရှားတာ ဖြစ်ချင်လည်းဖြစ်မှာပေါ့ဟာ”

“အင်း တော်တော် အနေအထိုင်မတတ်တဲ့ကြယ်ပဲ”

“ဘာ…”

“သြော်…လူတွေအားလုံးကို နေမရ ထိုင်မရ ဖြစ်အောင် လုပ်တယ်လို့ ပြောချင်တာပါ”

“သြော်…ချစ်တာကိုးဟ”

“ဘယ်သူကလည်း”

“ရူပက”

“ဘယ်သူ့ကိုလည်း”

“နင်နော်…”

“သြော်…မေးကြည့်တာပါ”

“တော်တော်…။ နင်တို့ကို ဘာမှ မပြောတော့ဘူး”

“ပြောစရာလည်း ကုန်မှပဲ။ အေးအေးမော်တို့ဆို စောစောစီးစီး ထပြန်သွားတယ်”

ဓာတု ခံပက်မည် အပြုမှာပဲ ရှုပက ရောက်လာ၏။ အမောတကြီးဖြစ်၏။

“ဘောလုံးပွဲက လာတာ။ အချိန်မီအောင် မနည်းပြေးလာရတယ်”

“နင့်ကြည့်ရတာ အရမ်းပင်ပန်းနေသလိုပဲ”

“အေးလေ…ငါအားပေးတဲ့ အသင်းဘက်ကနေ လူလှက ဝင်ကန်တယ်။ ၁၁ယောက်နဲ့ ၁၂ ယောက်ဖြစ်နေတော့တာပေါ့”

“ဟောတော့”

(၁၈)

လူအများကြားထဲမှာမို့ မမေးခဲ့သော မေးခွန်းကို ခုမှပဲ ဓာတုမေးရသည်။ အရေးကြီးသောမေးခွန်း မဟုတ်ပါ။ သို့သော် သိချင်၍ မေးခြင်းဖြစ်ပါသည်။

“နေပါဦးဟယ်...။ အဲဒီလို ၁၁ ယောက်နဲ့ ၁၂ ယောက် ကန်နေတော့ ဒိုင်လူကြီးက ဘာမှ မပြောဘူးလား”

“ချက်ချင်းတော့ ဘယ်သူမှ မသိဘူးပေါ့ဟ”

“လိုင်းစ်မန်းတွေကကော”

“သူတို့လည်းမသိဘူး”

“ချက်ချင်းမှာ မသိတာကို ပြောတာမဟုတ်လား”

“အေးပေါ့”

“လူလှက ကျောနံပါတ် ဘယ်လောက်နဲ့ ဝင်ကန်တာလဲ”

“၁၃ တဲ့”

“ဘယ်အချိန်မှာ လူကြီးတွေ သိသွားသလဲ”

“တစ်ဖက်အသင်း ဂိုးသမားက ထအော်တာ”

“အဲဒီတော့...”

“နင့်လင် လူလုက ပျောက်သွားကော”

“နင် မမိုက်ရိုင်းနဲ့နော်”

“မဟုတ်ပါဘူး။ စိတ်မရှည်ပြန်ဖြစ်မိလို့ ပြောတာပါ”

“နင်က ဘာကိစ္စ စိတ်မရှည်ရတာလဲ”

“ဟ... ငါ ရှက်တာပေါ့ဟ”

“ဘာဖြစ်လို့လဲ”

“ဒီကောင်နဲ့ ငါနဲ့က တစ်ထေရာတည်း ဖြစ်နေတာကိုး။ ငါ့ဘေးက လူတွေက ငါ့ကို လှည့်ကြည့် လှည့်ကြည့် လုပ်ကြတာပေါ့”

“အောင်ဆန်းဦးလည်း ပါတယ်ဆို”

“အေး... သူကအဆိုးဆုံးပေါ့”

ဓာတု ငိုချင်သွားသော်လည်း မထိန်းနိုင်ပဲ ရယ်မိသည်။ ဘယ်လိုကြီးမှန်းကို မသိပါ။

“နင်တို့ဟာကလည်းဟာ...”

“အဲဒါကို ထားပါဦး”

“ပြော...”

“ခု နင်နဲ့ ငါနဲ့က ယူရတော့မှာ”

“ဒါကတော့ နင့်သဘောပဲလေ”

“ဘာ...”

“အေးလေ... နင်က ငါ့ကို အဖြေတောင် မပေးဘဲ ဘောင်ကျော်တာကိုး”

“အောင်မာ... အောင်မာ။ လူပါးဝလိုက်တာ”

“နင်က ငါ့ကို ချစ်ကြောင်းပြောဖို့ ကျန်နေသေးတယ်”

“ဟွန်း... နင့်ကို ငါက မချစ်ပေါင်”

“ဒါဖြင့် ငါ့ကို ဘာလို့ ယူမှာလည်း”

“နင့်ရောဂါ ပျောက်အောင် ကူညီမလို့”

"မပျောက်ရင် ဘယ်လို လုပ်မလဲ"

"အဲ့ဒီအခါကျတော့လည်း နောက်လင် ယူရုံပေါ့ဟာ"

"သြော်...နင်က အခုတည်းက အဲ့တာတွေ စဉ်းစားထားတယ်ပေါ့။ ဟုတ်လား..."

"အူကြောင်ကြောင် ရူပကို လင်လုပ်ရမှာပဲ၊ မစဉ်းစားလို့ ရမလား"

သူတို့၏ စကားဝိုင်းက နှစ်ယောက်တည်းဖြစ်သော်လည်း အစပ်အဟပ် မတည့်လှ၊ နှစ်ယောက်လုံးကလည်း မချိုမချဉ်။ အတော်ခက်သည့် ကောင်လေးနှင့် ကောင်မလေးဖြစ်သည်။ အခု သူတို့ပြောနေသည်က မင်္ဂလာခန်းမှာ။ စကားပြောသည့်နေ့က မင်္ဂလာဆောင်မည့်နေ့။

သူတို့က နည်းနည်းတော့ အကွက်စေ့သည်။ မင်္ဂလာဆောင်မည့် ခန်းမကို နှစ်ချိန်ဆက် ငှားထားခြင်း ဖြစ်သည်။ မင်္ဂလာဆောင်မှာက နောက်အချိန်ကျမှ၊ ရှေ့အချိန်မှာ သတို့သားနှင့် သတို့သမီးတို့ ရန်ဖြစ်နေကြသည်။ အမှန်ဆို ဝတ်စားဆင်ယင်နေရမည့်အချိန်။

အူကြောင်ကြောင် ရူပက အချိန်ကို ပြန်သတိထားမိပါသည်။

"ကဲ...ကဲ... နင်လည်း ပြင်စရာ ရှိတာပြင်ဦး။ နင့်ကို ပြင်ပေးမယ့် အခြောက်တွေ စောင့်နေပြီ"

ထိုသို့ပြောပြီး လှည့်ထွက်ခဲ့၏။ ဓာတုကလည်း (ရူပစကားကို နားထောင်တာ မဟုတ်သည့်တိုင်) အခြောက်တွေက...

"ကဲ... သမီးလေးရေ"

"ဟုတ်ကဲ့"

သူတို့၏ ပလူးပလဲ ရေယာဉ်ကျောမှာ မဟုတ်မှန်းသိလျက်နှင့် မျောနေရသေးတော့၏။ လှလှပပဝတ်စားပြင်ဆင်ပြီးကာမှ အူကြောင်ကြောင် ရူပက သတို့သားဝတ်စုံဝတ်ပြီး ရောက်လာသည်။ ဓာတုက...

"နင့်ကို ဘယ်သူပြင်ပေးသလဲ"

"အေးအေးမော်နဲ့ ဇာဇာသိမ့် မဟုတ်ပါဘူး"

"ဘယ်သူပြင်ပေးသလဲ"

"မခင်သန်းဦး"

"ဟင်...ဟုတ်လား"

"အေးလေ...အစောကြီးကတည်းက ကြေညာပြီးသားပဲ။ နင်မသိဘူးလား"

"သူက ငါ့ရဲ့ သတို့သမီးအရန်ဆို"

"အို...ငါဖြုတ်ချလိုက်ပြီ။ သူက နင့်ထက်လည်း အသက်ကြီးတဲ့ဟာ။ မတင့်တယ်ပါဘူး"

"ဒါဖြင့်..."

“နင့်ရဲ့ သတို့သမီးအရန်က အေးအေးမော်၊ ပြီး…ဇာဇာသိမ့်”

“ဘာ…”

“သူတို့ သဘောပေါက်သွားပါပြီဟ”

“ဓာတု ဘာပဲပြောပြော ကျေနပ်သွားလေသည်။ (မိန်းမတွေများ)

“နေပါဦး…။ နင်က ဒီအခန်းထဲ ဘာဝင်လုပ်တာတုန်း”

“သြော်…အေး…. လာရင်းကိစ္စကို ပြောဖို့မေ့နေတယ်။ ငါနင့်ဆီလာတာ ထူးခြားတဲ့ အစီအစဉ် တစ်ခု ပါလာတယ်ဟ”

“ဘာလဲ”

“သြော်… ပြောမယ်လေ”

တစ်ခါမှ မင်္ဂလာမဆောင်ဖူးသဖြင့် ဓာတု ရင်ခုန်ပြီး စိတ်တွေ လှုပ်ရှားနေသည်။ ရှုပကတော့ အတွေ့အကြုံများထားပြီးသော လူလိုလို။ ဘာမှ မထူးခြားသလိုလို။

“ငါတို့ ဧည့်သည်တွေကို ထူးခြားတဲ့ အစီအစဉ်တစ်ခုနဲ့ ဧည့်ခံရင် မကောင်းဘူးလား”

“ဘယ်လို အစီအစဉ်လဲ”

“ကပြမယ်ဟာ”

“ဘာ…”

“ကပြမယ်လို့”

“ငပေါ… အေးအေးဆေးဆေးနေစမ်းပါဟာ”

“နင်က ငါ့ကို နောက်နေတယ် အောက်မေ့တာကိုး။ ငါက အတည်ပြောနေတာ”

“ဟင်”

သူက အတည်ပြောသည်ဆိုသဖြင့် ဓာတု လန့်သွားသည်။

“ဟဲ့… ဘာလဲ”

“ဒီမှာဟ ငါ စာအုပ်တစ်အုပ် ဖတ်ရင်း အတွေးရလို့”

“မင်္ဂလာဆောင်ခါနီးကို နင်က စာအုပ်ဖတ်နေသေးတယ်”

“အေး…”

“နင့်နှယ်ဟာ…ထားပါတော့။ ဘာစာအုပ်လဲ။ ဟိုပို့စ်မော်ဒန်ဆိုတာတွေလား။ လျှောက်မဖတ်နဲ့နော်။ ပို့စ်မော်ဒန်ဝတ္ထုတွေက ကျန်းမာရေးကို ထိခိုက်စေတယ်တဲ့။

"မဟုတ်ပါဘူးဟ။ ငါတို့ထက်တောင် အသက်ကြီးတဲ့ စာအုပ်ပါ။ အချိန်မရှိဘူး။ ငါပြောတာကို နားထောင်စမ်း။ နင်က အရင်ဆုံး အပျိုတော်အက ...က"

"ဒုက္ခပါပဲ...။ ငါ ကတတ်တယ်လို့များ နင်ကြားမိသလား"

"ဒီလိုပဲ ကြည့်ကလိုက်ပေါ့ဟာ...။ ဘယ်လိုကရမယ်ဆိုတာ နည်းလမ်းပါလာတယ်"

"ဘယ်မှာလဲ"

ကဖို့အတွက် ခတု နည်းနည်းမှ စိတ်မကူးပါ။ ရူပ ဘယ်လောက် အူကြောင်ကြောင်နိုင်မည်လဲဆိုတာကို သိလိုသဖြင့် ရူပ ယူလာသောစာအုပ်၊ ထောက်ပြသော စာမျက်နှာကို ဖတ်လိုက်သည်။

'အပျိုတော်အကသည် ဦးခေါင်း၊ ပခုံး၊ လက်မောင်း၊ ခါး၊ ရင်၊ တင်၊ ပေါင်... စသော ကိုယ်အင်္ဂါအစိတ်အပိုင်းများကို တစ်မျိုးစီ လှုပ်ကာ လှုပ်ကာ ကပြရ...'

သတို့သမီး ခတု ဆွေ့ဆွေ့ခုန်မတတ် ဖြစ်သွားသည်။

"ရူပ။ နင်...နင်... ငါ့ကို ဘာအောက်မေ့နေလဲ...ဟင်"

"မဟုတ်ဘူးလေ...။ ငါ့အစီအစဉ်ကို ပြောမယ်။ အပျိုတော်အကကို နင်အရင်က။ ပြီး... ငါ့ကို ရည်ရွယ်ပြီး သစ္စာတော်ခံအကကိုက။ ပြီး...ငါထွက်လာမယ်။ နင်နဲ့ငါ အဲ့ဒီ့အခါကျမှ မြေဝိုင်းနှစ်ပါးသွားအကကို ကမယ်။ ဧည့်သည်တွေ အရမ်းသဘောကျမှာ သေချာတယ်"

"အာ...တော်စမ်းပါ အရူးရယ်"

"ရူးတာမဟုတ်ဘူး၊ တကယ်ပြောတာ"

ခတု ထိုင်နေရာမှ ဝုန်းကနဲ ထရပ်၏။ ခတု အကြီးအကျယ် ဒေါပွနေမှန်းလည်း ရူပက မရိပ်မိ။

ခန်းမကြီးအဝဆီ မျက်စေ့ရောက်သွားပြီး...

"ဒီအန်တီကြီးကို ငါမြင်ဖူးပါတယ်"

ခတုက လိုက်ကြည့်ပြီး...

"ငါ့အမေဟဲ့..ငါ့အမေ"

"သြော်...အဲ့ဒါကြောင့် မြင်ဖူးပါတယ် အောက်မေ့နေတာ။ ပြင်ဆင်ထားတော့ မမှတ်မိဘူး"

ဒေါ်ကလျာနောက်မှ ရူပအမေ ဒေါ်သက်ထားမြင့်ပါ ပါလာသည်။

ခတု သူတို့ဆီ ခြေဆောင့်ငိုယိုလျက် ပြေးသွားလိုက်သည်။

"ဟဲ့...ဟဲ့...ဘယ်လိုဖြစ်တာလဲ"

"ကရမယ်တဲ့ မေမေရယ်။ အန်တီလည်း စဉ်းစားကြည့်ပါဦး"

ဓာတုက ဇာတ်စုံခင်း၏။

"မငိုနဲ့... မငိုနဲ့သမီး။ ပြင်ဆင်တာတွေ ပျက်ကုန်ဦးမယ်"

ဓာတု ရှင်းပြသည်များကို နားထောင်ပြီးချိန်မှာ ဒေါ်သက်ထားမြင့်က...

"ရူပ"

"ဗျာ..."

"မင်း..ဝေးဝေးသွားနေလို့ မရဘူးလား"

"ဟင်...ကျွန်တော် မင်္ဂလာဆောင်မလို့လေ"

"အချိန်လိုသေးတယ်၊ ဝေးဝေးသွားနေ။ သူများကို မနှောင့်ယှက်နဲ့"

ဆူညံဆူညံအသံများကြောင့် ထင်သည်။ အောင်ဆန်းဦးတို့ အုပ်စု ဝင်လာသည်။ ဘာဖြစ်နေမှန်း မသိသော်လည်း အခြေအနေကို သဘောပေါက်ကြ၏။ ရဲဝင်းမြင့်က...

"ရူပရာ... မမွှေစမ်းပါနဲ့။ လာ... လာ... ငါတို့ အပြင်သွားမယ်"

"ဘယ်ကို သွားမှာလဲ"

"ကားတစ်ပတ် လျှောက်စီးမယ်ကွာ။ ဒါ...မင်းရဲ့ လူပျိုဘဝ နောက်ဆုံးအချိန်လေးပဲ"

"အေးလေ...သဘောပဲ"

ကားကို သိန်းဇော်ဝင်းက မောင်းသည်။ ရူပကို ဝိုင်းနောက်ပြောင်ရင်း တစ်ကားလုံး အုန်းအုန်းကျွက်ကျွက် ဖြစ်နေ၏။ ဒီကြားထဲမှာ ကားက ထိုးရပ်သွားသေး၏။

"ဟ...ဘယ်လိုဖြစ်တာလဲ"

သိန်းဇော်ဝင်းက စပ်ဖြဲဖြဲနှင့် ညည်းတွား၏။

"ဒီမင်္ဂလာပွဲဆီ အာရုံရောက်နေတာနဲ့ပဲ ကားဆီထည့်ဖို့ကို မေ့နေတယ်"

"ဒီနားမှာပဲ ဝယ်ထည့်ပေါ့ကွာ"

"အဲ့ဒီလိုပဲ လုပ်ရမှာပဲ"

အားလုံးကားပေါ်မှ ဆင်းကြ၏။ သတို့သားကလည်း ကားပေါ်မှာ ထိုင်ရတာ ညောင်းသဖြင့် လိုက်ဆင်းသည်။ ထိုအခိုက်မှာပင် ထင်မထားသော ကိစ္စက ကြုံလာသည်။

"ဟိုလူကြီး"

အားလုံး လှည့်ကြည့်မိကြ၏။ ခေတ်ဆန်ဆန် ဝတ်စားဆင်ယင်ထားသည့် မိန်းကလေးတစ်ယောက်ကို တွေ့သည်။ အကြီးအကျယ် တုန်လှုပ်သွားရှာသူက ရူပ...။

ကောင်မလေးက ကားလမ်းတစ်ဖက်မှ လှမ်းခေါ်ခြင်းဖြစ်၏။ သူတို့တွေ ကားထိုးရပ်သွားသည်ကလည်း ဗိုလ်ချုပ်ပန်းခြံအနားမှာ။ ပါးရည်နပ်ရည်ရှိသော ရဲဝင်းမြင့်က…

"ရူပ"

"ဟေ…အေး…လုပ်…လုပ်ပါဦးကွာ"

"ပြဿနာပဲ"

"ဘာလဲ…ဘာလဲ"

အောင်ဆန်းဦးနှင့် သိန်းဇော်ဝင်းက နားမလည်ကြ။ ရဲဝင်းမြင့်က…

"ဒီကောင် မူးမူးနဲ့ ရည်းစားစကား သွားပြောတဲ့ ကောင်မလေးဟေ့။ ဟိုက သူ့ကိုအဖြေပေးမလို့တဲ့"

ဟိုနှစ်ကောင် ရယ်ချင်သွားပုံရသည်။ ရဲဝင်းမြင့်က ရူပကို မကျေနပ်လှ။

"ရူပ…မင်းပြောတော့ ကောင်မလေးကို မမှတ်မိဘူးဆို"

"ဒီလိုကြီး သူကခေါ်ရင်တော့ မှတ်မိတယ်"

"ခု…ဘယ်လို လုပ်မလဲ"

ကောင်မလေးက လက်ပြလှမ်းခေါ်ပြီး လမ်းတစ်ဖက်မှ စောင့်နေသည်။ ရူပက…

"ရဲဝင်းမြင့်ရာ…"

"ဘာလဲ"

"သွား…သွားလိုက်စမ်းပါကွာ"

"ဟင်… ငါက ဘာသွားလုပ်ရမှာလဲ"

"ကြည့်…ကြည့်ရှင်းလိုက်စမ်းပါကွာ"

"ဟာ…"

"လုပ်…လုပ်စမ်းပါကွာ။ ငါက မင်္ဂလာဆောင်ရဦးမှာ"

အောင်ဆန်းဦးနှင့် သိန်းဇော်ဝင်းတို့ကလည်း….

"ငါက ဆီသွားဝယ်ရမှာ"

"ငါကလည်း ကားမောင်းရမှာနော်"

ရဲဝင်းမြင့် စိတ်ဓာတ်ကျသွားသည်။ ကောင်မလေးကို တစ်ချက်လှည့်ကြည့်ပြီး…

"ရူပရာ… မင်းကတော့ စံပဲ"

ရူပက သူ့အင်္ကျီအိတ်ထဲမှ တစ်သျှူးတစ်ရွက်ထုတ်ပေးပြီး…

“သိန်း…သိန်းဇော်ဝင်းလို လုပ်ရင် လုပ်လိုက်လေ”

“ဘာကွ”

ရဲဝင်းမြင့်က မနှစ်မြို့သလို သိန်းဇော်ဝင်းကလည်း မခံချင် ဖြစ်သွား၏။ သူ့အစ်မ ခင်သန်းဦးနှင့် ပတ်သက်သော ကိစ္စဖြစ်၍ အောင်ဆန်းဦးကလည်း မြီးညှောင့်ရိုး ယားသွားသည်။ ဖြစ်ချင်တော့ ကားတစ်စီးက သူတို့ကို ကျော်တက်ပြီး ရပ်၏။ ကားပေါ်မှ ဆင်းလာသူကား ဦးမျိုးမြင့်…။

“ဟေ့ကောင်တွေ ဘာဖြစ်နေတာလဲ”

အားလုံး အကြံရသွားတော့၏။ သိန်းဇော်ဝင်းက လျှင်သည်။

“အန်ကယ့်လ် ကားကို ကျွန်တော်တို့ ယူသွားမယ်။ သတို့သားက အရေးကြီးတယ် မဟုတ်လား”

“မင်းတို့ကားက ဘာဖြစ်လို့လဲ”

ပြန်ပင် မဖြေကြ။ ဦးမျိုးမြင့်၏ကားပေါ်ကို အလုအယက်တက်ပြီး မောင်းထွက်ခဲ့ကြတော့သည်။

“ဟာ…ဒီကောင်တွေ”

ဦးမျိုးမြင့် ဘာဘာညာညာ မသိဘဲ ကျန်ရစ်ခဲ့၏။

“ဟိုလူကြီး”

လှည့်ကြည့်မိသည်။ ကောင်မလေးတစ်ယောက်။ ဘယ်သူ့ကို ခေါ်မှန်းမသိ။

“ဟယ်…ဟေ့လူကြီး”

ဦးမျိုးမြင့် ခေါင်းကုတ်ပြီး ကောင်မလေးထံသို့ ကားလမ်းကူးပြီး လျှောက်သွားလိုက်၏။ ရူပတို့က ကားပေါ်မှ လှည့်ကြည့်သွားရင်း ဦးမျိုးမြင့် ကိုယ်စား အသည်းယားနေတော့သည်။

ပြဿနာကို ဦးမျိုးမြင့် မည်သို့ဖြေရှင်းလာရသည်တော့ မသိ။ မင်္ဂလာခန်းမဆီသို့ အချိန်ကပ်မှ ပြန်ရောက်လာသည်။ ရူပကို မျက်ထောင့်နီကြီးဖြင့် ကြည့်သည်။ ရူပကတော့ ဘာအပြစ်မှ မရှိသော မျက်နှာကလေးနှင့်၊ ဓာတ်လက်ကို တွဲလျက်။ ‘အူကြောင်ကြောင်ရူပ’ ကို ယောက္ခမ တော်မိမှတော့ ‘အူကြောင်ကြောင်ဦးမျိုးမြင့်’ ဖြစ်ရတော့သည်ပေါ့။

မင်္ဂလာဧည့်ခံပွဲ စည်ပါသည်။ ဧည့်သည်တွေကလည်း အတော်လာသည်။ လက်ဖွဲ့ပစ္စည်းတွေကလည်း အပုံအပင်၊ ရူပတို့ ဇနီးမောင်နှံကို သူငယ်ချင်းတွေကလည်း စကြ၊ နောက်ကြ၊ ခဲဖိုးတောင်းကြ။

အားလုံးပြီးသွားတော့…

ဦးမျိုးမြင့်တို့အိမ်သို့ ဇနီးမောင်နှံက ပါလာသည်။ လောလောဆယ်မှာ ဦးမျိုးမြင့်တို့အိမ်တွင် နေမည်ဖြစ်သည်။ သိပ်မကြာလိုက်။ အောင်ဆန်းဦးတို့ ရောက်လာသည်။ ရူပ၏ လူပျိုနောက်ဆုံးညမှာ သောက်ကြ၊ စားကြရန်…။ ဒီကြားထဲမှာ ဖုန်းတွေကလည်း တဂွမ်ဂွမ်။ ဦးမျိုးမြင့်အနေနှင့် ရူပကို စကားဆိုရန် အချိန်မရသေး။

နောက်ဆုံး...

အားလုံး ပြန်သွားကြချိန်...

"ဟော့ကောင်"

"ဗျာ..."

တွေ့လိုက်ရလျှင် အချိုးကို မပြေ။ သူတို့အတွက် ပြင်ဆင်ပေးထားသော အခန်းရှေ့မှာ ရှုပက ငုတ်တုတ်။ အခန်းတံခါးကလည်း အထဲမှာ ပိတ်လျက်။

"မင်းက အခန်းထဲ မဝင်ဘူးလား"

"ဝင်ချင်တာပေါ့"

"သမီးက အခန်းထဲမှာလား"

"အင်း"

"မင်းက ဘာလုပ်နေတာလဲ။ သမီးနဲ့မင်း စိတ်ကောက်ကြလို့လား"

"မဟုတ်ဘူး။ သူ့ဘာသာသူ လူမှားတွဲပြီး အခန်းထဲ ဝင်သွားတာ"

ဦးမျိုးမြင့် မျက်လုံးပြူးသွား၏။

"ဟေ...ဘယ်သူနဲ့တုန်း"

"လူလှနဲ့"

"ဗုဒ္ဓေါ..."

==============================================================

မောသလားလို့ မေးတယ်။ ရေတိုက်တယ်။

ကိုယ့်ကို ဖေးမ တွဲကူ...တယ်။

အလံတစ်လက်ကိုင်ပြီး...

မင်းရှေ့မှာ ကိုယ် ဘုံးဘုံးမှောက်ခဲ့ပေါ့။

(တာရာမင်းဝေ)

၂၀-၁-၂၀၀၃

"နက္ခတ်ရစ်သမ်"

ဒီကဗျာတွေကတော့ ကိုရွှေဘုန်း(တာရာမင်းဝေ) မကွယ်လွန်မီ နောက်ဆုံးရေးသွားတဲ့ ကဗျာတွေပါ။ ၎င်းကဗျာတွေကို ကျွန်တော့်ရဲ့စာအုပ်တိုက်ဖြစ်တဲ့ "ငါတို့စာပေ"မှထုတ်ဝေဖို့ ပေးထားခြင်းဖြစ်ပြီး စာပေစိစစ်ရေးမှ ခွင့်ပြုခြင်းလည်း ရထားပြီးပါပြီ။ စာအုပ်ထုတ်ခါနီးမှ မမျှော်လင့်ဘဲ "သူ" ကွယ်လွန်သွားခဲ့ပါတယ်။ သူ ကွယ်လွန်ပြီးတော့မှ အကြောင်းကြောင်းသော အကြောင်းကြောင်းတွေကြောင့် မထုတ်ဖြစ်တော့တာပါ။ ဒါပေမဲ့ online ပေါ်က ညီအစ်ကိုတွေအတွက် ဖတ်ရှုရအောင် တင်ပေးလိုက်ပါတယ်။ ကဗျာစာအုပ်နာမည်ကတော့.... "နက္ခတ်ရစ်သမ်" တဲ့။

ဗေဒင်ဟောသည်

"ဒေါက်"ခနဲ ခါးပေါက်သံအဆုံးမှာ
ကံကြမ္မာက ကားယားကြီးကျလာတယ်
သူ့ကို ကြိုးနဲ့ကူတပ်ပေးပါ
ခုချိန်ကစပြီး ကျုပ် ဗေဒင်ဆရာလုပ်မယ်
ကံကြမ္မာမရှိတဲ့ ဗေဒင်ဆရာ
မြင်းရိုင်းကိုစီးပြီး မြို့တော်ထဲဝင်လာမယ်။

တာရာမင်းဝေ

-

ဝေးသူ

စကားတစ်ခွန်းနှစ်ခွန်း စွတ်စိုရုံလောက်နဲ့
မြင်းမိုရ်တောင်ကို မွန်းတည့်စေမလား
ဒါပေမဲ့ ဒါဟာ ဖြစ်ခဲ့တယ်
အိုဒက်ဆာမှာ မဟုတ်ဘူး၊ ကြေးရုပ်နံဘေးမှာဖြစ်ခဲ့တယ်
ဒါဟာ တကယ်ဖြစ်ခဲ့တယ်။
လဝန်းကျကွဲသံတွေကြားမှတော့
ဘာကိုမှ မလွမ်းဆွတ်တော့ပါဘူး
ချုပ်ပလိုင်းထဲက ငါ မျှော်ရည်ငေးလင့်
တစ်နေ့တော့"ဆိုတာ

ဘယ်တော့ပွင့်"မလဲလို့။

တာရာမင်းဝေ

-

## တန်ရာတန်ကြေး

နတ်ထွင်းတဲ့ခံတွင်းဆိုပေမယ့်
ဘယ်သူကမှ ထမင်းခဲကိုက်ပြီး မွေးလာတာမဟုတ်ဘူး
အဲဒါကြောင့် ငါ့ရဲ့စုံနံ့သာမြိုင်ပတ်ပျိုးမှာ
စောင်းကြိုးတစ်ချက် လျှော့ခဲ့တယ်။
အနုပညာဆိုတာ
မှော်ဆရာတိုင်း ကလို့ရတဲ့ ဓားပညာမဟုတ်ဘူး
နေညိုချိန် တိမ်ပွင့်အမျောလေးပါဆိုတော့လည်း
ပြောသူကို မယုံကြည်ချင်ကြဘူး
ကြည့်ပါ
ဒီမြှားကို ငါပစ်ပြပါ့မယ်။
ပစ်မှတ်ကို လွယ်လွယ်နဲ့မှန်ရင်တော့
အဲဒီသူယောင်နတ်သမီးကို
တို့တွေ တန်ရာတန်ကြေး ပေးလိုက်ကြတာပေါ့။

တာရာမင်းဝေ

## သင်းကွဲသူများ (၁)

ဒီဆံမျှင်မှာ
နှင်းဆီတွေမှ မဖူးပွင့်တော့ဘဲ
မေ့ထားလိုက်ပါတော့ ကလေးရယ်
အလက်ာတွေကိုလည်း ကိုယ်ကပဲ မှတ်ငြိမ်းစားလိုက်ပါ့မယ်
တစ်ယောက်က တစ်ယောက်ရဲ့အလင်းဖြစ်ချင်ကြ
တစ်ယောက်က တစ်ယောက်ရဲ့ မီးအိမ်ဖြစ်ချင်ကြ
အခုတော့လည်း အားလုံး ဆုံးလျှသွားပါပြီ

သွားတော့ ဘေဘီ
ဟိုးမှာ
ညနေခင်းကတောင် ငွေ့ရည်ဖွဲ့နေပြီ။

တာရာမင်းဝေ
-

<u>သင်းကွဲသူများ(၂)</u>

နှုတ်ဆက်ကြရအောင် အချစ်ရယ်
တို့ရဲ့ အတွေးအခေါ်က လင်းညှိုခဲ့ပြီမို့လား
ကျောခိုင်းသွားကြရတယ်ဆိုပေမယ့်
တကယ်တော့ တစ်လမ်းတည်းပါပဲ
(အဲဒါကြောင့် ပိုဝေးတယ်လို့တောင် ထင်ကြရရဲ့)
ကိုယ့်ကို သတိရရင် ကဗျာလေးတွေ ရေးပါ
စိတ်အလျင်နဲ့ရေးထားတဲ့ ကဗျာလေးတွေက
မင်းကို စုန်းမီးတောက်ပြပါလိမ့်မယ်
ခုတော့ ကိုယ်တစ်ယောက်တည်း
အေးလေ... မင်းလည်း တစ်ယောက်တည်းပါပဲ
ကဲ... ခွဲကြစို့
နှုတ်ဆက်ခဲ့ပါတယ် အချစ်ရယ်...။
-
တာရာမင်းဝေ

<u>နွေခံစားမှု</u>

အငွေ့တထောင်းထအောင်ပူရဲ့
လူတစ်ယောက်ထဲက တစ်နွေလုံးဖြစ်ရတယ်
ဒီရိုးပြတ်ကိုကျော်ရင်ရောက်ပါပြီတဲ့...။
ပတ်ကြားအက်ထဲကလူကအသံကုန်အော်တယ်...။
မိုးနတ်မင်းကြီးရယ်....
ကျွန်တော့်ကိုယ်ပေါ်ကို မိုးတစ်ပုံ့နှစ်ပုံ့ရွာပေးပါ...
ကျွန်တော်စိတ်တွေက
မုတ်သုန်ကို ဆာလောင်မွတ်သိပ်လွန်းလို့ပါ။

တာရာမင်းဝေ

## သက်ပြင်းလောင်းသံ

ငါ...... ကြေကွဲနေပြီ
ရင်ဘက်မှာလည်း ဝိဥာဉ်ကျောက်သားတွေအက်ကွဲလို့...
ငါ....ဘယ်လိုလုပ်ရမလဲ
ဝိတ်ထားတဲ့ ပန်းပွင့်ကိုကော
ဘယ်လိုအလင်းနဲ့နမ်းမလဲ
အငွေ့ပြယ်ပြီး ပျောက်သွားရင်လည်းပြီးရော...
တကယ်ဆို
ကောင်းကင်တိုက်ပွဲအသစ်တွေနဲ့သာနေ/သေချင်တော့တယ်....

တာရာမင်းဝေ

## ပင်လယ်ရေးတဲ့စာ

ရေတံခွန်ကြီးတစ်ခုလို ခုန်ချလိုက်ချင်တယ်
မြင်းမိုရ်တောင်ကိုလည်း မိုးကြိုးပစ်ချလိုက်ချင်ရဲ့။
ကျောက်မြင်းရုပ်ကြီးလိုပဒပ်ရပ်ထချင်တယ်
ပင်လယ်ကဗီးပင်တွေလိုလည်းတရှဲရှဲအော်လိုက်ချင်တယ်။
ခုတော့....ဘယ်ဖြစ်တော့မှာလဲ
သူမက
ငါ့ကို
ငြိမ်ငြိမ်လေးပဲ
လက်ပိုက်ရပ်နေတဲ့....။

တာရာမင်းဝေ

## တစ်ခွန်းစကား

ရန်ကိုတော့ရတယ်
ဒါပေမယ့်....ငါ့ကိုမွေးတာမဟုတ်ဘူး ။
ဒီတောအုပ်ဒီကျောက်သားက
ရင်အုံ့မောက်မောက်နဲ့ပြားနေလိုက်တာ ။
ဘာဖြစ်လဲ
ငါဟာ....သိန်းငှက်တစ်ကောင်
ကိုယ့်လေးညို့ကိုယ်ဆွဲပြီးထွက်ခဲ့တယ်...။

တာရာမင်းဝေ

ကကြီး

အဖေ့ရဲ့မျက်နှာမှာ
အင်္ဂတေအက်ကွဲရာ အမြောင်းမြောင်းနဲ့
အဖေ့ရဲ့အရိုးငေါငေါ လက်အစုံမှာလည်း
ဘယ်ဆီကူးမယ်မှန်းမသိတဲ့ ဝတ်မှုန်တွေလည်းပျံ့သင်းလို့
အဖေ့ရဲ့စိတ်အာရုံထဲ ငါဝင်ကြည့်တော့
လောကဓံရှစ်ပါးနဲ့ပိတယ်။
အဖေရယ်......
ကျောသက်သက်ကိုခင်းပြီး ကျွန်တော်ဝင်ထမ်းပေးပါ့မယ်
အဖေ့အတွက် နိုင်ရာဝန်ကို ကူမပေးရင်း
အဲ့ဒီလို.....ကကြီးမျိုးတော့
ကျွန်တော် ရေးချင်ပါသေးတယ်။

တာရာမင်းဝေ

နဂါးချော့တေး

ကလူ ..... ကလူ လို့
ငါ့ကိုဘယ်သူချော့ရဲ့သလဲ
တကယ်တော့ ချော့တယ်ဆိုတာ

ပျော့ပြောင်းစေလိုရုံတင် မကပါဘူး
ဖြေသိမ့်ပေးတဲ့ သဘောလဲပါတယ်
"ခရူး...ခရူး" တဲ့
မရဏမင်းက
နာမှုတ်သံနဲ့ ငါ့ကိုချော့ပြီ
ခြောက်ခြားထိတ်လန့်စွာ....ငါ....ကျေးဇူးတင်ပါတယ်
သူ့ကိုမှ ခွင့်လွှတ်နားလည် နိုင်သေးရင်
ကျန်တဲ့သူတွေကို ဘာမှပြောစရာမရှိဘူး မဟုတ်လား...
နဂါးချော့ တေးသွားက
နည်းနည်းတော့ခါးတာပေါ့လေ...။

တာရာမင်းဝေ

ပလုံ

ရေထဲကိုခဲကျသွားတာလည်းဖြစ်နိုင်တယ်....
ရေထဲက ငါးခုန်တက်လာတာလည်း ဖြစ်နိုင်တယ်....
တစ်နေ့မှာ ငါ့အထ္ထုပ္ပတ္တိကို ငါဖွင့်ကြည့်လိုက်တယ်....
ဘယ်လိုဖြစ်သွားသလဲမသိဘူး...
"ပလုံ"

တာရာမင်းဝေ

## ဖျတ်စောင်း ဘာသာပေဒ

လမ်းခြမ်းအဝါကို မြင်လို့
ကောင်းကင်ကို မမြင်လိုက်ဘူး။
တစ်ယောက်နဲ့တစ်ယောက်
ရှာရိုးကိုးပေါက် ဝေးခဲ့မိတယ်။

ကောင်မလေးရေ
ငါ့ရဲ့
အမေတစ်ဝက်၊ ဆောင်းရာသီတစ်ဝက် ကောင်မလေးရေ
ငါ့ကို ကယ်ပါ။

ငါ့ကို ကယ်တင်တယ်လို့ သဘောမထားဘဲ
ငါ့ကိုပဲ ကယ်ပါ
မင်းရဲ့ အဖြူ တစ်ဝက်ရဲ့ အဖြူတစ်ဝက်လောက်
ငါ့ကို ဆွတ်ပေးပါ။

ရင်ဘတ်က ကြယ်ငွေ့တွေ ဖြာကျလာတဲ့အထိ
ငါ ပွင့်ပစ်လိုက်ချင်လို့ပါ။

တာရာမင်းဝေ

## နှင်းလူ

နှင်းလူဟာ
ဂူထဲမှာ ဘီလူးဒူးတုပ်ထိုင်လျက်
အမှောင်ကြွတ်ကြွတ်ကို ကိုက်မြို ဝါးစားရင်း
နေ နဲ့လည်း စိတ်ချင်း ဆက်သွယ်ကြည့်တယ်။

ရွှံ့မီးအိမ်နဲ့ ဝေ့ပတ်ပြီး
မြောက်အရပ်ကို ရှာဖွေကြည့်တော့
ဓူဝံကြယ် ကြွေသွားတာ ကြာပြီတဲ့။

သူရှုံးသွားတယ်
သူ့ပါးစပ်ကို သူဖြဲပြီး

မြောက်ပြန်လေက ဆောင်းတွေကို ရိုက်ခွဲကြိတ်ထည့်
လွှမ်းရင် လိုက်ခဲ့လို့ မှာတယ်။

အဲဒီလိုနဲ့
နွေဦးပေါက် များစွာကို လွန်လေပြီးမှ
ပြန်လည် နိုးထလာတဲ့ ကျောက်နှင်းလူ
တောက်တစ်ချက်ခေါက်ပြီး သူ့ကိုယ်သူ ထုတယ်။

ပြီးတော့
သွေးတွေကို တဂျိုးဂျိုး ပြန်မောင်း
ကောင်းကင်ကို
ပိတောက်တွေနဲ့ တဖောင်းဖောင်းပစ်ပေါက်
မီးပွင့်မတတ်၊ ခါးထောက်ရပ်လိုက်တယ်။

ငါ..(သို့မဟုတ်)
နှင်းလူကလေးရဲ့ မှတ်တမ်းမှာ
အဲဒီဆောင်းကို ခပ်ကြမ်းကြမ်းလေး ရေးထားမိ
သတိရတိုင်း ပြန်ပြန် ဖတ်ကြည့်လို့ပေါ့။

တာရာမင်းဝေ

## တေလေမှတ်တိုင်

ကြယ်တွေ ကြယ်တွေ
သမ်းဝေမှု ချောင်းချောင်းထ
ဟောင်းလောင်းပွင့်နေတဲ့..ည။

ဝိညာဉ်နှင်းမှုန်တစ်စက်
အိပ်မက် မြင်းခွာ အမှတ်(၁၃)
တစ်ယောက်တည်း အတုံးအရုံးလဲသူ
ငါ့ ကံကြမ္မာနဲ့..လူ

ဂုမ္ဘီရ သစ်ပင်မှာမှ
စွယ်တော်ပွင့်အို ရှာချင်တဲ့လက်
ကားစင်တင်ပြီး မီးရှို့သတ်မယ်။

လပြည့်ဝန်းရေ
ပန်းကဏ္ဍာရမှာ

အမုန်းတွေ လဲ့ပြာကွဲအက်
ငါဟာ
ကိုယ့်ကိုကိုယ် ပြန်တူးနေတဲ့
ပေါက်ချွန်းတစ်လက်ကွဲ့ သိရဲ့လား။

ခြသေ့်နဲ့ ဘယ်လိုတိုက်တိုက်
ဘီလူးနဲ့ ဘယ်လိုကိုက်ကိုက်
ချစ်မိသူလောက်တော့
ဘယ်သူမှ လူမိုက် မမည်။

ကဝေမီးတောက်
ဆောင်းဦးပေါက် အရက်တစ်အိုး
မြူခိုးဝေဝေကျောက်ခဲများ
ငါ့ကိုထားခဲ့ပါ။

တေလေမှတ်တိုင်
မျှော်စင်တွေထက် ပိုနိုင်လာရဲ့
ခြေထောက်ကတစ်ခြား လမ်းတစ်ခြား
ငါဘယ်တော့မှ မသွားဘူး မိန်းကလေးရေ။

တာရာမင်းဝေ

## လယ်သူမ

ကျွန်တော့် တောင်ကုန်း ကလေးပါ
အလင်းတွေနဲ့
ခပ်မို့မို့ တည်ဆောက်ထားတယ်။

နေ့ရက်တွေကြာ
နွေအပြာတွေ ပွင့်ပွင့်သွား။
ဖြတ်သန်းပြီးသား တိမ်တွေ
တစ်အုပ်ပြီး တစ်အုပ် ပြန်ကွေ့လာကြ။
... ... ...
ကျွန်တော် ပွေ့ပိုက်ခဲ့ရတယ်။

နောက်ဆုံးတော့လည်း
ဘာမှ မဟုတ်ခဲ့ပါဘူး။
ကိုယ့်ရင်ဘတ်ကိုယ် အကြမ်းကြုတ်ဆုံး ဆွဲဖွင့်ပြီး
နေပူကြဲကြဲတွေ သွန်ချ ပစ်ရတာက လွဲရင်ပေါ့။

သံယောဇဉ်ကိုမှ
ခုတ်ထွင်ရှင်းလင်းတတ်တဲ့ လယ်သူမရယ်
အခုတောင် လွမ်းတယ်။

တာရာမင်းဝေ

## ကဗျာရေးသော လူတစ်ယောက်အကြောင်း

အိပ်
ချင်
သော
စိတ်
အိပ်
သာ
အိပ်

အိပ်
သည့်
အ
ခါ
အိပ်
မက်
လာ

အိပ်
ပါ
လျက်
နှင့်
နိုး
ရ

သည်။

တာရာမင်းဝေ

## တိမ်ဖြူတို့နှင့်အတူ

စိတ်ကြမ်းဘီလူးတို့ ခြေပင်မကျူးသော အရပ်၌
ငါ..မတ်မတ်တည်ခဲ့ချေပြီ။

အို..အချင်းဆွေမွန်တို့
သင်တို့ကြုံဆိုမည်ဆိုလျှင်
အမှောင် နံနက်သို့ပင် အလင်းငှက်တို့ဖြင့် ငါလာခဲ့ပါမည်။

ထို့နောက်
လောက လေဆန်မှာ ကိုယ့်ကိုကိုယ်အန်ထုတ်
ငါတို့အားလုံး မိုးမချုပ်မီ အိမ်ကိုပြန်ကြမည်။

တာရာမင်းဝေ

## အနုပညာ မော်ဝင်စားမှု

ကြေးနီရောင်သင်းတဲ့
မြားကျိုးတစ်စင်း ထိမှန်ထားတယ်။

လက်ဖဝါးခြေဖဝါးမှာ
အမေ ဝတ်ပေးခဲ့တဲ့ အရေခွံတွေ ကျွတ်ကွာကျ
ပန်းရောင်ပျပျကလေး ရှင်းပလာ..။

တကယ်တော့
မြို့ပျက်တစ်ခုပါပဲ
ဒါပေမယ့်... ဗျတ်စောင်းတစ်လက်ရှိနေလို့
ကိုယ်...ချို့နေမိတယ်။

## ဗဟိုကွဲအား

ဆောင်းခေတ်က ပေးခဲ့တဲ့
မောင်းကွဲသံ ခပ်လေးလေး တစ်ချက်ပါပဲ။
တစ်ယောက်တည်းနေရတဲ့ ငါ့ကို
ဘယ်သူနဲ့မှ မနေရအောင်
ယိုင်ယိုင်ရွှဲ့ရွှဲ့ လှီးခွဲသွား...။

နံပါတ်စဉ် မတပ်ရသေးတဲ့
သဲကန္တာရ တစ်ရွက်ပေါ်မှာ ပြိုလဲကျတယ်။

အဲဒီညနေပေါ့
ကောင်းကင်ကို ဆွဲချုတ်ပြီး
မြေကြီးကိုပဲ ငါပြန်ဝတ်ခဲ့ရ။

ပြီးဆုံးသွားတာ သေချာပါတယ်
နှင်းခိုးတွေ..
ပြီးတော့ ဒိုင်ယာရီချို ခါးတစ်ခွက်
ပြီးဆုံးသွားတာက သေချာပါတယ်။

မိုးတွေကို တိုးတိုးကလေး ရွာရဦးမှာပေါ့လေ
ပန်းရနံ့တွေကလည်း ခပ်မြင့်မြင့်ကနေ ပျံသန်း
ငါနဲ့ ငါ့ဖိနပ်ကလေး
သီချင်းမဆိုတော့ဘဲ ဟိုးအဝေးကို ငေးခဲ့ရတယ်။

တာရာမင်းဝေ

## အမည်မသိ

စိတ်ကို ခါးအိမ်ထဲ ပြန်သွင်းလိုက်တယ်။

ကျွန်တော်ဟာ နဂါးငွေ့တန်းတစ်ခုလို ပြာမှိုင်းသွား
ခါးအိမ်တစ်လက်ရဲ့ အကျယ်အဝန်းတောင်

ဘာသံနဲ့မှ မကြားရတော့ဘူး။

တာရာမင်းဝေ

## တေလေကလေး

မီးပွိုင့်တွေက
အနီလိုင်းတွေနဲ့
လွှင့်ထုတ်ပစ်ခတ်ကြတယ်။

လူမိုက်လိုလို
စောင်းနေတဲ့ ဓါတ်တိုင်အိုကြီးက
ကျွန်တော့်ကို ဝင်တိုက်ပြန်ရဲ့

ထင်းရှူးပင်ကြီးက
ရှည်လျားချွန်မြတဲ့ သစ်ရွက်တွေ ကွေးကုပ်
ကျွန်တော့ကို လေနဲ့ လိုက်မှုတ်တယ်။

ကျွန်တော်
ကိုယ်နဲ့ မတော်တဲ့ ဖိနပ်ကိုစီးပြီး
လမ်းအကြီးကြီးမှာ လျှောက်မိနေချိန်ပေါ့။

တိုက်တာတွေ ဖောင်းကားပျော့အိ
ဓါတ်ပေါင်းဖိုတွေလည်း
မီးခိုးငွေ့တွေပိပြီး ကျွဲညှတ်ခွေယိုင်ကျ
မြေကြီးထဲက
မိုးခြိမ်းသံ တရှုံရှုံ ကြားရတယ်။

တကယ့်ကို ကြောက်စရာပါအမေ
အဲဒီညက
အိပ်မက် နည်းနည်း ရှည်သွားတယ်။

တာရာမင်းဝေ

"

## သီချင်း

နတ်ဆိုးတွေ ငါ့ပန်းရနံ့ကို ရှူရင်းနဲ့ လဲကျ
ကောင်မလေးတစ်ယောက် ငါ့ကိုလွမ်းတဲ့ည

ငါ့ကောင်းကင် နက္ခတ်တွေ ရက်သွေးရောင်တောက်ပ
ကောင်မလေးတစ်ယောက် ငါ့အမည် ရွတ်တဲ့ည။

ငါ့ပင်လယ် ခဲလုံးတွေ ပြုတ်ကျ
ငါ့ရင်မှာ မီးပြတိုက် ထွန်းရ
ငါတစ်ယောက်တည်း လင်း .. လင်း နေတဲ့ည
ငါတစ်ကိုယ်ထဲ လင်းသွားတဲ့ည။

သူမိုက်တွေ ဆောင်မြဲခါးကို ယောင်ယမ်းကာ လွှတ်ချ
ကောင်မလေးတစ်ယောက် အဝေးကို ငေးတဲ့ည။

ငါ့လမ်းမှာ လျှောက်ရင်းနဲ့တောင် ကျောက်တုံးတွေ မွေးမြ
ကောင်မလေးတစ်ယောက် ငါ့ကိုချစ်တဲ့ည။

ငါ့ကိုယ်ငါ မိုးကြိုးတွေ ပစ်ချ
ငါ့ကိုယ်မှာ မီးစုန်းတွေ ထွက်ကျ
ငါတစ်ကိုယ်တည်း လင်း.. လင်းနေတဲ့ည။
ငါတစ်ယောက်ထဲ လင်းသွားတဲ့ည။

တာရာမင်းဝေ

## နီဝင်ဘာ

ငါ့ရဲ့ ရွှေအိပ်မက်ကို
ခြေကျင်းတွေလို ခွဲစိတ် ဝတ်ဆင်ထားတဲ့ မိန်းမ။
မြူခိုး နီညိုတွေကြားမှာ
စံပယ်တွေ ကပိုကရိုနဲ့ ... လှလို့။

ငါ.. တစ်ပွင့်ပြီး တစ်ပွင့်ပြီး တစ်ပွင့် ပြိုလဲ
နင်းအဆက်ဆက်တိုင်အောင် ကြွေကွဲခဲ့ရပေါ့။

တာရာမင်းဝေ

## နေကြတ်ချိန်

အဂ္ဂါဆိုတဲ့ နေ့တစ်နေ့က
ငါ့ကို အကုန်ယူသွားတယ်။

ငါ့မှာ..တစ်ယောက်ထဲ ဖြစ်နေရတဲ့ အထဲ
ဝေါကနဲ ပျောက်ဆုံး လိုက်ရ။

ဘယ်ဆောင်းဥတုကမှ
လက်သင့်မခံတဲ့ ဆီးနှင်းတစ်စက်လို
နွေရာသီတွေဆီ လှည့်ထွက်ခဲ့ရ။

အရှင်လတ်လတ် လွှမ်းလိုက်ရတာ
ဘာနဲ့မှကို မတူတော့ဘူး
မပွင့်ဘဲ ဖူးခဲ့ရတဲ့ ကောင်မို့
...
မှောင်တယ်။

လွှမ်းလွှမ်းဆွတ်ဆွတ် ငါတွေးမိရဲ့
ကျောက်တုံးပေါ် တင်အသွေးခံရတဲ့ဓါးလို
ငါလည်း အစားခံနေရချိန်..လို့။

တာရာမင်းဝေ

## ချစ်သူသို့

သံချေးတစ်ထပ် ရွှံ့တစ်ထပ်မို့
သူတို့ရဲ့ စိတ်အတင်အချကို
မင်း ဘယ်လိုမှ ဖတ်လို့ ရမှာ မဟုတ်ဘူး။

အာငွေ့မှုတ်သံတွေ ကြားမှာပဲ

ရယ်ကာမောကာ တစ်နွေလုံးပိတ်
ကိုယ့်ယဉ်ကျေးမှုနဲ့ ကိုယ် အိပ်ပစ်လိုက်ကွယ်..

ချစ်သူရေ
လောကမာယာဆိုတာ
အတီးခံရတဲ့ ဗုံတွေရဲ့ ဂီတပါပဲ။

စစ်တုရင် တစ်ပွဲလုံးကို
ဆွဲမှောက် ခံလိုက်ရပေမယ့်
..
ဘာဖြစ်လဲ
ဝမ်းမနည်းကြေး
တို့တွေ ရွာသွန်းကြရုံပေါ့။

ယုံကြည်ထားစမ်း
ရေခိုးရေငွေ့ကလည်း
ပင်လယ်ကို ပစ်ပေါက် စိုက်ပျိုး နိုင်တယ်ဆိုတာ။

တာရာမင်းဝေ

# မိုး

ချစ်သူရေ
ဟောဒီ ကောင်းကင် တစ်ရိုးက
ရေခိုးရေငွေ့ အိုးကြီးကို
မိုးတိမ်လို့ ခေါ်ကြလေရဲ့။

ကိုရွှေမှတ်သုံလေက
သူခြေထောက်ကို သူဂရုမစိုက်
အိုးကြီးကို တည့်တည့် ဝင်တိုက်တယ်။

အိုးကြီးလည်း ဗိုက်ပွင့် ကွဲကြေ
သေပါလေရော။

အိုးခြမ်းကွဲထဲကနေ
ရေစက်တွေ ရေစက်တွေ

ဝင်းဝင်းလက်လက်
လင်းတစက်စက် စီးဖြိုင် ညွှတ်ကျ။

ကျောက်ဆောင် ကျောက်မြေနဲ့
စောင့်နေတဲ့ ပင်လယ်အော်တွေလည်း
သွားရည်တမြမြ
ပါးစပ်ကြီးတွေ ပြလန်အောင် ဟလို့ပေါ့။

အို ချစ်သူရေ
ဟိုးအရှေ့မှာ မိုးတွေ ရွာပြီ။

လာ ရဲရဲလာ
ထီးရွက်တွေ မပါလည်း
လူဟာ ကိုယ့်ဖာသာ လျှောက်ရဲရမယ်ကွယ့်။

ငါတို့ရဲ့ မိုး
ဂျိုးဂျိုး ဂျိမ့်ဂျိမ့် လှပ
သူ
ရှိုက်ကြီးတငင် ရွာချပါစေလားကွယ်။

တာရာမင်းဝေ

## အနောက်တောင်

ကြာတော့လည်း
မိုးချုန်းပြရတာ ရက်လာပြီ

ဆောင်းရေ
ကဝေအလင်းတွေ လွှင့်ထုတ်ပြီး
ငါ့ရင်ထဲက မိုးတိမ်တွေကို
ခုတ်ချပေးပါ

ငါ
နှင်းစက်တွေနဲ့ ခုံးဝန်းချင်တဲ့ကောင်
ကုလားအုပ်ကြီးယောင်ဆောင်ပြီး

ကန္တာရအထိ တွားသွားပြမယ်လေ။

တာရာမင်းဝေ

## ကျွန်တော်နှင့် သနပ်ခါးပွင့်ကလေး

စစ်မက်ပြိုင်မိုး
ကြယ်ကလေးတွေ စီးချင်းမထိုးကြပါနဲ့။

မိုးချုပ်အိမ်ပြန်
လမင်းကို ပန်တဲ့မိန်းကလေး
ငြိမ်းချမ်းရေးနဲ့ အိပ်စက်နေလို့ပါကွယ်။

တာရာမင်းဝေ

## စိတ်ပျက်လက်ပျက်

ကျွန်တော်ကပြောတော့ ..
.. .. ချစ်သူကရယ်တယ်။

ကိုယ်သာ
သူ့လိုခွေးတစ်ကောင်ဆိုရင်
မဟောင်ပါဘူးကွယ် ..။

စောင့်ဆိုင်း
တိတ်ဆိတ်
မကိုက်ချင်ရင် အိပ်နေမှာပေါ့ .. လို့။

စကားအဆုံးမှာ
ကျွန်တော်ကတော့ ရှုတည်တည်ပါပဲ
ချစ်သူကလည်း ရယ်မြဲရယ်လို့။

တာရာမင်းဝေ

## နတ်ပူးနေတဲ့ကောင်

လွင့်လိုက်ရတာ
မှတ်သုန်ဘယ်နှစ်မြို့တိုင်ခဲ့ပြီလဲ၊
တယ်လီဖုန်းခေါ်သံတွေကြားတာတောင်
ပြန်မထူးဖြစ်ခဲ့တဲ့ကောင်ပါ။

မေမေရေ...
မိုးတိမ်ကြီးထဲမှာ
ခြေပစ်လက်ပစ် သား ဝင်အိပ်လိုက်ချင်ရဲ့။
ကောင်းကင်ကို ပြန်တည့်ရတာ
....မောတယ်။

တာရာမင်းဝေ

## ဥယျာဉ်

နဂါးတွေကသာ
တကယ်တမ်းကပြမယ်ဆိုရင်တော့
ကိုယ်ကြည့်ချင်စိတ်ရှိပါတယ်။

ဒါပေမယ့်
မျက်နှာအရေပြားတွန့်တွန့်ကြီးနဲ့လူတွေက
နဂါးနဲ့မှတ်ပြီးလူးလွန့်ပြရင်တော့
သူတို့အစား...
ကိုယ်က ပင်ပန်းပျင်းရိနေတတ်တယ်။

အဲဒီလိုပါပဲ ကောင်မလေးရယ်
မိုးတွေကတိတ်တာတောင် ကိုယ်ကရွာတုန်း။

သစ်ရွက်ကို ကိုယ်ပြန်စိုက်ဖို့ကြိုးစားဆဲမှာ
သစ်ပင်က ကြွေကျလာခဲ့.
ကိုယ်လို ပေကပ်ကပ်ကောင်ကတော့
ကျောက်တုန်းတွေကိုလည်း ပုံ့ကြည့်ခင်မင်နေခဲ့၊

ကောင်မလေးရေ...
တကယ်ဆို ကိုယ်ဟာဥယျာဉ်တစ်ခုပါပဲ
မြေပြင်မှာ ဘာမှမပွင့်သေးတာက လွဲရင်ပေါ့ကွယ်။

# တာရာမြင်းဝေ

သူသည် ကဗျာဆရာတစ်ယောက်ဖြစ်သည်။






## ထုတ်ဝေမှုမှတ်တမ်း

| | | |
|---|---|---|
| ကဗျာပုဒ်ရေ | း | ၂၉ ပုဒ် |
| ပီဒီအက်ဖ် ထုတ်ဝေခြင်း | း | ပထမအကြိမ် |
| ထုတ်ဝေနေ့စွဲ | း | ၅-၈-၂၀၁၀ |
| အုပ်ရေ | း | ကန့်သတ်မထား |
| စုစည်းသူ | း | မနော်ဟရီ |
| ပုံတူပန်းချီ | း | ပန်ဒိုရာ |

## မာတိကာ


ရစ်သမ်လေးတစ်ခု ........ 4
တစ်ဝက်တစ်ပျက်မှတ်တမ်း ........ 5
ထီးကလေး ........ 6
ပြုစားခဲ့တဲ့သူ ........ 7
မုန့်ကြိတ်ဆုံလုပွဲ ........ 8
သိပ်ပ်ရာသီဝတ်ရုံ ........ 9
တစ်နေ့တာ ........ 10
ပူဖောင်းကွဲသူ ........ 11
ငါ့ရဲ့ သဲကန္တာရမှတ်စု ........ 13
ရည်းစားစာ ........ 14
ကြာခဲ့ပြီ ........ 15
စုန်းတိုက်ခံရတဲ့နေ့ ........ 16
ကိုယ်ရေးကိုယ်တာ စာမေးပွဲ ........ 17
သံဝေဂ ........ 19
သေနေတဲ့ကဗျာ ........ 20
သေလူ ........ 21
အိမ်လည်ထွက်တဲ့နေ့ ........ 22
အလကားလူတစ်ယောက်ရဲ့ စကား ........ 23
ဒြပ်မဲ့လူ ........ 24
နစ်ချို့ကော်ဖီ ........ 25
ဘက်ချင်းပြောင်းပြန်ရန်ပွဲ ........ 26
ကျွန်တော်နှင့် ကိုသောကြာ ........ 27
ငါ့ဖယောင်းတိုင်ကို ... ဘယ်သူမီးမှုတ်သွားသလဲ ........ 28
လျှော်ကြေး ........ 29
မြေမှုန်တောလား ........ 30
သံဆူးကြိုး ........ 31
တေးသွားအမှတ် ၆ နာရီ ........ 32
ဆက်ထုံး ........ 33
မိတ္တဗလ ငှီကာ ........ 34

## ရစ်သမ်လေးတစ်ခု

(၁)
ကိုယ်မြင်းကိုယ်စိုင်းတာပဲ
စစ်ကိုင်းဟာ
စကြဝဠာအပြင်မှာဆိုရင်လည်း
ရောက်အောင်သွားမယ်
(၂)
ကိုယ့်လှေကိုယ်ထိုးတာပဲ
ပဲခူးဟာ
သမုဒ္ဒရာရဲ့ အခြားတစ်ဖက်မှာဆိုရင်လည်း
ရောက်အောင်သွားမယ်
(၃)
ကိုယ့်ဘဝကိုယ်ဆောက်တာပဲ
ပါးနဲ့တဲ့ဆပ်ပြာပူဖောင်းကလေး ဖြစ်ခဲ့ရင်တောင်
နောက်ဆုံးအချိန်ကျမှ
ထစ်ချုန်းသံလှလှနဲ့
ပေါက်ကွဲပြသွားမယ်။

တာရာမင်းဝေ

## တစ်ဝက်တစ်ပျက်မှတ်တမ်း

ပထမမြောက် ရဲရင့်ခြင်းအဖြစ်
အမေက ငါ့ကိုဆွဲဖွင့်တယ်
ယမမင်းရဲ့ ဩဝါဒက ပြက္ခဒိန်တွေကို ဟောင်းမြစေရဲ့ ..

ငါ့ရင်ဘတ်ထဲမှာက မီးပွင့်ဖဲချပ်တွေတစ်ထပ်ကြီး
ငါပြောလိုက်တဲ့ ဓားသွားတစ်ခွန်းက
နတ်ဆိုးအပေါင်းကို ရေမွန်းစေခဲ့ပြီတဲ့

ငယ်ငယ်ဝံ့ဝံ့လောကဓံနဲ့
ဆောင်းဦးလေပြေကိုပန်ချင်တဲ့ကောင်
မရေးရသေးတဲ့ အက္ခရာတစ်ကြောင်းဟာ
ဘယ်လက်နဲ့ ဝှက်ထားတဲ့ ဖြတ်စောင်းပဲ

သေနတ်တစ်လက်ရဲ့ ပြောင်းထဲမှာ
ကျည်ဆံလို ငါဂူအောင်းဖူးတယ်
ငါ့ဝိညာဉ်ထဲက မီးခိုးပျော့ပျော့အသံများ
နက္ခတ်ဦးလို ပျံစေသား ...။

တာရာမင်းဝေ



## ထီးကလေး

ကျွန်တော့်ကောင်းကင်သည်မိုးပြာအုံ့မှိုင်းလျက်ရှိ၏
ကျွန်တော့်တောင်ကုန်မှာခတ္တာရနဲ့တို့ ထစ်ခြုန်းပြီ။

ကျွန်တော် မိုးရွာတော့မည်လော ဟု ငြိမ်သက်တွေးတောရင်း
တစ်ခါတုန်းက ထီးကလေးကို သတိရနေမိတော့၏ ..

တာရာမင်းဝေ

## ပြုစားခဲ့တဲ့သူ

မနေ့ကမှ ကိုယ့်ကိုယ်ကိုငုံ့ကိုင်းကြည့်မိရဲ့
ကျွန်တော့်ရဲ့ ဝင်သက်ထွက်သက်ကလေးတောင် အရပ်အတော်မြင့်ခဲ့ပြီ။

လမ်းထိပ်က သွေးနွေးသတ္တဝါတွေအတိုင်းပါပဲ
လောကစံခွန်းကြီးခွန်းငယ်တွေကြားမှာ
ကျွန်တော်ဟာလည်း ပူးပူးဝါးဝါး နဲ့ လူအဖြစ် ပွင့်ခဲ့ရတာပါ။

တကယ်ဆို ကဗျာဟာ အချစ်ဦးမသိအောင် ရေးရတဲ့အရာပေါ့
ကံ့ကော်နဲ့ အဖူးရောအပွင့်ရော လွဲခဲ့ရသလိုမျိုး ဘာညာဘာညာ
အဲဒီလို မာယာအမှုကိုလည်း ကိုယ်တိုင်ကိုယ်ကျ ပြုခဲ့ဖူးပြီ ။

တစ်ရံတစ်ခါလေပူအငွေ့တွေမှာတော့
လမ်းလျှောက်သူတို့ရဲ့ ဘာသာဘာဝ တုန်ခါယိမ်းသွေ့ဖူးတယ်
အဲဒါကလွဲရင် သူလိုကိုယ်လို လောက်တောင် ကျွန်တော်မကွေ့ကောက်ခဲ့ပါဘူး။

ကျွန်တော်နဲ့သိုးထိန်းတို့ ခုလိုမျိုး စကားစိမ်းဆိုကြ
အော် .. တစ်ခုတော့ရှိတယ်
ကျွန်တော်မပါပဲလည်း ဧရာဝတီဟာ စီးမြဲစီးနေလိမ့်မယ်
အဲဒါကိုပြောဖို့ ကျန်ခဲ့တယ်။

တာရာမင်းဝေ

## မှန်ကြိုတ်ဆုံလှုပွဲ

ဆီမထည့်နိုင်တဲ့ တံခါးကြောင့် ခြေထောက်တွေ တအီအီ ဝင်လာကြ
သူတို့မှတ်ထားတဲ့ စကားလုံးတွေနဲ့ပဲ ငါ့ကို ဖောင်းကဲ ဖောက်ကြ...။

အဲဒီလိုနဲ့ပဲ နတ်တွေကတောင် ကစားရမလို နားရမလို
(ငါလိုကောင်အတွက်ကတော့ ပြောမနေနဲ့တော့..)

သေချာတာက ငါဟာ နေ့တွေလို ဆောင်းစား သတ္တဝါမဟုတ်ဘူး
ဖြေဆေးကိုင်ပြီး ပွင့်ပေးမယ့် ပဒိုင်းပန်းလည်းမဟုတ်ဘူး
ဒါပေမယ့် ထားလိုက်ပါတယ် မေ့ထားလိုက်ပါတယ်...

ရှိသမျှ လင်းစရာဝေစရာလေးတွေကို သေခိုင်းလိုက်ပြီ
ဘယ်တောအုပ်မှာမှ သစ်ပင်နံပါတ်ပြောပြီး အမြစ်မချချင်ဘူး
သောကြာနေ့အချင်းချင်း အပျင်းခံရရင် ... နာတယ်.

လုံတံက ခေါ်လို့မလိုက်ရင်လည်း ပင်အပ်ယူပြီး လာမစိုက်နဲ့
မင်းတို့ ကျေနပ်ရင် ငါလိုမြေက နိမ့်မြဲ နိမ့်ပေးလိုက်မယ်
လပြည့်ဝန်းကို ပိန်ချွန်းချွန်းထိုင်ကြည့်နေရရင်ပဲ .. ငါ့အတွက် ဖြစ်ပါတယ်။

တာရာမင်းဝေ

## သိပ်ကျော်သီဝတ်ရုံ

အမုံအဖူးတွေဖြစ်ခဲ့ပြီးမှတော့ အပွင့်ဆက်ဖြစ်ရတော့မှာပေါ့
ဒါပေမယ့် ..
အဲဒီနေ့ကို ကျွန်တော့်ရဲ့ သစ်ပင်ကလေးတွေ ပြန်ရောက်မလာကြတော့ဘူး။

မျက်နှာပေါ် ဖိနပ်မချွတ်ပဲ တက်လာတဲ့အပြုံးကို
မုန်းတယ် ...
သုညဝင်စားသလိုလိုနဲ့ ကိုယ်ကပဲ ကွေ့လျှားဝိုင်းစက်
ပြီးဆုံးသည်ထိ တိုင်အောင် အိမ်ထရံမှီပြီး ရှက်ရတယ်။

ခုတော့လည်း မဆင်မခြင် လိမ္မာလိုက်ပါပြီ
ဂီတတွေကို ပိုပိုလိုလို တီးမှုတ်ယူမသွားတော့ဘူး
မုယောအပွင့်ကလေးကိုလည်း မြေပြင်ဆီ ပြန်ပစ်ပေးလိုက်ပြီ။

၁၈း၂၀ နာရီ
ရထားဟာ လှလှပပကြီး တံခါးဖွင့် ဝင်ရောက်လာပါရဲ့
ဒါပေမယ့်
အဲဒီအိမ်ကလေးမှာ ဘူတာက သေဆုံးသွားခဲ့ပြီးတာ ကြာပြီ။ ။

တာရာမင်းဝေ

တစ်နေ့တာ

တွေ့ကြတော့လည်း အဲဒီသီချင်းကြီးဟာ မျက်နှာမသာမယာနဲ့
ဝို့ဝို့ဝေးဝေး အသံပြုလို့ ကျွန်တော့်ကို တံတျာတေရှင်တယ်
စိတ်ရှည် လက်ရှည် နောက်ဆုတ်ပေးပြီး နားချဉ်ခဲ့တယ် ။

မရဲပဲ ရင့်တဲ့ အတင်းပြောသူတွေနဲ့လည်း ဆုံတယ်
စာမျက်နှာကို သေနေတဲ့ ပုံလို တီးခတ်ပြီး လက်ရုံးရေးပြတယ်
အဲဒီအချိန်မှာပဲ .. တော်တော့ .. တော်တော့ လို့
ကုလားအုတ်ကြီး တစ်ကောင်က အောက်အီးအီးဝင် " အွတ်" တယ်
ပြီးမှ သူတို့ချင်း မိတ်ဖြစ် ဆွေဖြစ် စကားဆက်များတယ်။

ကိုယ့်ကြောင့်ပဲ သူ့ကိုယ်သူ သီးခံထားရသလို ဘတ်စကားက ပြောတယ်
ဝါသနာပါတိုင်း ရွှေမန်းတင်မောင် လုပ်လို့မရမှန်း သူမသိဘူး
စာရေးကြီးကလည်း ဒဿန ဟာပြဲနဲ့ တစ်ခရီးစာနေထိုင်တယ်
ကျွန်တော်ကလည်း လူပဲ နည်းနည်းနဲ့ကြိကြိတော့ စိတ်ညစ်တယ် .။

အိမ်ရောက်ပြီ
ကိုယ့်ကိုဖွင့်တဲ့သော့ကလေး ကိုယ်ပြန်ကောက်ရလိုက်ပြီ
၁၁/၂ လ ရှိတဲ့သားကလေးက ' အေး ... အေး " လို့ လှမ်းခေါ်းညိတ်တယ်
ချမ်းမြေ့လိုက်တာကွယ် ခုမှပဲ အမောတွေ တဖောက်ဖောက် ကွာကျတယ် ..

စိတ်ချသား
အဖေ အိမ်ကိုပြန်လာခဲ့ပြီပဲ .. တခြား ဘယ်ကိုမှ မပြန်တော့ဘူး ....။ ။

တာရာမင်းဝေ



## ပူဖောင်းကွဲသူ

ဟိုတုန်းကတော့ ပူဖောင်းကလေးတွေလို ဖြူမွေ့ပါးလျား အဲဒီနွေရာသီလေးကို ဘယ်သူမှ ခိုးမစားခဲ့ကြဘူး ။

မြို့ကလေးရဲ့ ရင်ဘတ်ကို ကြယ်သီးဖွင့်ပြီး ကြည့်လိုက်ရင် တိမ်တွေကို ဘယ်တော့မှ တွန်းမလှဲတတ်တဲ့ ကောင်းကင်.. ...... မြင်ရတယ်။

နောက်တော့လည်း ကျွန်တော်တို့တတွေ ကျွတ်ကျွတ်ရွရွ ဝေးကွာသွား
ဘဝသံသရာ သီချင်းထဲကလို ရထားကြီး မပေါ့တ်တော့ဘူး
အကိုင်းချင်း မတူပေမယ့် ဒီအတိုင်းပွင့်ကြလိမ့်မယ် လို့
.... ကျွန်တော် ထင်မှတ်မှား ...

မြို့ကလေးကို သတိရမိတဲ့တစ်နေ့
ကိုယ့်ကိုယ်ကို သတိမရတဲ့ နယ်လွန်သားတွေပြန်လည် ဆုံတွေ့ကြ
မေမေရယ် ..
ပူဖောင်းကို မန်းမှုတ်သလို မှုတ်ခဲ့မိတဲ့အတွက်
ကျွန်တော်ဟာ ဝလုံးတစ်လုံးစာ စိမ့်ပြီး ရှက်ခဲ့ရပေါ့ ..။

အဲဒီမှာ ..
တချို့ဟာ ရယ်သလိုမောသလို အမှောင်ပွက်ပွက်ထ
တချို့ကျတော့လည်း
လိမ္မာပါးနပ်လွန်းတဲ့ အလင်းတန်းကြီး အမြီးနစ်ခွန့် ...။

မေမေ...
အားလုံးက မမှားရအောင် ကျွန်တော်ကပဲ မှားပေးလိုက်ပါတယ်
ဘာပဲဖြစ်ဖြစ် ..အဲဒီပူဖောင်းလေးကို အသစ်ပြန်မှုတ်ဖို့
နက်ဖြန်ခါမှာ .. မြို့ကလေးဆီ ကျွန်တော်ဆက်ဆက်ပြန်လာမယ်။ ။

တာရာမင်းဝေ

## ငါ့ရဲ့ သဲကန္တာရမှတ်စု

ဓမ္မတေးသံတွေကို တဝီးဝီး ကြားနေရတယ်
တနလာင်္အဖြူကလည်း နွေတလူလူမှာ ဆုတွေတောင်းလို့
ကိုယ်ပိုင် သင်္ကြာရာဇ် (၃၈) ကျော်ချိန်မှာ တစ်ကိုယ်ရည်ဖွဲ့ဖွဲ့ရှာတယ်
ကောင်မလေးရယ် ..
ဘယ်လို နှင်းရာသီမျိုးကျမှ .. မြို့တံခါးက ပွင့်မှာလဲ
နက်ဖြန်ခါမဟုတ်ရင်တောင် နက်ဖြန်ခါမှာ ပြန်လာပါ
နှင်းနှာမည်လေး ရနံ့ တဝူးဝူးကို
သင်းကွဲ ဘီလူးကြီးလို ငါ .. အော်ခေါ်နေမိတယ်။

တချို့အလွမ်းတွေက တော်ရုံတန်ရုံ ဒိုရေမီဖာ နဲ့ မရဘူး
တခြားကဗျာဆရာတွေလိုလည်း ပင်လယ်ကို ပွတ်သီးပွတ်သပ် မလုပ်ချင်ဘူး
ကိုယ့်ကိုကိုယ် မိုးကလေးညှိုလိုက်ပြီး ပြန်ဆင်ခြင်တယ် ..
သေချာတယ် ကောင်မလေးရယ် ..နိုက်နိုက်တုန်အောင် လွမ်းတယ် ..။

အုတ်နဲ့ စီထားတဲ့ နတ်ဆိုးနီနီများကလည်း
တို့နှစ်ယောက်ကြားမှာ ပြားလျားပြီး လာရပ်မနေဘူး
တကယ်တော့ ဘာမှမရှိဘူး .. ဘာမှမရှိလို့ ဘာမှကို မရှိဘူး
နောက်ဆုံးမှာ .. ဥက္ကာပျံ တစ်ခဲလို စုန်းဝုန်း နစ်မြုပ်ဖို့
(မှတ်မှတ်ရရကြီး ..) ဖေဖော်ဝါရီ ၂၉ ကို ငါ့ ဓားကောက်နဲ့ ထစ်လိုက်တယ်...။ ။

တာရာမင်းဝေ

## ရည်းစားစာ

စာရွက်ပေါ်မှာ နင့်ကိုချစ်ရုံနဲ့တော့
ငါ့ဘဝ မင်ကုန်တာပဲ အဖတ်တင်လိမ့်မယ်။

မပျံသန်းနိုင်တဲ့ ငှက်လို့ပြောတိုင်း
ပင်ကွင်းငှက်ကို ပြေးမြင်ရင်
နင့်ကို ငါ မခေါ်ချင်ဘူး

ကျောင်းအုပ်ကြီး ဖတ်ဖို့ရေးတဲ့စာမဟုတ်လို့
ကျောင်းသွားဖော်လေး ဖတ်စေချင်တာ
ငါ့စေတနာပါ ..။

နင့်နှလုံးသားကို ဖုန်းခေါ်ပါ
ပြီးမှ ငါ့ကို စာပြန်ပါ ...။

တာရာမင်းဝေ

## ကြာခဲ့ပြီ

တစ်နေ့ပြီး တစ်နေ့ ဆိုနေရတဲ့ သီချင်းပေမယ့်
မပျင်းပါဘူး
ဘဝက ခြေဆင်းထိုင်နေရုံလေးနဲ့တော့
အဲဒီလို မပြောကြပါနဲ့ ..။

တောင်စွယ်မှာ နေကွယ်တာကို မြင်သားပဲ
ဘာဖြစ်လဲ
အဲဒီ ဓားက မလွဲခဲ့ဘူးဆိုရင်တောင်
ငါကလည်း မပြိုလဲ ခဲ့ပါဘူးကွယ်။

ကျောင်းဆင်းခေါင်းလောင်းသံကို မကြားရတာ ကြာပြီ
တစ်ယောက်တစ်လမ်းစီ မသွားရတာလည်း ကြာပြီ
ကိုယ်ကတခြား သူကတခြား ဖြစ်ခဲ့ကြပေမယ့်
ဘယ်သူကမှ မလွဲမှားခဲ့ကြတာလည်း ကြာပြီ ...

ဘာတွေဖြစ်ခဲ့ ဖြစ်ခဲ့
ဘယ်သူတွေ ဘယ်လို ပြောပြော
ငါ့အတွက်တော့
နေသံ လသံ ရောနေခဲ့တာလည်း ... ကြာပြီ ။

တာရာမင်းဝေ

## စုန်းတိုက်ခံရတဲ့နေ့

သူများ ဝတ်ထားပြီးသား
မျက်နှာအဟောင်းကြီးနဲ့တော့
ဘဝမှာ လူမလုပ်ချင်ဘူး
လံကွတ်တီစော် နံတယ် ..။

ကဆုန်ပေါက် ပြေးနေတဲ့ အုန်းခွံရောင် တိမ်တစ်စင်းရယ်
မန်းမှုတ်ပြီး ငါပစ်ဖမ်းလိုက်တဲ့ ကြိုးကွင်းတန်းလန်းရယ်
လောကဟာ နေရတာ မလျော့မတင်းကြီးပါပဲကွယ် ..။ ။

တာရာမင်းဝေ
၂၇.၅.၂၀၀၂



## ကိုယ်ရေးကိုယ်တာ စာမေးပွဲ

အဲဒီစာအုပ်က
သူ့ကိုယ်သူကဒ်ထူအင်္ကျီနဲ့ပြန်ချုပ်တယ်
အဘိဓာန် နည်းနည်းလုပ်မလို့ ..တဲ့။

စီးကရက်ကပြောတယ်
သူ့ကို နှုတ်ခမ်းဖျားမှာ တပ်ရင်တပ်ပါ
တံတွေးနဲ့ လာမကပ်ပါနဲ့ ..တဲ့
(ဟုတ်တော့လည်း ဟုတ်ပါတယ်လေ)

ဖိနပ်က
လှေကားခြေရင်းမှာ ရပ်တယ်
သူ့အမေက
အလှူအိမ်တွေဖက် မသွားဖို့ မှာလိုက်တယ်။

တီ … တီ …တီ
နာရီက သူ့ကိုယ်သူ နှိုးစက်ပေးချင်လှပြီ
မျက်မှန်က နိုးပြီး မျက်လုံးက မနိုးဘူး
ဆိုးလိုက်တာ။

ဂေါက်သီးရိုက်တံကလည်း
မြေကြီး ထရံမှာ သူ့ကိုချိတ်ထားလိုက်ပါ တဲ့
" ကျင်း" တွေကို နာခံရတာ "ကျဉ်း " တယ်ဆိုပဲ ..

ဆေးပုလင်းကို စားပွဲပေါ် တင်ထားလိုက်တော့
ဖော့ဆို့လို့
ကျွန်တော့်ကို လွတ်လပ်ခွင့်ပေးပါ

အဲဒီမှာ
ခင်ဗျားအတွက် ခြေကြွခ
လျှောက်ပြလိုက်စမ်းပါ
ဆင်မ ယဉ်သာ ..

တာရာမင်းဝေ
(ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ် မဂ္ဂဇင်း)

## သံဝေဂ

ရုပ်နဲ့နာမ်က လက်ခုပ်တီးလိုက်လို့
ကျွန်တော်ဟာ လူအဖြစ် မြည်ဟည်းလာသလား
ကိုယ့်အသံကို တစ်ပါးသူကြားသွားမှာ
... အားနာလိုက်တာ..။

စီးကရက်ကို တဟွတ်ဟွတ် သောက်မိတာလား
ချောင်းကို မီးညှိပြီး ဆိုးနေတာလား
ကျွန်တော့်မှာဖြင့် စွတ်စို ဖျားနာခဲ့ရပြီ။

မေမေရေ ..
ကြွေရင်လည်း မြေမှုန်တွေနဲ့ ဓာတ်ပြုရတာပေါ့
ကျွန်တော်ဟာ ကိုက်ခဲညောင်းညာနေတဲ့ လောကအဝါတစ်ပွင့်ပါပဲ
ခုတော့..
လေအလာကို မျှော်လင့်ရင်း ရနံ့ချိုချိုတွေ ပွင့်ရပါဦးမယ်။ ။

**တာရာမင်းဝေ**
၂၀၀၂၊ ဇူလိုင်၊ ကလျာ

လွမ်းတယ်
သက်တံရဲ့ အဲဒီဘက်အခြမ်းလေးကို လွမ်းတယ်
မပြယ့်တပြယ်နဲ့ လူနံ့သင်းရတာကိုလည်း မုန်းတယ်။

စိတ်ထဲမှာ မီးစုန်းတွေ အခါခါပွက်ထခဲ့
ကျဉ်းကျဉ်းကလေး ဆိုပေမယ့် ကိုယ့်တွင်းကို ကိုယ်တူးခဲ့တယ်။

ဘယ်တုန်းကမှ မဖူးပွင့်ခဲ့သလို
နှစ်တွေဟာ ပွတ်ကာသီကာ ကြာခဲ့ပြီ။

ဝေးရမှာကို စပယ်တစ်ပွင့်စာလောက် ကြိုသိပါရဲ့
ဒါပေမယ့်
ပူအိုက်စွတ်စိုတဲ့ အဲဒီလမ်းကလေးမှာ
ကျွန်တော်တို့ အတူတူမိုးခိုခဲ့ကြပါတယ်။

အရှုံးကို ဘယ်လို သဲကန္တာရတွေနဲ့ ခြယ်မှုန်းရမှာလဲ ပြောပါ။

ဝန်ခံပါတယ်
ဆောင်းမြူ အမှုန်တွေကို တွေ့တိုင်း တလဲ့လဲ့ ပြေးကောက်
" တစ်ခွက်တည်းပါ " လို့ ပြောဆိုခွင့်တောင်းပြီး
ကျွန်တော်က ပင်လယ်အပေါင်းကို ခပ်သောက်ချင်နေတုန်းပဲ။ ။

တာရာမင်းဝေ
၂၀၀၂၊ဇူလိုင်၊တေးကဗျာ

သေလူ

ငါဟာ ... မြားတစ်လက်ဖြစ်ခဲ့ဖူးတယ်
ဒါပေမယ့် .. ဘယ်ဝါးကျည်တောက်ကိုမှ ဒူးမထောက်ခဲ့ဖူးဘူး။

ငါဟာ.. ဓားတစ်လက်ဖြစ်ခဲ့ဖူးတယ်
ဒါပေမယ့် .. ဘယ်ဓားအိမ်ထဲမှာမှ အိပ်မက်မက်မနေခဲ့ဖူးဘူး။

နောက်တော့
ငါဟာ .. အကွရာတစ်လုံးဖြစ်သွားတယ်
ငါ့ကိုယ်ငါ ပြန်ဖတ်လို့မရတော့ဘူး။

အဲဒီလိုနဲ့
ငါဟာ .. အရက်တစ်ပုလင်း ဖြစ်သွားတယ်
ငါ့ကို ဘယ်သူက ဝင်ပလုတ်ကျင်းမလဲဆိုတာကို
..... စောင့်နေတယ်။ ။

တာရာမင်းဝေ
၂၀၀၂ အိုင်ဒီယာ



## အိမ်လည်ထွက်တဲ့နေ့

နတ်သမီးပုံပြင်လေးပြောပြပါ
ဘာပဲပြောပြော ကြားချင်လို့ပါ ...

နတ်သမီးပုံပြင်လေးပြောပြပါ
ဘာပဲပြောပြော.. မြင်ချင်လို့ပါ ...

နတ်သမီးပုံပြင်လေး ပြောပြပါ
ဘာမှမရှိဘူး ဆိုပေမယ့် .. တစ်ခုခုများ ရှိမလားလို့ပါ ..။ ။

တာရာမင်းဝေ

## အလကားလူတစ်ယောက်ရဲ့ စကား

တစ်ဘဝလုံး အရက်စော်နံသွားရတဲ့ အကြောင်းကတော့
ရိုးရိုးလေးပါပဲ ..
ကိုယ့်ကိုကိုယ် ပုလင်းကွဲနဲ့ ခွဲကြည့်တာပါ။

ဟိုနေ့က ဘုံဆိုင်ထဲ ငုံ့အဝင် ..ခရေပင်ကြီးနဲ့ ပက်ပင်းတိုးပြီး
၁၉၉၆ .. မိုးစက်တွေ ..တနင့်နင့် .. ဝေတယ် ..

အမြည်းမရှိဘူး တွဲသောက်ရတဲ့လူကြီးက တူးစော်နံတယ်
ခုနစ်စင်ကြယ်ပြောင် ဂျမ်းတစ်ဝက်ထောင်တာတောင်မှ
ငါလို (၁၂)နာရီကောင်ကို ဘယ်သူကမှ အပေါင်မခံဘူး ...

မကြာခင် အိမ်ပြန်တော့မှာပါ
တစ်ခွန်း နှစ်ခွန်း အနစ်မွန်းခံပြီးရင် ခြူသံပေးလိုက်ရုံပါ
သူ့လမင်းကို .. ကိုယ် လက်လှမ်း မမီကြောင်း ပြောရတာ
ပုလင်းနံပါတ် မမှတ်မိလောက်အောင်ကို ခါးတယ် ..။

ကိုယ်ထင်တယ်
ကျမ်းစာထဲမှာ မပါတာတွေ ရှိကောင်းရှိနိုင်ရဲ့
အာဒမ်က ...
ဧဝ ကိုပေးခဲ့တာ ...
နံရိုးတစ်ချောင်းထဲ မဟုတ်လောက်ဘူး။ ။

တာရာမင်းဝေ

## ခြပ်မဲ့လူ

အလင်းအလျှဉ်နဲ့ ငါ ပျံသန်းသွားနေရဲ့
ဒါပေမယ့် ..
စကြဝဠာကြီးက ကျယ်လွန်းတော့
ဘယ်ကိုသွားသွား ဘယ်ကိုမှ မရောက်ခဲ့သလိုပဲ ...
တစ်ယောက်ယောက်က ငါ့ကို ခူးယူနေသလိုလည်း ..
..　　....　　...... ခံစားရတယ်
အရှေ့သုညမှာ ... ငါ ... ကြွေကျပေးခဲ့ပါ့မယ်။　　॥

တာရာမင်းဝေ

# နှစ်ချို့ကော်ဖီ

နှစ်တွေကြာခဲ့ပေါ့
ဒီလောက် လောင်မီးကျခဲ့တာတောင်
အဲဒီ မျက်နှာလေးက
ငါ့အတွက် တသွင်သွင် လှပနေတုန်းပဲ။

အနမ်းတွေ ..
ငါ့အတွက်မို့ ရှာသူ ဖမ်းစားတာ ခံရလေတယ်
မြင်းတစ်ကောင်မှ မက တဲ့ ရထားလုံးအိမ်ထဲမှာ
ငါ .. ဘယ်ကိုပြေးမလဲ ..

ကိုယ့်ကိုကိုယ် တစ်ပွင့်ချင်း ပြန်ရှုးကြည့်တော့လည်း
ဆူး ... စူးတာပါပဲ
စားပွဲစွန်းက ဖန်ခွက်လို
ထောင်းလမောင်းကြေကျကွဲပြန်တယ် နှင်းဆီစော်နံ့တယ်

အချစ်ဟောင်းရေ
ကိုယ်လေ့စီးကြောင်းတွေလည်း ပြောင်းပြန်စီးမျောခဲ့ပေါ့
လွန်လေပြီးသော စနေနံ့နက်တစ်ခုကို လွမ်းမြ ရီဝေရင်း
................... ................... ...............
(ဒီကဗျာကို ကိုယ်ဆက်မရေးချင်တော့ဘူး)

မင်း... ချမ်းမြေ့ပါစေ ..။ ။
တာရာမင်းဝေ

## ဘက်ချင်းပြောင်းပြန်ရန်ပွဲ

ဒဂါးပြားကိုတောင် လက်နဲ့ မလှည့်နိုင်ပဲ
ဘီယာဆိုင်ထိုင်သောက်သူလို
ဘဝက တစ်ခွက်တည်းနဲ့ ငိုတယ်။

သူ့မှာဖြင့် လူညွန့်တုံးရုံတင်မဟုတ်ပဲ
လူပန်း လူပွင့်ပါ ဘုန်းဘုန်းလဲပြီ တဲ့။

အပွဲပွဲ ရှုံးခဲ့သမျှ သည်ပွဲမှာလည်း မနိုင်ဘူး
ဖရဲသီးတန်မယ့်
သကြားဖြူးခံထားရသလိုမျိုး ... နာတယ်။

ကွာ...
မင်းကိုငါ .. ဘယ်နှစ်ခါ မီးဖွင့်ပေးရမလဲ
ငါလည်း အခုမှ သံချပ်ကာအကျႌ ချွတ်ပြီးကာစ ...

တံခါးကို ပိုဟလိုက်ရင် အလင်းရောင် ပိုရမှာပေ့ါ
မင်းမယုံရင် ငါ ဘယ်သူ့ကို မေးပေးရမလဲ ...

အဲဒီလိုနဲ့
ကျွန်တော်နဲ့ ကျွန်တော့်ဘဝလေး
ဓမ္မသီချင်းတစ်ပုဒ်စာ ဝေးသွားတယ်။ ။

တာရာမင်းဝေ

## ကျွန်တော်နှင့် ကိုသောကြာ

လူခိုးလူငွေ့တွေကို ဝပ်ချောင်းပြီး သူ့ကိုယ်သူ စောင်းသံထွက်အောင်
ညှစ်ချတယ်
စကားစမြည် လေးငါးလုံး လောက်နဲ့တင် ဘုရားသခင်ရဲ့ ထမ်းစင်ပေါ်
ပါသွားလေရဲ့

ကြောင်သိုးလို အော်ဟစ်တတ်ရုံနဲ့ ပြာသိုပင်ပေါက်တွေ
မတ်တတ်ရပ်ကြပွဲမလား
ခုထက်ထိ သူ့မှာက ကျမ်းကြီး စကား ကျမ်းငယ်ကြားပြီး .. ပြားတုန်း ...

ကျွန်တော်စဉ်းစားတယ် ...
တိတ်တဆိတ် ကခုန်လိုသူအတွက် တကယ်ဆို ဘာ "ဗုံ "မှမလိုအပ်ပါဘူး
တချို့ ညောင်ပင်တွေလို နံရံမှာ တစ်လစ်ကြီး ချိတ်နေရတာကသာ ...
စိတ်ပိန်စရာ ,.။

တာရာမင်းဝေ

## ငါ့ဖယောင်းတိုင်ကို ... ဘယ်သူမီးမှုတ်သွားသလဲ

သူတို့အလယားပြေဖို့အတွက် ငါ့ကိုလာကုတ်ခြစ်ကြတာလား
ငါ့မှာသာ ခိုးခိုးခစ်ခစ်တွေ တစ်ခုပြီး တစ်ခု ဖြစ်နေရ ...

ဒီနေ့အထိရောက်နေပြီးတာတောင်မှ
မနက်ဖြန်ကို လှမ်းကြည့်လို့မရနိုင်တဲ့ ဘဝမှာ
ငါ .. ဘာလုပ်ပေးရမလဲ

ခနီမိုး ထရံကာ အလွမ်းကလေးနဲ့
လမ်းဘေးမှာ လဲရင်ကောင်းမလား ...

အစတည်းက
မြန်မာပြည်ရဲ့ အောက်ဆုံးထပ်မှာ နေခဲ့တဲ့ ကောင်ပဲ
သေချာတာက
ရောဝတီ တစ်စက်နှစ်စက်လောက်နဲ့တော့
သူတို့ ငါ့ကို ပက်ခွင့်ရမှာ မဟုတ်ဘူး။

မှုးတယ်
တံဆိပ်ဆွဲအခွာခံလိုက်ရတဲ့ ပုလင်းလိုပဲ

ငါ့ဘဝဟာ ဝတ်လစ်စလစ်နဲ့ စားပွဲပေါ်မှာ ငြိမ်လို့ ...။ ။

**တာရာမင်းဝေ**

ကျမ်းကိုး .. "*Who moved my cheese*" *by Dr Spencer Johnson*



## လျှော်ကြေး

အသင်၌
ပျိုးမကြဲသော လက်တို့သည်
ရှိကြကုန်၏ .

ငါတို့၏ ကောက်ရိတ်သိမ်းပွဲသို့
အိပ်မက်ထဲ၌ပင်
သင် … လာရန်မလို ….။ ။

တာရာမင်းဝေ

## မြေမှုန့်တောလား

အူဝေ လွင့်လူးနေတဲ့ မြူမှိုးတွေ အောက်မှာပဲ
သူပြန်ခွင့်ရခဲ့တယ်။

အို ဘုရားသခင် ..
မြေဆီသို့ တိုးဝင်လာပြီဖြစ်သော
သူ့ကို မြင်ပါ။

သူဟာ
လူသားအရည်ပြားနဲ့ တည်ဆောက်ထားတဲ့
နေမြင်လမြင် လူသားတစ်ယောက်ပါပဲ။

သူ့ကို
ကုလားအုတ်တွေ မိုးဝင်ခိုလိုက်ကြတယ်လေ။ ॥

တာရာမင်းဝေ

## သံဆူးကြိုး

အခုလို ... တိမ်ခိုးရာသီ တစ်ခုပြီးတစ်ခုတိုင်အောင်
ကြာ ..... ခဲ့ ....... တယ်။

သီချင်းတွေနဲ့ ကိုယ့်ကိုယ်ကို ကုတ်ခြစ်
ဂစ်တာပျော့တစ်လက်လိုလည်း ဆန့်မော့ညွတ်ကွေး
သူ့နာမည်ကို
ခွေးရေ ပုရပိုဒ် မှာမရေးဘူးလို့လည်း
ငြင်း ........ ခဲ့ ........... တယ်။

နားလည်ပါရဲ့ကွယ်
နင်းဆီဖြူဆွတ်လေးတစ်ပွင့်အတွက်
ဒီလောက်တော့ ရင်နင့်ပေးရမှာပေါ့ ။

ရိုးရိုးစင်းစင်း ခလုတ်တိုက်လဲ ခဲ့တာပါ
အစိပ်စိပ်အမြွာမြွာ ကွဲပြီးကာမှ လမင်းပြန်လုပ်ရမှာမို့
နည်းနည်းတော့ ကြာမယ် ... ကြာ..လိမ့်..ဦးမယ်။

အဲဒီလိုနဲ့
သံဆူးကြိုးရသကို စိုက်ပျိုးခံစား
ငှါတောင်ယာလေး စကားနည်းနေတုန်းပဲကွယ် ။ ။

တာရာမင်းဝေ

## တေးသွားအမှတ် ၆ နာရီ

ချောက်ကမ်းပါး အရင့်အမာကြီးထိပ်မှာ
သူ့ကိုယ်သူ ချောင်ပိတ်ပြီး တင်ထားလိုက်တယ်။
ပြီးတော့
ရုပ်ကို ပါးပါးမတ်မတ် " တန်း" ပစ်လိုက်ပြီး
စိတ်ကို ချောက်ကမ်းပါးထဲ တွန်းချလိုက်တယ်။

" အား " လို့
လေးရိလေးတွဲ သံရှည်ဆွဲပြီး အော်ဖို့ရာ
စကားလုံးတွေမှာ ပါးစပ်ရှိပါသလား ။

(နေလောင်ဂစ်တာ ထဲကတော့
" ဆိပ်ကမ်းပွန်းသံ" တွေ ပွင့်ပေါက် ကျလာပြီ။

လူအ တစ်ယောက်ရဲ့ ပေါ့တီးပေါ့ဆ ညနေပေါ့
ပြန်မလာတဲ့ ဖိနပ်လေးအကြောင်းတွေးပြီး
ခုထက်ထိ သူ့ခြေထောက်ကို ရေဆေးနေတုန်း။ ။

တာရာမင်းဝေ



ဆက်ထုံး

" အဝေးကြီး ဝေးရစေမယ် " တဲ့
ပင်လယ်က
သူ့တစ်ကိုယ်လုံးကို ဖွင့်ပြီးပြေးတယ်

မီးပြတိုက်က
ကဆုန်ပေါက်ပြီး ပြေးမလိုက်ပါဘူး ။

သူ့ရဲ့ အလင်းလှဲ့မှုန်နဲ့
ပင်လယ်သားပေါက်ကလေးရဲ့ ဖွင့်ပွဲကို
..... ပြည့်စုံစေလိုက်တယ်။ ။

တာရာမင်းဝေ
၂၀၀၀ ဖေဖော်ဝါရီ ၊ မဟေသီ

## မိတ္ထီလာ ငြိမ်ကာ

လူတွေက ရေစိုပြီး ပြဲနေကြတယ်
သူတို့နေတဲ့ မြို့တော်ကလည်း
ဘယ်အချိန်စိုက်စိုက် မပွင့်ဘူး ဆိုတဲ့ မျက်နှာနဲ့။

တစ်ယောက်ယောက်က
တကျွိကျွိပြုံးလိုက်သံကို ကြားသားပဲ
ဒါပေမယ့် ငါ့ရဲ့ အ . အာ ..ဏ် ..ဤ အိပ်မက်လေးကို
နွားကျွေးပစ်ဖို့ ထွက်ခဲ့ရတယ်။

တစ်ခရီးတည်း ဆိုပေမယ့်
ကိုယ့်လှေကိုယ်စီးပြီး ပျံသန်းခဲ့ကြတာပါ
ငါရယ် ကောင်းကင်စော်နံ့တဲ့ လူတွေရယ်
နောက်ဆုံး ကွဲသွားတယ်။ ။

တာရာမင်းဝေ